
www.burmeseclassic.com



# ရှူး

လေရူးမလေး

www.burmeseclassic.com

www.burmeseclassic.com

# ရှူး

## လေရူးမလေး

စာမူခွင့်ပြုချက်အမှတ် - ၁၆၄၂/၂၀၀၃ (၁၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၄၄၁/၂၀၀၃ (၁၂)

၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀ိ/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

ဇော်ကျော်မြိုင်

# ရှူး

# လေရူးမလေး

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊



## (၁)

သည်မြေကို ပြန်နင်းရတိုင်း ခံစားရသည့် နွေး
ထွေးမှုနှင့် လန်းဆန်းမှုကို ဘယ်အရာနှင့်မျှ အစားထိုးရသည်
ထင်... ။ တောက်ပသော... နွေးထွေးကြည်လင်သော နေရောင်
ခြည်အောက်မှာ ရန်ကုန်လေဆိပ်သည် သစ်လွင်နေ၏... ။ အရာ
ရာတိုင်းကတော့ သူ့အတွက် အနည်းငယ် စိမ်းသက်နေသေး
သည်... ။ သို့ပေမဲ့ ဇာတိမြေကိုပြန်ဖို့ ညတိုင်းတွေးပြီး စိတ်လှုပ်
ရှားခဲ့ရတာ... ။ တစ်နှစ်ပတ်လုံး အလုပ်တွေ အကြွေးမကျန်
အောင် သိမ်းကျုံးလုပ်ခဲ့ရတာ... ။ သို့ကြောင့်လည်း... အဲ့သည်
ရင်ခုန်ကြည်နူးမှုလေးကို သူတစ်သက်တာလုံး တန်ဖိုးထားနေမိ
သည်ဆိုတာ သေချာပါသည်... ။

www.burmeseclassic.com

www.burmeseclassic.com



ဒီပါချာ ရွှမ်းထဲက မှန်ချပ်တွေကို ဖြတ်သန်းပြီး အပြင်မှာ ကြိုနှင့်သူတွေကို မြင်ရသည်... ။ စန္ဒီလေးသည် ဂါဝန်ပြာနုနုလေးဝတ်ပြီး ခုန်ဆွခုန်ဆွဖြင့် သူ့အစ်ကိုကို ရှာနေပုံရ၏။ စစ်ဆေးရေး ကောင်တာတွေရှေ့မှာ ရပ်နေသူ လူအုပ်တွေထဲက ခွဲထွက်ပြီး လက်မြှောက်ပြလိုက်တော့မှ စန္ဒီလေး သူ့ကို မြင်သွားပြီး နုနုကို ဝမ်းသာအားရနှင့် လက်ကုတ်ပြောနေသည်... ။ အပြင်မှာတော့ လုံးဝမှောင်နေပြီ... ။ မြန်မာစံတော်ချိန် ခုနစ်နာရီခွဲမှာ လေယာဉ်ဆိုက်ခဲ့ပေမဲ့... ရှစ်နာရီဆယ့်ငါးအထိ ခရီးသည်တွေ လေဆိပ်အပြင်မထွက်ရသေး။ စစ်ဆေးရေး ကောင်တာတွေရှေ့ တစ်နေရာပြီး တစ်နေရာ ပြောင်းနေရတုန်းပင်... ။

ဘယ်လိုပဲဖြစ်ဖြစ် ဇာတိမြေကို ပြန်လာရသည့် အမိပ္ပာယ်က တစ်နှစ်ထက်တစ်နှစ် ပိုပြီးပြည့်စုံလာသည်ဟု ထင်မိသည်... ။ ပြီးတော့ တစ်နှစ်ပြီးတစ်နှစ်မှာ ခံစားချက်တွေက... သိမ်မွေ့စွာ ပြောင်းလဲလာသည်... ။ ဒါကိုပင် သူ့ကိုယ်သူ ကျေနပ်မိသည်... ။

"ကိုကို... ဖေဖေ အပြင်မှာ စောင့်နေတယ်... "

မှန်ချပ်တွေရဲ့ အပြင်ကို ထွက်လျှင်ထွက်ချင်း သူ ပထမဆုံး ကြားလိုက်ရသည့် မြန်မာစကားပင်... ။

♣ ♣ ♣



"မျက်နှာစာမှာ ကြွေပြားတွေ ကပ်ထားတယ်... ကားအဝင်လမ်းကို ကတ္တရာခင်းထားတယ်... အုန်းပင်ကြီးနှစ်ပင် ပိုရှည်လာတယ်... နုနုရဲ့ သစ်ခွပန်းပင်တွေ ပိုများလာတယ်... ခြံစည်းရိုးနားမှာရှိတဲ့ ကေရာဇ်ပင်ကြီးကို ခုတ်ပစ်လိုက်တယ်... "

"ကဲ... အပြောင်းအလဲတွေ အတော်များများ... ကျွန်တော် မှတ်မိတယ်... အရင်အတိုင်း မပြောင်းမလဲ ညှက်စိကလေး ဖြစ်နေတာတော့ စန္ဒီပဲ... "

စန္ဒီက... သူ့ကို မျက်စောင်းထိုးလိုက်ပြီး တစ်ဖက်လှည့် ဖြုံးလေသည်... ။ ဦးဦးကတော့ သူ့သမီးကို သဘောကျပြီး တဟားဟား ရယ်နေသည်... ။ တကယ်ပဲ စန္ဒီသည် ဆယ့်ခြောက်နှစ်ကလေးမအတိုင်း ဂါဝန်ရှာလေးနှင့် ဆံပင်တိုလေးနှင့် ဖြူဖြူ

www.burmeseclassic.com



သေးသေးလေး ဖြစ်မြဲပင်... ။ နှစ်တိုင်း သည်အချိန်ဆို သူရောက်လာနေကျတိုင်းပင် စန္ဒီသည် လေဆိပ်မှာ ဂါဝန်ဖြင့် ကြိုမြဲပင်...။ ခု... စန္ဒီ့အသက် နှစ်ဆယ့်လေးနှစ်ရှိပြီဆိုတာကို သူ မယုံချင်ဘဲ ယုံရသည်... ။ မကြာခင်ကမှ သူ နှစ်ဆယ့်ခုနစ် ပြည့်ခဲ့ပြီမဟုတ်လား... ။ ဦးဦးနှင့်နုနုမှာ စန္ဒီဆိုသည့် သမီးတစ်ယောက်တည်းသာရှိပြီး မေမေနှင့်ဖေဖေ့မှာလည်း သားတစ်ယောက်တည်းသာ ရှိသည်။ ထို့ကြောင့် မေမေ့ဘက် အမျိုးတွေထဲမှာတော့ သူတို့နှစ်ယောက်သည် ရှားရှားပါးပါး မောင်နှမဖြစ်သည်... ။ ဖေဖေ့ဘက်မှာတော့ အမျိုးအဆွေတွေ များသည်... ။ မောင်နှမတွေလည်း များသည်... ။ သို့ပေမဲ့ ဖေဖေ့ မောင်နှမများ အားလုံးက နိုင်ငံရပ်ခြားမှာ အခြေချနေထိုင်သူများသာ ဖြစ်သည်... ။ ထို့ကြောင့် မြန်မာပြည်မှာတော့ စန္ဒီသည် သူ၏တစ်ဦးတည်းသော ညီမလေး ဖြစ်ပြီး အချစ်ဆုံးလည်း ဖြစ်သည်... ။

"နင်တော့... ဒီအရွယ်ကနေ ဘယ်တော့မှ ကြီးလာမှာ မဟုတ်တော့ဘူးလို့... ငါထင်တယ်... "

စန္ဒီက မဲ့မဲ့ကလေးပြုံးသည်... ။

"ဒါတော့... ဘယ်တတ်နိုင်မှာလဲ... သူ့ကုသိုလ်နဲ့သူ ဖြစ်လာတာ... ကိုကိုက စန္ဒီ အရွယ်တင်တာကို မနာလိုဖြစ်နေတာ မဟုတ်လား... "

"ဒီပုံနဲ့ဆိုရင်တော့... အပျိုကြီး ဖြစ်တော့မှာပါပဲ... "

"ဖြစ်ဖြစ်ပေ့ါ... "



"တို့ဆီက ဟိုက်စကူးလ် ကျောင်းသူတောင်... နင့်ထက် ထွားသေးတယ်... "

သူ ဘယ်လိုပြောပြော စန္ဒီလေးကတော့ သေးကွေးကျုံ့လှီသည့်အဖြစ်ကို စိတ်ပျက်လက်ပျက် ရှိပုံမပေါ်ပါ... ။ စန္ဒီ့မျက်နှာလေးသည် နုနုလိုပင် ကြည်လင်ချောမွေ့သည်...။ စန္ဒီရဲ့ အဲ့သည် သေးကွေးခြင်းကလည်း နုနုဆီကပဲ အမွေရတာ ဖြစ်မှာ... ။

ဦးဦးရဲ့ဇနီးကို သူတို့ နုနုဟုပင် ခေါ်သည်... ။ သူ စကားသင်စမှာ ဦးဦးသည် အိမ်ထောင်ကျကာစမို့ ဇနီးသည်ကို မကြာခဏ အစ်မအိမ် ခေါ်လာလေ့ရှိသည်ဆို၏...။ မေမေ ဖေဖေ တို့က နုနု ခေါ်သည်ကို... သူက အမှတ်ထားပြီး နုနုဟုသာ ခေါ်တတ်သည်တဲ့... ။ အဲ့သည် နှုတ်အကျင့်က စွဲမြဲပြီး ခုချိန်ထိ နုနုဟုသာခေါ်သည်... ။ ဒါကို နုနုကလည်း ကျေနပ်သည်... ။ နုနုသည် စန္ဒီ့အမေမို့ နာမည်နှင့်လိုက်အောင် ခုထိ နုပျိုဆဲပင်... ။ ဦးလေး၏ ဇနီးမို့ အဒေါ်တော်ရပေမဲ့ နုနုသည် သူ့ကို သားရင်းနှင့်မခြား ချစ်ခဲ့သည်... ။ သူတို့ တစ်မိသားစုလုံး... အမေရိကားထွက်ကြတော့ နုနု လွမ်းဖျားဖျားတာ တစ်လကျော်ကြာသည်ဟု ဦးဦးက စာရေးလာသည်... ။ ခုတော့ နုနုသည် တစ်နှစ်တစ်ကြိမ် သူ ပြန်လာမည့်ရက်ကို ဖုန်းထဲက မေးပြီးတော့သာ မျှော်ရှာသည်... ။

"ရဲ့... ဒီညနေ ငါးရံ့ဖက်ထုပ်လေး စားမလား... "

www.burmeseclassic.com

www.burmeseclassic.com


ဟု နုနု မေးသည်ကို...

"နေစမ်းပါဦးဟာ... နှစ်လတောင် အချိန်ရပါတယ်... "

ဟု ဦးဦးက ဝင်ပြောသည်...။

"အို... ဟိုမှာ တစ်နှစ်လုံး မြန်မာအစားအသောက် ငတ်လာခဲ့တဲ့ဥစ္စာ... "

သူ ပြန်ရောက်လျှင် သည်လိုပဲ နုနုက ထားစရာမရှိအောင် ပူပန်အဖြစ်သည်းသည်ပင်... ။ ဒါကိုသိလည်း ဦးဦးကိုယ်တိုင်က သူ့မိန်းမ အနားမရသည်ကို ကျေနပ်သည်... ။ သည်လို နှောင်ကြိုးလေးတွေက ရှိဦးမှကို... ။

"တစ်လမှာ... တစ်ခါတော့ တရားစခန်းဝင်တယ်... ငါ့မှာ မိန်းမ ဘယ်တော့များ ယောဂီဝတ်သွားမလဲ စိတ်ပူနေရတယ်... ငါတော့ ကလေးတစ်ယောက်နဲ့ ယောင်ချာချာ ကျန်ရစ်ခဲ့တော့မှာပဲ... "

ဆိုသည့် ဦးဦးဆီက အီးမေးလ်ကို ရလျှင်... သူတို့ မိသားစု ခေါင်းချင်းဆိုင်ပြီး ရယ်မောရသည်ပင်... ။

အအေးပိုင်းမှာ နေသားကျခဲ့တော့ လေယာဉ်ပေါ်က ဆင်းဆင်းချင်း... ညကိုးနာရီမှာ သူရေချိုးရသည်... ။ နောက်တစ်နေ့ နံနက် သင်းလင်းချင်း ရေချိုးရသည်... ။ ဦးဦးတို့ မိသားစု သုံးယောက်တည်းနေသည့် နှစ်ထပ်တိုက်ကလေးသည်... သူ့အဖို့ သက်သောင့်သက်သာရှိလှသည်... ။ နွေးထွေးပြီး နေရောင်ခြည်လက်ဖြာသည့် ရာသီဥတုသည် သူ့ကို စိတ်ကြည်လင်စေနိုင်၏။ အာရုံတွေကို တစ်မျိုးလန်းဆန်းစေနိုင်သည်... ။ ပတ်ဝန်းကျင်ဆိုတာကို နက်နက်ရှိုင်းရှိုင်း ထိတွေ့ခံစားစေနိုင်သည်... ။

"ကိုကို... ညနေကျရင် ကျောက်တော်ကြီးဘုရား သွားဖူးမလား... "

စန္ဒီက ရေချိုးပြီးစ လန်းဆန်းနေသည့် မျက်နှာဖြင့် သူ့အနား ရောက်လာသည်... ။

"ဟင်အင်း... ရွှေတိဂုံ အရင်ဖူးမယ်... "

"ဒီတစ်ခေါက်... ဘယ်သွားမယ် စိတ်ကူးလဲ... "

"နမ့်ခမ်း... ဘက်... "

စန္ဒီက မျက်မှောင်ကျုံ့သွားပြီး...

"အဝေးကြီးပဲ... "

ဟု ပြောသည်... ။

"ဟုတ်တယ်... လူကြုံပါးလိုက်တာလေးတွေ ရှိလို့... အဲ့ဒီဘက်လည်း မရောက်ဖူးဘူးဆိုတော့လေ... "

"စန္ဒီလည်း... လိုက်ချင်တယ်... "

"အားရင်... လိုက်ပေါ့... "

စန္ဒီလေးက ခြင်ဆန်ကာပိတ်ထားသော တံခါးရှေ့မှာ ရပ်သည်... ။ စိုထိုင်းထိုင်း ဆံပင်တွေကို လက်ဖဝါးဖြင့် ဆက်ကာဆက်ကာ ပွတ်သပ်ခါလိုက်ပြီးမှ... လည်ပင်းစွေ တီရှပ်အစိုထည်ကို ခေါင်းက စွပ်ချလိုက်၏... ။

"မအားပါဘူး... ကုမ္ပဏီက ခွင့်ယူလို့ရမှာ မဟုတ်ဘူး... "

www.burmeseclassic.com

www.burmeseclassic.com

"ဒါပေါ့... ဒါပေါ့... ဂျီအမ်ကြီးတောင် ဖြစ်နေပြီ ဆိုတော့လည်း... "

သူ ကျီစယ်ရယ်မောလိုက်တော့ စန္ဒီမျက်နှာလေး မှိုင်တွေတွေ ဖြစ်သွားပြီး...

"ထောင်ကျနေသလိုပဲ... "

ဟု ခပ်တိုးတိုး ရေရွတ်သည်... ။

သည်တော့မှ ကလေးစိတ်သာသာ ရှိသေးသော မရင့်ကျက်နိုင်သေးသော ညီမလေးကို သူ ချော့မော့နှစ်သိမ့်ရကောင်းမှန်း သိသည်... ။

"ဒီမှာ... အများကြီး သက်သာပါတယ် ညီမရာ... အလုပ်လုပ်ရင်း ဈေးဝယ်ထွက်ဖို့ အချိန်ရသေးတယ် မဟုတ်လား ကိုကိုတို့ဆီမှာတော့... နေ့နဲ့ည ဆက်ပြီး ပိုက်ဆံရှာနေရတာ... ပြီးတော့ ရာသီကလည်း အမြဲအေးနေတော့ ထိုင်းထိုင်းမှိုင်းမှိုင်းနဲ့... လွတ်လပ်တယ်လို့ မထင်မိဘူး... "

"တော်ပါ... ဒီလောက် ညည်းညူနေပြီး ပြန်လာနိုင်တာလည်း မဟုတ်ဘဲနဲ့... မေမေကတော့ သိပ်ရယ်ရတယ်... ကိုကို... ဟိုမှာ အိမ်ထောင်ကျသွားမှာပဲ အမြဲစိတ်ပူနေတယ်... "

"ဟုတ်လား... "

သူ အနည်းငယ် ရယ်ချင်စွာ မေးမိသည်... ။

"အင်းပေါ့... ဟိုမှာ အိမ်ထောင်ကျရင်... ဒီကို ပြန်လာဖို့



အခွင့်အရေး နည်းသွားပြီ မဟုတ်လား... လူမျိုးခြားတွေချည်းပဲ ရှိနေတဲ့... သူတို့ရဲ့နိုင်ငံမှာ ကိုယ့်တစ်ပြည်တည်းသား အချင်းချင်း အိမ်ထောင်ပြုဖို့ဆိုတာ... အတော်ခဲယဉ်းတဲ့ အခွင့်အရေးပဲ မဟုတ်လား... ဒါကို မေမေ့ကို သဘောပေါက်အောင် ပြောလို့မရဘူးဖြစ်နေတယ်... "

"ဒါပေမဲ့... ပြောသာ ပြောရတာပါ... ညီမလေးလည်း စိုးရိမ်တာပဲ... "

"ဘာကို စိုးရိမ်တာလဲ... "

"တစ်နှစ်တစ်ကြိမ် ပြန်လာတဲ့ အခွင့်အရေးလေးတောင် ဆုံးရှုံးသွားမှာကိုလေ... "

စန္ဒီရဲ့ ညိုရင့်ရင့် ဆံပင်တိုလေးတွေကို သူဆွဲမွှေ့ခါပစ်လိုက်သည်... ။ သူ ချစ်ရ လွမ်းရကျိုးနပ်လှပါသည်... ။ သည် ညီမလေးသည် သူ့အတွက် စကားတတ်လှသည့် ကြက်တူရွေးလေးတစ်ကောင်ဖြစ်သည်... ။ အဖော်မရှိ ထီးတည်းဆန်လှသော ဘဝမှာ ရှားရှားပါးပါး တွယ်တာစရာ နှောင်အိမ်တစ်ခုဖြစ်သည်။

"ကိုယ့် အဒေါ်အကြောင်း... ကိုယ်သိရဲ့သားနဲ့ စန္ဒီရယ်... ညည်းဒေါ်ကြီးက... ကိုယ့်ကို ဒီအရွယ်အထိ အလွတ်ပေးတယ်ထင်လား... အမေရိကားမှာနေပြီး သူက ဘိုးတော်ဘုရားရဲ့ ဘွားအေလို... ကိုယ့်ကို ကုပ်ကဆွဲထားတာ... "

"ဟာဟ... ယုံနိုင်စရာကြီး... လူပျိုစစ်စစ်ဆိုတော့ လာမကြွားနဲ့နော်... "

www.burmeseclassic.com

www.burmeseclassic.com



"မှဲ့… ကောင်မလေး…"

နုနုရဲ့ ငေါက်ဆတ်ဆတ် အသံကို ကြားလိုက်ရတော့ စန္ဒီ ဓက်ကလေး ပုသွားသည်… ။

"အစ်ကိုကို… ဘာတွေပြောနေတာလဲ…"

နုနုက အမှာလိုက် ဝါဝင်းနေသည့် ဒူးရင်းသီးတွေ ထည့်ထားသည့် ပန်းကန်ပြားကို သူ့ထံ လှမ်းပေးသည်… ။

"ကျွန်တော် သူငယ်ချင်းတွေဆီ လိမ့်လိုက်ဦးမယ် နုနု…"

နုနုက ခေါင်းမညိတ် ခေါင်းမခါဘဲ သူ့ကိုသာ ပြုံးကြည့်နေသည်… ။



ဘယ်လိုပင် စနစ်တကျရှိပြီး လူနေမှုစနစ် တိုးတက်သည်ဆိုစေဦးတော့… သည်လို လမ်းဘေးလက်ဖက်ရည်ဆိုင် ထိုင်ရသည့် အရသာမျိုး ဟိုမှာမရရှိခဲ့… ။ အစိမ်းရောင်ငွေစက္ကူများ၏ လွှမ်းမိုးမှုကြောင့် စက္ကန့်တိုင်းမှာ ဒေါ်လာနှင့် တန်ဖိုးသင့်ပြီး ညီမျှစွာ အဖိုးထိုက်တန်လှသည်ဟု ဟိုမှာ နှမျောခဲ့သည့် သူ့အချိန်များကို သည်မှာ ကျေနပ်ပျော်ရွှင်စွာ… ပြီးတော့ အနှမြောကင်းစွာ သူဖြုန်းတီးပစ်နေခဲ့သည်… ။

ဘယ်လောက်များ ပေါ့ပါးလိုက်သလဲ… ။

ကိုယ့်ကိုယ်ကို လူတစ်ယောက်ဟု ယခုမှပင် မှတ်မှတ်ထင်ထင် သုံးသပ်ခွင့်ရသည်… ။

ပါရမီလမ်းမကြီးပေါ်က လှုပ်ရှားနေသည့် အရာမှန်သမျှ သူ စိတ်ဝင်တစား ကြည့်ဖြစ်သည်… ။ အရောင်စုံကား

www.burmeseclassic.com

www.burmeseclassic.com



တွေ ဆိုင်ကယ်တွေ စက်ဘီးတွေ လမ်းဖြတ်ကူးနေသူတွေ… ကလေးငယ်တွေ… လမ်းတစ်ဘက်က ဈေးဆိုင်တွေ… မြင်မြင်သမျှသည် သူ့အတွက် တစ်နှစ်မှာ တစ်ခါဆိုသလို… ဆန်းသစ်သော မြင်ကွင်းတစ်ခု ဖြစ်နေသည်… ။ အသက်ရှူရတာကိုပင်… ဟိုမှာနှင့် မတူဘူးဟု ထင်မိသည်… ။ လျှပ်စစ်မီးရောင်ကိုသာ အားထားပြီး နေရာတိုင်းကို အလင်းရောင်ဖြင့် တန်ဆာဆင်အပ်သော ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံကြီးတစ်နိုင်ငံ၏ ပုံရိပ်သည် သူ့အတွက်တော့ လွမ်းဆွတ်ဖွယ် မကောင်းလှတာ အမှန်ပင်… ။

… အချစ်ရယ်… ပေါင်မုန့်တစ်လုံးရယ်…

… ဘဝကို… ငါ ရောင့်ရဲမယ်…

ဆိုသည့် ရင်ဂို၏ သီချင်းသံသည် ခုချိန်မှာ… သူ့ဘဝနှင့် မအပ်စပ်ပေမဲ့ ရင်ကို အရှိန်ပြင်းပြင်း ထိမှန်သည့် မြားတစ်စင်းပင် ဖြစ်သည်… ။

"မင်း… ဘယ်တော့ ပြန်လာမှာလဲ… ",

"ဟင်… "

သူ့ရှေ့မှာ ရှိနေသည့် မင်းသန့်သည် သူ့ကို ခပ်ပြုံးပြုံး စိုက်ကြည့်နေရာကနေ အသာခေါင်းယမ်းပစ်လိုက်သည်… ။

"ခု… ငါ ပြန်လာနေတာပဲ မဟုတ်ဘူးလား… "

"မဟုတ်ဘူးလေ… ခုဟာက အလည်လာတာပဲ… "

"ဟိုမှာ… နေသားကျနေတဲ့ လူတစ်ယောက်က… ဒီမှာ ဘဝကို ပြန်စဖို့ ဘယ်လွယ်ပါ့မလဲကွာ… မင်းကလည်း "



စီးကရက် မီးခိုးငွေ့များ လွင့်ဖွာသွားပြီး… သူ့အနားမှာ ဝေ့ဝဲနေသည်… ။ ဖိုးချို့ရဲ့ နှုတ်ခမ်းတွေ ပြုံးပုံက… သူ့ကို ရယ်မောသည်လား မဆိုနိုင်… ။

"အဲလို မဟုတ်ပါဘူးကွာ… ငါ ပြန်လာမှာပါ… ဒီကို ငါ ပြန်မလာဘဲ မနေပါဘူး… လောလောဆယ်တော့ ဒီမှာ စီးပွားရေး အခြေခံဆောက်အအုံ ကောင်းကောင်းတစ်ခု အတွက်… အုတ်မြစ်ချဖို့ လိုသေးတယ်… "

"ဒီ တစ်သက်အတွက်… မင်း စီးပွားရှာဖို့ လိုသေးလို့လား ကွာ… "

စီးကရက်မီးခိုးငွေ့တွေ ကြားထဲမှာ… ဖိုးချို့ရဲ့ မျက်လုံးတွေက ဝေရီနေသည်လို့ မြင်ရသည်… ။ လောကကြီး တစ်ခုလုံးကို အမြင်စောင်းနေသည့်အထဲမှာ သူ့ ငယ်သူငယ်ချင်း ဖိုးချိုလည်း ပါဝင်ကောင်း ပါဝင်နိုင်သည်… ။ သို့ပေမဲ့ ကံကြမ္မာသည် လူတစ်ယောက်စီကို အကောင်းဆုံး အခွင့်အရေး တစ်ခုစီ ပေးခဲ့သည်ပင်… ။ ဖိုးချိုမှာ ဘယ်သူ့ကိုမဆို သရော်မော်ကား လှောင်ပြောင်တတ်သည့် ပညာတစ်ခု ရှိသည်… ။ အဲ့သည် ပညာနှင့်ပင် ဖိုးချိုသည်… ထင်ရှားသည့် ဝေဖန်ရေးသမား စာရေးဆရာ တစ်ယောက်ဖြစ်လာသည်… ။ အဲ့သည် ဗီဇဉာဏ်နှင့်ပင် ထင်ရှားသည့် ဂျာနယ်လစ် တစ်ယောက်ဖြစ်လာသည်… ။

"စီးပွားရှာဖို့ ဆိုတာထက်… ဒီမှာ ကိုယ်… ဘာလုပ်ပေးနိုင်မလဲဆိုတာ စဉ်းစားတာပါ… ငွေကြေးရှိ သက်သက်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲ... ကိုယ့်မြေမှာ တစ်ခုခု... အကျိုးရှိမဲ့ တစ်ခုခု ပေါ့ကွာ... ကျန်းမာရေးကဏ္ဍ... ဒါမှမဟုတ် ပညာရေးကဏ္ဍ... ဒါမျိုးတွေမှာ ကိုယ့်ရဲ့ အတွေ့အကြုံတွေ... နည်းစနစ်သစ်တွေနဲ့ ပံ့ပိုးချင်တာပါ... ”

သည်တော့ ဖိုးချိုက သူ့ကို မျက်ခုံးတွေတွန့်ပြီး ကြည့်သည်... ။ မင်းသန့်ကတော့ နှုတ်ခမ်းတွေ ယောင်ယောင်ပြုံးနေသည်။ တကယ်တော့... နှစ်များစွာ အချိန်များစွာမှာ အပြောင်းအလဲများစွာ ကြုံခဲ့ပြီဖြစ်သော သူငယ်ချင်းတွေကြား သည်စကားတွေထက် ပိုပြီး လိုက်လှဲမည့် စကားများစွာသာ ဆိုချင်ပါသည်။

လက်ဖက်ရည် ချိုကျကျ တစ်ခွက်ကို အရသာခံသောက်ရင်း ရန်ကုန်ညနေခင်းသည် သူ့ကို များစွာနှုပျိုစေ၏...။ ပေါ့ပါးလွတ်လပ်စေ၏... ။ တစ်ခုခုကို မျှော်လင့်ရလိုခြင်းအတွက် များစွာပေးဆပ်လိုက်ရသည် ဆိုတာကို သည်ကာလတွေမှာ သူ သဘောပေါက်လာသည်... ။ သို့ပေမဲ့ သူဘာကို ရလိုသည်ဆိုတာ သူ့ဘာသာ မသိခဲ့... ။ ပေးဆပ်ရခြင်းတွေကတော့ များခဲ့ပြီ။ သူသည်လို ဆိုလျှင်... ရှေ့မှာ ရှိနေသည့် ငယ်သူငယ်ချင်းတွေက သူ့ စကားကို ကောင်းကောင်း ဟားကြမှာ သေချာသည်... ။

ရဲထွဋ် ဆိုသည့်ကောင်က ဆယ်တန်းအောင်ပြီးကတည်းက မြန်မာပြည်က ခွာပြီး တိုင်းတစ်ပါးမှာ... ကြီးမြင်းခဲ့သည့်ကောင်... ။

နိုင်ငံခြားတက္ကသိုလ်တွေမှာ အဆင့်မြင့်ဘွဲ့တွေ ရ



ခဲ့သည့်ကောင်... ။

သည်တော့ ဘဝမှာ ဘာတွေများ ကြီးကြီးကျယ်ကျယ် ပေးဆပ်ခဲ့ရမှာမို့လဲ... ။

သူကတော့ ငယ်ဘဝ နုပျိုမှုတွေ ရိုးသားမှုတွေ အားလုံးကို ဆုံးရှုံးခဲ့ရသည်ရယ်လို့ ထင်မိသည်... ။

“လောလောဆယ်... ဒါတွေ ထားစမ်းပါကွာ... ငါ ခေါင်းထဲမှာလည်း အဲ့ဒါတွေ မရှိသေးဘူး... သူရ တစ်ယောက် ဘယ်ရောက်နေလဲ... ”

သူ ဖော်လိုက်သည့် အမည်တစ်ခုကြောင့် မင်းသန့်နှင့်ဖိုးချို နှစ်ယောက်လုံး ခေါင်းမတ်လာကြသည်... ။

www.burmeseclassic.com

www.burmeseclassic.com



## (၂)

အိမ်ရှေ့ ရေစည်ပိုင်းထဲက ရေခပ်နွေးနွေးကို ခပ်ပြီး ထမိကိုမလျက် ဒူးအထက်ပိုင်းဆီကနေ လောင်းချလိုက်သည်။ အုတ်လှေကားထစ် အပေါ်ဆင့်မှာ လာရပ်သည့် မမက… နန္ဒာ လက်ထဲက ပလုတ်စိတစ် ဆန်ကာဆီ ငုံကြည့်ရင်း… ။

"စံပယ်ဖူးတွေ… "

ဟု တအံ့တဩ ရေရွတ်သည်… ။

စံပယ်ပန်းအဖူးလေးတွေဆိုတာ အံ့ဩစရာလည်း မဟုတ်ပါဘဲနှင့်… ။

"အများကြီးပဲနော် နန္ဒာ… "

"သီတာတို့ ခြံထဲက… တောင်းပြီး ခူးလာတာ မမရဲ့… "

မမ မျက်နှာကို မော်မကြည့်ဖြစ်… ။ ရေစက်များနှင့် ခြေထောက်တွေကို လှေကားရင်းမှာ တစ်ဖက်စီ ခါလိုက်ပြီးမှ



အိမ်ရှေ့ အုတ်လှေကားကို လှမ်းတက်သည်… ။ မမက တံခါးဝမှာ ရပ်နေဆဲပင်… ။ ကိုယ့်ကို အနည်းငယ်သာ တိမ်းပေးသည်… ။

"ဘုရားကပ်ဖို့လား… မမ ကူသီပေးမယ်လေ… "

ခြေထောက်တွေ တုန့်ခနဲ ရပ်သွားသည်။ မမ မျက်နှာကို ခပ်တွေတွေ စိုက်ကြည့်မိ၏… ။

"ပန်းကုံးသီမလို့ မမရဲ့… "

တစ်ခုခု ပြောဖို့ပြင်ဆဲ မမ နှုတ်ခမ်းဝတွေ ပိပိရိရိ စေ့ပိတ်သွားသည်… ။

www.burmeseclassic.com



"ငပွေးတွေ တပ်စုတစ်စုလော်က်… ကျွန်တော့်အနားက ဖြတ်သွားတာလည်း… ကျွန်တော် သိနေတာပဲ… အံ့သြစရာကောင်းတာက… ကျွန်တော့် လက်တွေရော ခြေတွေရော လှုပ်လို့မရဘူး… အသံလည်း ထွက်လို့မရဘူး… ဒါက်ကောင်းတယ် ပြောရမယ်… ကျွန်တော် လှုပ်ရှားမိရင်လည်း သေမှာပဲ… "

စကားသံက အတော့်ကို ကျယ်သည်… ။ နံရံရဲ့ သည်ဘက်မှာ ကွယ်ရပ်ပြီး နားစွင့်ထားမိ၏… ။ ဆေးတပ်ကြပ်ခင်မောင်မြင့်သည် လူနာရဲဘော်၏ ဒဏ်ရာကို ဆေးကြောဆေးထည့်ပေးနေရင်းကနေ… ပြောနေသည့် ကိုယ်တွေ့ဇာတ်လမ်းကို စိတ်ဝင်တစား နားထောင်နေသည်… ။

"နောက်တော့… ကျွန်တော် သတိလစ်သွားတာ ဘယ်နှစ်



ရက်ကြာတယ် မသိဘူး… သတိပြန်ရတော့လည်း တပ်ရင်းကို မဆက်သွယ်နိုင်ဘဲ… အဲ့ဒီရွာမှာ သောင်တင်နေတာ… ဒဏ်ရာနဲ့ဆိုတော့ ဘယ်မှလည်း မသွားနိုင်… စကားကလည်းမပေါက်… ဒီကြားထဲ သတင်းရပြီး သူပုန်ရွာထဲ ဝင်မွှေမလား စိတ်ပူရတာကလည်း တစ်မျိုးနဲ့… နောက်ဆုံး… တစ်လလောက်တော့ ကြာသွားတယ် ဆရာရယ်… တပ်ရင်းကို ပြန်ရောက်တော့… ကျွန်တော့်အတွက် လလည်ဆွမ်းတောင် ကျွေးပြီးနေပြီ… ကျွန်တော့် မိန်းမကဆို သရဲခြောက်တယ် ထင်နေတာ… "

စကားသံ ရပ်သွားတော့ ရယ်မောသံ ကြားရသည်… ။ ခုတော့ ရယ်မောနိုင်ပြီပေါ့လေ… ။ သူ့ ခြေထောက် အရိုးကြား ညပ်နေတဲ့ ကျည်ဆန်လည်း ခွဲထုတ်ပြီးပြီဆိုတော့ သူ့ရဲ့ သေရွာပြန်ဇာတ်လမ်းကို ဝတ္ထုတစ်ပုဒ်လို ပြောနိုင်ပြီပေါ့…။

သည်လို ပြန်ကြားနိုင်ပါရစေ… ။

တစ်နေ့နေ့မှာ…

နောက်ထပ် မရိုးနိုင်တဲ့ သည်လို ဇာတ်လမ်းတစ်ပုဒ်ကို နားဆင်ပါရစေ… ။

ခေါင်းထဲမှာ မူးရိပ်ပြီး ခန္ဓာကိုယ်က အနည်းငယ် ယိုင်သွားသည်မို့ လက်ထဲက ထရေးရ်ကို ခပ်တင်းတင်း ထိန်းထားပြီး နံရံမှာ မှီလိုက်ရသည်… ။ လှေကားဆီက တက်လာသည့် ခြေသံများစွာကို ကြားရ၏… ။ ဆရာဝန်ကြီးတွေ ROUND ဖို့ အချိန်

www.burmeseclassic.com

www.burmeseclassic.com



ရောက်ပြီး။ စကားသံတွေကို သဲကွဲစွာ ကြားတစ်ချက် မကြား
တစ်ချက်။

စိမ်းသေးကြည့်ရှုသည့် အဖွဲ့တွေ။ အတွင်းဘက်
ရောက်ရစ်ခဲ့ပြီ ရောက်သွားကြမှ လှေကားထစ်တွေကို ... ပွက်
သွက် ချစ်ရသည်။ ထာဝယ်တော့ နန္ဒာရဲ့ တံခါးဝက အော က်
ထပ်အတိုမှာ။ လူအုံခန်းဆောင်ဘက်ဆီသို့ မရောက်ဖြစ်တာကြာ
ပြီ။ ဆင်ဦးပါးနေသည့် ခေါင်းရိုးရှည်သည့်ပင်။ နန္ဒာအတွက် တစ်ခါ
ပယ်လိမ့် စိမ်းသက်ချင်သေးခဲ့ လေးနာရီထိုးတော့မှာလား...။

အဲဒေါ့ကား တီထပ်ခန်း ရှင်ခုနှိမ်ဖြစ်သည်။

နန္ဒာ ရေနည်း...

လှေကားရင်း ရောက်တော့မှ ပြန်လှည့်ကြည့်ရ
သည်။ ဖိုးဦးပေါ်မှာ ငွေရောင်ကြယ်ပွင့်...။

မသက်ရွှယ်...

"ရုပ်ရှင် လိုက်မကြည့်ဘူး..."

"ဘာကားလဲ..."

"လွမ်းမိုးရဲ့ ထွန်းအိန္ဒြာဘိုရဲ့... ဘာတဲ့ နာမည်တော့ မေ့
သွားပြီ..."

နန္ဒာက ရုပ်ရှင်ကြိုက်သည်။ မြန်မာ အလွမ်းကား
တွေကို ကြိုက်သည်။ ရုပ်ရှင်ရုံထဲမှာလည်း လက်ကိုင်ပဝါတစ်
ထည်ကို ကိုင်ရင်းနှင့် မျက်ရည်သုတ်ရမြဲဖြစ်သည်။ ကိုရဲကခဲ့တော့
နန္ဒာကို အမြဲပြောနေကျ...။



"မျက်ရည်လွယ်တဲ့ ကောင်မလေး... ဒီပုံနဲ့တော့ စစ်သား
မယားမဖြစ်သေးဘူး ဗျ..."

တဲ့... ။

"ဟင့်အင်း..."

သတိလက်လွတ် ခေါင်းယမ်းလိုက်ပြီးမှ အဖြေ
ကို စောင့်နေသေးသည့် မသက်ကို အားတုံ့အားနာ ကြည့်ဖြစ်
သည်... ။

"မလိုက်တော့ပါဘူး မသက်ရယ်..."

"လိုက်ခဲ့ပါဟ... တို့ လူနည်းနေလို့... ငါ ပြမှာပါ..."

နန္ဒာ့ရဲ့ ညနေခင်းချိန်တွေကို လိုချင်သူများလှ
သည်ဟု စိတ်ထဲထင်မိသည်... ။ ဒါပေမဲ့ လိုချင်စရာလားနော်...။
စေတနာနှင့်ခေါ်သည့် တစ်ဘက်သားကို အားနာဖို့ ကောင်းလှ
သည်... ။

"ကျေးဇူးပဲ မသက်ရယ်... ညနေတော့ မဖြစ်လို့ပါ...
မနက်ပွဲဆိုရင်တော့ လိုက်ချင်ပါရဲ့..."

မသက်က နှုတ်ခမ်းလေး မဲ့သွားပြီး ပြုံးလိုက်
သည်... ။

"ငါကလည်း... နင့်ကို ညနေပွဲပဲ ခေါ်ချင်တာ..."

အလိုက်သင့် ရယ်မောလိုက်ရသည်... ။ ပြီးတော့
ခေါ်ယှန်ဆောင်ပြီး နှုတ်ဆက်ထွက်ခဲ့သည်။ နန္ဒာ ငြင်းဆန်လို့
မည်ဆိုတာ ကြိုသိနိုင်လျက်နှင့် ခေါ်သည်ဟု စိတ်က ထင်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟော… ရယ်မောသံတွေ… ။

နန္ဒာ့ အကြောင်းကိုများ ရယ်ပွဲဖွဲ့နေကြသည်လား… ။

လှေကားရင်းကနေ နောက်ဘက် အဆောင်ဆီ အကွေ့မှာ နားကျပ်ကို ပခုံးပေါ်တင်လျက် ငိုက်စိုက် ငိုက်စိုက် လျှောက်လာသည့်… ဗိုလ်ကြီးသူရဇော်နှင့် ဆုံသည်… ။ မျက်မှန်နှင့် အရပ်ရှည်ကိုင်းကိုင်း နားရွက်ကားကား ဆရာဝန်ကလေးသည် နန္ဒာ့ကို လှစ်ခနဲ တစ်ချက်ပြုံးပြရင်း ခြေလှမ်းကျဲများဖြင့် လှေကားပေါ် အပြေးတစ်ပိုင်း တက်သွားလေသည်… ။



ကလစ်တွေနှင့် ချိတ်တွယ်သိမ်းထားရသည့် ဆံပင်တွေကို ဖြည်ချလိုက်ရသည့်အခါ… အတော်ပင် စိတ်ပေါ့ပါးသက်သာသွားသည်… ။ မှန်ထဲမှာ မြင်ရသည့် ဆံပင်ဖွာရကျဲနှင့် မိန်းမတစ်ယောက်သည်… နန္ဒာ မရင်းနှီးသော သူစိမ်းတစ်ယောက်နှယ်ပင်… ။ နှင်းဆီဖူးငုံလို သွေးရောင်လွှမ်းပြီး ထူပြည့်သည့် နှုတ်ခမ်းလေးတွေကလွဲပြီး ဝေရီသော မျက်လုံးတွေကလည်း မသိကျွမ်းဘူးသူလိုပင်… ။ အသားအရောကလည်း ညှိုးခြောက်လှသည် ထင်မိ၏… ။

မဖြစ်သေးပါဘူးလေ… ။

ချစ်သူအပြန်ကို မျှော်နေသည့် မိန်းမတစ်ယောက်ဟာ သည်လိုပုံ ညှိုးနွမ်းမနေသင့်ပါဘူး… ။

ပြီးတော့… သူက ပင်ပန်းလာမှာ… ။

www.burmeseclassic.com

www.burmeseclassic.com



အခန်းတံခါး ဟဟပွင့်လာသည်... ။ မမရဲ့ ကိုယ်တစ်ပိုင်းကို မှန်ထဲမှာ မြင်ရ၏... ။

"နန္ဒာရေ... နက်ဖြန် အောင့်ဖ် မဟုတ်လား... "

"ဟုတ်တယ် မမ... "

"အိမ်ပြန်ရအောင်နော်... "

"အင်း... ပြန်မယ်လေ... "

"ပြီးရင် ဈေးသွားရအောင်လား... ဖေဖေ့အတွက် အသီးအနှံလေး ဝယ်ရအောင်... "

"သွားလေ... မမ... "

မမ အခန်းထဲ ဝင်လာပြီး တံခါးရှက်မှာ ထားထားသည့် ခန်းဆီးစကို လှပ်သည်။ အိပ်ခန်းသည် ခုမှပင်... အလင်းရောင်ဖြင့် ဝိုပြီးတောက်ပလာ၏... ။ အပြာရောင် အိပ်ယာဖုံးစသည်မှင် ဝိုပြီး အရောင်လွင်လာသည်... ။ ခန်းစီးနှင့်အိပ်ယာခင်းခေါင်းအုံးစွပ် အားလုံး မမလက်ရာပင်... ။ သည်အိပ်ခန်းထဲမှာ နန္ဒာ့ ပိုင်ဆိုင်သမျှ ဘာဆိုဘာမှ မရှိ... ။

နန္ဒာ့ရဲ့ စိတ်ကိုပင် ကောင်းကောင်း ပိုင်နိုင်သည်မှမဟုတ်ဘဲ... ။

"ဒီနေ့... ဆရာကြီးကယ်မှာ လူနာတစ်ယောက် ရောက်လာတယ် မမရဲ့... "

"အင်း... "



နန္ဒာ ဘာပြောတော့မည် ဆိုတာ သိနေသလိုပင် မမ မျက်နှာက အရိပ်တစ်မျိုး ပြောင်းလဲသွားသည်... ။

"ပျော်စိတ်နေပြီး တစ်လဲလောက်နေမှ... သူတပ်ရင်းကို ပြန်ရောက်လာတာတဲ့... နာဂရွာတွေထဲ ရောက်သွားတာတဲ့ အသွားအလာကလည်းဝေးပြီး... သူ့ ဒဏ်ရာကလည်း မပျောက်တော့ တပ်ရင်းကို ပြန်လို့မရဘူးတဲ့လေ... "

ပင့်သက်ရှိုက်သံ တိုးတိုးလေး ကြားလိုက်ရသည်။

"အတိတ်မေ့တဲ့ ရောဂါဆိုတာ... တကယ်ရှိတာပဲနော် မမ အဲ့လို ရောဂါမျိုး ရှိနေတယ်ဆိုရင်... သူ့နေရာကို သူ... ဘယ်မှတ်မိနိုင်ပါ့မလဲ... "

"နန္ဒာ... "

နောက်ကျောဘက်မှာ မမ လာရပ်သည်ကို သိလျက် မျက်လွှာတွေ့ ဝိတ်ထားလိုက်မိသည်... ။

"ညီမလေး... "

"နန္ဒာတို့... ဈေးသွားတော့မလား မမ... "

ရင်ဘတ်ထဲမှာ ပြည့်သိပ်လာပြန်သည်... ။

ဖြူန်းဆို ထိုင်ရာက ထရပ်လိုက်သည်... ။ မမ မျက်နှာသည် စိုးရိမ်စိတ်ကြောင့် နီမြန်းမြန်း ဖြစ်နေ၏... ။

"နန္ဒာ... ရေချိုးလိုက်ဦးမယ် နော်... "

မပွင့်တပွင့် ဟနေသည့် နှုတ်ခမ်းတွေ ပြန်ပိတ်သွားပြန်သည်... ။ တိတ်တိတ်ဆိတ်ဆိတ်ပင် မမ အိပ်ခန်းထဲက

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွား... ။ မမ ဖွင့်ခဲ့သော ခန်းဆီးတွေကို ပြန်ပိတ်ပစ်လိုက်ပြီး... ပိတ်ထားသည့် ခန်းဆီးတွေနောက်မှာ ရပ်မိသည်... ။ မျက်ရည်နွေးနွေး ပါးပြင်ပေါ် စီးကျလာပြီး နှုတ်ခမ်းတွေကို တင်းနေအောင် ကိုက်ထားမိ၏... ။

ဪ...

ငိုမိပြန်ပြီ... ။

[ခဏခဏ မငိုနဲ့နော်... တပ်မတော်သားရဲ့ အိမ်သူဆိုတာ စိတ်ဓာတ်ခိုင်မှ ဖြစ်မှာဗျ... ဒီပုံဆို... ကိုယ် နန္ဒာ့ကို ဘယ်လို စိတ်ချလက်ချ ထားသွားရမှာလဲ... ဗိုလ်ကြီး မမကလည်း စိတ်ပျော့လိုက်တာ လွန်ရော... ]

မငိုဘူး... ။

မငိုတော့ပါဘူး ကိုရဲရယ်... ။

ကိုရဲသာ ပြန်လာခဲ့ပါတော့... ။

နန္ဒာ စောင့်နေတယ်ဆိုတာ သိလိုက်ပါတော့... ။

ကိုရဲ... နန္ဒာ့ကို ထားရစ်ခဲ့မှာ မဟုတ်ဘူးဆိုတာ နန္ဒာ သိပါတယ်။

နန္ဒာ့ကို ကြို့နေကျ နေရာလေးမှာ နန္ဒာ စောင့်နေမယ်... ။

ညနေတိုင်း စောင့်နေမယ်နော်... ။

"နန္ဒာရေ... ရေချိုးတော့လေ... "

မီးဖိုခန်းဘက်ဆီက မမ အသံကို ကြားရသည်...။

ဟုတ်ကဲ့... လိုက်ပေမဲ့ နွေလည်ခင်းဆီက ကြားခဲ့



ရသည့် ဓာတ်လမ်းသည် ဦးနှောက်ထဲမှာ စွဲမြဲခိုတွယ်လျက်ပင် ရှိနေသေး၏... ။

နန္ဒာ... ရေ...

ဆိုသည့် ခေါ်သံသည် ဟိုးအဝေးကြီးဆီမှာ ပျပျမှုန်မှုန်သာ ကြားရပြီး တဖြည်းဖြည်း ပျောက်ကွယ်သွားပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ပတ်... သမီး ပြန်လာမယ်လို့ ထင်တယ်... "

ချိုသော အပြုံးသာ... ဝင်းဝါသော မျက်နှာပေါ်မှာ ထင်ရှားနေ၏... ။ သနပ်ခါးမှုန်ဖွေးဖွေး တင်ထားပေမဲ့ အန်တီပြုံး၏ မျက်နှာ နွမ်းလျော်နေသည်... ။ မေမေက နန္ဒာ့ အနားမှာ လာရပ်ပြီး နန္ဒာ့ခါးကို ပွေ့ဖက်သည်... ။

"ပြုံးတို့အိမ်မှာ... ဒီနေ့ ဘုန်းကြီးဆွမ်း ကပ်တယ်လေ သမီးရဲ့... မေမေက သမီးပင်ပန်းမှာစိုးလို့ မပြောတာ... "

အန်တီပြုံးရဲ့ အပြုံးရိပ်က သိသိသာသာ လျော့ကျသွားသည်... ။ နန္ဒာ့ လက်ဖဝါးကို လှမ်းဆုပ်လိုက်သည့် အန်တီပြုံးရဲ့ လက်ချောင်းတွေက အင်အားဖျော့တော့လှသည်... ။ နန္ဒာသည် အန်တီပြုံးလက်က ချိုင့်တွေ ပလတ်စတစ်ခြင်းတွေကို မျက်လုံးဝေ့ကြည့်လျက် မသိကျိုးကျွံ ပြုနေမိသည်... ။ အန်တီပြုံးရဲ့



နှုတ်ခမ်းတွေ... ခပ်ကွေးကွေး မဲ့လာသည်... ။ မျက်လုံးအိမ်တွေ နီရဲစွတ်စိုလာသည်... ။

"ဒီနေ့... ရဲလေး နှစ်နှစ်ပြည့်တယ်လေ သမီး... "

ဟုတ်တယ်...

ပြန်ရောက်မလာတာ နှစ်နှစ်ပြည့်ပြီ... ။

"ဘုန်းဘုန်းတွေက... ဘယ်လို မိန့်လဲဟင် အန်တီပြုံး... "

အားတက်သရော မေးလိုက်မိသည့် မေးခွန်းသည် အန်တီပြုံးရဲ့ မျက်ရည်တွေကြောင့် အဖြေမဲ့သွားခဲ့ရသည်... ။

"သမီးလေးကလည်းကွယ်... ဘုန်းဘုန်းတွေက တရားဟော... အမျှဝေတာပေါ့... မေမေတို့မိသားစု... ပြုံးတို့မိသားစု ပြုခဲ့တဲ့ ကုသိုလ်တွေကို အမျှဝေတာပေါ့... "

အန်တီပြုံး လက်ထဲက ချိုင့်ကို နန္ဒာ လှမ်းယူလိုက်သည်... ။

"ဟုတ်တယ်နော်... ကုသိုလ်များများလုပ်မှ... ကိုရဲ ပြန်လာလို့ရမှာပေါ့... "

www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီ ဆရာကြီးကလေ... နန္ဒာ့ကို မြင်တာနဲ့ တပ်အပ်ကို ပြောတာ မေမေရဲ့... လူပျောက်ရှာနေတာ မဟုတ်လား တဲ့... သူက ဘဝအသစ်မှာတဲ့... မင်းဆီကို ပြန်လာလို့ မရသေးဘူးတဲ့... အချိန်နည်းနည်းစောင့်ပါတဲ့... သူ ပြန်လာဖို့ ကြိုးစားနေတယ် တဲ့... သူ အခု နေထိုင်ရတဲ့နေရာက မြစ်ကမ်းနားမှာတဲ့ မေမေ... "

မေမေ့ လက်က စိတ်ပုတီးလေးသည် တစ်လုံးချင်း တစ်လုံးချင်း ရွေ့လျောလျက်... တဖြည်းဖြည်း လေးကန်သွား၏။ လရောင်ကြောင့် ကောင်းကင်မှာ ငွေမှင်ရောင်တောက်နေသည့် တိမ်မျှင်စများကိုပင် မြင်ရသည်... ။ ကြယ်ပွင့်များ ဟိုမှာသည်မှာ လင်းလက်နေ၏... ။ အိမ်နှင့် ခပ်စောင်းစောင်း ဓာတ်တိုင် အောက်မှာ ကစားနေသည့် ကလေးတစ်သိုက် ရှိနေသည်။ တချို့



အိမ်ခြံဝင်းတွေ တံခါးဖွင့်ထားဆဲဖြစ်ပြီး ခြံတံခါးရှေ့ အုတ်ခုံတွေမှာ ထိုင်သူလည်း ထိုင်နေကြသည်... ။

နန္ဒာသည် စိုက်ကြည့်နေသည့် မေမေ့ မျက်လုံး အေးစက်စက်တွေအောက်မှာ မနေတတ် မထိုင်တတ် ဖြစ်လာပြီး မျက်လုံးလွှဲလိုက်မိသည်... ။ သည်ဝရံတာလေးသည် တစ်အိမ်လုံး မှာ နန္ဒာ အနှစ်သက်ဆုံး နေရာလေးဖြစ်သည်... ။ ဝရံတာလေး မှာရပ်ပြီး အတော်အတန် အပြောကျယ်သော ရှုမြင်ကွင်းတွေကို မြင်နိုင်သည်... ။

နန္ဒာ့ကို ဝိတ်ညပ်ထားသော နံရံတွေကြားက အခိုက်အတန့်တော့ လွတ်မြောက်စေနိုင်သည်... ။ အုန်းလက်စိမ်း စိမ်းတွေ၊ ဝိတောက်ရွက်၊ သရက်ရွက်ချွန်းတွေ ယိမ်းငိုက်နေတာ ကို မြင်နိုင်သည်... ။ ဟိုးဝေးဝေး စက်ရုံခေါင်းတိုင်က မီးခိုးတန်း တွေကို မြင်နိုင်သည်... ။ ဓာတ်ကြိုးတန်းတွေပေါ် နားနေသော ငှက်အုပ်တွေကို မြင်နိုင်သည်... ။

ပြီးတော့ နန္ဒာတို့ အိမ်ဆီဝင်သည့် လမ်းရှည်က လေးကို စီးမိုးမြင်နိုင်ပြီး... အဲ့သည် လမ်းကလေးကနေ လျှောက် လာမည့် တစ်စုံတစ်ယောက်ကို စောင့်ကြည့်နေနိုင်သည်... ။ အဲ့ သည် တစ်စုံတစ်ယောက်သည် ကျောပိုးအိတ်ကို လွယ်ထားသည့် ပြောင်လက်နေသည့် ရှူးဖိနပ်ကို ဝတ်ထားသည့် ဆံပင်တိုတို မျက် နှာနုနုနှင့် အသားညိုညို ကောင်လေးတစ်ယောက်ဖြစ်သည်... ။

"အဲ့ဒီ... မြစ်ကမ်းနဘေးက ရွာတစ်ရွာမှာ သူ ရှိနေမှာပေါ့

www.burmeseclassic.com

www.burmeseclassic.com



မေမေ… နောက်ပြီး… သူ့မှာ ပြန်လာလို့ မရတဲ့ အခြေ
အနေတစ်ခုခု ရှိနေမှာပေါ့… ဥပမာ အတိတ်မေ့ရောဂါတို့
ဘာတို့ ဆိုတာမျိုး… ”

“သမီးငယ်… ”

ဟင့်အင်း…

ဘာဖြစ်လို့ ပြောဖြစ်ရပြန်တာလဲ… ။

သည်အကြောင်းအရာကို နန္ဒာ မေ့ထားရမည်…။ သို့ပေမဲ့ အန်တီပြုံးရဲ့ မျက်ရည်က… နန္ဒာ့ စိတ်တွေကို တုန်လှုပ်စေသည်… ။

“တော်ပါတော့ သမီးရယ်… ဒါတွေကို မေ့ပစ်လိုက်ပါ
တော့… ”

ဟုတ်ပါရဲ့… ။

မေ့ထားရမည်… ။

ဆရာကြီးကလည်း နန္ဒာ့ကို သည်လိုပြောခဲ့သည်။ [သမီးဟာ… သမီးရဲ့ အလုပ်ကို သိပ်ခင်တွယ်တယ် မဟုတ်လား… အလုပ်ထဲမှာပဲ စိတ်ကိုနှစ်ထားလိုက်ပါ… ပြီးခဲ့သမျှ ကုန်ခဲ့သမျှ အချိန်တွေဟာ သမီးနဲ့ ဘယ်လိုမှ မသက်ဆိုင်တော့ဘူးလို့… သဘောထားလိုက်နော်… ]

တဲ့… ။

“နှစ်နှစ်တောင် ကြာခဲ့ပြီပဲ သမီးရယ်… သမီးအနေနဲ့လည်း
ကိုယ့်စိတ်ကို… ကိုယ်ထိန်းသိမ်းနိုင်ဖို့ သင့်ပြီလို့ မေမေ



ထင်တယ်… အားတဲ့ အချိန်လေးမှာ တရားမမှတ်နိုင်ဘူး
ဆိုရင်တောင်… ဆရာတော်ဘုရားကြီးတွေရဲ့ တရားကိုနာ
ပေါ့… စာအုပ်တွေဖတ်ပေါ့ သမီး… အဲ့ဒါတွေထဲမှာ ဘဝ
ကို ဘယ်လိုရင်ဆိုင်ရမယ်… စိတ်ချမ်းသာအောင် ဘယ်လို
နေထိုင်ရမယ်ဆိုကဲ့ နည်းလမ်းတွေပါတယ် သမီး… ကိုယ့်
ကိုယ်ကို ထိန်းသိမ်းဖို့ရတာပေါ့… ”

“ဗေဒင်တွေ… အကြားအမြင်တွေချည်း ခဏခဏ မေး
မနေနဲ့… သူ ဘယ်မှာရှိနေသလဲလို့ မမေးနဲ့… သူ့ရော
သမီးရော… မေမေတို့ရော… လမ်းကြောင်းတစ်ခုတည်း
ပေါ် သွားနေကြတဲ့သူတွေချည်းပဲ… သူ အရင်သွားလည်း
ကိုယ်… နောက်က လိုက်ရမှာပဲ မဟုတ်ဘူးလား… သမီး
ရယ်… ”

စကားသံတွေ အကြားအာရုံထဲမှာ နီးလိုက်ဝေးလိုက် ပေါ်လိုက်ပျောက်လိုက် ဖြစ်နေသည်… ။ ဝရံတာလက်ရန်းတွေကို ကိုင်ပြီး ရပ်မိပြန်၏… ။ လမ်းရည်ကလေး ထိပ်ဆီ မျှော်ကြည့်မိပြန်၏… ။ ကျောပိုးအိတ်ကို လွယ်ပြီး ခေါင်းငိုက်စိုက် လျှောက်လာသည့် လူတစ်ယောက်ကို မြင်သည်… ။ ထိုသူက တော့ ရှူးဖိနပ်စီးမထား… ။ ပြီးတော့ ပုဆိုးတိုတိုနှင့်ဖြစ်သည်…။ လမ်းလျှောက်ပုံကလည်း…

မဟုတ်နိုင်ပါဘူးလေ… ။

“သမီးရေ… အထဲဝင်ရအောင်… ”

www.burmeseclassic.com

www.burmeseclassic.com



"သမီး… နေချင်သေးတယ် မေမေရဲ့… "

နန္ဒာ ငြင်းဆန်လိုက်သည်… ။

"လာပါ သမီးရယ်… ထမင်းစားကြရအောင်… မေမေ့ကို လက်ဖက်ချဉ်စပ်လေး သုပ်ပေးစမ်းပါ… "

မေမေက နန္ဒာ့ လက်မောင်းကို ဆုပ်ကိုင်ပြီး ခေါ် သည်… ။

ဟောသည် ဝရံတာမှာ နန္ဒာ တစ်ယောက်တည်း ဘာကြောင့် ရပ်ခွင့်မရှိတာပါလိမ့်… ။



(၃)

သူရရဲ့ ပခုံးပေါ်က ရွှေရောင်ပြောင်လက်လက် ကြယ်ပွင့်များနှင့် ဖြူဖွေးသော… အားနာတတ်ဟန် ထင်ရှားနေသော မေးရိုးတွေနှင့် ရှည်လျားသော သူရမျက်နှာသည် မလိုက် ဖက် ဟူ၍ပင် ထင်သည်… ။ ဒါပေမဲ့ ဆရာဝန်ဟာ ဆရာဝန်ပဲ ပေါ့…။

သူ့ ရင်ထဲက အဖွဲ့တွေမှာကို နူးညံ့ပြီး ကြင်နာတတ် ဟန်က ထင်ရှားနေပြီးသားမို့… ယူနီဖောင်းစိမ်းစိမ်း ဝတ်ဆင်ထား ရပေမဲ့လည်း… သူဟာ စစ်သားသဏ္ဌာန်တော့ မထွက်… ။

သူရက… သူ့ကို အားနာပြုံးလေး ပြုံးပြသည်… ။

"အေးပါ… အေးပါ… မင်းက ငါ့ကို အလုပ်တွေ သိပ်ရှုပ်ပြ နေတယ်ပေါ့လေ… ရပါတယ်ကွာ… မိုင်ပေါင်းထောင် သောင်းဝေးတဲ့နေရာက လာပြီးမှတော့… ဒီခရီးလောက်

www.burmeseclassic.com

www.burmeseclassic.com



ကို ဝေးတယ်လို့ မညည်းတော့ပါဘူး... စောင့်ဆိုလည်း စောင့်ရမှာပေါ့... ”

သူ ဘယ်လို ထွေငေါ့လည်း သူရက မတုံ့ပြန်တတ်... ။ ခပ်အမ်းအမ်း ရယ်ရင်းပင် အထပ်ထပ် အခါခါ တောင်းပန်နေသည်... ။

“မဟုတ်ပါဘူးကွာ... ဆရာကြီး ROUND ပြီးရင်... ငါ့ခွင့်တောင်းပြီး ထွက်လို့ရပါပြီ... များများမဟုတ်ဘူး ဆယ့်ငါးမိနစ်ပဲ စောင့်ပေးပါ... ”

“တော်ပါပြီကွာ... ”

သူက စိတ်ပျက်လက်ပျက် ဟန်ပြုပြီး လှည့်ထွက်သည်။

“ဟော့ကောင်... ငရဲ... ”

သည်လို ခေါ်သံကြားတော့ သူ့ပခုံး တွန့်ခနဲ ဖြစ်သွားသည်။

“မင်း... မပြန်နဲ့ဦးနော်... ငါ့ကို စောင့်ဦး... မင်းပြန်ရောက်နေတယ် ကြားကတည်းက ငါ... မင်းကိုမျှော်နေတာ... ”

“မျှော်နေရအောင်... မင်းက ငါ့ရည်းစားမို့လို့လားကွ... ငါ လိုက်လာဖို့လိုလား... မင်း ငါ့ဆီလာပါလား... ”

“ဟာ... ခုရက်တွေ... ငါလုံးဝ မနားရသေးလို့ပါ သူငယ်ချင်းရာ... ”

သူ ရယ်မောခေါင်းယမ်းလျက် သူရကို ကျောခိုင်း



ထွက်ခဲ့သည်... ။

“ဟော့ကောင်... စောင့်နေနော်... ”

ဟူသော ခပ်အစ်အစ် အသံက နောက်မှာကပ်၍ လိုက်လာ၏... ။

မစောင့်ဘဲ နေနိုင်မှာလား... ။

သည်အထိ လိုက်လာခဲ့ပြီးမှတော့ စောင့်ကိုစောင့်ရမှာပေါ့ သူရ ရယ်... ။

“ကိုသူရ... ဗိုလ်မှူးကြီး ROUND တော့မယ်... ”

နှုတ်ခမ်းဆိုးဆေး ရင့်ရင့်ဆိုးထားသည့် လည်ဆောင်ခါးရှည် အကျီဖြူနှင့် ဗိုလ်ကြီးမမ တစ်ယောက်က သူ့ကို အကဲခတ်သလို မျက်လုံးဝေ့ကြည့်ရင်း ခပ်ကျယ်ကျယ် အော်ပြောလိုက်သည်။

မက်ဒီကယ်လ်ဝမ်း ဟုခေါ်သည့် အုတ်တိုက်နီနီ အဆောက်အဦးကြီးအောက် ပေါ်တီကိုကနေ သူ ထွက်လာခဲ့သည်... ။ လက်မှာ ပတ်ထားသည့် နာရီကို ငုံ့ကြည့်တော့ ငါးနာရီ ထိုးဖို့ ငါးမိနစ်... ။

တကယ်တော့ သူရရဲ့ ဂျူတီပြီးဆုံးချိန်က ခြောက်နာရီ... ။

နောက်ထပ် တစ်နာရီ စောင့်နိုင်ဖို့ သေချာရဲ့လား... ။

ရဲထွဋ်ကျော်ရဲ့ ဘဝမှာ စောင့်ဆိုင်းခြင်းတွေကို

www.burmeseclassic.com

www.burmeseclassic.com



အသားတကျ မရှိခဲ့ပေမဲ့ သူရကိုတော့ စောင့်ရမည်... ။

သူရနှင့် သူသည် ဆယ်တန်းအထိ ကျောင်းအတူတက်... ကျူရှင်အတူတက်... စာပြိုင်ဘက် သူငယ်ချင်းတွေ ဖြစ်သည်... ။ မင်းသန့်၊ ဖိုးချိုတို့ထက် ပိုပြီး ရင်းနှီးသည် မဆိုသာပေမဲ့ ပညာကို လောဘကြီးသည့် နေရာမှာ တူညီကြသည်မို့ သူရနှင့်သူ တွဲချိန်က ပိုများခဲ့သည်... ။ ကျူရှင်လည်း တစ်ဝိုင်းထဲ... စာအတူတူကျက်ချိန်လည်း များခဲ့သည်မို့... ယှဉ်ပြိုင်ခြင်းတွေ များစွာဖြင့်ပင် သူရနှင့် သူ ရင်းနှီးခဲ့ရသည်... ။ ကျောင်းမှာ သူရရဲ့ နာမည်ပြောင်က... ငှက်ကုလားအုပ်ဖြစ်သည်။ လည်တိုင်ရှည်ရှည် မေးကြောတွေ ရှည်မျော မျောနှင့် အရပ်ကလည်း ရှည်ကိုင်းကိုင်းကြီးမို့... အဲ့သည်နာမည်က သူရနှင့် လိုက်ဖက်သည်။

သူရနှင့် ရဲထွဋ်မှာ ကွဲပြားသည့် အချက်ကတော့ ကလေးဘဝကပင်... သူရက ဆရာဝန် ဖြစ်ချင်ခဲ့ပြီး... ရဲထွဋ်ကတော့ ဘယ်တုန်းကမှ ဆရာဝန်လုပ်ဖို့ ဝါသနာ မပါခဲ့သည့်အချက်ပင်... ။ ထို့ကြောင့် ဝါသနာပါသည့် အလုပ်မှာ စိတ်ထက်သန်ခြင်းဖြင့် သူရ မျက်လုံးတွေက ပြောင်လက်တောက်ပနေသည်... ။ မြန်မာပြည်မှာ အတော်ဆုံး ခွဲစိတ်ဆရာဝန်ဖြစ်ဖို့ ရည်မှန်းချက်သည်... ခုချိန်မှာလည်း ပြောင်းလဲမည် မဟုတ်ဟု သူထင်သည်။ သို့ပေမဲ့... သူရ ဆေးပညာဆိုင်ရာ မဟာဘွဲ့ယူပြီးပြီဟု သူမကြားမိသေး... ။

သူကတော့ ဆေးရုံထဲ ဝင်ရမှာကိုပင် စိတ်ထဲက



တွန့်ဆုတ်ရသည်။ တကယ်တော့ ရဲထွဋ်သည် သူရဲဘောနည်းလှသည်ဟု ပြောလိုလျှင်လည်း ပြောနိုင်ပါသည်... ။ ဘာကြောင့်ဆိုငယ်စဉ်ကနေ ခုချိန်ထိ ပြင်းပြင်းထန်ထန် နာဖျားမကျန်း မဖြစ်ဘူးသေး... ။ ဘယ်သူ့ကိုမှ ဘာအတွက်မှ မရှုံးနိမ့်ဘူးသေး... ။ သူလိုချင်သည့် ဘယ်အရာကိုမှလည်း မဆုံးရှုံးရဘူးသေးပါ... ။

သည်လို လူမျိုးတစ်ယောက်ကို သတ္တိနည်းလှသည်ဟု ဆိုလျှင်လည်း ဆိုနိုင်ပါသည်... ။ မဆုံးရှုံးဘူးသည့်၊ မရှုံးနိမ့်ဘူးသည့် လူတစ်ယောက်သည် အရှုံးဆိုတာကိုတော့ ကြောက်လန့်နေတတ်၏... ။ သူရလို လူ့အသက်တွေကို လောင်းကြေးထပ်ရသည့် ယှဉ်ပြိုင်မှုမျိုးကို သူ စိတ်မဝင်စားတာ မဆန်းလှဘူးဟု ထင်ပါသည်... ။

တပ်မတော် ဆေးရုံကြီး၏ ပင်မဝင်ပေါက်ကြီး၏ ဘယ်ဘက်ခြမ်းမှာ သူ့ကားကို ရပ်ထားခဲ့သည်... ။

အင်း... လောလောဆယ်တော့ ရဲထွဋ်ရဲ့ ကားပေါ့လေ... ။

ဒါပေမဲ့ တကယ်တန်းမှာတော့ အထွေထွေ မန်နေဂျာကြီး ဒေါ်စန္ဒီရဲ့ကား ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



“ကိုရဲ… ”

ခြေလှမ်းတွေ တုန့်ခနဲ ရပ်သွားသည်… ။

“ကြည့်စမ်း… ကိုရဲနော်… ကိုရဲ ပြန်လာပြီပေါ့ နော်… ”

မြတ်စွာဘုရား…

ဘယ်လိုပါလိမ့်… ။

သည်အမျိုးသမီးကို သူ တစ်ခါမှ မမြင်ဘူးပါလား။

ကုက္ကိုပင်ကြီးရဲ့ အရိပ်အောက်မှာ ရပ်နေသည့် မိန်းကလေးသည် ရုတ်တရက် ငေးကြောင်နေရာကနေ ဖျတ်ခနဲ အသက်ဝင်လာပြီး သူ့ထံ ကသုတ်ကရက် ပြေးလာ၏… ။ သူ့ လက်မောင်းတွေကို ခပ်တင်းတင်း ဆုပ်ထားသည်… ။ သူမလက်ထဲက အပြာရောင် ပလတ်စတစ်ခြင်းကလေး ဖုတ်ခနဲ ပြုတ်ကျ သွားသည်… ။



‘ကိုရဲ’ ဟူသော ခေါ်သံက သူ့အတွက် ရင်းနှီးလွန်း ၏… ။

ရင်ခွင်ထဲ မြုပ်လုမတတ် နီးကပ်စွာ တိုးဝင်လာသော မိန်းကလေးကို သူ ခပ်ကြောင်ကြောင် ငေးကြည့်လိုက်မိသည်… ။

အဲ့သည်မှာ…

ဘာကြောင့်… သတိလွတ်သွားခဲ့တာလဲ…

ဘာကြောင့်… သူမကို တွန်းဖယ်မပစ်လိုက်တာလဲ…

ဘာကြောင့်… နှလုံးခုန် ရပ်လုမတတ် ငြိမ်သက်သွားခဲ့ရတာလဲ… ။

ရဲထွဋ်ကျော်…

အခိုက်အတန့်မှာ သူ့အဖို့ စိတ်လှုပ်ရှားစရာ တစ်စုံတစ်ရာကို ကြုံကြိုက်ခဲ့ရသည်ပဲ ဆိုပါစို့… ။

ဒါပေမဲ့… သည်လိုနည်းဖြင့် သူ ချစ်မြတ်နိုးမိသော မိန်းကလေး တစ်ယောက်ကို စတင် တွေ့ဆုံခဲ့ရသည်ဆိုတာ တကယ့်ကို မယုံချင်စရာပင် ဖြစ်သည်… ။

www.burmeseclassic.com

www.burmeseclassic.com



"ကိုရဲ… နန္ဒာလေ… နန္ဒာ့ကို မမှတ်မိဘူးလား… "

"ကျွန်တော်… "

ဘယ်လိုပြောရမလဲ… ။

သူ မဖြေရှင်းတတ်သည့် ကိစ္စတစ်ရပ်သာ ဖြစ်သည်… ။ နက်မှောင်မှောင် ဆံပင်တွေကို သပ်သပ်ရပ်ရပ် သိမ်းပြီး နောက်ဖက်မှာ ဆံထုံးကလေးပေါ် ဖဲပွင့်ကလေး အုပ်ထားသည့် မိန်းကလေးသည်… အတော့်ကို စိတ်လှုပ်ရှားနေဟန်ရှိ၏။ သူမရဲ့ ပြင်ပသဏ္ဌာန်ကို မြင်ရုံဖြင့်ပင် သည်ဆေးရုံက ဝန်ထမ်းတစ်ယောက်ဆိုတာ သိသာလှပါသည်… ။

ဆရာဝန်လား… သူနာပြုလား…

သည်အချိန်မှာ အသေချာဆုံးကတော့ မှားယွင်းမှုနှင့်… သူမရဲ့ ပြင်းထန်သော စိတ်လှုပ်ရှားခြင်းပင် ဖြစ်ပါသည်။



သူမရဲ့ ဆံပင်သိမ်းထားသည့် နားထင်အစပ်က သွေးကြောလေး တဒိတ်ဒိတ် ဆောင့်တိုးနေသည်ကိုပင် မြင်ရသည်… ။ သူမရဲ့ နှုတ်ခမ်းတွေ ဖြူလျော်လာပြီး တဆတ်ဆတ် တုန်နေသည်… ။ သူမရဲ့ မျက်ဝန်းအိမ်တွေက လျှင်မြန်စွာ နီရဲစိုစွတ်လာပြီး ညိုရင့်ရင့် မျက်ဆန်များ အတွင်းက အရိပ်သည် တလှုပ်လှုပ် ခုန်နေသလိုပင်… ။

ဆံမျှင်တွေရဲ့ အစပ်မှာ ချွေးစက်တွေ စို့နေခဲ့သည်။ သူ့လက်မောင်းကို ခပ်တင်းတင်း ဆုပ်ညှစ်ထားသည့် လက်ချောင်းတွေထဲမှာ တစ်စုံတစ်ခုသော အင်အားပါဝင်နေပြီး လက်ချောင်းများ၏ လှုပ်ခတ်နေမှုကိုလည်း သိနေရသည်… ။

မှားယွင်းနေသည်လား…

ဟင့်အင်း…

ဒါပေမဲ့… ကိုရဲဆိုတာ သူ့နာမည်ပဲ… ။

ကြောင်အမ်းနေရင်းပင်… သည်မိန်းကလေးကို ဘယ်တုန်းကမှ မသိကျွမ်းခဲ့ဘူးဆိုတာ သေချာလာခဲ့သည်… ။

သူမကတော့ သူ့ကို သေချာသိနေပြီ… ။

{ကိုရဲ ပြန်လာပြီပေါ့ နော်… }

ပြန်လာပြီပေါ့ တဲ့… ။ ပြန်လာခဲ့တာတော့ အမှန်ပါပဲ… ။

"ကိုရဲ… "

ဟော… မျက်ရည်ဥတွေ… ။

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား...

မျက်ရည် ကျရလောက်အောင် သည်မိန်းကလေးကို သူ ဘယ်လိုဝေဒနာတွေများ ပေးခဲ့ဖူးပါလိမ့်... ။ ခက်နေသည်က... သူမကသာ သိနေပြီး သူက သူမကို ခပ်ရေးရေးမျှပင် မသိခဲ့ပါ... ။ နန္ဒာဆိုသည့် နာမည်တွေကလည်း သူ့ဘဝမှာ အထင်ကရ မပါဝင်ခဲ့ပါ... ။

အထက်တန်း ကျောင်းတုန်းကလား... ။

ဒါမှမဟုတ်... အယ်လ်အေမှာ ခဏဆုံခဲ့ဖူးသလား... ။

သူ့ မှတ်ဉာဏ် သည်လောက်ထိ မချွတ်ချော်ဘူး ထင်မိသည်... ။ ပြီးတော့... ခုချိန် အသက်နှစ်ဆယ့်ခုနှစ်နှစ် ရှိလာသည်အထိ သူ ဘယ်မိန်းကလေးကိုမှ မျက်ရည်ကျရအောင် မလုပ်ခဲ့ဘူးပါ... ။

ကောင်မလေးရဲ့ မျက်နှာလေးက ဝါညက်ညက်နှင့် မျက်ခုံးနှစ်ဖက် နက်မှောင်နေသည်... ။ မျက်ခုံးနက်တွေအောက် မျက်ဝန်းတစ်စုံကတော့ သိပ်လှပြီး တောက်ပအရည်လဲ့နေသည့် မျက်လုံးလေးတွေပါပဲ... ။ ဒါပေမဲ့ သည်မျက်လုံးတွေထဲမှာပင် သူ နားမလည်နိုင်သည့် အေးစက်စိမ်းသက်မှု တစ်ခုရှိနေခဲ့သည်... ။ တစ်စုံတစ်ရာ ဖုံးကွယ်နေသည်လို့ ထင်သည်... ။ ခရမ်းဖျော့နှင့် အစိမ်းရောင်များစွာ ပါဝင်သည့် ထက်အောက်ဆင်တူပါတိတ်သည်... သူမရဲ့ ပြင်ပရုပ်သဏ္ဌာန်တည်ငြိမ်မှုကို



ပိုပြီး ထင်ရှားပေါ်လွင်စေသည်... ။

သွေးရောင်ဖျော့ပြီး တဆတ်ဆတ် တုန်နေသည့် နှုတ်ခမ်းလွှာလေးတွေကတော့ သနားစဖွယ်ပါပဲ... ။ ထူပြည့်ဖောင်းအိနေသည့်... အဲ့သည့် နှုတ်ခမ်းလေးတွေက ရုတ်တရက် ရပ်တန့်မလို ဖြစ်သွားသည့် သူ့နှလုံးခုန်သံတွေကို ချက်ချင်းကြီး မြန်ဆန်လာစေခဲ့တာ... ။

အခြေအနေက ရှုပ်ရှုပ်ထွေးထွေး ဆိုပေမဲ့ သူတို့နှစ်ယောက် ဆုံတွေ့သည့်နေရာသည် မြို့လယ်ခေါင် ပလက်ဖောင်းပေါ်မှာ မဟုတ်လေသည်မို့... သည်အခြေအနေကို ဘယ်သူမှ မရိပ်မိပါ... ။ ဖြတ်သွား ဖြတ်လာတွေကလည်း ဆေးရုံဝန်ထမ်းနှင့် လူနာမေးသူ၊ ထမင်းပို့သူတွေမို့... သူ့အာရုံနှင့်သူ...။

"ဟို... လူမှားနေပြီ ထင်တယ်... "

ဘေးဘီကို မျက်လုံးဝေ့ကြည့်ရင်း သူ ပြောလိုက်မိသည်... ။

"ရှင်... "

"ကျွန်တော်... ကျွန်တော်... ဒီက ညီမကို မသိဘူးခင်ဗျ... "

"အို... "

ခက်ပြီ...

သူ ငြင်းလိုက်ကာမှ ထိုသူမက မျက်ရည်တွေ ဗိုးဗိုးပေါက်ပေါက် ကျလာတော့သည်... ။ အသက်ရှူသံ ပြင်းပြင်းကို

www.burmeseclassic.com

www.burmeseclassic.com



ပင် ကြားလာရသည်... ။

သူမ အကြီးအကျယ် စိတ်လှုပ်ရှားနေပြီ... ။ ဒုက္ခပဲ... ။

ထိုခဏမှာ စိတ်ထဲ သူ... တစ်မျိုးထင့်သွားသည်။

"ကိုရဲ... နန္ဒာပါ... မမှတ်မိတော့ဘူးလား... နန္ဒာက... နန္ဒာက... "

"ဟို... ကျွန်တော်... ဒီက ဗိုလ်ကြီးသူရစိုးကို လာတွေ့တာပါ... ကျွန်တော့်နာမည် ရဲထွဋ်ကျော်ပါ... "

"အို... မဟုတ်ပါဘူး... ရဲရင့်ပါ... ကိုရဲ နာမည်က... "

တစ်ခုခုတော့... သေချာမှားယွင်းနေပြီ... ။

သူ့လက်မောင်းမှာ... ရေဘဝဲတွေလို တွယ်ဆုပ်ထားသည့် လက်ချောင်းတွေကို ဘယ်လို ဖယ်ရှားပစ်ရမည် မသိ။



သူရက... နှုတ်ခမ်းပြုံးယောင်ယောင်တွေနှင့် နန္ဒာဆိုသည့် မိန်းကလေးကိုကြည့်သည်... ။ သူမရဲ့ ပလတ်စတစ်ခြင်းပြာလေးကို သူ ယောင်ယောင်မှားမှား ကောက်ယူမိသည်... ။ ခုတော့... သူတို့အနားမှာ သူရရော... သူမရဲ့ သူငယ်ချင်း လုပ်ဖော်ကိုင်ဖက် ဖြစ်ဟန်တူသည့် ယူနီဖောင်းဝတ် မိန်းကလေးနှစ်ယောက်ပါ ရောက်နေပြီ... ။ တစ်ယောက်က သူမပခုံးကို ဖက်ပွေ့ထားသည်... ။ သူမကတော့... သူမထက် အနည်းငယ်အသက်ကြီးပြီး ရင်းနှီးပုံဟန် ရှိသည့် အမျိုးသမီး၏ ရင်ခွင်ထဲမှာ တုန်တုန်လှုပ်လှုပ် ငိုရှိုက်နေခဲ့သည်... ။

"ကိုရဲ... နန္ဒာ့ကို မစိမ်းပါနဲ့... ကိုရဲ ပြန်အလာကို... နန္ဒာ ဒီမှာ နေ့တိုင်းစောင့်ခဲ့ရတာပါ... "

အိပ်မက် မက်နေသူ တစ်ယောက်လို သူမက

www.burmeseclassic.com

www.burmeseclassic.com



ကယောင်ကတမ်း ရေရွတ်နေခဲ့သည်... ။ တုန်ခိုက်နေသည့် နှုတ်ခမ်းတွေနှင့်... နီမြန်းသော မျက်ဝန်းအိမ်နှင့် စိတ်လှုပ်ရှား ပြင်းထန်သော အသက်ရှူသံနှင့်... ထိုမိန်းကလေးသည် သူ့ရှေ့မှာ ထိတ်လန့်တုန်လှုပ်နေသည့် ယုန်ကလေးတစ်ကောင်နှင့်ပင် တူနေသည်... ။

ြော်... သနားစရာ မိန်းကလေး...

ဘယ်လို သောကတွေနဲ့များ ရင်းနှီးခဲ့ရပါသလဲ...

"သူ့ အစ်မကို... အကြောင်းကြားရင် ကောင်းမလား... ဗိုလ်ကြီး... "

တစ်ယောက်က. ပူပန်စိုးထိတ်သည့် မျက်နှာဖြင့် မေးသည်... ။

"ကိစ္စမရှိပါဘူး... ကျွန်တော်... သူ့ကို အိမ်ပြန်ပို့လိုက်မယ်... ဗိုလ်မှူးကိုသာ အကျိုးအကြောင်း ပြောလိုက်ပါ... လော လောဆယ် လိုတဲ့ဆေးလည်း... တစ်ခါတည်း အွန်ပေးခဲ့မယ်... "

ထဲထဲဝင်ဝင် နားမလည်ပေမဲ့ ဆေးပညာဝေါဟာရ တွေကို သူ မစိမ်းပါ... ။ သူရကို သူ ဖျတ်ခနဲ ကြည့်လိုက်မိသည်...

သူ့ရှေ့မှာ တုန်လှုပ်ခြင်းဖြင့် မိန်းမောနေသည့် မိန်း ကလေးသည်... ဝေဒနာသည်လေး များလား... ။

သူရရဲ့ အကြည့်တွေထဲမှာ သည်မေးခွန်း၏ အဖြေ ကို သူ ရသည်... ။



"ကိုရဲ... "

တိုးတိမ်သည့် ရှိုက်ငင်သံတစ်ခုသည် သူ့နှလုံးအိမ် ကို တဖျတ်ဖျတ် လှုပ်ခါစေ၏... ။ မိန်းကလေးရဲ့ လက်မောင်း တွေကို တွဲမွေ့ရင်း...

"အိမ်ပြန်ရအောင် နန္ဒာ... "

ဟု ရှက်ရွံ့ပူဆွေးစွာ ပြောမိသည်... ။ တစ်ကိုယ်လုံး ရေပူစမ်းထဲမှာ စိမ်နေရသလို ပူဆွေးရှိန်းမြနေ၏... ။ မိန်းကလေး များနှင့် ပတ်သက်ပြီး ရဲတင်းလွန်းသည် မဆိုနိုင်ပေမဲ့ မိန်းကလေး များစွာကို လက်တွဲပြီး ရင်ချင်းအပ်ပြီး... ကပွဲရုံတွေမှာ အတူက ခုန်ခဲ့သည့် အတွေ့အကြုံသည်... သည်လိုအချိန်မျိုးမှာ ဆက်စပ်ယူ ၍ မရခဲ့ တသီးတခြားစီ ဖြစ်နေခဲ့၏... ။ သူမရဲ့ သူငယ်ချင်းမ တွေက သူ့ကို... စကားများစွာ ပျော်ဝင်သော အကြည့်ဖြင့် ကြည့် သည်... ။ ဘယ်လို အဓိပ္ပာယ်ဆိုတာ နားလည်ရခက်လှသည်။

ညနေ နေပူရှိန်က လျှင်မြန်စွာ အရောင်ဖျော့လာ သည်... ။ သူ့ပခုံးကို မှီလျက် ဖျော့တော့နုံးခွေနေသည့် သူ့ကို ဝေရီသော မျက်ဝန်းများဖြင့် မော်ကြည့်လျက်...

"နောက်ဆုံးတော့... ကိုရဲ ပြန်လာပြီပဲ နော်... "

ဟု အသံတိမ်တိမ်ဖြင့် ဆိုသေးသည်... ။

အဲ့သည် အခါမှာတော့... ရဲထွတ်ကျော်သည်... ဘကယ့်ကိုပဲ နန္ဒာရဲ့ ကိုရဲသာ ဖြစ်လိုက်ချင်တော့သည်... ။

နန္ဒာဆိုသည့် မိန်းကလေးတစ်ယောက် အတွက်

www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်ကို ပြန်လာသည့် ရဲထွတ်ကျော်သာ ဖြစ်ချင်တော့ သည်... ။

ရင်ထဲမှာ တွယ်ငြိသည်ဆိုတာ... သည်လောက် လွယ်ကူသည့် ကိစ္စလား... ။ မသိပါ... ။ သူ တကယ်နားမလည် နိုင်ပါ... ။ သို့ပေမဲ့ ရဲထွတ်ကျော်အတွက် အချစ်သည် ညနေခင်း တစ်ခုမှာ... မှားယွင်းသော... အူကြောင်ကြောင်နိုင်လှသော ဖြ ရုပ်တစ်ခုဖြင့် စတင်ခဲ့၏... ။ အစိမ်းဖျော့ရောင် ဝတ်ရုံများ အစိမ်း ရင့်ရောင် ယူနီဖောင်းများ... နီမှိုင်းမှိုင်း အုတ်နံရံများနှင့် ပိုးသတ် ဆေးနံ့တွေ လေထုထဲမှာပင် လွှင့်ပျံ့လျက် အနည်းငယ်မျှပင် ကဗျာမဆန်လှသည့် နေရာဒေသတစ်ခုမှာ စတင်ခဲ့၏... ။

အဲ့သည် အချိန်ကတည်းက သူ့ရင်ထဲ စတင်ဝ ရောက်လာသည့် အချစ်ကို... သူ အချိန်များစွာ နောက်ကျပြီးမှ သိခဲ့ရသည်... ။

သည်လိုဆိုတော့ လောကကြီးထဲမှာ ရဲထွတ်ကျော် လောက် တုံးအသူ ရှိနိုင်ပါဦးမည်လား... ။



ရင်ထဲမှာ ခုထိ အမောမပြေနိုင်သေး... ။ ထွက် ာစဉ်က ယူနီဖောင်း ချွတ်လဲဖို့ပင်... အချိန်မရခဲ့သည့် သူရသည် ားပေါ်မှာ သူ့အင်္ကျီကို ချွတ်ပြီး... အမြဲ အသင့်ပါလာဟန်ရှူ ည့် လာကို့စ် စပို့ရှပ်ကို ကောက်လဲသည်... ။ ညနေစာ စားဖို့ ်မိုင်လမ်းဆုံက... ဟာရီကိန်းမှာ သူတို့ ထိုင်ဖြစ်ကြသည်... ။ ာရာအိုကေ တေးသံတွေ လှိုင်နေသည့်... ရန်ကုန်ညနေခင်းကို ်နိုးရတာ နှစ်အတော်ကြာခဲ့ပြီ... ။ သည်လို မြို့ပြပုံစံကို ငြီးငွေ့ ပြီမို့... ရန်ကုန် ပြန်ရောက်တိုင်း မြန်မာပြည်ရဲ့ မရောက်ဘူးခဲ့ းသည့် ဒေသတွေဆီ သွားဖို့သာ သူ ကြိုးစားခဲ့သည်။ ခုလည်း ယ် နမ့်ခမ်းဘက်သွားဖို့ စီစဉ်ထားခဲ့ပြီးသား... ။

"ငါလည်း... ဒီဇာတ်လမ်းကို ကြားရုံကြားဖူးတာ... ဒါပေ မဲ့ အတော်နာမည်ကြီးတဲ့ ဇာတ်လမ်းလို့တော့ ပြောရမယ်

www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်… ဘာလို့လဲဆိုတော့ ဒီဝင်းထဲမှာတော့… အားလုံးလိုလို သိကြတယ်လေ… ”

“ဘာလဲကွာ… ဒီလို ဝေဒနာသည်မျိုး ရှိလို့လား… ဒါဟာ ရောဂါ မဟုတ်ပါဘူး… စိတ်အစွဲအလမ်းတစ်ခုပါကွာ… ”

သူရက… မပွင့်တပွင့် ပြုံးလို့သာနေသည်… ။

“ဆေးပညာ လောကမှာတော့… ဒါဟာ ဝေဒနာတစ်ခုလို့ နာမည်တပ်ကြတာပဲကွာ… တကယ် ဟုတ်မဟုတ်ဆိုတာတော့… ကိုယ်တိုင် ခံစားကြည့်မှ သိမဲ့ကိစ္စပဲ… ”

“ဟော့… ဟော့… ကိုယ်တိုင်တော့ မခံပါရစေနဲ့ကွာ… ”

“နှစ်နှစ်လုံးလုံး… ဒီ ကုက္ကိုပင်အောက်မှာ ရပ်စောင့်နေတတ်တဲ့ အစွဲအလမ်းဆိုတာ… စိတ်ပိုင်းဆိုင်ရာ ချို့တဲ့မှုပဲ မဟုတ်ဘူးလား… ”

“ဒါပေမဲ့… တခြား အချိန်တွေမှာ ပုံမှန်တာဝန် ဝတ္တရားတွေကို ထမ်းဆောင်နေတာပဲကွာ… မှန်ကန်တဲ့ အသိလည်း ရှိနေတာပဲကွာ… ”

“ညနေ ငါးနာရီဆိုတဲ့ အချိန်ကျရင်တော့… သူ့ကို ဘယ်လို တာဝန်ဝတ္တရားနဲ့မှ ချည်နှောင်လို့ မရတော့ဘူးလေ… အဲ့ဒီအချိန်တွေမှာ သူ့ရဲ့အသိတွေဟာ… ပုံမှန်မဟုတ်တော့ဘူး… သေပြီးသား လူတစ်ယောက်ကို… တစ်နေ့ ပြန်လာမှာလို့ မျှော်လင့်နေတာကိုက… သူ့ရဲ့ အသိစိတ်ဟာ ပုံမှန်



မဟုတ်ဘူးလို့ ပြောလို့ရတယ်… ဒါဟာ သိပ်ပြီး သိမ်မွေ့တဲ့ စိတ်ဖောက်ပြန်ခြင်း တစ်မျိုးပဲ… ”

“လူတွေဟာ အရူးတွေပဲ… ရူးသွပ်နေကြတာပဲလို့ မြတ်စွာဘုရားကိုယ်တော်တိုင်က… ဟောခဲ့တာ မဟုတ်လား… ”

သူရရဲ့ စကားကို သူက ဟက်ဟက်ပက်ပက် ရယ်မောမိသည်… ။ ဒါ… ဆရာဝန်တဲ့လား… ။

နေ့စဉ် ဖြတ်သန်းနေကျ အတွေ့အကြုံတစ်ခုလိုပင် သူရက စားရင်းသောက်ရင်း စကားတပြောပြောဖြင့် ခဏကြာတော့လည်း အားလုံးကို မေ့လျော့သွားသည်… ။

ရက်ပေါင်း ခုနစ်ရာကျော်… ညနေငါးနာရီတိုင်း ကုက္ကိုပင်ကြီးအောက်မှာ တစ်စုံတစ်ယောက်ကို စောင့်မျှော်နေတတ်သည့် မိန်းကလေးတစ်ယောက်အကြောင်းသည် သူ့အတွက် ပုံပြင်တစ်ပုဒ်နှယ်ပင်… ။

“တိုက်တိုက်ဆိုင်ဆိုင်ကွာ… ”

တရပ်ဟင်းလျာများဖြင့် ထမင်းစားသောက်ပြီး အချိုပိုင်း စတင်ချိန်မှာ သူရက… သူ့အတွေးတွေကို ပြန်ဆက်သည်… ။

“သူ့ ရည်းစားနာမည်ကလည်း… ကိုရဲ… ဆိုပဲ… ”

ပခုံးတွန့်ပြီး ပြုံးရယ်မိသည်… ။

ကိုရဲ ဆိုသည့် ခေါ်သံကို စတင်ကြားရစဉ်တော့

www.burmeseclassic.com

www.burmeseclassic.com



အမှတ်အသား နည်းလှသည်ဟု ကိုယ့်ကိုယ်ကို အပြစ်တင်မိတာ အမှန်ပင်... ။ မိန်းကလေးတွေကို စိတ်ဝင်စားမှု အားနည်းပြီး မေ့လျော့ နေတတ်သူမျိုးလည်းမဟုတ်... ။

ပြီးတော့...

မေ့ရက်စရာ မရှိအောင် ချစ်စရာကောင်းသူလေး ပဲ... ။

"မင်းနဲ့လည်း... တော်တော်တူတယ် ထင်ပါရဲ့... သူ့အစ်မ တောင်... မင်းကို မြင်လိုက်တော့ အတော်မျက်နှာပျက် သွားတယ်... "

သူကဖြင့် သတိမထားမိပါ... ။ အဲ့သည်တုန်းက တော့ သူတို့နှစ်ယောက်လုံး ခပ်အမ်းအမ်း ဖြစ်နေခဲ့သည်... ။ နန္ဒာဆိုတဲ့ ကလေးမက... သူ့ကို ခဏလေးတောင် အလွှတ်မပေး ဘဲ... မျက်စိအောက်က အပျောက်မခံနိုင်အောင် အနားမှာ ကပ် နေတော့တာ... ။

သူ့အစ်မကိုလည်း စကားတွေ တတွတ်တွတ် ပြော လို့... ။

"အဲ့ဒီ ကိုရဲက... "

သူရက နာနတ်သီးတစ်စိတ်ကို ခက်ရင်းဖြင့် ထိုး ကော်လိုက်သည်... ။

"Air force က အရာရှိတဲ့... လေယာဉ်ပျံနဲ့တက်ရင်း...



လေယာဉ်ပျက်ပြီး... "

ပင့်သက်ကို လေးလေးပင်ပင် ရှိုက်ဖြစ်သည်။

ဘယ်တော့မှ ပြန်မရောက်နိုင်တော့သည့် ချစ်သူ ကို ညနေတိုင်း လာစောင့်နေသတဲ့... ။

ကိုယ်တွေ့သာ မကြုံခဲ့ဘူးဆိုလျှင် သူ... ဘယ်လိုမှ ယုံကြည်နိုင်မည် မဟုတ်ပါ... ။

"ဘယ့်နှယ်လဲ... မြန်မာပြည် ပြန်ရောက်တုန်း ရောက်ခိုက် အမှတ်တရ ဇာတ်လမ်းလေး... ဖြစ်သွားတာပေါ့ ဟုတ် လား... "

ဟု သူရကတော့ ရယ်စရာ ဟားစရာ တစ်ခုလို သူ့ကို ကျီစယ်နေသည်။

"ငါလည်း... တော်တော်ကြီး ကြောင်သွားတာ... သူက... ကိုရဲလို့ လှမ်းခေါ်တာကို... အိမ်မှာ ကြားနေကျ ခေါ်သံ လိုပဲ... ပြီးတော့... သူက ပြန်လာပြီပေါ့... ဆိုတော့... "

"အေးပေါ့လေ... စောင့်တဲ့သူကလည်း စောင့်နေကျ နေရာ မှာ... ပြန်လာတဲ့ သူကလည်း... တကယ်ပဲ ပြန်လာတာ ဆိုတော့... ဟုတ်နေရောပေါ့... "

"တော်သေးတာပေါ့... မင်း အချိန်မီ ရောက်လာပေလို့... "

သူရက တစ်ကိုယ်လုံး တသိမ့်သိမ့် လှုပ်ခါအောင် ပင် ရယ်မောရင်း...

www.burmeseclassic.com

www.burmeseclassic.com



"နက်ဖြန်တော့… ဘာတွေ ကြားရဦးမယ် မသိဘူး… "

ဟု ခပ်ညည်းညည်းလေး ပြောသည်… ။

… ချစ်သူ အနားမှာ… ချစ်ရန့်လေးတွေနဲ့…

… ချစ်သူ အနား… အရိပ်ကလေး အဖြစ်နဲ့ကွယ်…

ဆိုသည့်… သီချင်းသံထဲ အခိုက်အတန့် မျောပါသည်… ။

[ကိုရဲ ပြန်အလာကို… နန္ဒာ ဒီမှာ နေ့တိုင်းစောင့်ခဲ့တာပါ… ]

တေးသွားတွေထဲ စကားသံတွေ ရောနှောကြားယောင်သည်… ။ ရင်ထဲမှာ ဘာရယ်မသိ… နင့်သည်းပြည့်ကျပ်နေသည်… ။ နက်ဖြန်ညနေမှာရော… ကုတ္တိုပြင်ရိပ်မှာ သူကလေး ရှိနေမှာလား သိချင်သည်… ။ စောင့်ကြည့်ချင်စိတ် ထူးထူးဆန်းဆန်း ပေါ်မိသည်… ။

"ဘယ်လို ဖြစ်မယ်ထင်လဲ… "

"ဟင်… "

သီချင်းဆိုနေသည့် မိန်းကလေးဆီ ငေးနေရာက သူ့ရ ခေါင်းပြန်လှည့်လာသည်… ။

"ဘယ်သူလဲ… နန္ဒာလား… "

သူတိတ်ဆိတ်နေမိပြန်သည်။ စောစောက မေးခွန်းကို သူ့ဘာသာ ပြန်ကြားယောင်နေသည်… ။



အဲ့သည် မေးခွန်းရဲ့ အဖြေကိုလည်း မဖြေရဘဲ သိနေသလိုပင်… ။

"ကောင်းသွားမှာပါ… ဒီနေ့တော့ ရုတ်တရက်ကြီးဆိုတော့ သူ… တော်တော် စိတ်လှုပ်ရှားသွားပုံရတယ်… နက်ဖြန်တော့… ဆရာကြီးတွေကို တင်ပြရမှာပဲ… သူ့ကို ခဏပေး နားသင့်ရင်လည်း နားရမှာပေါ့လေ… "

"သူက… အလုပ်ခွင်မှာတော့… အမှားအယွင်း နည်းပါတယ်… "

ရင်ထဲမှာ တစ်စုံတစ်ရာ ကျန်ရစ်ပြီဖြစ်ကြောင်း… မသိခဲ့တာ တော်တော်ညံ့သည်ဟု… ကိုယ့်ကိုယ်ကို ထင်သည်…။ ည ဆယ့်တစ်နာရီ ထိုးမှ ဟာရီကိန်းကနေ သူရှန့်င် ထပြန်ဖြစ်သည်… ။

ကောင်းကင်ယံသည်လည်း လင်းလက်ပြီး ပြည်လမ်းမကြီး တစ်ခုလုံး လျှပ်စစ်မီးရောင်တွေ့ ထိန်ညီးနေသည်မို့ ညနှင့်မတူချေ… ။ နယူးယော့ခ်က လမ်းမတွေမှာ… လကို ရှာမတွေ့ရသလိုပင်… ရန်ကုန်မြို့ကြီးရဲ့ တချို့နေရာတွေမှာလည်း လရောင် ထွန်းလင်းယှက်ဖြာခွင့် မရှာချေ… ။

သူကတော့ ခပ်ထွေထွေ ဖြစ်နေပြီး… သီချင်းတွေ တစ်ပုဒ်ပြီး တစ်ပုဒ် ညည်းလာသည်… ။ မြန်မာသီချင်းတွေလည်း သိပ်မရင်းနှီးလှတာမို့… အယ်လ်တန်ဂျွန်တို့ မိုက်ကယ်လ်လင်းစ်တို့သာ ညည်းဖြစ်သည် ထင်၏… ။ ပြီးတော့ တစ်ပုဒ်မှလည်း

www.burmeseclassic.com

www.burmeseclassic.com



အမြီးမော်က်မတည့်လှ... ။ သူရကတော့ နဂိုကပင် အေးစက်သူမို့ သူ... ဘာတွေ အော်အော် ရယ်မောလျက်သာ နေသည်... ။

အသိတွေ ဝေဝါးသည့်ကြားကပင်...

[နန္ဒာ... နေကောင်းပါစေ... ]

ဟု ဆုတောင်းမိသည်... ။

[နန္ဒာ့ရဲ့... ကိုရဲ... မျှော်လင့်သလို ပြန်လာနိုင်ပါစေ... ]

ဟု ဆုတောင်းမိသည်... ။

သူ့ရဲ့ကားကို သူရက မောင်းပြီး ခြံဝရောက်တော့မှ...

“ငါ... လမ်းလျှောက်သွားတော့မယ်... ”

ဟု ပြောသည်... ။

“ငါ... လိုက်ပို့မှာပေါ့... ”

“ဟင့်အင်း... မင်းမောင်းတဲ့ကားကို... ငါ မစီးရဲဘူး... ”

တကယ်တော့ သူရတို့အိမ်က... ဟိုဘက်လမ်းတွင် ဖြစ်သည်... ။ သူက မြန်မာလို ကျိန်ဆဲပစ်လိုက်ပြီးမှ စိတ်ထဲမှ ပေ့ါပါးသွားသည်... ။

“နက်ဖြန်... မင်း ငါ့ဆီလာခဲ့... မင်းသန့်တို့ပါ ခေါ်ခဲ့ကွာ... တို့ ပဲရှူးသွားရအောင်... ”

သူရက ကားတံခါး ဖွင့်ဆင်းရင်း ပြောသည်... ။

“မလာဘူးကွာ... သေတောင်မလာဘူး... မင်းဆီ တစ်ခါ



လာတာ... တစ်ခါ ပြဿနာ တက်တယ်... လမ်းလယ်ခေါင်မှာ လက်ဆွဲတာလည်း ခံရ... ”

“အေးပါ... အေးပါ... မလာဘူးဆိုတဲ့ကောင်... ကြည့်သေးတာပေါ့... ”

လက်သီးဆုပ်ဖြင့် သူရက ပခုံးကို ဆတ်ခနဲ ထုသည်... ။ သူရ ပခုံးကို ဖက်ရင်း... ငယ်ငယ်က ဆိုနေကျ သီချင်းတစ်ပုဒ်ကို ကောက်ကာငင်ကာ ညည်းမိသည်... ။

... စိတ်အလိုကို လိုက်ကာ... ငယ်သူမို့ မသိတတ်ခဲ့ပါ...

... ဟိုး တစ်ချိန် ပြန်လွမ်းစရာ... ပျော်ရွှင်သော ချစ်ရက်များစွာ...

သူရက သူ့ခါးကိုဖက်ရင်း အလိုက်သင့် ပါလာသည်။

ဆိတ်ငြိမ်သော လမ်းကလေးထဲမှာတော့ လရောင်သည် အရိပ်အဝါကြီးများစွာ ဖြန့်ကြက်ကျရောက်၏... ။ အဲ့သည် လရောင်အောက်မှာ... သူ မရခဲ့သမျှ အရာအားလုံးကို ပြန်လည်ရယူချင်သည့် စိတ်မျိုးဖြင့်... သူ့ခြေလှမ်းတွေ ပေ့ါပါးသွက်လက်နေတော့သည်... ။

အဲ့သည် အချိန်မှာ... ခြံတံခါးဝမှာ ရပ်ထားခဲ့သည့် ကားကြီးကိုလည်း မေ့လျော့...

အယ်လ်အေမှာ ကျန်ရစ်သည့် မေမေ ဖေဖေတို့ကိုလည်း မေ့လျော့...

www.burmeseclassic.com

www.burmeseclassic.com



ညနေစောင်းကမှ ထူးထူးဆန်းဆန်း ဆုံခဲ့ရသည့် မိန်းကလေးကိုလည်း မေ့လျော့…

လောကကြီးထဲမှာ ရဲထွတ်ကျော်သာ အငြိမ်းချမ်းဆုံးလူသား ဖြစ်နေတော့သည်… ။



ဆယ်လ်ဖုန်းကနေ…

"ရဲထွတ်လား…"

ဟု ပြန်မေးသံ ကြားရသည်… ။ ဘယ်သူမှ မမြင်နိုင်အောင် သူတစ်ယောက်တည်း ပြုံးလိုက်မိ၏… ။

"မင်း… ဖုန်းဆက်လာမယ်လို့… ငါထင်သားပဲ…"

သူတောင်းစား…

ဒီစကားက ဘာအဓိပ္ပာယ်လဲ… ။

မကျေမနပ် နှုတ်ဆွံ့အခဲမှာ တစ်ဘက်က ရယ်သံကို ကြားရသည်… ။

"အေးလေ… မင်းပဲ ပဲခူးသွားမယ်ဆို… ငါက နက်ဖြန်ဆို မှဆယ်ဘက် တက်တော့မှာမို့…"

သည့်လို ပြောတော့မှ…

www.burmeseclassic.com

www.burmeseclassic.com



"ဟာ... ပြဿနာပဲ... "

ဟု ညည်းညူသံ ကြားရ၏... ။

"ငါ... ဒီနေ့ လုံးဝမအားဘူးကွာ... "

"မအားရင်... မလိုက်နဲ့ပေါ့ကွ... "

"အေးပါ... မင်းတို့က... ငါ့ကို ဖြုတ်ထားခဲ့ချင်တယ်ပေါ့..."

"ဒါတော့ မတတ်နိုင်ဘူးလေ... ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးတာပဲ... "

အတွေးထဲမှာ မအီမလည် ဖြစ်နေမည့် သူ့ရုပ်နှာကို မြင်ယောင်သည်... ။ တကယ်တော့ ခရီးသွားဖြစ်ဖို့လည်း မသေချာသေးပါ... ။ တစ်ယောက်တည်း အဝေးပြေးကားနှင့် သွားဖို့ စိတ်စဉ်ထားပြီးမှ ဦးဦးတို့ မိသားစုပါ လိုက်ဖို့ အစီအစဉ်ဖြစ်လာသည်... ။ ထို့ကြောင့် စန္ဒီ ခွင့်ရက်ရအောင် စောင့်ရဦးမည်။

"ဟော့... မင်း... ဟိုကောင်မလေးတော့... အခြေအနေ မကောင်းဘူးကွ... "

သည်လို ရည်ညွှန်းချက်နှင့်ပင်... ဘာကို ဆိုလိုသည်ဆိုတာ သူ သိလိုက်ပြီ... ။



"မင်းတို့ ဆရာဝန်တွေက... 'အင်း... ဒါမျိုး ဖြစ်တတ်ပါတယ်... 'ဆိုတာနဲ့ပဲ ပြီးသွားတာ... မဖြစ်ခင်က သေချာစစ်ဆေးပါလားကွ... "

"အံမယ်... "

သူ့ရက... မျက်မှန်ကြီးပေါ်ကနေ မျက်မှောင်ကြီးကျုံ့ပြီး သူ့ကို ကျော်ကြည့်သည်... ။

"မင်းက... ဘယ်လိုသဘောနဲ့ ငါ့ကို လာပြီး အပြစ်တင်နေရတာလဲ... မင်းက လူနာရှင်မို့လို့လား... စိတ်ရောဂါဆိုတာ... ကြိုပြီးမှန်းလို့ ရတာမျိုးမှ မဟုတ်တာကွ... ပြီးတော့... ဘီပိုးတို့ ...တို့လို ကာကွယ်ဆေးလည်း ထိုးလို့ရတာမျိုး မဟုတ်ဘူး... အချိန်တိုတိုနဲ့ ကုလို့ရတဲ့ရောဂါမျိုးလည်း မဟုတ်ဘူး... "

www.burmeseclassic.com

www.burmeseclassic.com



"ခုဟာက… မင်းကြောင့်… "

သူ့ကို လက်ညှိုးထိုးပြီး သူရက ပြောတော့ မင်းသန့်တို့ ဖိုးချိုတို့ မျက်နှာတွေ ပြုံးဖြီးဖြီး ဖြစ်သွားသည်… ။

"ဟ… ဘာဆိုင်လဲကွ… "

သူ အထိတ်တလန့် ငြင်းမိသည်… ။

"မင်းကို မြင်ပြီး… သူ့ ရည်းစားလို့ ထင်သွားတာလေ… "

"မဟုတ်တာကွာ… "

"ဟုတ်လွန်းလို့… အခု ဂျူတီတောင် မဝင်နိုင်တော့ဘူး… ခွင့်တင်ထားရတယ်… ခုထက် အခြေအနေဆိုးရင်… အလုပ်တောင် ရပ်စဲခံရမဲ့ အခြေအနေမျိုး… "

"ဟာ… သူရ… "

သူ့ နှလုံးအိမ် ဖြောက်တက်သွားသည် ဇာင်ရလောက်အောင် မြန်ဆန်စွာ ခုန်လာသည်… ။ မျက်မှန်အောက်က သူရ မျက်လုံးတွေကို စူးစူးစိုက်စိုက် ကြည့်မိ၏… ။

"အဲ့ဒါ… မင်းမှာ တာဝန်ရှိတယ်လို့ မထင်ဘူးလား… "

သူရကို ခပ်ချဉ်ချဉ် ဖြစ်လာပြီး ကျစ်ခနဲ ရှုပ်သပ်ပစ်လိုက်သည်… ။

"လာ… မနောက်စမ်းပါနဲ့ကွာ… "



# (၄)

ကုက္ကိုရွက်စိမ်းတွေ ရွက်ဝါတွေ တဖြုတ်ဖြုတ် ကြွေကျနေသည်မှာ မိုးစက်တွေ ကြွေကျသလိုပင်… ။ နေ့ တစ်နေ့၏ အဓိပ္ပာယ်မဲ့မှုသည် သည်လောက်ထိ နန္ဒာ့ကို ထိခိုက်စေလိမ့်မည်ထင်မိပါ… ။ လမ်းပေါ်မှာ ဖြတ်သွားကြသူ တချို့က ပုစ္ဆာများ လှာပါသော အကြည့်ဖြင့်… သူမကို ကြည့်သည်… ။ တချို့ကလည်း ရယ်ပြုံးပြရင်း နှုတ်ဆက်ဖို့ ကြိုးစားသည်… ။ အဲ့သည်ထဲမှာ ကာကီရောင် ဘောင်းဘီရှည်နှင့် ရှူးဖိနပ်တစ်စုံ မပါဝင်သေးဘူးဆိုတာတော့ သေချာပါသည်… ။

နောက်ထပ် ဘယ်လောက်ကြာအောင် နန္ဒာ စောင့်နေရဦးမှာလဲ ကိုရဲရယ်… ။

တစ်နေ့လား… တစ်နှစ်လား… ။

ကိုရဲ ပြန်လာမယ်ဆိုတာ သေချာရက်နဲ့… ။

www.burmeseclassic.com

www.burmeseclassic.com



အို… မဟုတ်ဘူး…

ကိုရဲ့… ပြန်လာခဲ့တာပဲ… နန္ဒာ့ဆီ ပြန်လာခဲ့သာ ပဲ… ။

ဒါပေမဲ့… ကိုရဲဟာ အတိတ်မေ့နေသူလိုပဲ… ။

နန္ဒာ နားမလည်နိုင်ဘူးကွယ်… ။

[ကျွန်တော်… ဒီက ညီမကို မသိဘူး ခင်ဗျ… ]

မသိဘူး… တဲ့… ။

ရယ်သာ ရယ်လိုက်ချင်တယ်… ။ ကိုရဲက နန္ဒာ့ကို မသိဘူး တဲ့… ။ သေချာတာပေါ့… ။ ကိုရဲ အတိတ်မေ့နေတာပါ နန္ဒာ့ရဲ့ အိပ်မက်တွေထဲက အတိုင်းပဲ… ကိုရဲ တစ်ခုခုနဲ့ ထိခိုက်မိ ပြီး… ။

ရှေ့ကနေ ဖြတ်လျှောက်သွားသည့် ခြေထောက် အစုံများကိုသာ သိမှတ်လျက် လိုက်ကြည့်နေမိသည်။ တချို့ ခြေ ထောက်တွေမှာ ရာဘာဖိနပ် စီးထားသည်… ။ ခြေထောက် အတော်များများမှာ ရှူးဖိနပ် စီးထားသော်လည်း ဘောင်းဘီတွေ က အစိမ်းရောင် ယူနီဖောင်းများ ဖြစ်ပါသည်… ။

ဘယ်အချိန်ကျမှ နန္ဒာ့ရဲ့ ရှေ့မှာ ခြေထောက်တစ် စုံ လာရပ်မှာပါလိမ့်… ။

မော့ကြည့်မိသည့် မျက်နှာသည် နန္ဒာ မျှော်လင့် နေသည့် မျက်အိမ် ရှည်မျော်မျော… မေးရိုးခိုင်ခိုင်များနှင့် ထူပြည့် ပြီး ကြင်နာတတ်သည့် နှုတ်ခမ်းများ ပိုင်ဆိုင်သူ ဖြစ်မှာပါလိမ့်…



သူ့အသားတွေ ပိုဖြူလာပြီး… ခန္ဓာကိုယ်ကတော့ အနည်းငယ် ပျော့နွဲ့သွားသလိုပင်… ။ ပြီးတော့လည်း ပိုပြီး ငယ်နုသွားသလို ပင်… ။ နန္ဒာ မြင်ခဲ့ရသည့် တစ်နေ့ကတော့ သူသည် ဘဝမှာ ကြောင့်ကျမှဲ့စွာ ကြီးပြင်းခဲ့ရသူလိုပင်… ။ သူ့ မျက်လုံးတွေထဲက မိမ်းကားရိပ်ကတော့ နန္ဒာ့ကို ပြင်းပြင်းထန်ထန် နာကျင်စေနိုင်ခဲ့ သည်… ။

ဒါပေမဲ့… ဒါဟာလည်း မျှော်လင့်ထားခဲ့သည့် ပုံသဏ္ဍာန်များစွာထဲက တစ်ခုပါပဲ… ။

လေတိုးဝှေ့သွားသည့် ဆံပင်များ ကြမ်းတမ်းနေခဲ့ သည်။ တုံ့ပြန်ပြုံးရမည့် နှုတ်ခမ်းတွေကို မလှုပ်ရှားချင်သည်မို့ နန္ဒာသည်… မျက်နှာများစွာကို မော့မကြည့်ဖြစ်… ။ ရပ်နေခဲ့တာ အချိန်တွေ အတော်ကြာပြီထင်သည်… ။

သူ ရောက်လာမှာပါ… ။

နန္ဒာ… အဲ့သည်နေ့ကို စောင့်ခဲ့ရတာ… ။

ကားတွေ တစ်စင်းပြီး တစ်စင်း ဝင်လာလိုက် ထွက် သွားလိုက် ရှိသည်ကိုလည်း အမှတ်မဲ့ပင်… ။ အနီရောင်အုတ်နံရံ ၏ အရိပ်များသည် အာရုံထဲမှာ ရောထွေးလျက်ရှိ၏… ။

[ကျွန်တော်… စိတ်မကောင်းပါဘူး မနန္ဒာ… ]

[လေယာဉ်ပျံတက်ပြီး မိနစ်နှစ်ဆယ် အကြာမှာ… စက်ချို့ယွင်းပြီး… ]

[ရန်ကုန်ကိုလည်း ပြန်ပြီး သယ်သူဖို့ မဖြစ်နိုင်တာ

www.burmeseclassic.com

www.burmeseclassic.com



ရို… ]

ကာကီရောင်ယူနီဖောင်း… ပခုံးပေါ်မှာ ရွှေရောင်တံဆိပ်တွေ…

နန္ဒာ့ရှေ့ကို ရောက်လာခဲ့ကြပြီး… ကိုရဲရဲ့ မိဘတွေနှင့်အတူ သတင်းဆိုးကို ကြားခဲ့ရသည်… ။ ကိုရဲကိုတော့ သယ်ယူလို့ မရနိုင်ဘူး တဲ့… ။ မဟုတ်နိုင်တာ… နန္ဒာက လိုက်ကြည့်ဖို့ ကြိုးစားခဲ့သေးသည်… ။

မယုံပါဘူး…

အဲ့သည် အချိန်ကတည်းက နန္ဒာ မယုံခဲ့ပါဘူး…။

ဘဖြည်းဖြည်း အမှောင်ရိပ်က ချဉ်းနင်းရောက်လာသည်။ ခြေထောက်တွေ တောင့်တင်းပြီး ခေါင်းထဲမှာ မူးရိပ်လာသည်… ။ မျက်ဝန်းအိမ်တွေလည်း ပူနွေးစပ်ဖျဉ်းလာပြီ…။

[ကျွန်တော်… ဒီက ညီမကို မသိဘူး ခင်ဗျ… ]

လည်ပင်းစေ့ တီရှပ်အနက်ရောင်… ဂျင်း(န်)ဖြူဖျော့ဖျော့နှင့် သူက… အသားတွေလည်း ဖြူလာပြီး သန့်ပြန့်ချောမောလို့…

ဒါပေမဲ့… သူ့ မျက်လုံးတွေက စိမ်းကားလွန်းပါရဲ့။ နန္ဒာ့ကိုများ မသိဘူးလို့ ငြင်းလိုက်ပုံက…

နောက်တော့… သူ ထွက်ပြေးသွား… ပဲ… ။

လက်နှစ်ဖက်ကို ယောင်ယမ်းပြီး ဆုပ်ဖျစ်လိုက်သဥ… ။ ကုက္ကိုပင်ကြီးရဲ့ အမြစ်တွေပေါ်မှာ ထိုင်ချဖို့ စဉ်းစား



လိုက်ပေမဲ့ မသင့်လျော်ပါ… ။ သူမမှာ ယူနီဖောင်း ဝတ်လျက်သားပင်… ။

“နန္ဒာ… ”

မမသည်… အသံတွေ ထစ်အတုန်ယင်လျက် နန္ဒာ့အနား ရောက်လာ၏… ။

“ပြန်ကြစို့ ညီမလေး… မိုးချုပ်တော့မယ်… ”

“ဟင့်အင်း… ဒီနေ့တော့ လာမှာပါ… သူ လာမှာပါ မမရဲ့ မနေ့ကတောင် ရောက်လာသေးတာပဲ… ဒီလောက်… အကြာကြီး စောင့်နေပြီးမှ… ”

“ရဲလေးက ဖုန်းဆက်တယ် ညီမရဲ့… ဒီနေ့ သူမလာဖြစ်တော့ဘူးတဲ့… သူ့ တပ်မှာ ဂျူတီကျလို့ တဲ့… ”

ဟင့်အင်း…

မမက ရယ်ရတယ်… ။

“မမကလည်း… နန္ဒာ့ကို အရူးမှတ်လို့လား… ”

“လာပါ… ညီမရယ်… သူ အိမ်ကို သိနေတာပဲ… မိန်းကလေး တစ်ယောက်တည်း… အကြာကြီး ရပ်နေလို့ မကောင်းဘူးကွဲ… ”

“ဟင့်အင်း… အိမ်ကိုလည်း သူ မှတ်မိတော့မှာ မဟုတ်ဘူး မမရဲ့… ”

ဆုပ်ထားသည့် မမ၏ လက်ဖဝါး စေးထန်းထန်းတွေထဲက ရှန်းထွက်နေမိသည်… ။ အမြင်အာရုံတွေသည် အရိပ်တွေ

www.burmeseclassic.com

www.burmeseclassic.com



မျှားစွာ ဝိုးတဝါးသာ ထင်သည်… ။ ဦးနှောက်က မှုးရိပ်ရိပ်ဖြစ်ပြီး နားထင်ကြောတွေ နာလာသလိုလို ထင်မိသည်… ။ သည်ကြား ထဲမှာပင်… ဆာကျိုကယ်ဘက်က ကွေ့လာသည့် ကားတစ်စီး ရိပ်ခနဲ ထိုးရပ်လာသည်ကို မြင်လိုက်၏… ။

"ဟော… လာပြီ… "

မမ လက်ထဲက အတင်းဆောင့်ရုန်း ပြေးထွက်သည်… ။

"ကိုရဲ… "

နှုတ်က အဆက်မပြတ် အော်ဟစ်ခေါ်မိသည်။

"နန္ဒာ… နန္ဒာရေ… "

ဟင့်အင်း…

ထွက်မသွားနဲ့တော့… ။

ဘယ်ကိုမှ ထွက်မသွားပါနဲ့တော့ ကိုရဲရယ်… ။



"နန္ဒာ သိပါတယ်… ဗေဒင်မေးတိုင်းလည်း ကိုရဲ ပြန်လာမယ်လို့ ဟောတာပဲ… လေယာဉ်ပျက်ကိုပဲ တွေ့ပြီး… ကိုရဲကို မတွေ့ဘူး ဆိုကတည်းက… ကိုရဲ အသက်ရှင်နေသေးတယ်ဆိုတာ နန္ဒာ သိပါတယ်… "

သူ့ မျက်လုံးများဆီက စိမ်းသက်မှုကို ရှောင်ဖယ်ချင်လှသည်… ။ စကားတစ်ခွန်းကိုပဲ အထပ်ထပ် ပြောမိသည် ထင်၏… ။

"ကျွန်တော့် နာမည် ရဲထွတ်ကျော်ပါ… ရဲရင့် မဟုတ်ဘူး… "

သူကလည်း သည်စကားကိုသာ ထပ်ကာထပ်ကာ ပြောသည်… ။ သည်လောက်အထိ တိုက်ဆိုင်စရာလား ဘာပဲဖြစ်ဖြစ်… သူ အနားမှာ ရှိနေခြင်းသည် နန္ဒာ့အတွက် ချမ်းမြေ့မှုဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်… ။ အင်အားဖြစ်သည်… ။

"နက်ဖြန်ကျရင် ဖေဖေတို့ဆီ သွားမယ်နော် ကိုရဲ… ကိုရဲ့ အတွေ့အကြုံတွေ ပြောပြပါဦး… ဘာတွေ ဖြစ်ခဲ့တယ်… ဘယ်လို နေခဲ့တယ်ဆိုတာပေါ့… "

"အို… အနိတ်ပြုံးသာ ကိုရဲကို မြင်ရင်… ဘယ်လောက်ဝမ်းသာလိုက်မလဲ… နန္ဒာ နှစ်နှစ်လောက် စောင့်ခဲ့ရတာ… အလဟဿ မဖြစ်ပါဘူးနော်… "

သူက ရှက်အမ်းနေသည်… ။ လက်ချောင်းတွေ တစ်ဘက်နှင့်တစ်ဘက် ဆုပ်နယ်ရင်း ငြိမ်သက်နေသည်… ။ သူ့မှာ ပြောစရာ စကားရှိမည်ဆိုလျှင်တော့… ကျွန်တော် ရဲရင့် မဟုတ်ပါဘူး ဆိုသည့် စကားပဲ ဖြစ်မည်ထင်သည်… ။

ကိစ္စမရှိပါဘူးကွယ်… ။

သူ မမှတ်မိနိုင်သေးဘူး မဟုတ်လား… ။ သူ့ကို တဖြည်းဖြည်းနှင့် အတိတ်ကို ပြန်သတိရလာနိုင်အောင် သိမ်းသွင်းယူရမှာပေါ့… ။ ပြန်ပြီး ပြောပြရမှာပေါ့… ။

ခုချိန်မှာ သူဟာ… ဘယ်သူဖြစ်ဖြစ်ပါ… ။ နန္ဒာ့ဆိုသည့် အမည်နာမတစ်ခုကို ပြန်ပြီး သတိရလျှင် တော်ပြီ… ။ တစ်ကိုယ်ကောင်း ဆန်လှသည်ပဲဆိုဆို… ။

သူက နန္ဒာတို့ ညီအစ်မရဲ့ အိမ်ခန်းကလေးကို မျက်လုံးဝေ့ကြည့်နေသည်… ။ သူနှင့်အတူ ပါလာသည့် ဗိုလ်ကြီးသည်… နန္ဒာတို့ မက်ဒီကယ်လ်ဝါ့ဒ်မှာ အသက်အငယ်ဆုံး၊ လုပ်



သက်အနုဆုံး ဆရာဝန်ဆိုတာတော့ မှတ်မိနေသည်… ။ ကျန်တာတွေကိုတော့ စဉ်းစားမရပြန်… ။ ဦးနှောက်ထဲမှာ အတွေးတွေ အများကြီး ဝေဝါးပြည့်သိပ်နေသည်… ။

လွန်ခဲ့သည့် နှစ်နှစ်ကျော်ကဖြင့် သူက ခုလိုပုံစံ မဟုတ်ပါ… ။ အသားညိုပြီး ကျစ်လစ်တုတ်ခိုင်သည်… ။ လူငယ်တစ်ယောက်၏ တက်ကြွမှုနှင့် တည်ကြည်သည်… ။ ယုံကြည်ချက်သည် သူ့မျက်နှာပေါ်မှာ တံဆိပ်ခပ်နှိပ်ထားသလို မြဲမြဲလျက်ရှိ၏… ။ သူ့ နှုတ်ခမ်းတွေက အနည်းငယ် ပြာချင်သည်။ ဆေးလိပ်လည်း မသောက်တတ်ပါဘဲ… သူ့ နှုတ်ခမ်းတွေက ပြာနှမ်းနှမ်းဖြစ်နေတတ်၏… ။ ခုတော့ သူ့နှုတ်ခမ်းတွေက သွေးရောင်လွှမ်းလျက် နီးညှို့နေသည်… ။ သူ့ အသားအရေက ကြည်လင်နေပြီး မေးကြောစိမ်းများနှင့် ပါးပြင်တွေပေါ် သွေးရောင်လွှမ်းလျက် သိပ်ကို နီးညှို့နေတော့တာပါပဲ… ။

ချစ်စရာပဲ… ။

နန္ဒာ့ရဲ့ ချစ်သူလေးက တကယ့်ကို ချစ်စရာကောင်းနေတော့တာပါပဲ… ။

သူ့အနားမှာ ထိုင်ရင်း ရင်ထဲမှာ တလှပ်လှပ်ခုန်ပြီး မောပမ်းနေသည်… ။ အသက်ရှူမဝ တတ်သူမို့ ပင့်သက်ကို ရှိုက်ငင်း ပိုပြီးမောလာ၏… ။ အသက်ရှူသံတွေ မြန်ဆန်လာသည်… ။ ရင်ထဲမှာ တင်းကျပ်လာသည်။ သို့ပေမဲ့… သူ့ မျက်နှာကို ကြည့်ပေ… ။ သည်လိုသာ ထိုင်ပြီး ငေးမောနေချင်တော့သည်… ။

www.burmeseclassic.com

www.burmeseclassic.com



ကုလားထိုင် လက်တန်းပေါ် တင်ထားသည့် သူ့ လက်ဖမိုးကို ဆုပ်မိသည်... ။

"လက်တွေ... အေးစက်နေပါလား... "

တဲ့... ။ပြီးတော့ ဆရာဝန်မိုလ်ကြီးကို လှမ်းကြည့်သည်... ။

သည်မှ အေးစက်တာ ဝမ်းနည်းစရာပါပဲ... ။

"နန္ဒာ... နားလိုက်ဖို့ ကောင်းပြီ... "

တဲ့... ။ ကိုယ့်ကိုယ်ကို သတိမထားမိလောက်အောင်ပင်... သူ့ကိုသာ အရိပ်လို ကြည့်နေမိသည်... ။

သူ့ ထွက်ပြေးသွားဦးမှာ ထင်ပါရဲ့... ။

"ဟင့်အင်း... နန္ဒာ ကိုရဲ့ အနားမှာပဲ နေမယ်... "

"ကျွန်တော်... မပြန်သေးပါဘူး... နန္ဒာ အိပ်ပျော်သွားတဲ့အထိ စောင့်မှာပါ... "

"ဟင့်အင်း... ကိုရဲ့ ထွက်မသွားရဘူး... "

အသက်ရှူ မရလောက်အောင် ရင်ထဲမှာ လှိုက်လှဲလာခဲ့သည်... ။ သူ့ လက်ဖဝါးကို အတင်းဖမ်းဆုပ်ဖျစ်ညှစ်ထားမိသည်... ။ အနား ရောက်လာသည့် မမကို ရန်လိုစွာ ကြည့်မိ၏။

နန္ဒာ ဘယ်လောက် ပင်ပန်းတကြီး စောင့်နေခဲ့ရတယ်ဆိုတာကို သိရက်သားနဲ့ မမရယ်... ။

"နန္ဒာ... "

"ဟင့်အင်း... ကိုရဲ့ မပြန်ရဘူး... အိမ်ပြန်မှာလေ... မေမေ



ပြုံးတို့ဆီ သွားမှာလေ... "

"ဟုတ်ပါတယ် ညီမလေးရဲ့... ခုပဲ မိုးချုပ်နေပြီ... ဘယ်လိုသွားမလဲ... နက်ဖြန် မနက်မှ သွားစို့နော်... ရဲက ကားနဲ့ လိုက်ပို့မယ် တဲ့... "

"ကိုရဲ မှာ... ကားမှမရှိဘဲ... "

လွှတ်ခနဲ ပြောမိသည်... ။

အဟုတ်ပါပဲ... ။

ကိုရဲ့မှာ ကားမှမရှိတာ... ။ တစ်ခါတစ်ရံ တပ်ကကားကြုံဖြင့် လိုက်လာသည် ဆိုတာမျိုးသာ ကြုံဖူးခဲ့တာ... ။ ပြီးတော့ ကိုရဲ့ကို မေမေတို့ သဘောတူကြည်ဖြူဖို့ နန္ဒာ... ဘယ်လောက်ကြိုးစားထားရတယ် ဆိုတာလည်း... ခုတော့ သူက မသိတော့သလိုဘဲ... ။

နှင်းဆီပန်းရနံ့တွေ အနားမှာ ချက်ချင်းမွှေးထုံလာသလိုပင်... ။ [လေယာဉ်တစ်စီးလုံး နှင်းဆီပန်းတွေ အပြည့်တင်ပြီး နန္ဒာရဲ့ အိမ်ခေါင်မိုးမှာ လာပြီး ကျဲချမယ်... ]

သိပ်စိတ်ကူးယဉ်တဲ့ ကိုရဲ... ။

"သူငယ်ချင်းရဲ့ ကားပါ... ခဏ ယူလာခဲ့မယ်လေ... "

"နက်ဖြန်... တကယ် လိုက်ပို့မှာနော်... "

"ပို့မှာပါ နန္ဒာရဲ့... သူ့ကို ရဲက... ဘယ်တုန်းက ညာဖူးလို့လဲ... "

မမက ရေခွက်လေးကိုင်ပြီး နန္ဒာ့နဘေးမှာ ထိုင်

www.burmeseclassic.com

www.burmeseclassic.com



ရင်းကနေ နှုတ်ဆွဲနေသည့် သူ့ကိုယ်စား ဝင်ပြောသည်… ။

ကိုရဲရယ်…

မတုန်မလှုပ် မထုံတက်တေးနဲ့… ။

"ဒါပေမဲ့ နန္ဒာရဲ့… ရဲရင့် သိပ်နေကောင်းသေးတာ မဟုတ်ဘူး… သူ့ကို နန္ဒာတို့ ဆေးရုံက ဆရာကြီးတွေဆီ ပြရဦးမှာလေ… ပြီးတော့… ဆေးရုံမှာ ကောင်းကောင်းနားခိုင်းရဦးမှာ… "

အို… ဟုတ်တာပေါ့… ။

ဆရာကြီးတွေကို ပြောရမှာပေါ့… ။

ဒါဆို ကိုရဲ သူ့ရဲ့ အတိတ်ကို ပြန်သတိရလာမှာ…။

ပြီးတော့ ငယ်ကချစ်ခဲ့တဲ့ ချစ်သူကိုရောပေါ့… ။

"ဟုတ်သားပဲ နော်… ကိုရဲက ဘာကိုမှ သတိရသေးတာ မဟုတ်ဘူး… "

လက်ခနဲ သူ ပြုံးလိုက်သည့်အခါမှာတော့… နန္ဒာသည် အားလုံးကို မေ့လျော့ပြီး… သူ့ ရင်ခွင်ထဲ ပြေးဝင်ငိုကြွေးလိုက်ချင်မိတော့သည်… ။

မျက်ရည်တွေလည်း ခမ်းလုပါပြီ ကိုရဲရယ်… ။



အိမ်တံခါးဝမှာ သူ ရပ်တော့ မြင့်မားသည့် အရိပ်
ည် နန္ဒာ့အပေါ် စိုးမိုးနေ၏… ။ မိန်းကလေးထဲမှာ နန္ဒာက
ပ်နိုမ့်သူ မဟုတ်ပါ… ။ ဒါပေမဲ့ မြင့်မားတုတ်ခိုင်သည့် ကိုရဲ
ည် နန္ဒာနှင့် ယှဉ်တွဲသွားတိုင်း နန္ဒာ… ကိုယ့်ကိုယ်ကို သေးညှက်
သည်ဟု ထင်ရမြဲပင်… ။ သူ ပြန်မည်ဆိုတော့ နန္ဒာ မျက်
ဝဲဘဲ မနေနိုင်ပါ… ။ သူ့ကို မျက်စိအောက်က ပျောက်သွား
း လှသည်… ။ အမြင်လွှာအောက်က ပျောက်သွားမှာ စိုးလှ
… ။ နန္ဒာ့ဘဝထဲက နောက်ထပ် တစ်ကြိမ်ထွက်သွားမှာကို
သည်… ။

ဘယ်လို လုပ်ရမလဲ… ။

မသွားပါနဲ့ လို့ တားချင်လှသည်… ။

"နန္ဒာ… ဆေးတွေတော့ မှန်မှန် သောက်ရမယ်နော်… "

www.burmeseclassic.com

www.burmeseclassic.com



"ရှင်... "

"နန္ဒာ့ကို ဆရာကြီး... သောက်ခိုင်းထားတဲ့ ဆေးတွေ
လေ... "

အို... မသောက်ချင်ပါဘူး... ။

နန္ဒာ... ဘာမှမဖြစ်ဘူး... ။ နန္ဒာ ဘာမှမဖြစ်
ဘူး ကိုရဲရယ်... ။

နန္ဒာ ပုံမှန်အလုပ် လုပ်နိုင်သားပဲ... ။

"ဟင့်အင်း... နန္ဒာ ဘာမှမဖြစ်ပါဘူး ကိုရဲရဲ့... "

ကိုရဲ မျက်နှာကို မော်ကြည့်ရင်း ပြုံးရွှင်ရယ်မော
ပြောမိသည်... ။

"ကိုရဲကို... ဆရာကြီးနဲ့ CHECK UP လုပ်ကြည့်ချင်တယ်
နော်... ဗိုလ်ကြီး... "

ဗိုလ်ကြီး သူရစိုးက နန္ဒာ့ကို ပြုံးကြည့်သည်...
အဲ့သည် အပြုံးလေးက ငြိမ့်ငြိမ့်အေးအေးလေး... ။ တကယ့်
ဆရာဝန်ပီသသည့် အပြုံးမျိုးဟု နန္ဒာ ထင်သည်... ။

"စိတ်ချပါ... သူ့အတွက် နန္ဒာ စိတ်မပူနဲ့... သူ့ ကျန်းမာ
ရေးကို... ကိုယ် လုံးဝတာဝန်ယူတယ်... ဆရာကြီးနဲ့ တိုင်
ပင်ပြီး သေချာကုပါ့မယ်... ပြီးတော့... ဆေးလည်းမှန်မှန်
တိုက်မယ်... နန္ဒာသာ ဆေးသောက်မပျင်းနဲ့... "

"ဟုတ်တယ်... နန္ဒာ ဆေးသောက်ဖို့... ကိုယ် ဖုန်းဆက်
သတိပေးမယ် နော်... "



အဲ့သည် စကားနှင့်ပင် နန္ဒာ့ ရင်ထဲ ဒိတ်ဒိတ်ခုန်
သွားသည်... ။ နန္ဒာ့ချစ်သူသည် သိပ်ကို ချစ်ဖို့ကောင်းသည့် လူ
ငယ်လေးတစ်ယောက်ပါပဲ... ။ သူမကို ဂရုစိုက်တတ်သည့် အဲ့
သည်အကျင့်လေးတွေကို သူ မမေ့မလျော့ ရှိနေသည်ဆို ဘာ
ဘယ်လောက် ကျေနပ်စရာကောင်းသလဲ... ။

"ဂျူတီ ပြီးရင်... နန္ဒာ စောင့်နေမယ်နော်... "

"ဗျာ... "

"ဟို နေရာမှာပဲ စောင့်မယ်... ကိုရဲ ရုံးဆင်းရင် ဝင်ခဲ့နော် "

"မဟုတ်ဘူး နန္ဒာရဲ့... ကျွန်တော်... "

ဗိုလ်ကြီးသူရစိုးနှင့် သူ တစ်ယောက်မျက်နှာ တစ်
ယောက်ကြည့်ပြီး... ဆွံ့အထစ်ငေါ့နေကြသည်။ နန္ဒာ့ ပခုံးကို
ကျော်ပြီး သူတို့နှစ်ယောက်ကို အထိတ်တလန့်ကြည့်နေသည့် မမ
မျက်လုံးများသည်... နန္ဒာ့ကို ခြောက်လှန့်နေကြ၏။

"သူက... မိတ္ထီလာကို ပြောင်းရမှာတဲ့ နန္ဒာရဲ့... "

"အို... "

နန္ဒာ့ကို ဘာဖြစ်လို့ မပြောကြတာလဲ... ။

ဗိုလ်ကြီးသူရစိုးရဲ့... အကြည့်ခပ်စိမ်းစိမ်းက နန္ဒာ့
နောက်မှာ ရပ်နေသည့် မမထံ ရောက်သည်... ။ သူ ကတော့
အရုပ်တစ်ရုပ်လို မတုန်မလှုပ် ရပ်နေရင်း နန္ဒာ့ မျက်နှာကို အဲ
မျက်တောင်မခတ် ငေးကြည့်နေသည်... ။ ဒါဟာ ကြိုတင်ကြံစည်

www.burmeseclassic.com

www.burmeseclassic.com



မှုတစ်ခု ဖြစ်ကောင်းဖြစ်နိုင်ပါသည်… ။ သူ နန္ဒာ့ အနားက ထွ
ပြေးဦးမယ်ပေါ့… ။

သူ မသိဘူးလား… ။

လွန်ခဲ့တဲ့ နှစ်နှစ်က… နန္ဒာ ဘယ်လောက် ပူဆေ
ကြေကွဲခဲ့ရတယ်ဆိုတာ မသိဘူးလား… ။

အို… သူ ဘယ်လို သိနိုင်မှာလဲ… ။

"ဘာဖြစ်လို့လဲ… နန္ဒာ့ကို… ဘာလို့ မပြောကြတာလဲ
ကိုရဲ… "

ဖြန်းခနဲ သူ့ရှေ့ နီးကပ်စွာ ရောက်သွားသည်
သူ့ ရင်ခွင်ထဲ အတင်းတိုးဝင်ပြီး ကျောပြင်ကို ဖက်တွယ်ထားလို
မိသည်… ။ ကိုရဲနဲ့ နောက်ထပ် ဘယ်တော့မှ မခွဲတော့ပါဘူး
ဆုံးဖြတ်ထားပြီးသား နော်… ။

"နန္ဒာ လိုက်မယ်… နန္ဒာလည်း လိုက်မယ်… တို့ တ
တည်း လက်ထပ်ပြီး သွားကြမယ်လေ… နန္ဒာ အကြာ
စောင့်ခဲ့ရတာ… "

"နန္ဒာ… ညီမလေး… "

"အို… သွားပါ… နန္ဒာ့ အနား မလာနဲ့… "

မမက အနားရောက်လာတော့ အထိတ်တ
အော်ပစ်မိသည်… ။ နန္ဒာ့ နှုတ်ခမ်းတွေ တဆတ်ဆတ် တုန်
သည်… ။ ခန္ဓာကိုယ်ထဲ သွေးတွေ ပူနွေးလာသည်… ။ မျက်



တွေသဲ အရိပ်တွေချည်းသာ မြင်ပြီး ပြာဝေလာသည်။

"နန္ဒာလည်း လိုက်မယ်နော်… "

"ဟုတ်ပါပြီ… ဟုတ်ပါပြီ နန္ဒာရဲ့… လိုက်ရမှာပေါ့… နန္ဒာ့
ကို ခေါ်မှာပေါ့… "

နားထင်ကြောတွေမှာ သွေးတွေ ဆောင့်တိုးလာ
သည်ကို… ကိုယ့်ဘာသာ သိနေသည်။ ခန္ဓာကိုယ်ထဲက အင်အား
တွေ ဆုတ်ယုတ်ပြီး ရပ်တည်မရနိုင်တော့ဘူး ထင်မိသည်… ။
သူ့ရင်ခွင်က ရင်ခုန်သံကို နီးကပ်စွာ ကြားနေရသည့်အခါ… နန္ဒာ
ရှေ့မှာ ရှိသည့် လောကသည်… သူနှင့်နန္ဒာ နှစ်ယောက်တည်း
သာ ရှင်သန်နေသည့် ကမ္ဘာကျဉ်းကျဉ်းလေးသာ ဖြစ်နေတော့
သည်… ။

အို… လောကကြီးက ကျယ်ပြောရက်စက်လွန်း
သည်ကွယ်… ။

နောက်က ပြေးလိုက်လာသည့် ခြေသံများသို့ပင်
ရုတ်ရုတ်သဲသဲ ခြေသံများစွာ ကြားသည်… ။

[ကိုရဲ… လေယာဉ်ပျက်ကျလို့… ] တဲ့… ။

ဟင့်အင်း…

မဟုတ်ပါဘူး…

ကိုရဲ နန္ဒာ့ ရှေ့မှာရှိနေတယ်… ။

အပြာရောင်ကောင်းကင်နှင့် တိမ်လိပ်ဖြူဖြူငွေ

www.burmeseclassic.com

www.burmeseclassic.com



ကြားမှာ အရုပ်ကလေး တစ်ရုပ် ရွေ့လျားနေသလို မြင်ရသည်
လေယာဉ်သေးသေး ကလေးတွေကို မြင်ရလျှင် လက်ဝှေ့ယမ်း
နှုတ်ဆက်ချင်သည်... ။

ဟော... ဟိုမှာ...

ကောင်းကင်ပေါ်မှာ...

ကိုရဲ ဟာ ဘယ်နှယ်လုပ်ပြီး သေနိုင်မှာပဲကွယ်...

လေသူရဲဖြစ်ဖို့ မွေးဖွားလာတဲ့ လူတစ်ယောက်
ဟာ သည်လောက် လွယ်လွယ်ကူကူ မြန်မြန်ဆန်ဆန်... သူ့
လေယာဉ်နဲ့ ဟောဟိုက ကောင်းကင်ပြာကြီးကို စွန့်ခွာသွားမည်
ဆိုတာ ဖြစ်နိုင်ပါ့မလား... ။

ပြီးတော့... သူ့မှာ ငယ်စဉ်ကတည်းက မြတ်မြတ်
နိုးနိုး ချစ်ခဲ့ရတဲ့ ချစ်သူလည်း ရှိနေသေးတယ်... ။

ပြီးတော့... မကြာခင် သူ လက်ထပ်တော့မှာ...

ဟင့်အင်း...

မလာကြနဲ့...

နန္ဒာတို့ကို မခွဲပါနဲ့... ။

"နန္ဒာ... "

"နန္ဒာ... ညီမလေး... သတိထားဦး... သတိထားပါ
ကွယ်... "

ဘာကို သတိထားရမည်လဲ...



သူဟာ ကိုရဲ မဟုတ်ဘူးဆိုတာကို နိုင်မာစေချင်
သည်လား... ။ သူဟာ ဝိညာဉ်တစ်ခုပဲလား... ။ ဒါဆို ကွယ်
ပျောက်သွားလေ... ။ ဖက်ထားသည့် လက်တွေကြားက ရုန်း
ထွက်သွားလေ... ။ နန္ဒာ့ကို အငွေ့အသက်တစ်ခုဖြင့် ရစ်ပတ်
တွယ်ဆက်သွားလေ... ။

ခုတော့ဖြင့် သူ့ ရင်ခုန်သံ၊ အသက်ရှူသံကို နန္ဒာ
ကြားနေရသည်... ။ သွေးလှည့်ပတ်မှုကြောင့် သူ့ ရင်ခွင်က နွေး
ထွေးနေသည်... ။ သူ့ဆံမျှင်လေးကအစ နန္ဒာ ထိကိုင်ပြီး သိနေရ
သည်... ။

သူဟာ... နန္ဒာရဲ့ ချစ်သူပါကွယ်... ။

"ဟင့်အင်း... နန္ဒာ့ကို မခေါ်နဲ့... နန္ဒာ... ကိုရဲ နောက်ကို
လိုက်သွားမှာ မမ... မေမေ့ကို ပြန်မပြောနဲ့နော်... နန္ဒာ
လိုက်သွားပါရစေနော်... "

"ညီမလေး... "

ငိုသံလိုလို ရယ်သံလိုလို ကြားသည်... ။ မမ ဖြစ်
မှာ... ။

မမက မျက်ရည်လွယ်လှသည်...။ ကြောက်လည်း
ကြောက်တတ်သည်... ။ ဒါပေမဲ့ မမ... ကိုရဲကိုတော့ ချစ်ရှာသား
... ။

ဒါဆို ခွင့်လွှတ်နိုင်မည် ထင်ပါရဲ့... ။

www.burmeseclassic.com

www.burmeseclassic.com



အို... သွားပါရစေတော့ နော်...

ဖြုန်းခနဲ ရင်ခွင်ထဲက ထွက်ပြီး သူ့လက်ကို ခပ်တင်းတင်း ဖမ်းဆုပ်လိုက်ရသည်။

"ကိုရဲ... သွားကြစို့လေ... "



## (၅)

"လောကကြီးမှာ စိတ်ကူးယဉ်ထက် ဆန်းကျယ်တဲ့... တကယ့်ဘဝတွေ အဖြစ်အပျက်တွေ ရှိနေတယ်ဆိုတာ... သူတို့ အဖြစ်က သက်သေတစ်ခုပေါ့လေ... သေသွားတဲ့ သူအဖို့မှာတော့... နောက်လှည့်ပြန်ကြည့်နိုင်သလား... သိနိုင်သလား ဆိုတာ မသေချာဘူး... ကျန်ရစ်ခဲ့တဲ့ သူတွေမှာတော့... သူတို့ အရိုးတွေဆွေးတောင် ကြေကွဲရတဲ့ စိတ်က မဆွေးနိုင်ဘူး... မဟောင်းနိုင်ဘူး... နန္ဒာက စိတ်ကူးယဉ်တာ မဟုတ်ဘူး... အစွဲအလမ်း သိပ်ကြီးတာ... ခေါင်းမာတာ... သူ့ရဲ့ အဲဒီစိတ်က သူ့ကို ပြန်ပြီး ဒုက္ခပေးသွားတာပါကွယ်... "

www.burmeseclassic.com

www.burmeseclassic.com



အိပ်ရေးပျက်ပြီး သွေးကြောတွေ နီမြန်းသော မျက်တွင်းတွေ ချောင်ကျနေသော မျက်လုံးတစ်စုံသည် ဧည့်ခန်းထဲက ပန်းစိုက်အိုးဆီမှာသာ မလှုပ်မယှက် ရပ်တန့်နေ၏။ မသီတာဟု မကြာခင်ကမှ အမည်သိရသည့်... နန္ဒာ အစ်မသည် သူရစိုးနှင့် သူ့ကို ဧည့်ခံဖို့ ဧည့်ခန်းမှာ ထိုင်ရပြန်သေးသည်... ။ သူရကတော့ ဘယ်ဘက် လက်ကောက်ဝတ်က လက်ပတ်နာရီကို မကြာခဏ ငုံ့ကြည့်သည်... ။ ဆေးရုံသို့ ဂျူတီချိန်အမီ ပြန်ပြေးရလိမ့်ဦးမည် ပေါ်သည်... ။

သို့ပေမဲ့ မလွဲမကင်းသာ ပတ်သက်လာပြီး တစ်စိတ်တစ်ပိုင်း တာဝန်ယူနေရသည့် ဇာတ်လမ်းတစ်ခုမှာ သူရသည်... ရဲထွတ်အတွက် အမိက ဇာတ်ပို့တစ်ယောက်မို့ သူ့ကိုတော့ မျက်နှာလွှဲ ဥပေက္ခာပြုထားခဲ့မှာ မဟုတ်ဘူး ထင်ရသည်။

သည်နေ့ ဘယ်လို ဆက်လက်မလဲ...

မနက်ဖြန် ဘာကို ရွေးချယ်မလဲ...

တကယ်တော့ ရဲထွတ်နှင့်က... ဝေးကွာလှသည် ထင်မိ၏။ ယတိပြတ် စိတ်ကို ဖြတ်ပြီး နှုတ်ဆက်ရန် သင့်သည်။ မနက်ဖြန် မှုဆယ်ဘက် တက်တော့မည်... ။

ပင့်သက် ရှိုက်သံရှည်တစ်ခုနှင့်အတူ အရိပ်ရှည်တစ်ခုဧည့်ခန်းထဲ ကျရောက်လာသည်... ။ အသက်ငါးဆယ်ကျော်ဝန်းကျင် အမျိုးသားကြီးသည် အားတုံ့အားနာပြီးတော့ ရင်ဆိုင်ရခက်ဟန်ရှိသည့် မျက်နှာထားမျိုးဖြင့် ဧည့်ခန်းဆက်တီတစ်ခုပေါ်မှာ ထိုင်သည်။ ဧည့်ခန်းက အတော်ကျယ်ဝန်းပြီး ဆက်တီတွေက ကြီးမားခန့်ထည်သော ကျွန်းကနုတ်ဆက်တီများ ဖြစ်ကြသည်။



အမျိုးသားကြီးသည်... သူတို့ကို စကားစရန် ခက်နေပုံရ၏... ။ နန္ဒာ့ လိုပင် နက်မှောင်သော မျက်ခုံးများနှင့် ကြည်လင်သော အရေပြားပေါ်မှာ စိမ်းသော သွေးကြောများ ထင်ရှားပေမဲ့... မျက်နှာကျပုံနှင့် နှာတံ နှုတ်ခမ်းများက နန္ဒာ့အစ်မ မသီတာနှင့်သာ ပိုတူသည်... ။ အရပ်ရှည်မြင့်ပြီး မိသားစုအပေါ် ငဲ့ညှာကြင်နာတတ်မည့် ဖခင်တစ်ယောက်၏ အတွင်းစိတ်သည်... မျက်နှာမှာ အပြည့်အဝ ထင်ဟပ်လျက်ရှိ၏... ။

"ကျေးဇူးတင်ပါတယ် ဒေါက်တာ... ကျေးဇူးတင်ပါတယ်... "

စကားသံက လေးလေးပင်ပင် စီးစီးပိုးပိုး ရှိသည်။ သူရကို ကျေးဇူးတင်စကားပြောအပြီး... သူ့ဘက် လှည့်လာသည့် အကြည့်မှာ... အံ့သြရိပ်ကလေး ခပ်မျှင်မျှင်မျှ ပြေးသည်။ သို့ပေမဲ့ ချက်ချင်း ပြန်လည်ထိန်းချုပ်လိုက်ပုံရ၏... ။

"သမီးပြောတာ... ဒီကလေးလား... "

ကလေး... ။

သူ့ကို ရည်ညွှန်းမှန်း သိသည်မို့ အနည်းငယ် ကြောင်အမ်းသွား၏... ။ အသက် နှစ်ဆယ့်ခုနှစ်နှစ်အရွယ်ရှိပြီး... အရပ်လည်းရှည်သော ထွားကျိုင်းသော ရဲထွတ်ကို မေမေပင်မျှင် ကလေးလို့မခေါ်... ။ အမေရိကားမှာနေပြီး ဘယ်လိုပင် ဘိုဆန်

www.burmeseclassic.com

www.burmeseclassic.com



ချင်လည်း ဖေဖေက… ရဲလေးဟုသာ ရံဖန်ရံခါ ခေါ်ချင်ခေါ်မည်။ ကလေးလို့တော့… ဘယ်လို ဘာသာစကားနှင့်မျှ မခေါ်… ။

"ဖေဖေ… ဒီဘက်က… "

ဆိုပြီး မသီတာက သူ့ကို တစ်ယောက်ချင်းနှင့် သူမ၏ ဖခင်ကို မိတ်ဆက်ပေးသည်… ။ အတော်ပင် စိတ်ပင်ပန်းနေဟန်ရှိသည့် အမျိုးသားကြီးသည် သူတို့ကိုတော့ လိုက်လှဲမှုယာ ပြလျက် ကြိုးစားဧည့်ခံရှာ၏… ။ နန္ဒာတို့ရဲ့ မိသားစု အနေအထားက မြန်မာမိသားစုတစ်စု၏ နွေးထွေးမှုနှင့် စည်းလုံးမှု ပုံရိပ်တွေ ထင်ဟပ်နေသည်… ။ လူနေထူထပ်သော ဆင်ခြေဖုံးရပ်ကွက် ဆိုပေမဲ့ လမ်းကလေးက သီးသန့်ဆန်သည်… ။ လမ်းထဲမှာ နှစ်ထပ်အိမ် ကောင်းကောင်း သုံးလေးအိမ်ရှိသည်… ။ ခြံဝင်းလေးထဲမှာ သစ္စာပန်းနှင့် ပန်းတိမ်မနိုင် ပန်းပင်များ တန်းစီစိုက်ပျိုးထား၏… ။ အောက်ထပ် အခန်းဖွဲ့စည်းပုံက သူ ရင်းနှီးခဲ့သည့် နှစ်ထပ်အိမ်များစွာလိုပင် ဧည့်ခန်းနှင့် ထမင်းစားခန်းသာ ဖြစ်သည်။ မီးဖိုခန်းကို အိမ်ရှေ့ဆီက လှမ်းကြည့်လျှင် ကောင်းစွာမမြင်ရ… ။ နောက်ဘက်မှာ အဆောင်ပိုလေးတစ်ခု ရှိသည်ကို အိမ်အဝင်မှာကတည်းက သတိထားမိသည်… ။

"မောင်ရဲထွတ်ကျော်တဲ့လား… ဒါကြောင့်ကိုး… ဆုံးသွားတဲ့ ကောင်လေးကလည်း မောင်ရဲပဲကွ… ရဲထွတ်တော့ မဟုတ်ဘူး… ရဲရင့်တဲ့… သမီးငယ်ရဲ့ ငယ်သူငယ်ချင်း… ငယ်ကျွမ်းဆွေ ဆိုပါတော့ကွာ… "



"မောင်ရဲနဲ့ တော်တော်ဆင်တယ်နော် ဖေဖေ… "

မသီတာက သူ့ကို တစ်လှည့် သူမ ဖခင်ကိုတစ်လှည့်ကြည့်ရင်း ပြောသည်… ။

"အင်း… ဆင်တယ် ဆင်တယ်… ဒါပေမဲ့ ဒီလောက်ထိ ဖြစ်ရလောက်အောင်တော့ မဟုတ်ဘူး ထင်ပါရဲ့ကွာ… "

အမျိုးသားကြီးက ညည်းညည်းညူညူ ပြောရှာသည်။

"သီတာတို့ ဖေဖေ… ဦးသောင်းကြည်ပါ ဆရာ… "

လူကြီးက ဆတ်ခနဲ ခေါင်းညိတ်သည်… ။

"ဒီလိုပါ အန်ကယ်လ်… သူ့ရဲ့ စိတ်အစွဲအလမ်းနဲ့ သူ့အာရုံထဲမှာ… ဒီလိုပုံရိပ်တွေချည်းဆိုတော့… နည်းနည်းဆင်တယ်ဆိုလည်း… သူ့အတွက် ထပ်တူထပ်မျှလို ဖြစ်သွားနိုင်ပါတယ်… "

သူ့ရဲ့ စကားကို ဦးသောင်းကြည်က စိတ်ဝင်တစား ငြိမ်သက်နားထောင်နေသည်… ။ သူကတော့ နန္ဒာ အိပ်ပျော်နေသည်လား ဆိုတာကို စိတ်ကူးဖြင့် မှန်းကြည့်နေမိ၏… ။

"နန္ဒာ… ပြန်ကောင်းနိုင်ပါ့မလား ဆရာ… "

မသီတာက စိုးရိမ်တကြီးမေးသည်… ။

"ကောင်းမှာပါ… အချိန်တော့ ယူရတာပေါ့… "

"အရင်တုန်းက… ဒီလို ဆိုးဆိုးရွားရွား မဖြစ်ဘူး… "

ဆိုပြီးမှ မသီတာရဲ့ အကြည့်တွေက သူ့ကို အားတုံ့

www.burmeseclassic.com

www.burmeseclassic.com



အားနာ ရောက်လာသည်။

"ဒါ... စကီဇိုဖရေးနီးယား ခေါ်ပါတယ်... စိတ်လွင့်ပျံ့တဲ့ ရောဂါပေါ့... ရောဂါလက္ခဏာက အပြင်းအထန် မဟုတ်ပေမဲ့... ဒီလို ဝေဒနာရှင်တွေ အတော်များပါတယ်... တချို့ဆို ဖြစ်နေမှန်းတောင် မသိရဘူး... ဒါပေမဲ့ စိတ်ရောဂါအခံက ရှိနေတယ်... အကြောင်းတိုက်ဆိုင်တော့မှ အံုကြွလာတာမျိုးပါ... "

"ဟုတ်မှာ... ဟုတ်မှာ... တို့လည်း သူ့ဝေဒနာမှ သက်သာပါစေတော့ ဆိုပြီး... သူ့ကို သိပ် ပြင်းပြင်းထန်ထန် တားမြစ်တာမျိုး မလုပ်ခဲ့ဘူး... အချိန်ကြာလာရင် သူ့ဘာသာ မေ့မေ့လျော့လျော့ ဖြစ်သွားမှာပါလို့ ထင်ခဲ့တယ်... သူက အစွဲအလမ်း သိပ်ကြီးတာကိုး... "

သည် စကားကိုသာ ထပ်ကာထပ်ကာ ကြားရသည်... ။

ဒါပေမဲ့... ရင်ထဲမှာ ဝေဒနာက မခံမရပ်နိုင်အောင် ပြင်းထန်ခဲ့တာ နေမှာပါ... ။

ညော်ခံသည့် ကော်ဖီခွက်တွေ မုန့်တွေ သူတို့ရှေ့ ရောက်လာတော့ နှုတ်ဆက်ဖို့ ပိုမို ခက်ခဲသွားသည်... ။ မသီတာ၏အကြည့်တွေက သူ့ထံ ခပ်စိတ်စိတ် ရောက်လာနေပြီး တစ်ခုခု ပြောချင်နေပုံရ၏... ။ နောက်တော့ မသီတာတို့ မေမေရောက်လာပြီး မိသားစုတွေ အကြောင်းကိုယ်စီ ပြောဖြစ်ကြသည်... ။



သီတာနှင့်နန္ဒာ နှစ်ယောက်အထက်မှာ အစ်ကိုကြီးတစ်ယောက်ရှိပြီး အိမ်ထောင်ကျနေပြီဟု သိရသည်... ။ အမျိုးသမီးကြီးသည် စကားအပြောအဆို သိမ်မွေ့နူးညံ့ပေမဲ့ မျက်နှာမှာ မာနရိပ် အနည်းငယ် ထင်ကျန်သည်။ နန္ဒာ့ရဲ့ မျက်နှာပေါ်က လက္ခဏာများစွာပင်... အမျိုးသမီးကြီးထံမှာ တွေ့ရသည်။ သို့ပေမဲ့... မိခင်ရဲ့ မာနရိပ်သည် နန္ဒာ့အပေါ် မြူတစ်မှုန်မျှပင် ကူးစက်သည် မထင်ရ... ။ နန္ဒာသည် လိပ်ပြာငယ်လေးတစ်ကောင်၏ တောင်ပံခတ်လွင့်ပါးဟန်လိုပင် ပေါ့ပါးသော၊ ကြည်လင်သော... ပြီးတော့ လုံးဝအပြစ်ကင်းစင်သော မျက်နှာမျိုးနှင့် မိန်းကလေးတစ်ယောက်ဖြစ်နေသည်... ။

"သမီးလေးကို... မကြာမကြာ လာကြည့်ပြီး... အားပေးကြပါနော်... ပစ်မထားကြပါနဲ့ ဆရာ... သူ့မှာ ဒီဝေဒနာ အစွဲအလမ်းက အချိန်အတော်ကြာနေပြီဆိုတော့... "

သူရက်ကို စကားဦးတည်ပေမဲ့ အမျိုးသမီးကြီးရဲ့ အကြည့်က သူ့ထံ ရောက်လာသည်... ။

"ဒီပုံဆို... အလုပ်လည်း... "

"အလုပ်အတွက်တော့ စိတ်မပူပါနဲ့... ကျွန်တော် လူကြီးတွေကို တင်ပြပြီး... သူ့အတွက် အကောင်းဆုံး အနေအထားဖြစ်အောင် လုပ်ထားပေးပါ့မယ်... နန္ဒာတို့ ဌာနက ဗိုလ်မှူးကြီးကလည်း သဘောကောင်းပါတယ်... "

"ကျေးဇူးတင်လိုက်တာ ဆရာရယ်... ဒီလို သဘောပြည့်

www.burmeseclassic.com

www.burmeseclassic.com



တဲ့ သူတွေနဲ့ တွေ့ပေလို့ပေါ့... မဟုတ်ရင်... ”

မာနနှင့်သောက ရောပြွမ်းသော မျက်နှာရိပ်က... သူ့ကိုတော့ တော်တော် ဆွဲဆောင်နိုင်ပါသည်... ။ မေမေ၊ နနတို့ နှင့် မတူသည့် ကျက်သရေတစ်မျိုးကိုလည်း သည်အမျိုးသမီးကြီး မျက်နှာမှာ မြင်ရသည်... ။ သောကတွေ ရင်မှာ ပြည့်နေပေမဲ့ အရာရာကို တည်တည်ငြိမ်ငြိမ် ရင်ဆိုင်နိုင်မည့် ခံနိုင်ရည်မျိုး လည်း ရှိနေသည်... ။

သည်တစ်ခေါက် မြန်မာပြည် ပြန်လာရသည့် ခရီး စဉ်မှာတော့... သူ့မှာ ပြန်ပြောစရာ အတွေ့အကြုံ အထူးအဆန်း တစ်ခု ရှိခဲ့ပြီ... ။

သည်လိုနှင့်ပဲ နှုတ်ဆက်ပြန်ရမည့် အချိန်ရောက် လာသည်... ။

“နန္ဒာ့ အကြောင်းလည်း... အေးအေးဆေးဆေး ပြော ချင်ပါသေးတယ်... ”

ဟု မသီတာက အိမ်ရှေ့မှာ ရပ်ထားသည့် ကား ဆီလိုက်ပို့ရင်း ပြောသည်... ။

“မကြာ မကြာ... လာပါနော်... ”

ဆိုတော့...

‘ကျွန်တော်... မကြာခင် ပြန်မှာပါ... ’လို့ နှုတ်က ပြောမထွက်... ။ ကိုယ့်အိမ်ကိုယ် ပြန်လာပြီးမှ ဧည့်သည်တစ် ယောက်လို နှုတ်ဆက်ရမည့် အနေအထားကို စက်ဆုပ်လာမိပြီ



သည်... ။ ဒါပေမဲ့... ချည်နှောင်ထားသည့် အရာများစွာကလည်း ရှိနေသည်... ။

ခုချိန်မှာတော့ မွေးရပ်မြေကို မကြာခဏ အိပ်မက် မက်ရုံကလွဲပြီး အခြေကျနေသည့် ဘဝတစ်ခုကို ပြောင်းလဲဖို့ သူ ဘယ်လိုမှ မတတ်နိုင်သေးပါ... ။

ကားထွက်ခဲ့သည်အထိ နန္ဒာ့ မျက်နှာကို မမြင်ရ တော့... ။ ဆေးတွေက သူမရဲ့ စိတ်ကို နှလုံးသားကို ဘယ် လောက်ကြာကြာ ငြိမ်သက်အောင်ထိန်းချုပ် ကုစားနိုင်မှာလဲ...။ တစ်ဖန် မျှော်လင့်ခြင်းဖြင့် ပင်ပန်းရပေဦးမည်... ။

“ငြိမ်လှချည်လား... ”

သူရက ပြုံးစစ မေးသည်... ။

သက်ပြင်းမောတစ်ခုဖြင့် နှုတ်ဆိတ်နေလိုက်မိ၏။ သူရက ရယ်သံဟဟဖြင့်...

“ရောဂါပဲ... ”

ဟု ကျီစယ်သည်... ။

“ဟုတ်တယ်... အဲ့ဒါ မင်းကစတဲ့ ရောဂါပဲ... ”

“ငါ့ကို... ဆွဲမထည့်စမ်းပါနဲ့ကွာ... ”

“ဒီ ကောင်မလေး... ဒီဝဋ်ကြွေးက မြန်မြန်လွတ်ပါစေ ကွာ... ”

ရယ်သံကို ကြားရလိမ့်မည် ထင်ပေမဲ့ ကားသံ ရုတ်တရက် တိတ်ဆိတ်သွားပြီး ကီလိုခြောက်ဆယ်နှုန်းဖြင့် ပြေး

www.burmeseclassic.com



နေသည့် ကားကလေးအတွင်းမှာ ဆိတ်ငြိမ်ခြင်းက ကြီးစိုးသွားသည်… ။



"နှစ်နှစ်လုံးလုံး… အဲ့ဒီနေရာမှာ ညနေတိုင်း သွားစောင့်တယ်တဲ့လား… "

တယ်လီဗေးရှင်း ဖန်သားပြင်ပေါ်မှာ လှုပ်ရှားနေသည့် ပုံရိပ်တွေက သူ့ဘာသာ သီခြားဖြစ်နေသည်။ ခလုတ်ကို ပိတ်လိုက်ဖို့ ဘယ်သူမှ သတိမရဘူးထင်သည်။ ဦးဦးက မြန်မာတိုင်း(မ်)ကို လက်ချောင်းတွေ ကြားမှာခံ ပိတ်ထားလျက်က သူ့ဆီ စိတ်ဝင်တစား ငေးမောနေသည်… ။ နုနုကတော့ မယုံနိုင်သလို သည်မေးခွန်းကို မေးသည်… ။ စန္ဒီကတော့ ကြမ်းပေါ်မှာ ထိုင်လျက် မှန်စားပွဲပုလေးပေါ် လက်တင်မေးထောက်ရင်း နှုတ်ခမ်းဟာဟ ပွင့်နေခဲ့၏… ။

"အဲ့လို ပြောတာပဲ… "

"ဒါဆို… သူ့အိမ်က သူ့နောက် အမြဲလိုက်နေရမှာပေါ့… "

www.burmeseclassic.com

www.burmeseclassic.com



"အဲ့လိုလည်း မဟုတ်ဘူး… "

စန္ဒီ့ မျက်လုံးလေးတွေ ဖျတ်ခနဲအရောင်တောက်လာသည်… ။ နှုတ်ခမ်းလေးတွေ ခပ်လျော့လျော့ ပြုံးရယ်လာသည်။ အာရုံထဲမှာ နောက်တွဲဆံထုံးလေးနှင့် မျက်နှာ ကြည်ကြည်ဖျော့ဖျော့လေး ထင်လာသည်… ။

စန္ဒီနှင့် ရွယ်တူလောက်ရှိမှာ…

"တကယ်ပဲနော်… အဲ့လောက်ထိ ချစ်နိုင်တာတဲ့လား… ရှာရှာဖွေဖွေ… နာမည်ကလည်း တူနေရသေးတာတဲ့… ကိုကိုတို့တော့… ဒီတစ်ခေါက် ပြန်လာတာ… စုတ်ရော လာဘ်ရော ဝင်ကိန်းနဲ့တူတယ်… "

စန္ဒီက အော်ကာဟစ်ကာ ရယ်မောတော့သည်။

"တကယ်ရော တူတာတဲ့လား… မင်း ဓာတ်ပုံတွေဘာတွေ တွေ့ခဲ့သေးလား… "

ဦးဦးကတော့ ဘယ်နေရာမှာမဆို စေ့စပ်သေချာချင်သူပင်… ။

"ဟုတ်ကဲ့ တွေ့ပါတယ်… ဗိုလ်လောင်းဘဝတုန်းက ရိုက်ထားတဲ့ ဓာတ်ပုံတွေပဲ… အသားညိုညို ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်ပဲ… ကျွန်တော့်လို အရပ်ရှည်ရှည်ပဲ တော်တော်တူတယ်လို့ ပြောလို့ရပါတယ်… အမွှာတွေလို ချွတ်စွပ်တူတာတော့ မဟုတ်ပါဘူး… "



"တကယ့်ကို ရုပ်ရှင်ထဲက အတိုင်းပဲပေါ့နော်… မင်းသမီးကလည်း ငယ်ငယ်ချောချောလေးဆိုတော့ တော်သေးတာပေါ့နော် ကိုကို… တော်ကြာ… အသားမည်းမည်း… ကျောက်ပေါက်ရာတွေနဲ့ဆိုရင်တော့ ပြဿနာပဲ… "

"ဟယ်… ဒီကောင်မလေးဟာ နေရာတကာ ရွှတ်နောက်နောက်နဲ့… "

နနက သမီးဖြစ်သူကို မျက်မှောင်လေးချိုပြီး ကျိန်းသည်… ။ စန္ဒီလေးကတော့ သူ့အလုပ်မှာ ဘယ်လိုနေနေ… အိမ်မှာတော့ ကလေးတွေးနှင့် ကလေးလို နေတတ်သည်ပင်… ။

"သူ့အစ်မ ပြောတော့… ကောင်လေးနဲ့ ငယ်ငယ်ကတည်းက သူငယ်ချင်းတဲ့… ကောင်လေးရဲ့ မိသားစုက နိမ့်ပါးတော့… အမေက သဘောမတူဘူးတဲ့… အရာရှိဖြစ်အောင် မနည်းကြိုးစားခဲ့ရတာတဲ့… သူ့အမေ လက်ခံလောက်အောင် အတော်ကြီး ကြိုးစားလာခဲ့ပြီး… လူကြီးတွေနှစ်ဘက်ညှိနှိုင်းပြီး သဘောတူပြီဆိုမှ… ရုတ်တရက်ကြီး… "

"အို… အဖြစ်ဆိုးလိုက်တာကွယ်… "

ဦးဦးက ခေါင်းတဆတ်ဆတ်ညိတ်နေရင်း…

"ဒါမျိုး ဖြစ်တတ်တယ်ကွ… "

ဆိုတော့ သူ့ရဲ့ လေသံကို သတိရသွားသည်။

"သူ့ချစ်သူ သေသွားပြီဆိုတာကို လက်မခံချင်ဘူး… လက်မခံနိုင်ဘူး ဖြစ်နေတာပေါ့… သူဖြစ်စေချင်တာတွေ…

www.burmeseclassic.com

www.burmeseclassic.com



တကယ်ပဲ ဖြစ်ခဲ့သလိုလို စိတ်ထဲမှာ ဖြေတွေးရင်း… တကယ်လို မှတ်သွားတာနေမှာပေ့ါ… ”

“ဟုတ်ပါပြီလေ… သူ့အဖြစ်ကတော့… ဒါပေမဲ့ မင်းကိုမြင်မှ… သူ့စိတ်က ပိုဆိုးလာတယ် ဆိုတော့ မခက်လား… ကိုယ့် ပယောဂမကင်းသင့်လိုလိုကြီး ဖြစ်နေတာပေ့ါနော်… အတော် ဝန်လေးစရာကိစ္စပဲ… ”

စန္ဒီကတော့ ခြေသည်းချွန်တွေကို တံစဉ်းနှင့် တိုက်နေရင်း သူမရဲ့ မေမေကို ကောင်းကောင်းကျိုးစွယ်ရယ်မော နေမိသည်… ။

“အဲ့တော့… ဘာလုပ်ရမှာလဲ မေမေရဲ့… ကိုကိုက… သူ စိတ်ပြန်ကောင်းလာတဲ့အထိ… သူ့ ရည်းစားလို ဟန် ဆောင်နေရဦးမှာလား… အဲ့လိုသာဆိုရင်တော့ ပြဿနာ ပဲ… ”

“ကျွန်တော်လည်း စိတ်ထဲမှာ မကောင်းဘူး ဖြစ်နေတယ် နနရယ်… သူ့စိတ်ကို ထပ်ပြီး ဒဏ်ရာတစ်ခုပေးမိသလို ပဲ… ”

သည်မိသားစုနှင့် သူ့ကြားမှာ ဘာကိုမှ ကွယ်ဝှက် စရာမရှိဘူး ထင်မိသည်… ။ ဒါပေမဲ့ လောလောဆယ် ရင်ထဲမှာ ရှိနေသည့် ရှုပ်ရှုပ်ထွေးထွေးပြဿနာကို သူကိုယ်တိုင် အဖြေရှာ မရနိုင်… ။ နနကတော့ သူ့ကို စိုးရိမ်တကြီး မျက်လုံးများဖြင့် ကြည့်နေသည်… ။



“ကလေးမလေးကို… နန လိုက်ကြည့်ရင် ကောင်းမလား… ”

ဟု အိပ်မက်မက်နေသူလို ကယောင်ကတမ်း ပြောနေပြန်သည်။

“ဟော့… ဟော့… အဲလောက်ကြီး နှလုံးသားတွေက မနုကြနဲ့ကွာ… တော်ကြာ သူများကိစ္စထဲ ကိုယ်က ရောယောင်ပါသွားမယ်… ။ တစ်ခါတလေလည်း မသိဟန်ဆောင်လို့ ရတဲ့ အခြေအနေမှာ မသိသလိုသာ နေလိုက်… ”

ဦးဦးစကားကို စန္ဒီက…

“ဟုတ်သားပဲ… ”

ဟု ထောက်ခံရင်း သူ့ဆီ မျက်စောင်းဖြင့် ကြည့်သည်… ။

“တို့တော့ ရှမ်းပြည်သွားမယ်ဆိုပြီး… ခွင့်တောင်ယူထားပြီး ပြီနော်… ”

ဟု ရာဇသံဖြင့် ပြောသည်… ။

“အေးပါ… အေးပါ… သွားကို သွားရမှာပါ… ”

နှုတ်ခမ်းတွေက ရယ်ပေမဲ့ စိတ်က လေးလံကျန်ခဲ့သည်… ။ အဲသည် ခံစားမှုက ရဲထွတ်ကျော်အတွက် အနည်းငယ် စိမ်းသက်နေလေသည်… ။

www.burmeseclassic.com



နုန္နာ့ဝမိဘတွေ အိမ်က ပြန်လာခဲ့ပြီး တတိယနေ့မှာ
တော့… သူ့အတွက် ဘယ်လိုမှ ငြင်းဆန်မရစကောင်းသော (ကိုယ်
တိုင်ကလည်း မငြင်းဆန်ချင်သည်မို့) တာဝန်ဝတ္တရားတစ်ခုက…
သူ ခေတ္တနေထိုင်သည့် ဦးဦးတို့အိမ်ပေါ်သို့ ဆိုက်ဆိုက်မြိုက်မြိုက်
ရောက်ရှိလာခဲ့သည်… ။ အဲသည် တာဝန်ဝတ္တရားကြီးကို ရဲတွတ်
ခေါင်းပေါ်တင်ပေးလိုက်သည့် သူရတစ်ယောက်ကတော့ သူ့မြင်
ကွယ်ရာမှာ ကျိတ်ပြုံးနေလိမ့်မည်လား… မဆိုနိုင်… ။ သူရက်
ကျိန်ဆဲဖို့ သတိရပေမဲ့… ငှဲညှာထောက်ထားမှု များစွာဖြင့်… အခြ
တမ်း အားတုံ့အားနာပြုံးတတ်သော သူရရဲ့ အပြုံးကို ပြန်မြင်
ယောင်ပြန်တော့… သည်လို လူပီသလှသည့် သူငယ်ချင်းတစ်
ယောက်ကို ခင်မင်စိတ်သာ ပိုလို့တိုးရသည်… ။



တကယ်တော့…ယှဉ်ပြိုင်ဖက်တွေဆိုပေမဲ့အရာရာ
မှာ စိတ်ချင်းညီခဲ့သည့် သူငယ်ချင်းတွေ မဟုတ်လား… ။

www.burmeseclassic.com



မျက်ရည်လွယ်သည့် နုနုသည်... နန္ဒာ့ရဲ့ မိခင်ကို မျက်နှာကြည့်နေပြီး... သူမရှေ့ကျသမျှ မျက်ရည်တွေကို လိုက်ပြီး သိမ်းဆည်းချင်လေသလား မသိ... ။ စကားတွေကို တတွတ်တွတ်နှင့် တစ်ဖက်က ပြောလေသမျှ မျက်ရည်လည်ပြီး မျက်ဝန်းအိမ်တွေ နီရဲစိုစွတ်နေသည်... ။

"ဆရာဝန်တွေကိုတော့ မပြောခဲ့မိဘူး... ။ ကျွန်မ သမီးလေးကို မကြည့်ရက်လွန်းလို့ပါ... ဒါဟာ စေတနာတစ်ခုပဲလို့ ကျွန်မစိတ်ဖြေပါတယ်... ညီမရယ်... ။ ဒါပေမဲ့ သူတွေ့ချင် မြင်ချင်နေတဲ့ သူ့ရဲ့မျက်နှာကို မြင်လိုက်ရရင် သမီးလေး ဘယ်လောက်စိတ်ချမ်းသာလိမ့်မလဲ... ခုလို တလူးလူး တလိမ့်လိမ့်ခံစားနေရတာတွေလည်း သက်သာပါစေ



တော့ဆိုပြီး ဗိုလ်ကြီးဆီ ဆက်သွယ်လိုက်မိတယ်... ။ ဗိုလ်ကြီးက သူကိုယ်တိုင် လိုက်မပေးနိုင်တဲ့အတွက် ဒီလိပ်စာ ညွှန်ပေးလိုက်တာပါ... "

သူ့ကို ရည်ရွယ်သည့် စကားတွေဟု သိပေမဲ့ အမျိုးသမီးကြီးက သူ့မျက်နှာကို မကြည့်ပါ... ။ မကြည့်ရဲတာလား... အားနာတာလား... အပြောခက်သည်လား မသိ... ။

နုနုကတော့ သူ့ကို တစ်ချက် တစ်ချက်လှမ်းကြည့်သည်... ။

"သမီးက အခြေအနေတော်တော် ဆိုးနေလား... "

နုနုရဲ့ သည်မေးခွန်းက မျက်ရည်တွေကို ချွေယူလိုက်သလိုပါပဲ... ။ မိခင်တစ်ယောက်ရဲ့ သောကကို ထပ်တူထပ်မျှ ကိုယ်ချင်းမစာနိုင်ပေမဲ့... နန္ဒာလေးရဲ့ ဝေဒနာအတိမ်အနက်ကို ကိုယ်တိုင်မြင်တွေ့ ကြုံခဲ့ဖူးပြီမို့ စိတ်ထဲမှာ မှန်းကြည့်ရုံဖြင့်ပင် တင်းကျပ်နာကျင်လာသည်... ။

"သားအတွက်တော့ အပမ်းကြီးတာ မဟုတ်ပါဘူး... ဒါပေမဲ့ သူက ဒီကို ခဏလာတာမို့... အစ်မကြီးတို့အတွက် ပိုပြီး စိတ်ပင်ပန်းစရာ ဖြစ်နေမလား... နောက်ပိုင်း... သူပြန်သွားတဲ့ အချိန်ကျရင်လေ... "

အမျိုးသမီးကြီးက စွက်စိုသော မျက်လုံးများဖြင့် သူ့ကို လှမ်းကြည့်သည်... ။ ဆက်တီရဲ့ ခပ်အိအိဆိုဖာတွေကို

www.burmeseclassic.com

www.burmeseclassic.com



လက်နှစ်ဖက်ဖြင့် တင်းတင်းဆုပ်ထားမိရာကနေ… သူဆတ်ခနဲ ထရပ်လိုက်သည်… ။

"နုနု… ကျွန်တော် ခဏလိုက်သွားဦးမယ်… "



ရင့်ခွင်ထဲမှာ နွေးနေသည့် ခံစားမှုက… ဟိုးယခင် အကြိမ်များစွာ ရင်ခွင်ထဲ တစ်စုံတစ်ယောက်ရှိနေသည့် ခံစားမှုမျိုး နှင့် နည်းနည်းပင် မတူ… ။ နှုတ်ခမ်းတွေ ဖွင့်ရမလို ပိတ်ရမလို အနေခက်နေပြီး ကိုယ့်ကိုယ်ကို ရယ်ချင်မိသည့်အခါတိုင်း ရင်ခွင်ထဲ က မိန်းကလေးကို ပြန်ငုံ့ကြည့်မိသည်… ။

တကယ်တော့ မလွယ်ပါလား… ။

ချစ်သူမဟုတ်သည့် မိန်းကလေးမိတ်ဆွေတွေ တချို့နှင့် ရင်ခုန်စရာအခြေအနေမှာ သူဘယ်လိုရင်ဆိုင်ခဲ့သည်ကို ယခုထိ ပြန်မတွေးတတ်အောင်ပင်… ။

"ကိုရဲ… "

လို့ ခေါ်သံလေးက တုန်ယင်ဖျော့တော့နေသည်။ သူ့လက်ချောင်းတွေကို မလွှတ်စတမ်း တင်းတင်းဆုပ်ထားသည့်

www.burmeseclassic.com

www.burmeseclassic.com



လက်ချောင်းလေးတွေက တစ်ခါတစ်ခါမှာ ဆတ်ခနဲ ဆတ်ခနဲ တုန်ယင်သွားတတ်သည်... ။ ခန္ဓာကိုယ်၏ ပုံမှန်ထက်ပိုသည့် အပူရှိန်က... မျက်နှာအထိ လာဟပ်သည်... ။ သည်လောက်ထိ ပြင်းထန်သည့် စိတ်အစွဲအလမ်းဆိုတာကို တစ်ကြိမ်တစ်ခါမှ မကြုံဖူးခဲ့တာမို့ ဘယ်လိုနှစ်သိမ့်ပေးရမှန်းလည်း မသိ... ။

"ကိုယ်ရှိတယ်... ကိုယ် ရှိနေတယ်လေ..."

"နန္ဒာ့အနားမှာ နေပါနော်... "

"အင်း... ဟုတ်တယ်... ။ အနားမှာ ရှိနေတယ်လေ... နန္ဒာ သိပ်ဖျားနေတယ်... ရေခဲဝတ်တင်ထားမယ်နော်... "

"ဟုတ်... "

ရေခဲဇလုံနှင့် မျက်နှာသုတ်ပဝါယူပြီး ဝင်လာသည့် မမသီတာသည်... သူ့မျက်နှာကို မရဲတရဲကြည့်လျက်...

"မောင်လေး နားဦးလေ... "

ဟု ခပ်တိုးတိုး ပြောရှာ၏... ။

"ဟင့်အင်း... ကိုရဲ... "

အားနည်းကြုံလှီနေသည့် လက်ချောင်းလေးတွေက ချက်ချင်းပင် အင်အားတွေ ပြည့်လာသလို ထင်ရသည်။ သူ့လက်မောင်းကို ဆုပ်ညှစ်လိုက်သည့် လက်ချောင်းသွယ်သွယ်တွေထဲက သူ ဘယ်လိုမှ ရုန်းမထွက်နိုင်ပါလား... ။

"မသွားပါဘူး... ကိုယ်လေ... ဘယ်မှ မသွားပါဘူး... "



မမသီတာက မျက်နှာပျက်လျက် ရှိသည်... ။ဘယ်သူမှ မသိအောင် ပင့်သက်တွေ အခါခါရှိုက်ဖြစ်သည်... ။ ရေခဲဇလုံနှင့် မျက်နှာသုတ်ပဝါသေးသေးလေးတွေကို လှမ်းယူပြီး နဖူးပြင်ပေါ် ရေဝတ်အုပ်ပေးဖို့... ဆုပ်ထားသည့် လက်ချောင်းတွေကို အသာဖယ်ချရသည်... ။ မိန်းကလေးသည် မြင့်မားလှသည့် ကိုယ်အပူရှိန်ကြောင့် တစ်ချက်တစ်ချက် မိန်းမောချင်၏... ။ ဆေးရုံတင်လျှင် ကောင်းမည်ထင်သည်... ။ နန္ဒာ့မိဘတွေကတော့ သည်လိုအခြေအနေမှာပင် တွေတွေဝေဝေရှိနေဆဲ...

"သမီးက ကိုရဲလာရင် နေကောင်းသွားမှာပါ... "

ဟု ဝံချော့မော့နှစ်သိမ့်ဆဲ... ။

အဲသည် နှစ်သိမ့်စကားက နန္ဒာ့အတွက်လား သူတို့ကိုယ် သူတို့အတွက်လား မသိ... ။

"အစ်မ... ကိုရဲထွတ်ကို သိပ်အားနာတယ်... ဘာမှ မဆိုင်ဘဲနဲ့... "

တကယ်ပဲ မသီတာ မျက်နှာနီမြန်းလျက်ရှိ၏။

"သူရသာ ပါရင်တော့ ဆေးရုံတင်ခိုင်းမှာပဲ ထင်တယ်..."

ဟု သွေးတိုးစမ်းပြီး ပြောမိသည်... ။

"ဆေးရုံတင်ချင်ပါတယ်... နောက်အခြေအနေပိုဆိုးလာမှာလည်း ကြောက်တယ်... ဆေးရုံကို သွားရင် ညီမလေးကို တစ်ယောက်တည်း ထားခဲ့ရမှာလည်း စိုးလို့... "

သူတို့ရင်ထဲက သောကကို အရိပ်အမြွက်သော်

www.burmeseclassic.com



နားလည်ရတော့မှ စိတ်ထဲသံသယပြယ်ပြီး အတော်အတန်ပေါ့ပါးသည်... ။

"အိပ်ပျော်သွားပြီ... "

လျော့ပြေသွားသော လက်ချောင်းကလေးများနှင့် အသက်ရှူပြင်းနေသေးသော ခန္ဓာကိုယ်ကို ခုတင်ပေါ်အသာချထားပြီး ရေခဲဝတ်ဆက်အုပ်ထားဖို့ မမသီတာနှင့် နေရာချင်းလဲရသည်။ သည်တော့မှ... မမသီတာ၏ အနေခက်သည့် မျက်နှာရိပ်က အတန်ငယ်ပြေလျော့သည်... ။ အိပ်ခန်းကျယ်ကို မျက်နှာရိပ်ဖြင့် ဝေ့ဝဲပြရင်း...

"နန္ဒာ ခြောက်တန်းနှစ်ကတည်းက ဒီအခန်းထဲမှာ ညီအစ်မနှစ်ယောက် အတူအိပ်ခဲ့ကြတာ... "

ဟု ရင်းနှီးဟန်ဖြင့် ပြောသည်... ။ ဘယ်တုန်းကမှ မဆက်နွယ်ဖူးသည့် သူစိမ်းသက်သက်တွေကြားမှာ သည်လိုလျှင်မြန်စွာ ရင်းနှီးပတ်သက်ရတာကို တွေးကြည့်တော့ အံ့သြစရာကောင်းလှသည်... ။

နန္ဒာတို့ ညီအစ်မရဲ့ အိပ်ခန်းကလေးက... ညီအစ်မနှစ်ယောက် ပစ္စည်းပစ္စယတွေ သပ်ရပ်စီရီစွာ ထားနိုင်ရုံကျယ်ဝန်းသည်... ။ တရုတ်ကပ်မှန်များဖြင့် ကာရံထားသော ပြတင်းပေါက်ကလေးများ၏ အတွင်းဘက်မှာ... အပြာဖျော့ရောင် ခန်းဆီးစရှည်က တစ်ထပ်ရှိသည်။ အိပ်ခန်းထဲမှာ... မှန်တင်ခုံတစ်ခုတည်းသာရှိပြီး... မှန်တင်ခုံပေါ်မှာ နှုတ်ခမ်းဆိုးဆေး၊ မိတ်ကပ်၊ လက်သည်းဆိုးဆေးဘူး စသည့် အလှပြင်ပစ္စည်းတွေ ဘာတစ်ခုမှမရှိ။ အဝတ်လှန်းစင်မှာ မျက်နှာသုတ်ပဝါ တစ်ထည်ကလွဲပြီး ဘာမှမရှိ... ။ (သူစိမ်း ယောကျ်ားတစ်ယောက်ကို ဝင်ထွက်ခွင့်ပြုဖို့အတွက် မဟာစွန့်စားခန်းတစ်ခုလည်း ဖြစ်နိုင်ပါသည်... ။)



ညီအစ်မနှစ်ယောက်၏ အိပ်ခန်းမှာ ခုတော့ဖြင့် ခုတင်တစ်လုံးသာ ရှိသည်... ။ ခုတင်ဘေးက နံရံမှာ... မှန်တွေကို ဖြတ်သန်းလျက် မြင်နိုင်သည့် ဓါတ်ပုံတစ်ပုံရှိသည်... ။ ဓါတ်ပုံထဲမှာ ရှင်သန်နုပျိုသော ရဲထွတ်၏အပြုံးကို မြင်နိုင်သည်...။ မှန်ထဲက လူငယ်လေးသည်... ပွဲတက်စစ်ယူနီဖောင်းနှင့် ခန့်ညားလျက် ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်ရှိသည့်... မျက်လုံးတောက်တောက်တွေ ရှိသည်... ။ ရဲထွတ် ငယ်စဉ်ကရော အဲသည်လို ယုံကြည်မှုမျိုး ရှိခဲ့သလား... ။

သေချာတာကတော့ ရဲထွတ်သည် ဘယ်တုန်းကမှ စစ်သားလုပ်ဖို့ စိတ်ကူးမယဉ်ခဲ့ခြင်းပင်... ။

လူတစ်ကိုယ် ဝါသနာတစ်မျိုးမို့ ကိုယ့်ကိုယ်ကို ရည်မှန်းချက် မြင့်မြင့်မထားရကောင်းလားဆိုပြီး အပြစ်မတင်မိ...။ ကျောင်းစာမှာ လူတိုင်းထက် သာချင်သည့် မခံချင်စိတ်ရှိပေမဲ့ ဘကယ်တမ်းမှာ... မိမိရပ်တည်ချက်ကိုသာ ခိုင်ခိုင်မာမာ ဆုပ်ကိုင်ရသည်... ။ ဒါပေမဲ့ ရဲထွတ်သည် ကိုယ့်ကိုယ်ကို ဘာဖြစ်ချင်မှန်း သိခင်ကပင် တိုင်းတစ်ပါးရောက်ခဲ့ရသည်... ။ ခက်ခဲသည့် ပညာရပ်တွေကို နောက်ပြန်သင်ရသည်... ။

www.burmeseclassic.com

www.burmeseclassic.com



"ဘေးစောင်းကြည့်ရင် တော်တော်တူတယ်..."

"ဗျာ..."

အတွေးစ ရှည်ရှည်ထဲ ဖြတ်ဝင်လာသည့် စကားသံ ကြောင့် သူလန့်ပြီး ကြောင်အမ်းသွားသည်။ မမသီတာက သူ့ကို ကြည့်ပြီး ရယ်နေသည်... ။

"ဓါတ်ပုံကိုကြည့်ပြီး စဉ်းစားနေသလားလို့..."

"ဟုတ်တယ်..."

အလိုက်သင့်ရောပြီး ခေါင်းညိမ့်လိုက်သည်... ။

"တကယ်တော့ နှုတ်ခမ်းလေးဟာ သနားစရာပါ..."

မမသီတာလည်း သနားစရာပါပဲ...

စိတ်ထဲက ပြောမိသည်... ။ မမသီတာရဲ့ မျက်နှာ က ဝိုင်းသည်... ။ ရင့်ကျက်သည့် ညိုမှိုင်းသည့် မျက်လုံးများ သည်။ လှိုင်းတွန့်ဆံပင်များကို နောက်ဘက်မှာ အထက်သို့ ပြ ခေါက်ပြီး ကလစ်ဖြင့် ညှပ်ထားလေ့ရှိသည်။ နှုတ်ခနှင့် အနည်းဆုံ လေးငါးနှစ်ကွာမည်ဟု စိတ်က ခန့်မှန်းမိပြီး တကယ်တမ်းသိ တော့ ခုနစ်နှစ်တောင် ကွာသည်တဲ့... ။

ဒါကြောင့်လည်း... မမသီတာက နှုတ်ခလေးကို ကလေးတစ်ယောက်ကို အရိပ်တကြည့်ကြည့် နေခဲ့သည်ပဲဖြ မည်... ။ ခုလိုဖြစ်တော့လည်း အနားကမခွာဘဲ တစ်ချိန်လုံးပြု နေသည်... ။ မမသီတာလို အစ်မတစ်ယောက်ကို သူတောင့်တ ခဲ့တာ အမှန်ပါပဲ... ။



"သူချစ်သူကို မမေ လက်ခံနိုင်ဖို့အတွက် နည်းအမျိုးမျိုးနဲ့ ကြိုးစားခဲ့ရာတယ်... မိဘရဲ့ အပစ်ပယ်ကိုလည်း မခံချင်ဘူး တဲ့လေ... သူ ကြိုးစားပြီး မေမေလည်း လက်ခံလ ာနိုင်ပြီ ဆိုတဲ့ အချိန်ကျမှ... "

ပင့်သက်ရှိုက်ဖြစ်ပြန်သည်... ။ သည်အိပ်ခန်းသည် အလုံပိတ်နံ့ရံတွေ ချည်းသာဖြစ်ခဲ့လျှင် ပင့်သက်ရှိုက်သံတွေချည်း ပ္ကက်ပေါက်မရှိဘဲ ပွဲတင်ထပ်နေလိမ့်မည် ထင်ပါရဲ့... ။

"ကျွန်တော်လည်း ကြားရတာ တော်တော်စိတ်မကောင်း ပါဘူး..."

"ဟုတ်တယ်..."

ရေခဲဝတ်တစ်ခုကို ရေစင်စင်ညှစ်၊ နှုတ်ခ့နဖူးပေါ်က ဝတ်နှင့် လဲပေးပြီးမှ မသီတာက ဖြုတ်ခနဲ ထိုင်ရာက ထလာ သည်။

"ကိုယ့်မောင်လေးလို စိတ်ထဲရင်းနှီးမိလို့မို့... ခဲထွတ်ကို ပြရဦးမယ်..."

အခန်းခြေရင်းက ဗီရိုတံခါးရွက်ကို ဆွဲဖွင့်သံကြား သည်။ တံခါးရွက်ပြန်ပိတ်သွားတော့ ပုလဲဥတွေ ဇာနားတွေ ဘော် ကြယ်ပန်းပွင့်တွေ ကပ်ထားသည့် ဖြူလွလွခါးတောင်အင်္ကျီတစ် သည်...

ဘယ်လောက်အထိ ရည်ရွယ်မျှော်လင့်ထားပြီးမှ သည်ကို သိစေချင်တာလား... ။ မသီတာရဲ့ မျက်နှာနှင့် မျက်လုံး

www.burmeseclassic.com

www.burmeseclassic.com



အကြည့်တွေက ရိုးစင်းလှသည်... ။

"မင်္ဂလာဝတ်စုံတောင် ချုပ်ပြီးပြီ... ။ ဒါကိုဝတ် ဝတ်ပြီး... ညဘက်ဆို တစ်ယောက်တည်း စကားတွေပြောလိုက် ငို လိုက်နဲ့ မမဖြင့် ကြက်သီးတောင် ထတယ်... "

နံရံဟိုဘက်က ခြေသံကိုကြားတော့ မသီတာက အကျီကို သိမ်းဆည်းပြီး ဗီရိုတံခါးရွက်ကို ပြန်ပိတ်သည်... ။

"သူ့အိပ်တုန်း ထမင်းစားလိုက်ဦး မောင်လေး... "

ဟု သိမ်မွေ့လိုက်လှဲစွာ ခေါ်သည်... ။

"ရပါတယ်... ကျွန်တော် မဆာပါဘူး... အဖျားတိုင်းကြည့် လိုက်ပါဦး... "

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည့် မျက်နှာလေး ကို ခဏငေးမောဖြစ်သည်... ။ အဲသည် မျက်နှာလေးက ငြိမ်းချမ်း လှ၏... ။ အပြစ်ဟူ၍ မြူတစ်မှုင်စာမျှ မရှိသလိုပင်... ။



(၆)

ဆယ့်သုံးထစ်မျှသာရှိသော လှေကားကို တက်ရ သည့် ခြေထောက်တွေကို အိမ်ပေါ်ထပ်ရောက်တော့ နောက်ထပ် သယ်ချင်လောက်အောင်... နွမ်းနယ်နေသည်... ။ မမက... နောက်ကနေလိုက်လာပြီးတစ်ယောက်တည်းတက်လာရ ကောင်း သား... ဟု နန္ဒာ့ကို ဆူပူနေပြန်သည်... ။ ဝရန်တာကျဉ်းကျဉ်းလေး မှာ သည်အတိုင်း ထိုင်ချရသည့် အရသာကို နန္ဒာက မက်မော သည်... ။ ပြီးတော့ တစ်ယောက်တည်း ရှိနေချင်သည်... ။ နန္ဒာ့ အနားမှာ တစ်ယောက်ယောက်ရဲ့ အရိပ်ရှိနေမှာကို မလိုလား ချင်... ။

နန္ဒာတစ်ယောက်တည်း လမ်းဟလေးတစ်ဘက် ကို ငေးမောကြည့်မည်... ။ စက်ဘီးတစ်စီးနှင့် ကောင်လေးတစ် ယောက်ဖြစ်စေ... ကျောပိုးအိတ်လွယ်ထားသည့် တစ်ယောက်

www.burmeseclassic.com



ယောက်ဖြစ်စေ လမ်းထဲဝင်လာသည်ကို စောင့်ကြည့်မည်။ လိပ် ပြာလေးတစ်ကောင်... နန္ဒာ့အနားမှာ ဝေ့ဝဲနေလျှင်တော့ ဝမ်း နည်းငိုကြွေးမိသည်။ ပြီးတော့ ပန်းပေါ်ဖြစ်စေ... လက်ခုံပေါ် ဖြစ်စေ... လာနားဖို့ ဆုတောင်းချင်သည်... ။

ဒါဟာ ရူးနှမ်းသည့် အတွေးပါပဲ... ။

ဒါပေမဲ့ တစ်ခါတစ်ခါတော့လည်း... ရူးသွပ်သူတွေ အဖို့ အတော်ကောင်းသားပဲဟု အောက်မေ့မိသည်။

နေ့စဉ်သောက်နေရသည့် ဆေးတွေကို ငြီးငွေ့လာ သည်။ လက်တွေ့ဘဝကြီးမှာ အသက်ရှင်နေထိုင်ဖို့ကို ငြီးငွေ့ လာသည်... ။ ဒါပေမဲ့... နန္ဒာ့အတွက် စိတ်ဆင်းရဲနေရသူတွေ ရှိနေသေးသည်ဆိုတာကို မေ့လို့ မရပြန်... ။

နန္ဒာဟာ ဘယ်တစ်ဖက်ကိုမှ သံယောဇဉ်မပြတ် နိုင်သူ... ။

"နန္ဒာ... သိပ်ပြီး လေတိုက်မခံနဲ့... "

"ဟုတ်... "

"ပြန်ဖျား နေဦးမယ်... "

ဆိုပြီး မမ အနားရောက်လာသည်... ။ သည်ရက် တွေမှာမမ...တောင် အတော်ချောင်ကျသွားသည်။ မေမေ ဖေဖေ ရော ကြီးကြီးသန်းပါ မနေရ... ။ ဂျူတီမဝင်နိုင်တာလည်း တစ်ပတ် ရှိပြီ... တဲ့... ။ နန္ဒာသည်... ပြီးခဲ့သည့် ရက်တွေကို ရိုးရိုးရိပ်ရိပ်



...မှတ်မိသည့်အခါ မှတ်မိသည်... ။ တစ်ခါတစ်ခါလည်း ဘာကိုမှ ...ဦးစားမရတော့ပြန်... ။

ဒါပေမဲ့ ဘယ်တော့မှ မမေ့နိုင်သည့် အမည်နာမ ...တစ်ခုကတော့ ရှိနေမြဲပင်... ။

"ကိုရဲ... မလာဘူးနော်... "

မမက... ဝရန်တာတံခါးဝမှာ လာရပ်သည်။ လက် ...ထဲမှာ ချည်သား ရှပ်အင်္ကျီလက်ရှည်တစ်ထည်ကိုင်လို့...

"ရော့... ဒါလေး ဝတ်ထားလိုက်... "

ဆိုပြီး နန္ဒာ့ကိုယ်ပေါ်ကို ခြုံပေးသည်။

"ခရီးသွားဖို့ ပြင်ဆင်နေတယ် ထင်ပါရဲ့... "

"ခရီး... "

"ဟုတ်တယ်... မူဆယ်ဘက်သွားမလို့တဲ့... "

ဆိုပြီး မမက နန္ဒာ့ကို မရဲတရဲ အကဲခတ်ကြည့် သည်။

"လေယာဉ်နဲ့လား... "

သူမ အထိတ်တလန့် မေးလိုက်သည်... ။

"မဟုတ်ပါဘူး... ကားနဲ့ပါ... "

မမကလည်း နန္ဒာ့စိတ်အစွဲအလမ်းကို ကောင်းစွာ ...နားလည်သည်... ။ နန္ဒာ့အနားမှာ လာထိုင်သည်... ။ နန္ဒာ့ဆံပင် ကျောလည်မရောက်တစ်ရောက်ကို ဆွဲယူပြီး ကျစ်ဆံမြီးကျစ်ပေး သည်... ။ အလုပ်ဝင်ရသည့်နေ့တွေမှလည်း မမပဲ နန္ဒာ့ကိုဆံထုံး

www.burmeseclassic.com

www.burmeseclassic.com



ထုံးပေးရတာ...

နန္ဒာက ကလေးလိုပါပဲ... ။

လမ်းထိပ်ဆီက ကားဟွန်းသံကြားရတော့ ချ
ချင်းအခ့သက်ရှူမြန်လာပြီး ဝရန်တာရဲ့ ပွတ်လုံးတိုင်တွေကြား
နေ လှမ်းမျှော်ကြည့်မိသည်... ။ စိမ်းပြာနှင့် အဝါနုစ်ရောင်ခြ
သည့် တက္ကစီကားတစ်စင်းပါပဲ... ။ သည်နေ့တော့ဖြင့် သူရော
မလာတော့ဘူး ထင်သည်... ။

နန္ဒာ နေကောင်းသွားပြီ ဆိုရင်... ။

"သူက သူ့ကိုယ်သူ ကိုရဲထွတ်... တဲ့... "

နန္ဒာက ရယ်ချင်ချင် ရှိသည်ကို မမက နန္ဒာ့မျ
လုံးများထဲ စူးစူးစိုက်စိုက်ကြည့်နေသည်... ။ ပြီးမှ...

"နန္ဒာ... နေကောင်းလား... "

တဲ့... ။ နေကောင်းတာပေါ့...

နန္ဒာ သိပ်နေလို့ကောင်း နေတာပေါ့... ပုံမှန်ထက
ပင် ပိုပြီးပေါ့ပါးလို့ နေသေးသည်... ။

"သူ့နာမည်က ရဲထွတ်ကျော်... တဲ့ ညီမလေးရဲ့... ။ သူတို့
က တစ်မိသားစုလုံး အမေရိကားမှာ နေတာ... "

"အမေရိကားမှာ... "

"သူကလည်း ဟိုမှာအလုပ်လုပ်တာ... ကလေးကစားစရ
တွေ လက်ဆောင်ပစ္စည်းတွေ ထုတ်လုပ်တဲ့ ကုမ္ပဏီမှာ



လုပ်တာတဲ့... "

"လေယာဉ်ပျံမောင်းတာ မဟုတ်ဘူးလား... "

ဒါဟာ နန္ဒာအစစ်လား...

နန္ဒာ့ကိုယ် နန္ဒာသိသည်လား... ။

"မဟုတ်ဘူး နန္ဒာရဲ့... ။ သူက တစ်နှစ် တစ်ခါမြန်မာပြည်
ကို ပြန်လာတာတဲ့... ။ နှစ်လပြည့်ရင် ပြန်ရမှာတဲ့... "

မမဘာတွေ ပြောနေတာလဲ... ။

သူဟာ နန္ဒာရဲ့ ကိုရဲမဟုတ်ဘူးလို့ ပြောချင်တာ
လား... ။

ဒါဖြင့် ရဲရင့်က သေဆုံးခဲ့ပြီလို့ ထပ်မံအတည်ပြု
ပြောဦးမည်... ။ နန္ဒာ့ဆီ ဘယ်တော့မှ ပြန်မလာနိုင်ဘူးဆိုတာ
သိစေဦးမည်... ။

နန္ဒာ မသိချင်ပါဘူးကွယ်... ။

ရှုးချင်လည်း ရှုးသွားပါစေတော့... ။ သူ ပြန်မလာ
နိုင်ဘူးဆိုတာကို နန္ဒာ ဘယ်လိုရင်ဆိုင်ရမလဲ... ။

[သမီး... အမျှဝေလိုက်လေ... အမျှ... အမျှ... လို့]

ဟာင့်အင်း...

အမျှ မဝေနိုင်ပါဘူး... ။ နန္ဒာနဲ့ ဝေးရာကို သူ
ထွက်မသွားရပါဘူး... ။

ကြေးစည်သံလိုလို နားထဲမှာ ပြန်ကြားလာသည်။
အမျှဝေသံကိုလည်း ကြားသည်။ မေမေပြုံးရဲ့ ငိုရှိုက်သံ...။

www.burmeseclassic.com

www.burmeseclassic.com



ညတွေမှာလည်း သူရောက်လာဖို့ တစ်ယော

တသ်း စောင့်ခဲ့မိသည်… ။ မယုံနိုင်ပါဘူး… ။

သူသာ တကယ်သေဆုံးခဲ့လျှင် နန္ဒာ့အနား ချ

ချင်းရောက်လာမှာပေါ့… လေပြည်လေး အဖြစ်ပဲဆိုဆို… ခန်းဆ

စလေးကို တိုးဝှေ့တွန်းပြရလိမ့်မည်… ။

"ပြန်ရမှာတဲ့လား… "

အတိတ်မေ့နေတာ ဖြစ်မှာပါ…။ သူ့ကိုယ်သူ ဘယ်

သူဆိုတာ မသိတော့တာ ဖြစ်မှာပါ… ။ နယ်စပ်တစ်နေရာက

နိုင်ငံခြားရောက်သွားတာ နေမှာပေါ့… ။

"သိပ်အားနာဖို့ ကောင်းတာပဲကွယ်… နန္ဒာ သတိလစ်

တော့… သူ့ခမျာ တော်တော်ဂရုတစိုက် ပြုစုရှာတယ်…

နန္ဒာကလည်း သူ့ကို မျက်စိအောက်က အပျောက်မခံဘူး

တကယ်ဆို… သူနဲ့ ကိုယ်တွေက ရင်းနှီးဖူးတာလည်း

မဟုတ်… "

စကားပြောရင်း မမရဲ့ မျက်လုံးတွေက နန္ဒာကို

လည်း အဆက်မပြတ် အကဲခတ်နေသည်။ နန္ဒာပုံမှန် ဟုတ်ရဲ့လား

လို့ သိချင်တာလည်း နေမှာ… ။

"ဟုတ်လား… နန္ဒာ… အဲလောက် ဆိုးသလား… "

နန္ဒာ့အမေးကို မမက သဘောကျစွာ ရယ်မော

သည်… ။



"သူဟာ ကိုရဲမဟုတ်ဘူးလား… မဟုတ်ဘူးလို့ မပြောပါ

နဲ့… မဟုတ်ဘူးလို့ မပြောပါနဲ့ မမရယ်… ကိုရဲ နန္ဒာ့ဆီ

ပြန်လာမှာပါ… လေယာဉ်နဲ့ သူဘယ်လောက်ကြာကြာ

နန္ဒာ့ဆီ ပြန်လာတာပဲ မဟုတ်လား… "

"ဒါပေမဲ့… ဒါပေမဲ့… နန္ဒာရယ်… ရဲရင့်က… "

"ဟော… ဟိုမှာ… "

ကာရီနာ ကားဖြူလေးတစ်စီး မြေလမ်းထဲချိုးဝင်

လာသည့်အခါ နန္ဒာ့ရဲ့ နှလုံးအိမ်က မြောက်ကြွခုန်တက်လာသည်။

သူ လာမှာပါပဲ… ။

နန္ဒာ့ဆီ သူရောက်လာမှာပါပဲ… ။

ဒါပေမဲ့… [ကျွန်တော်က ရဲထွတ်ကျော်ပါလို့ ဆိုချေ

ဦးမည်… ။ ပြီးတော့ နန္ဒာနှင့် ပတ်သက်သမျှ ဘာကိုမျှ မမှတ်မိ

တော့သလို နေဦးမည်… ။]

"ညီမလေး သတိထားနော်… "

မမက နန္ဒာ့လက်ကို လှမ်းဆုပ်သည်… ။ စိတ်လှုပ်

ရှားစရာ တစ်ခုခုတွေ့လျှင် ဖြစ်မြဲအတိုင်း နန္ဒာအသက်ရှူရခက်

လာသည်… ။

သူ တကယ်ပဲ မမပြောသလို ပြန်သွားမှာလား။

တကယ်ပဲ နန္ဒာ့ရဲ့ ကိုရဲမဟုတ်ဘူးလား… ။

မမကို အားကိုးတကြီး လှမ်းကြည့်မိသည်… ။ မမ

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ မျက်လုံးအိမ်ထဲ မျက်ရည်များဖြင့် စိုစွတ်လက်ဖြာနေ၏... ။

ပကတိ အသိစိတ် ဆိုတာကို ရချင်လှသည်... ။



"ကိုရဲနဲ့ နန္ဒာ ကျူရှင်ပြန်ရင် ဟောဒီလမ်းကလေးက အတူ ပြန်ခဲ့ကြတာပေါ့... ကိုရဲ တကယ်မမှတ်မိဘူးလား... "

"ဟင့်အင်း... "

"ကိုရဲရယ်... သန်းမြင့်ရယ်... တင်ထွန်းအောင်ရယ် ညိုမြိ ရယ် နန္ဒာရယ် ငါးယောက်လေ... စက်ဘီးက သုံးစီး...မိုး ရွာထဲလည်း အတူပြန်ကြတာပဲ... "

"ဟုတ်လား... ပျော်စရာ ကောင်းမှာပဲနော်... ကျွန်တော့် မှာတော့ မိန်းကလေးသူငယ်ချင်း မရှိခဲ့ဘူး... မြန်မာပြည် မှာ ပြောတာပါ... နိုင်ငံခြားမှာတော့ အများကြီးရှိတယ်"

မျက်မှောင်လေး ကျုံ့မိသည်... ။ သူ့နှုတ်ခမ်းတွေ က ရယ်နေသည်... ။ ပြီးတော့ သူက နန္ဒာနားမလည်သော စကားများစွာပြော၏... ။ နိုင်ငံခြားက ဆေးရုံအကြောင်း...

www.burmeseclassic.com

www.burmeseclassic.com



ဆေးဝါး ကုသမှု စနစ်အကြောင်း… ပြောသည်။

နေရောင်အနည်းငယ် ညို့နေ၏… ။ အဆက်မ ပြတ် လေတိုက်နေသည်ကိုပင် သူက ရာသီဥတုကို ညည်းညူမိ သေးသည်… ။ နန္ဒာကတော့ သူ့နားသယ်စပ်မှာ ချွေးစက်လေး တွေ စို့နေသည်ကိုပင် ကြည့်ကောင်းသည် ထင်မိ၏… ။ မြေလမ်း ကျဉ်းထဲမှာ ဖြတ်သွားသည့် အနည်းအကျဉ်းသော ဖြတ်သွားဖြတ် လာတို့က နန္ဒာတို့နှစ်ယောက်ကို စိတ်ဝင်တစား ကြည့်ကြသည်။

"ဒီလမ်းကလေးကနေ ဈေးဘက်ကို ကွေ့သွားရင်…မေမေ ပြုံးတို့ဆီရောက်တယ်… သွားရအောင်နော်… ကိုရဲ… "

"ဟင့်အင်း… "

"ကိုရဲကို တွေ့ရင် သူတို့အံ့သြသွားမှာ… "

"မတွေ့ချင်ပါဘူး… "

ကိုရဲကို ဘာကြောင့် မတွေ့ချင်ဘူးရယ်လို့ မမေးမိ နန္ဒာ ဇွတ်တရွတ်တောင်းဆိုသည်ကို သည်လောက်ထိလိုက်လျော သည်ကိုပဲ ကျေးဇူးတင်စရာ ထင်သည်… ။ နန္ဒာသည် မမများ နောက်က လိုက်လာသည်လားဟု မကြာခဏလှည့်ကြည့်မိသည်။ သူကတော့ နန္ဒာတို့ လမ်းကလေးထဲ… အထူးအဆန်းတွေ မြင်ရ တွေ့ရသလို အရာရာတိုင်းကို စိတ်ဝင်တစား ရှိနေသည်… ။ ပြီး တော့ နန္ဒာ့လက်ကို ဆုပ်ကိုင်ထားသေးသည်… ။ သူ ဆုပ်ကိုင်ထား ပုံက နန္ဒာက မသွားတတ်မလာတတ်မို့ ချော်လဲမှာ စိုးရိမ်နေပုံ မျိုး… ။



နန္ဒာ့ကို မကြာခဏ လှည့်ကြည့်သေးသည်။ မီးရ ဘားလမ်းနှင့် နီးလာတော့… သူက…

"ပြန်လှည့်ကြစို့တဲ့… "

တဲ့… ။

"ဘာဖြစ်လို့လဲ ကိုရဲရဲ… ။ ဈေးဘက်ရောက်အောင် သွား မယ်လေ… "

"နန္ဒာ ကောင်းကောင်း နေမကောင်းသေးဘူး… တော်ကြာ ပြန်ဖျားနေလိမ့်မယ်… "

"မေမေပြုံးတို့နဲ့ တကယ်ပဲ မတွေ့ချင်ဘူးလား… "

"ကိုယ်နဲ့မှ မသိတာ… "

"ဟင်… ကိုရဲရဲ့ မိဘတွေပဲ… "

"မဟုတ်ဘူး… ကိုယ့်မိဘတွေက အယ်လ်အေမှာပါ… "

"အို… မဟုတ်… "

"အဲဒါတွေ မပြောကြစို့နဲ့… ပြန်ကြစို့နော်… "

"ကိုရဲ… အရင်လို မဟုတ်တော့ဘူး… "

သူခေါင်းယမ်း ရယ်မောနေသည့်အခါ… နန္ဒာ့ရင် ထဲမှာ လှိုက်ပြီး ဝမ်းနည်းလာသည်။ နန္ဒာ့ရဲ့ ချစ်သူဟာ… နန္ဒာ့ ကို အမြဲအလျှော့ပေးတတ်သူ မဟုတ်တော့ပါလား… ။

"ဟုတ်လား… ကိုယ် အရင်က ဘယ်လိုလဲ… "

မေးပြီး သူက ရယ်မောပြန်သည်… ။ မျက်ဝန်းအိမ် တွေ စိုစွတ်လာပြီး… စကားတွေက လည်ချောင်းထဲမှာ တစ်ဆို့

www.burmeseclassic.com

www.burmeseclassic.com



ကုန်သည်... ။

အရင်ကတော့... နန္ဒာ့အတွက်ဆို... မာနတရားကို ပင် မေ့လျော့ထားခဲ့သည့် ချစ်သူမဟုတ်လား... ။



"ဒါ ဆယ်တန်းအောင်စာရင်းထွက်တဲ့နေ့က... "

"သြော်... "

ခါတ်ပုံ ဆေးသားတွေက... ပျော့မှိန်နေပြီ... ။ အရောင်တွေလည်း ပြောင်းနေပြီ... ။ တချို့ ခါတ်ပုံတွေဆို... အကွက်အပြောက်ကလေးတွေ ဖြစ်နေပြီ... ။ ဒါပေမဲ့ ခါတ်ပုံတွေ ကို မြင်လျှင် ကောင်းစွာမှတ်မိနေသေးသည့် ပုံရိပ်ဟောင်းတွေ နေသည်... ။ အဲသည်ကာလတွေကို ကောင်းစွာသတိရနေသေး ည်။ ပျော်စရာကောင်းလှသည့် လွတ်လပ်ပေါ့ပါးလှသည့် ငယ် ဝလေးတွေ... ။

သည်စဉ်တုန်းက နန္ဒာသည် ဂျပန်ဆံတောက်ဆံ င်ကလေးတစ်ခါခါနှင့် ပါးဖောင်းဖောင်း၊ နှုတ်ခမ်းရဲရဲလေးတွေ သည်... ။ ကိုရဲကတော့ ဆံပင်တိုတို မျက်နှာပြည့်ပြည့် ရင်အုပ်

www.burmeseclassic.com

www.burmeseclassic.com



ကျယ်ကျယ်နှင့် လူပျိုပေါက်စ... ပေါ့... ။

ခုတော့... ။

"ဘာ... ပြော်... လဲ... ။ ကျောင်းရှေ့က... ဆိုင်းဘုတ်အောက်မှာ အမှတ်တရရိုက်ခဲ့ကြတာလေ... တင်ထွန်းအောင်ရဲ့ အော်တိုကင်မရာနဲ့... ။ သူငယ်ချင်းတွေလျှောက်လည်ကြလို့ ညနေစောင်းသွားတော့ နန္ဒာ... မပြန်ရဲလို့ ကိုရဲက ခြံဝအထိ လိုက်ပို့တာလေ... "

"ဟုတ်လား... "

သူ့မျက်လုံးတွေက ပကတိ အစိမ်းသက်သက်...။

သူဟာ နန္ဒာ့ဘဝထဲက အရင်းနှီးဆုံး သူစိမ်းလူတစ်ယောက်သာ ဖြစ်နေတော့သည်... ။ ဝမ်းနည်းခြင်းဖြင့်သာ သူ့ကို ငေးကြည့်နေမိသည်... ။ ပြီးတော့... ရင်ထဲမှာ လှိုက်ပြီး အသက်ရှူတွေ မြန်လာပြန်သည်...။ မမက အနားရောက်လာပြီး နန္ဒာတို့ရှေ့ ကော်ဖီခွက်တွေ ချပေးသည်...။ သူတို့ရဲ့ မျက်လုံးတွေက နန္ဒာ့ကိုသာ အခါမလပ် စောင့်ကြည့်နေတတ်ကြသည် ထင်ပါရဲ့... ။

သူကတော့ ချက်ချင်း နန္ဒာ့အရိပ်ကို သိပြီး...

"နန္ဒာ... မောနေလား... "

ဟု မေးသည်... ။ ခေါင်းယမ်းမိသည်လား မသိ။ သူနှင့် တဖြည်းဖြည်း ဝေးကွာစိမ်းကားလာသလို စိတ်ထဲမှာ ထင်မိသည်... ။



"ပြောပြပါဦး... နန္ဒာတို့ အကြောင်းက သိပ်စိတ်ဝင်စားဖို့ကောင်းတယ်... "

"နန္ဒာတို့ အကြောင်းဟုတ်လား... "

"ဟုတ်တယ်လေ... နန္ဒာနဲ့ ကိုရဲရင့်တို့အကြောင်း... "

မမက နန္ဒာ့ကို ပြုံးစစနှင့်ကြည့်သည်... ။

"ဟုတ်တယ်... အဲဒီနေ့က နန္ဒာ့ကို ရှာဖို့အတွက် မေမေနဲ့ ရဲရင့်ခြံဝမှာ ထိပ်တိုက်တိုးတော့တာပေါ့... မေမေက စိတ်တွေ ဆိုးပြီး နန္ဒာ့ကိုလည်း ဆူ၊ ရဲရင့်ကိုလည်း တော်တော်ပြောပစ်လိုက်တယ်... နန္ဒာ ငိုတာ တော်တော်နဲ့ ချော့လို့မရဘူး... နန္ဒာက ခေါင်းမာတာ အစွဲကြီးတာတွေ မေမေနဲ့ သွားတူနေတော့ မေမေကောင်းကောင်း စိတ်ညစ်ရတော့တာပေါ့... "

မမ ရယ်မောမပျက် ပြောနေပေမဲ့ နန္ဒာက ငိုချင်ပြီ... ။ သူဟာ သူစိမ်းတစ်ယောက် မဟုတ်ပါဘဲနဲ့... ။

သည်အဖြစ်တွေကို တကယ်ပဲ မမှတ်မိနိုင်တော့လား... ။

"အဲဒီတုန်းက နန္ဒာတို့က ချစ်သူတွေပေါ့... "

နန္ဒာ့မျက်နှာကို စေ့စေ့ကြည့်ပြီး သူကမေးသည်။

"တကယ်ပဲ မမှတ်မိတာလား... ကိုရဲရယ်... "

အယ်လ်ဘမ်ကို လေးလေးကန်ကန်ပိတ်ပစ်လိုက်ပြီး သူ့အပြုံးတွေကို ရှောင်လွဲလိုစွာ... မျက်လွှာချပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အညိုရောင်အဖုံးထူပေါ်... ခပ်နွေးနွေး မျက်ရည်စက်တွေ
ပေါက်ပေါက်ကျသွား၏... ။

သူက နန္ဒာ့ပခုံးစွန်းကို ခပ်ဖွဖွ ဆုပ်ထားသည်
"နန္ဒာ ဝမ်းမနည်းပါနဲ့... နန္ဒာ့ဘဝမှာ သူမရှိတော့
သူ့လို နန္ဒာ့ကို ချစ်မဲ့ ကြင်နာမဲ့သူတွေ ရှိနိုင်တာပဲ မဟု
လား... "

"မဟုတ်ဘူး... "

မျက်ခွံတွေကို တင်းတင်းပိတ်ပြီး အော်ပစ်လို
သည်... ။



သူ့ခြေလှမ်းတွေက ကဲ့သည်မို့ နန္ဒာတော်တော်နှင့်
လိုက်မမီ... ။ သူ့ခြေလှမ်းကို မီအောင်လိုက်ရင်း မောလာသည်။
သူကတော့ တက်ကြွပျော်ရွှင်မှုအပြည့်နှင့်မို့ မိုးမမြင် လေမမြင်
ဆိုသည့် စကားလိုပင် ဘာကိုမှ မမြင်နိုင်သည်လား မသိ... ။
သူ့ကျောပိုးအိတ်ကို နန္ဒာ နောက်ကဆွဲလိုက်သည့် အခါမှ သူ့ခြေ
လှမ်း နည်းနည်းတုံ့သွားသည်... ။

"ဖြည်းဖြည်းလျှောက်ပါဟယ်... မောလို့သေတော့မယ်"

"ဟာ... နင်ပဲ နောက်ကျနေပြီဆို... "

"အေးလေ... ဒါပေမဲ့... နင့် ခြေလှမ်းတွေကို ငါ... မမီဘူး
ဟဲ့... "

သူက ခေါင်းမော့ပြီး ရယ်မောသည်... ။ အဲသည်
အရယ်က... ကိုရဲရဲ့... ဆွဲဆောင်မှုတစ်ရပ်... တဲ့... ။ နန္ဒာ သူ့ငယ်

www.burmeseclassic.com

www.burmeseclassic.com



ချင်းတွေက သည်လိုမှတ်ချက်ချသည်။ နန္ဒာကဖြင့် ကိုရဲကို ခင်… စရာ ကောင်းသူမို့သာ ခင်မင်မိသည်… ။ အပြိုးတွေ အရယ်… အမဲ့တွေဆိုတာကို သတိထားမိသည် မဟုတ်ချေ… ။ စာမေး… နောက်ဆုံးနေ့မှ အော်တိုရေးခိုင်းဖို့လည်း ခပ်ကြောင်ကြော… အလုပ်ဟု ထင်သည်… ။

ထို့ကြောင့်… ရှေ့ရောက်လာသမျှ စာအုပ်တွေ… လက်မှတ်ထိုးခဲ့ပြီး နန္ဒာ့ကိုယ်ပိုင်စာအုပ်တော့ မရှိခဲ့… ။

"နင်ကလည်း…ဒါ… ငါ့ပုံမှန် ခြေလှမ်းပဲ… ။ ပရိတ်လျှော… တဲ့အခါကျတော့ ဒီလိုခြေလှမ်းမျိုးမှ ဖြစ်မှာဟ…"

"ရှုံးလိုက်တာနော်…"

အဲသည်အချိန်တုန်းက ကိုရဲမှာ… ခိုင်မာသည့် ရည်… မှန်းချက် ဆိုတာ ရှိနှင့်သည်… ။ နန္ဒာကတော့ အကောင်းဆုံး… တာတွေကို လိုချင်တတ်မြဲပေမဲ့ တကယ်တမ်း စာမေးပွဲဖြေတော့… ဘယ်ဘာသာကိုမှ စိတ်တိုင်းမကျခဲ့… ။ အနည်းဆုံး အသက်မွေး… ဝမ်းကျောင်း တက္ကသိုလ်တစ်ခုခုတော့ ရရမယ်ဆိုပြီး စာမေး… အောင်စာရင်းထွက်တော့ ဂုဏ်ထူးတစ်ဘာသာပင် မပါ… ။ ကို… ကမှ သင်္ချာ၊ အင်္ဂလိပ်နှစ်ဘာသာ ဂုဏ်ထူးဖြင့် အောင်ခဲ့သေ… သည်… ။

နံနက်စောစောကတည်းက သိပြီးပေမဲ့ လူစုံ… ကျောင်းမှာ သူငယ်ချင်းတွေ ဆုံချင်သည်မို့ ကျောင်းကို သွား… ကြသည်… ။ တင်ထွန်းအောင်က အော်တိုကင်မရာလေး ယူလာ…



…း ဓါတ်ပုံရိုက်ကြသည်… ။ ညီမိတို့အိမ်မှာ စီဒီယိုကြည့်ကြပြီး …တွေ သည်းသည်းရွာလာတော့ တော်တော်နှင့် မပြန်ဖြစ်… ။ …မှိုအစ်မတွေက… ခေါက်ဆွဲကြော်တွေ ကြော်ကျွေးနေတာ …ကြောင့်လည်း အပျော်တွေစုပြီး သူတို့အချိန်ကို မေ့နေခဲ့သည်။

ပြန်ဖို့ သတိရချိန်မှာ နေရောင်အတော်ကျနေပြီ။ …လျှို့လျှို့လမ်းခွဲပြီး လစ်ကုန်ကြပြီ ဆိုပါတော့… ။ ကိုရဲနှင့် နန္ဒာ …လမ်းကြောင်းတစ်ခုတည်း… ။

"နင့်ကို ငါ လိုက်ပို့မယ်…"

ဆိုပြီး ကိုရဲက ပြောတော့ နန္ဒာဝမ်းမြောက်ဝမ်း …ာ လက်ခံမိသည်… ။ စိတ်ထဲမှာ ကိုရဲကို ဘယ်အချိန်ကတည်း …ာ လိုလားလက်ခံမိသည် ဆိုတာမသိနိုင်… ။ နှစ်ယောက်တည်း …မ်းလျှောက်ပြန်လာချိန်မှာ မိုးက ခပ်ဖွဲဖွဲရွာလာသည်။ နန္ဒာ့ရဲ့ …ဆစ်ချိုးထီးကလေးကို ဖွင့်ပြီး ကိုရဲကို ဆောင်းပေးရမှာလည်း …တ်ထဲမှာ မရွံ့မရဲဖြစ်မိသည်… ။

"ရော့… နင် ဆောင်း…"

ဆိုတော့ ကိုရဲက နန္ဒာ့ကို မျက်မှောင်ကြုံ့လျက်ပင် …ပြုံးပြုံး ကြည့်သည်… ။ အဲသည် အပြုံးက အေးစက်ပြီး ဇွတ်တ …တ်နိုင်လှသည့် လူငယ်လေးတစ်ယောက်အဖြစ် သူ့ကိုထင်မြင်စေ …သည်… ။

"ငါက မလိုပါဘူး… မိုးထဲ လေထဲ ငါသွားနေကျ… နင့်ဘာ သာ လုံအောင်ဆောင်းပါ…"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့… အဲလိုတော့လည်း တစ်မျိုးကြီးပဲ… "

မိုးဖွဲဖွဲထဲ သူ လျှောက်နေသည်ကို မြင်ရလျှင် ရင်ထဲမှာ… ဝမ်းနည်းသလိုလို… ဂရုဏာသက်မိသလိုလို ခံစားရသည် ..။ ထီးကို ဝိတ်ပစ်လိုက်တော့ သူက နန္ဒာ့ကို အံ့သြတကြီး ကြည့်သည်… ။

"သိပ်မှ မရွာတာ ငါလည်း မဆောင်းတော့ဘူး… "

"ဟာ… နင်ကလည်း… "

BURMESE CLASSIC

မိုးစက်မှုန်ဖွဲဖွဲတွေ မျက်နှာဆီ လာစင်သည်… ။ ကိုရဲက နန္ဒာ့လက်ထဲမှ ထီးကို ဇတ်ခနဲ ဆွဲယူပြီး ဖွင့်လိုက်သည်။

"ငါ့ကို အားနာမနေနဲ့… ။ ငါတို့က မိုးမိလည်း ဘာမှမဖြစ်ဘူး… နင်သာ… မိုးမိပြီး နှာစေးချောင်းဆိုးဖြစ်မှာ စိုးရတာ… ။ နင်က ပင်တိုင်စံမင်းသမီးလေး မဟုတ်လား… "

"ဟာ… ဘာလဲဟ… "

သူ့စကားက နန္ဒာ့ကို ရှက်ရွံ့ရှိန်းမြသွားစေသည်။

"အဲလောက်ကြီးလည်း မဟုတ်သေးပါဘူး… "

မိုးပေါက်တွေ စိတ်စိတ်ကျမလာသေးပေမဲ့ကောင်းကင်ကတော့ မှောင်သထက် မှောင်လာသည်။ သူ ဘယ်လိုငြင်းငြင်း ရင်ထဲမှာ သူ့အတွက် စိုးရိမ်စိတ်က… ထူးထူးဆန်းဆန်းပင် ကျန်ရစ်မြဲ… ။ ထီးလက်ကိုင်ကို တင်းတင်းဆုပ်ကိုင်ထားရင်း… သူ့ ခြေလှမ်းတွေနောက် အမီလိုက်ခဲ့ရသည်… ။ အဲသည်အချိန်မှာ မိုးက ဝုန်းခနဲပြိုကျလာတော့ နန္ဒာ့စိုးရိမ်စိတ်တွေက ဘယ်လိုမှ



ထိန်းချုပ်နိုင်ဘဲ… သူ့အပေါ် ထီးမိုးပေးခဲ့မိတာ… ။

အဲသည်လို အခြေအနေမျိုးမှာမှ မေမေနှင့်ရင်ဆိုင်ရတော့သည်… ။ နန္ဒာ့မေမေက နန္ဒာ့လိုပင်… ခေါင်းမာတတ် … စိတ်အစွဲကြီးသူ၊ ပြီးတော့ တစ်ယူသန်လှသူဖြစ်သည်။

မေမေရဲ့ ဒေါသတွေက… နန္ဒာတို့နှစ်ယောက်အ …က် ဝေးကွာနေရာကနေ ဖြုန်းခနဲ နီးကပ်စေခဲ့သည်ဟုလည်း …ပြောနိုင်ပါသည်… ။

အဲသည် ညနေက မေမေ့စကားကြောင့် နန္ဒာ သူ့ …ိုသနားအားနာခဲ့ရသလိုပင်… သူကလည်း အဲသည်အဖြစ်ကြောင့် …ရင်ထဲမှာ မျိုသိပ်ကိန်းဝှက်ခဲ့သည့် အချစ်ဆိုတာကို သူ့ဘာသာ …ားလည်ခဲ့ရသတဲ့… ။

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဘယ်လိုဖြစ်လာတာလဲ မိနန္ဒာရဲ့... ညည်းတော် တော် မိုက်မဲတာပါလား... တော်တော်အရှက်မဲ့တာပါလား... ဟင်... "

လို့ မေမေက ပြောပြီး နန္ဒာ့လက်ထဲက ဆုပ်ထားသည့် ထီးနှင့်အတူ နန္ဒာ့လက်ကိုပါ ဇတ်ခနဲဆုပ်ကိုင်ဆွဲလိုက်သည်။ နန္ဒာသည် ရုတ်တရက် ကြောင်အမ်းအမ်းဖြစ်သွားပြီး မေမေ့ကို ဘယ်လိုဖြေရှင်းပြမည်ဟု ကြိုတင်ကြံစည်ခဲ့သမျှတွေအားလုံး... သဲမှုန်အစတွေလို ပျောက်ပျက်ကုန်သည်။ သူကတော့ ကြောင်စီစီ မျက်လုံးများဖြင့် မေမေ့ကို စိုက်ကြည့်နေပြီးမှ ရုတ်တရက် မျက်ခုံးတွေ ကုပ်ကျသွားပြီး နှုတ်ခမ်းထောင့်တွေ ယောင်ယောင်ကလေး ကော့တက်သွားသည်... ။

"သွားစမ်း... နင် အိမ်ထဲဝင်စမ်း... "



မေမေ ဘယ်လိုပြောပြော နန္ဒာက မေမေ့သမီးပီပီ မိုးသည်းသည်းအောက်မှာ ပေကပ်ရပ်နေသည်။ သူက မေမေနှင့် ရင်ဆိုင်တော့မည် ဆုံးဖြတ်ပြီးပဟန် မျက်နှာထားဖြင့်...

"ကျွန်တော်က နန္ဒာတစ်ယောက်တည်း ဖြစ်နေလို့ ပြန်လိုက်ပို့တာပါ အန်တီ... "

ဟုမထစ်ငေ့ါပေမဲ့ အနည်းငယ်အေးစက်သောလေသံဖြင့် ပြောလေသည်... ။

"မလိုပါဘူး... "

မေမေ သူ့ကိုကြည့်သည့် အကြည့်က အထက်စီးဆန်သည်။ နန္ဒာ့ရင်ထဲမှာ ရှက်ရွံ့အားနာမှုတွေ ပြည့်သိပ်လျက် သူ့ရှေ့မှာ သိမ်ငယ်နေခဲ့၏... ။

"မင်း နန္ဒာနဲ့ ပတ်သက်စရာမလိုဘူး... လိုက်ပို့စရာလည်း မလိုဘူး... နန္ဒာ့အနားမှာ ကပ်မနေပါနဲ့... ။ မင်းရဲ့အဆင့်အတန်းကို မင်းသဘောပေါက်ပေ့ါ... "

"ဗျာ... "

"မင်းမှာ နန္ဒာနဲ့ နီးစပ်ဖို့ အဆင့်ရှိလို့လား... "

"မေမေ... "

နန္ဒာက ထူပူနေပြီး မေမေ့ လက်မောင်းကို ကိုင်လှုပ်နေသည်... ။ သူနဲ့ သမီး ဘာမှမဖြစ်ဘူးဟု ရင်ထဲမှာသာ အော်ဟစ်နေသည်... ။ အဲသည် စကားတွေက အပြင်ထွက်မလာနိုင်... ။ ညိုသော သူ့မျက်နှာကတော့ တဖြည်းဖြည်း နီမြန်းလာက

www.burmeseclassic.com

www.burmeseclassic.com



နေ ပြာနှမ်းနှမ်းပင် ဖြစ်လာသည်... ။ မေမေ့မျက်နှာကို မကြည့်တော့ဘဲ သူက မေမေ့နောက်မှာ ကပ်ပြီး မျက်နှာပျက်ပျက်ဖြင့် အတင်းတားမြစ်နေသည့် နန္ဒာ့ကို ခပ်စိုက်စိုက်ကြည့်သည်... ။

"မင်း... ဒီအိမ်ရှေ့ကို ဘယ်တော့မှ လာစရာမလိုဘူး"

"ဟုတ်ကဲ့ပါ... အန်တီ"

ရုတ်တရက် ချိုမြစွာပြုံးလိုက်သော သူ့အပြုံးနှင့် အဲသည် စကားကို ကြားရစဉ်မှာ နန္ဒာ့ခန္ဓာကိုယ်ထဲ ပူနွေးသော သွေးတွေ ရုတ်တရက် ရပ်တန့်သွားပြီး တောင့်တင်းအေးစက်သွားသည်ဟူ၍ပင် ထင်ရသည်... ။

"နန္ဒာ... ငါ... ပြန်ဦးမယ်..."

"ကိုရဲ..."

"အိမ်ထဲဝင်တော့လို့ ပြောနေတယ် မဟုတ်လား..."

မိုးသည်းသည်းမှာ မျက်ရည်တွေ စိုရွှဲပြီး အိမ်ထဲဝင်လာခဲ့သည် နန္ဒာ့အာရုံထဲမှာ အေးစက်ချိုမြလှသည့် သူ့အပြုံးက ဘယ်လိုမှ ဖျောက်ဖျက်မရနိုင်အောင် ခိုတွယ်ကပ်ငြိလျက်ပါလာသည်... ။

အိမ်ထဲရောက်တော့ ယောကျ်ားလေးတစ်ယောက်နဲ့ မိုးရွာထဲ ထီးအတူဆောင်းပြီး ပြန်လာခဲ့သည့် အပြစ်အတွက် မေမေက နန္ဒာ့ကို ဆူပွက်မဆုံး... ။ သူနှင့် မနီးစပ်နှင့်ဆိုတာလည်း ပါသည်... ။ အတန်းအစား မတူဘူး ဆိုတာလည်းပါသည်... ။



အိပ်ပျော်နေသည့် နန္ဒာ့ကို မေမေက လှုပ်နှိုးခဲ့သည် ဟူ၍ပင် ထင်ပါသည်... ။

နောက်တစ်ကြိမ် သူနှင့် ပြန်အတွေ့မှာပဲ... နန္ဒာတို့ ချစ်သူတွေ ဖြစ်ခဲ့ကြသည်... ။

www.burmeseclassic.com

www.burmeseclassic.com



## (၇)

ကားဟွန်းကို သုံးလေးခါ နှိပ်ပြီး ခြံတံခါးပွင့်လာဖို့ အချိန်အကြာကြီး စောင့်နေရသည်… ။ တကယ်တော့ နန္ဒာတို့ ခြံဝင်းသည် အိမ်တံခါးနှင့် ခြံတံခါး ခြေလှမ်းလေးငါးလှမ်းစာမျှပင် ဝေးပြီးမကျယ်ဝန်း… ။ အိမ်အတွင်းကနေ လှမ်းကြည့်လျှင် ခြံဝမှာ ဘယ်သူဆိုတာ ပြတ်ပြတ်သားသားမြင်နိုင်သည်… ။ ခြံဝင်းတံခါးကို ကွယ်နေသည့် သစ်ပင်ကြီးကြီးမားမားတွေလည်းမရှိ။ အိမ်ရှေ့ မြေအပိုကို ကွန်ကရစ်ခင်းထားပြီး ကားဂိုဒေါင်လေးဘေးဖက်မှာ ပါဝင်ပေမဲ့ အဲသည်ကားဂိုဒေါင်မှာ များသောအားဖြင့်… အခွံအတိုင်း ဟင်းလင်းဖြစ်နေသည်… ။ နန္ဒာ့ဖေဖေ ရှိလျှင်တော့ အစိမ်းရောင် 'မာဇဒါဂျစ်ကားကလေးရှိတတ်သည်… ။

ခဏကြာတော့ နန္ဒာ့ကြီးဒေါ်ကြီးကြီးသန်း… ခပ်သွက်သွက် ပြေးထွက်လာပြီး ခြံတံခါးကို ဖွင့်သည်… ။ သနပ်ခါး



ချက်နှာဖြင့် အမြဲသပ်သပ်ရပ်ရပ် ရှိတတ်သည့် ကြီးကြီးသန်းသည် အနည်းငယ် ပုံစံပျက်ယွင်းပြီး ကပိုကရိုဖြစ်နေ… ။ သူ့ကို မြင်တော့ အလွယ်တကူ ခင်မင်တတ်သည့် မိန်းမကြီးသည်…

"ပြန်ရောက်ပြီလား… မြန်လှချည်လား… "

ဟု… နှုတ်ဆက်သည်။

"ဟုတ်တယ်… ကြီးကြီး… ၊ ကျွန်တော့်ဦးလေးမိသားစုလည်း မလိုက်ဖြစ်တော့… တစ်ရက် နှစ်ရက်ပဲနေပြီး ပြန်ခဲ့တာ… "

နန္ဒာ့ကိုလည်း စိတ်မဖြောင့်လို့ ဟူသော စကားကိုတော့ သူမပြောဖြစ်… ။ ကြီးကြီးက ခြံတံခါးကို ဟထားပြီမို့ ကားကိုခြံထဲအထိ မောင်းသွင်းလိုက်သည်… ။ အစိမ်းဖျော့ရောင် နှစ်ထပ်တိုက်ကလေးသည် အသက်မဲ့စွာ ငြိမ်သက်တိတ်ဆိတ်နေ၏။

"ကြီးကြီး တစ်ယောက်တည်းမို့… မီးဖိုထဲမှာ ဟင်းအိုးချမီးပိတ်လုပ်နေရတာနဲ့ ကြာသွားတယ်… မောင်ရဲရဲ… "

ဟု… အမျိုးသမီးကြီးက မောပန်းဟန်ဖြင့် ရှင်းပြနေသည်… ။

"တစ်ယောက်တည်းလား… နန္ဒာတို့ မရှိကြဘူးလား ကြီးကြီး… "

"နန္ဒာ ဆေးရုံတင်ထားရတယ်လေ… သားရဲ့… "

"ဗျာ… "

www.burmeseclassic.com



"ဗိုလ်ကြီး သူရစိုးနဲ့ တွေ့ရင် သားသိလိမ့်မယ် ထင်တာ"

"ကျွန်တော် သူရနဲ့ မတွေ့သေးဘူး ကြီးကြီး... မနေ့ညက မှ ကျွန်တော် ပြန်ရောက်တာ... အခြေအနေ တော်တော် ဆိုးလို့လား... "

ကားပေါ်က တံခါးဖွင့်ဆင်းလာသည့် ရဲထွတ်လက် မောင်းကို လှမ်းဆုပ်လိုက်သည့် အမျိုးသမီးကြီး၏ လက်ချောင်း များက တုန်ယင်နေကြသည်... ။ သူ့ကို လှမ်းတွဲလိုက်သည်လား အမှီသဟဲပြုလိုက်သည်လား မသေချာ... ။

ရင်ဘတ်ထဲမှာ ဝမ်းနည်းခြင်းတွေ ဆောင့်တိုးလာ သည်... ။ စိုးရိမ်စိတ်တွေ ပြည့်သိပ်လာသည်။

"ကြာပြီလား... ဘယ်နေ့ကလဲ... ဘယ်လိုဖြစ်တာလဲ..."

မေးခွန်းများကို ဆက်တိုက်မေးဖြစ်သည်... ။

ကြီးကြီးက "ထိုင်ပါဦး သားရယ်... "

ဆိုပေမဲ့ သူ့ခြေထောက်တွေက ရပ်တည်နေမရ တော့... ။

"သား... သွားပြီ နောက်တစ်ရက်ပဲ... ဘယ်လိုမှ ထိန်းလို့ မရတော့ဘူး... ရင်ထဲမှာ ပူတယ် ပူတယ်နဲ့... ရေချိုးခန်း ထဲမှာ ရေစိမ်နေတာ... ။ သူ့အဖေလည်း ထိန်းလို့မရတော့ လို့ မင်္ဂလာဒုံပို့လိုက်ရတယ်... "

ကြီးကြီးက ဖွင့်မပြောလည်း ဘာကြောင့်ဆိုတာ



ကြီးကြီးသန်းရဲ့ မျက်လုံးတွေက ပြသည်လိုပင်... ။ ရှန်းလေးနှစ်နေ စုပ်ယူဆွဲတတ်သော နွံအိုင်ထဲ ရောက်နေသည်လားဟု ကိုယ့်ဘာ သာ ရယ်ချင်ချင်တွေးမိလည်း ရင်ထဲမှာ လေးလံဆဲပင်... ။

www.burmeseclassic.com

www.burmeseclassic.com



သူရမျက်နှာမှာ ခမ်းမြူးမြူး ခပ်ရွှတ်ရွှတ်အရိပ်တွေ မရှိတော့… ။ တက်ထရက်စ်ယူနီဖောင်းကြောင့်လား မသိ။ သူရနားထင်အစပ်မှာ နဖူးအစပ်မှာ ချွေးစက်ချွေးဥတွေ စီရီနေသ ။

"မင်း… တွေ့ပြီးပြီလား… "

ဟု သူ့ကို ခပ်တိုးတိုး မေးတော့ ခေါင်းညိမ့်မိသည်။

"အိပ်ပျော်နေတယ်… "

"အင်း… ခုတော့ ငြိမ်သွားပါပြီ… ။ ညကတော့ ငိုလိုက်ရယ်လိုက်နဲ့… "

ပခုံးပေါ်တင်ထားသည့် နားကျပ်ကို ယူပြီး… သေတ္တာနက်ပြာပြာထဲ ခွေထည့်သည်… ။ ပြီးတော့ မျက်မှန်ကို လက်ကိုင်ပဝါဖြင့် သုတ်နေသည်… ။ ဆေးတပ်သားရဲဘော်တစ်



ယောက် သီချင်းတိုးတိုးညည်းရင်း အနားက ဖြတ်သွားသည်ကို သည်တိုင်ဆန့်၍ ကြည့်သည်… ။

သူကတော့ ဘောင်းဘီအိတ်တွေထဲ လက်နှစ်ဖက်သည့်ပြီး ကြွေပြားခင်း ကြမ်းပြင်ဆီ ဝေဝေဝါးဝါးကြည့်ဖြစ်သည်။ အစိမ်းရောင် ကြွေပြားတွေကို မမြင်… ။ ပင်လယ်ပြင်စိမ်းစိမ်းကြီးလိုလို မပြတ်မသားဝေဝါးသော အစိမ်းပင်လယ်ကိုသာ မြင်သည်… ။

သူရက… သူ့ ပခုံးကို ဖွဖွလာဖက်သည်။

"မင်းကို ဒီဇာတ်ထဲ ဆွဲသွင်းမိတာ တော်တော်နောင်တရတယ်… "

"ဟုတ်လား… "

သူက ပြုံးစွေစွေဖြင့် ပြောမိသည်… ။ သူရ အလိုက်သင့်ပင် မပြုံးတော့…

"တကယ်ပြောတာကွ… "

"ဒါဖြင့်… မင်းက ခုဘယ်လို စီစဉ်ချင်သေးတာလဲ… "

ဟု… နှုတ်ခမ်းတွေ ပြန်စုရင်း မေးဖြစ်သည်… ။

"မသိဘူး… ငါ စီစဉ်ချင်လို့လည်း မရတော့ဘူးလေ… ။ လောလောဆယ် ဆေးခွင့်နဲ့ အလုပ်ခဏဆိုင်းထားတယ် ဒီပုံအတိုင်း ဘယ်လောက်ကြာမယ်ဆိုတာ မပြောတတ်ဘူး… "

"မကောင်းနိုင်ဘူးလား… "

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းမှာပါ… တို့ဆီမှာ ဆေးကျောင်းတက်ရင်း
ကျက်ရင်း ဒီလိုပဲ… ဝေါက်သွားတဲ့ သူတွေရှိတာပဲ…နော
တော့လည်း ပြန်ကောင်းပြီး ဆရာဝန်ဖြစ် အမ်အက်
တွေ ဘာတွေဖြေ ဟုတ်လို့ပဲ… "

"ဒါဆိုလည်း ပြီးရောပေါ့ကွာ… ဒီလောက်ကြီး စိတ်ပူစ
မလိုပါဘူး… "

သည်လိုဆိုတော့မှ… သူရက သူ့ကို မယုံသ
ကြည့်သည်… ။

"မင်းက စိတ်မပင်ပန်းဘူးပေါ့… ဒီကိစ္စမှာ ကန့်လန့်ကြ
ပါနေရတာကို ဘယ်လိုမှ မနေဘူးပေါ့… "

"ဟင့်အင်း… ဒီလိုတော့ မဟုတ်ပါဘူး… "

"ဒါဖြင့်… ဘာလဲ… ဘယ်လိုလဲ… "

ရင်ဘတ်ထဲ အပြည့်လေကို တစ်ဝကြီး ရှူသွ
လိုက်သည်။

"ဒါ… ငါစိတ်ဝင်စားတဲ့ ကိစ္စပဲ… "

သည်စကားကို သူရ ယုံသည်မယုံသည် မသိချ
သူ့ကိုယ်သူ အဖြေတစ်ခု ဖြေစရာ ရှိသွားသည်ဆိုလျှင် ကျေနပ်ပြ

"သုတေသနလုပ်ငန်း တစ်ခုလိုပေါ့ကွာ… ငါ့ကို တွေ့ပြ
ပိုဆိုးသွားတဲ့သူ့ဝေဒနာက…ငါ့ကြောင့် ပိုကောင်းလာတ
ဆိုရင် ကျေနပ်စရာပေါ့ကွာ… ။ ငါလည်း ကုသိုလ်ရတ
ပေါ့… "



"တကယ်ပဲ… မင်း ဒီလိုစိတ်ထားနိုင်လို့လား… "

ဟု သူရက မယုံသင်္ကာဟန်မေးသည်… ။ သူပြုံးရင်း
င်းညိမ့်ပြ၏… ။

"ခုလည်း လုံးလုံးကြီး သတိလစ်ဟင်းနေတာတော့ မဟုတ်ပါဘူး… တစ်ခါတလေတော့လည်း သူ ငါ့ကို ညွှဲသည့်တစ်ယောက်လို မြင်သားပဲ… ။ ငါ့ရှေ့မှာ သူပရမ်းပတာ အသိစိတ်မဲ့နေမှာကို တွေးပြီး ရှက်ကြောက်တဲ့ စိတ်ရှိသားပဲ… ဒါပေမဲ့ သူ့ရည်းစားကို ပြန်တွေ့တယ်… သူ့ရည်းစားက အတိတ်မေ့ရောဂါဖြစ်နေတယ်ဆိုပြီး… သူစိတ်ထဲစွဲနေတဲ့ အစွဲအလမ်းကတော့… ဘယ်တော့မှ ပျောက်သွားမှာ မဟုတ်ဘူး ထင်တယ်… "

သူရက ဆတ်ခနဲ ခေါင်းညိမ့်လိုက်သည်… ။

"အဲဒီ အစွဲကို ပျောက်အောင် မင်းက လုပ်ပေးရမှာ…မင်းဟာ သူ့ရည်းစား မဟုတ်ဘူး၊ သူ့ရည်းစားဟာ ဒီလောကကြီးထဲမှာ မရှိတော့ဘူး ဆိုတာကို ဆက်စပ်စဉ်းစားနိုင်အောင် တဖြည်းဖြည်းနဲ့ အဲဒီအသိ သူ့ကိုသွင်းပေးရမှာ"

"ငါက… "

"အေးလေ… "

ပခုံးတွန့်ပြတော့… သူရက ဟက်ဟက်ပက်ပက်
ယ်သည်။

"ငါ အဲလောက်ထိ အချိန်ရမှာ မဟုတ်ဘူး ထင်တယ်… "

www.burmeseclassic.com

www.burmeseclassic.com



ဟိုဘက် ဒီဘက် လူနှာခေါင်းနှစ်ခု အလယ်
ရှိသည့် လေ့ကားကနေ နှစ်ယောက်သား ဆင်းလာကြသည်
သူရက လက်တစ်ဖက် သူ့ပခုံးပေါ်တင်ရင်း တစ်ဖက်က ဘ
ကော့စ်ကို ဆွဲရင်း...

"ဟုတ်တယ်... မင်းမပြန်ခင် သူ့အခြေအနေ တိုးတက်
စေလို့ ဆုတောင်းရတာပဲ... "

"ငါလည်း ဆုတောင်းပါတယ်... "

သူရရဲ့ ဗင်(န်)ဖြူဖြူလေး ပုဏ္ဏရိတ်ပင်တန်း
မှာ ရပ်ထားသည်ကို လှမ်းမြင်ရသည်။

"ဖြစ်နိုင်ရင်... သူမျှော်နေတဲ့သူ တကယ်ပဲ ပြန်ရောက်
ပါစေလို့ ဆုတောင်းချင်တယ်ကွာ... "

ပေါ်တီကို အောက်မှာ သူရက ခြေလှမ်းတုံ့
သည်... ။

"မိန်းကလေးတွေရဲ့ အချစ်က အံ့သြစရာပဲနော်... "

ဟု သူရက နားမလည်နိုင်စွာ မှတ်ချက်ချသ



"ဒီပစ္စည်းတွေ အိမ်ရောက်လာတဲ့ နေ့ကစပြီး... သူ... ဒီ
ပစ္စည်းတွေကို ထိလည်း မထိဘူး... ကြည့်လည်း မကြည့်
ဘူး... လုံးဝအသိအမှတ်မပြုဘဲ နေတယ်... သူ့စိတ်ထဲမှာ
ရဲရင့်သေပြီဆိုတာကို ဘယ်လိုမှ လက်မခံနိုင်ဘူးလို့ တစ်
နည်းတစ်လမ်း ဖော်ပြတာပဲ... မမက... သိမ်းထားပေးရ
တယ်... တစ်ချိန်ချိန်မှာ သူ အမှန်တရားကို လက်ခံလာ
နိုင်မယ်ဆိုရင် သူ့ကို ပြန်ပေးရအောင်... ဒါမှမဟုတ်...
အတိတ်ကို လုံးလုံးမေ့သွားလည်း ကောင်းတာပါပဲလေ"

စက္ကူသေတ္တာလေးထဲ ထည့်သိမ်းထားသည့်ပစ္စည်း
တွက များများစားစား မဟုတ်ပါ။ အကျီအိတ်ထဲ ထည့်ရမည့်
ယ် ပလတ်စတစ်လောင်းထားသည့် ဓါတ်ပုံလေးတစ်ပုံ... ။
တွဲမကျေရှိနေသည့် အေအိုမျက်မှန်တစ်လက်... ၊ ပြီးတော့...

www.burmeseclassic.com

www.burmeseclassic.com



ကနုကမာဂစ်တာလက်ခတ်ကလေးတစ်ခု သွားတိုက် သွားပွတ်
အနက်ရောင်တစ်ချောင်း... ။

ခါတ်ပုံလေးထဲမှာတော့ ရွှေနားဆွဲကလေးနှင့် ဘ
ကုပ်ကလေး တပ်ထားသည့် ဆယ်ကျော်သက်ကျောင်းသူမလေ
၏ အပြုံးက ထင်ရှားလှသည်... ။ ပါးပေါ်မှာ သနပ်ခါးပါးကွ
ပါးပါးထင်သည်... ။ ဆေးဆိုးမထားသည့် နှုတ်ခမ်းဖောင်းဖော
နီစွေးစွေးမျက်ဝန်းတောက်တောက်များနှင့် မိန်းကလေးသ
ချစ်သူကို နှစ်နှစ်ခြိုက်ခြိုက် ပြုံးရယ်ပြနေသလိုရှိ၏... ။

"မောင်ရဲ့ မူဆယ်ကို သွားတဲ့နေ့က စပြီး သူမျှော်တာ
ဖြစ်ချင်တော့ တိုက်တိုက်ဆိုင်ဆိုင် မမက အခန်းရှင်း
ရှင်း ဒီပစ္စည်းတွေကို သူတွေ့သွားတယ်... ။ အဲဒီမှာ ကို
ဘယ်သွားလဲ မေးတော့တာပဲ... ။ သွားရှာမယ်လို့လည်
ပြောတယ်... ။ သူ ဘယ်သွားမယ်ဆိုတာ မမတို့ သိတ
ပေါ့... အဲဒါနဲ့ အိမ်တံခါးပိတ်ထားရတယ်... အဲဒါ... အပြ
မထွက်ရလို့ သောင်းကျန်းတော့တာပဲ... "

"ဗျာ... "

"သောင်းကျန်းတယ်ဆိုတာ အော်ဟစ်ရန်းကန်တာမျိ
မဟုတ်ဘူး... သူ့ကိုယ်သူ ရေတွေနဲ့ လောင်းချတယ်... 
ရွက်တွေကိုလေယာဉ်ပျံပုံချိုးပြီး မီးရှို့တယ်...တစ်ယော
တည်း စကားတွေပြောနေတယ်... အနားမှာ မောင်
နေတဲ့ အတိုင်းပဲ... "



အာရုံထဲမှာ မြင်ကြည့်သည်... ။ မျက်ရည်စွန်းလျက်
ဆေးကြောင်အေးစက်သည့် မျက်လုံးများ... ။ ထူပြည့်နူးညံ့သော
တ်ခမ်းများက ကိုရဲ... လို့ တတွတ်တွတ်ခေါ်နေခဲ့မှာပဲ... ။

"သမီးအတွက် အန်တီတို့ ဘာကိုပဲဖြစ်ဖြစ်... ပေးဆပ်နိုင်
ပါတယ်ကွယ်... ဒါပေမဲ့... ခက်တာက သူလိုချင်တာကို
ကိုယ်ဘယ်လိုမှ မပေးနိုင်တာဘဲ... ။ ဆုံးသွားတဲ့သူက
အရိုးတောင် ဆွေးရှာ့မယ်... သူ့မှာက စိတ်အစွဲမပြယ်
သေးဘူး... မောင်ရဲထွက်ကိုလည်း အန်တီတို့ သိပ်ပြီးအား
နာတယ်ကွယ်... ဘယ်လို မျက်နှာပူမိမှန်းလည်း မသိဘူး
ဒါပေမဲ့လေ... မောင်ရဲထွက် ရောက်လာရင် အန်တီတို့
အားတက်တယ်... အားလည်းကိုးတယ်... သမီးလေးကို
ပစ်မထားပါနဲ့နော်... "

ဘယ်က ဘယ်လိုအနားရောက်လာသည် မသိ။
နန္ဒာ့မေမေသည်မျက်နှာတစ်ခုလုံးအမ်းနေအောင်
ငိုကြွေးထားပုံရသည်... ။

"နန္ဒာပြန်ကောင်းသွားမှာပါ... အန်တီ... စိတ်မပူပါနဲ့...
ကျွန်တော် သူ့ရကိုလည်း မေးပြီးပါပြီ... ဆရာဝန်ကြီးတွေ
လည်း သေချာမေးပြီးပါပြီ... "

သည်ထက်ပိုပြီး ဘယ်လိုနှစ်သိမ့်ရမည်မသိ... ။သူ
သည်... သည်လိုနှစ်သိမ့်ခြင်းတွေကို အတန်ငယ် စိမ်းသက်သော
ဒေသမှ ရောက်လာခဲ့သည်ဖြစ်၍... စကားလုံးတွေကို မစီရီ

www.burmeseclassic.com

www.burmeseclassic.com



တတ်… ။ သို့ပေမဲ့… အတွင်းဘက် အခန်းငယ်၏ ခုတင်ထက် ဝယ် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည့် အဲသည်မိန်းကလေး၏ သေ:ာက ဒုက္ခ ဝေဒနာမှန်သမျှကို ထပ်တူထပ်မျှ ခံစားဝေယူချင် နေမိသည့် ရင်ထဲက ခံစားချက်ကိုတော့ ကိုယ့်ကိုယ်ကိုပင် အံ့သြ တကြီး ရှိနေမိတော့သည်… ။



"နန္ဒာ… နေကောင်းလား… "

နံရံဆီမှာ ရှုးစိုက်နေသည့် မျက်ဝန်းတစ်စုံက သူ့ဆီ ဖြည်းဖြည်းရွေ့လျားလာသည်… ။ ပြီးတော့ လေးလေးပင်ပင် ခေါင်းညိမ့်သည်… ။

"ဒါဆို စွတ်ပြုတ်ရည်လေး သောက်မယ်နော်… "

ဟု… မမသီတာက ညီမဖြစ်သူ၏ မျက်နှာအရိပ် အကဲကိုကြည့်ပြီး ဝင်ပြောသည်… ။ နန္ဒာက ကိုယ်ပေါ်မှ အစိမ်း ရောင်အင်္ကျီပွယောင်းယောင်းကို ငုံ့ကြည့်ရင်းတော်တော်နှင့် မတို့ ပြန်… ။ နောက်တော့ ခေါင်းယမ်းသည်… ။

"ဟင့်အင်း… "

ဟု တိုးတိုးလေးဖြေသည်… ။

"စွတ်ပြုတ်မသောက်လို့ ဘယ်ဖြစ်မလဲ ညီမလေးရဲ့… ။

www.burmeseclassic.com

www.burmeseclassic.com



ညီမလေးရဲ့ ကိုယ်ထဲမှာ အစာမရှိရင် နှာခေါင်းက ပိုက်နဲ့ သွင်းရမယ်လို့ ဆရာကြီးက ပြောထားတယ်လေ… ”

ဟု မမသီတာက ချော့မော့သည်… ။ မှိုင်းရီသော အကြည့်သည် သူ့ထံညင်ညင်သာသာ ရောက်လာပြန်၏… ။

“ရတယ်… မမသီတာ ကျွန်တော် တိုက်လိုက်မယ်… နန္ဒာက ကျွန်တော့်ကို စိတ်ကောက်နေမှာ… ”

ဆိုပြီး… မမသီတာဆီက စွတ်ပြုတ်ပန်းကန်ခပ်သေးသေးလေးကို သူ လှမ်းယူလိုက်သည်… ။ အသက်ရှူသံတွေ ပြင်းထန်နေပြီး နှာသီးထိပ်ဖျားမှာ ချွေးစက်တွေ ဥနေသည့် နန္ဒာလေးသည် မျက်လုံးတွေ ချက်ချင်းနီရဲရဲစွတ်လာပြီး နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်လာသည်… ။

“နန္ဒာ စိတ်မကောက်ပါဘူး… ”

“ဟင်… ”

“ကိုရဲကသာ နန္ဒာ့ကို ထားခဲ့တာ… အကျိုးအကြောင်းလေးတောင် မပြောဘဲထွက်သွားတာ… ”

“ဟောဗျာ… ”

စွတ်ပြုတ်ပန်းကန်ကို ဗီရိုပုလေးပေါ်တင်ပြီး နန္ဒာ့အနား ဖွေ့ခနဲ ရောက်သွားသည်…။ နန္ဒာ့လက်ချောင်းဖျားကလေးများ အေးစက်လျက်ရှိ၏… ။ မျက်ရည်တွေ ချက်ချင်းရစ်ဝိုင်းလာပြီး ကိုယ်အောက်ပိုင်းမှာ လွှမ်းထားသည့် ဂွမ်းစောင်စိမ်းပေါ် မျက်ရည်တွေ ပေါက်ခနဲ ပေါက်ခနဲ ကျနေသည့်အခါ… သူ့စိတ်တွေ



ဘယ်လို ထိန်းသိမ်းရမှန်းတောင် မသိခင်မှာပင် မိန်းကလေးကို သူ့ရင်ခွင်ထဲ မြှုပ်နေအောင် ဖက်ပွေ့မိလျက်သား ဖြစ်နေသည်။ မသီတာထံမှ အာမေဋိတ်သံတိုးတိုးကြားလိုက်ပြီး… နန္ဒာ့ မမသည် သစ်ရွက်ကြွေတစ်ရွက်လို လွင့်ခနဲပျောက်ကွယ်သွားသည်။

“နန္ဒာ… မငိုနဲ့လေ… ”

“ငိုချင်တယ်… နန္ဒာ သိပ်ငိုချင်တယ်… နန္ဒာအကြာကြီး ငိုခဲ့ရတာ၊ အကြာကြီး စောင့်ခဲ့ရတာ ကိုရဲက မသိဘူး… နန္ဒာ့ကို မချစ်ဘူး… နန္ဒာ့ကို ကိုရဲမချစ်တော့ဘူး… ”

“ဟင့်အင်း… မဟုတ်ဘူး… ကိုယ်နန္ဒာ့ကို ချစ်ပါတယ်… နန္ဒာ့ကို ချစ်ပါတယ်… ဟိုးအရင်ကလို မဟုတ်ဘဲ… အသစ်နဲ့လေ… အချစ်အသစ်နဲ့… ”

ကောင်မလေးက ငေးကြောင်သော မျက်လုံးများဖြင့် သူ့ကိုမော့ကြည့်သည်… ။

“ဘာလို့ ငါလို့ မပြောတာလဲ… ”

နီရဲသော မျက်လုံးများ ချက်ချင်းခြောက်သွေ့သွားပြန်သည်… ။

“ငါ့ဆီကို ဘာလို့ပြန်မလာတာလဲ… ပြောစမ်း… နင်… ငါ့ကို မေ့နေတာ မဟုတ်လား…မိန်းမအသစ်ရနေတာမဟုတ်လား… ”

ရုတ်တရက် သူ့ကိုဆောင့်တွန်းသည်… ။ ဆံပင်ကို ဆွဲသည်… ။ နားရွက်ကို အတင်းဆွဲခါသည်… ။ သူက နေ့ယ်လှ

www.burmeseclassic.com

www.burmeseclassic.com



သည့် လက်ချောင်းတွေကို ဖမ်းချုပ်ထားဖို့ ကြိုးစားသည့်အခါ သူမက သူ့ရင်ဘတ်ကို တအုန်းအုန်းထုရင်း ငိုပြန်လေသည်... ။

လက်သီးဆုပ်ကလေးတွေက... သူ့ကို နာကျင်စေဖို့ မတတ်ပါ... ။ ဒါပေမဲ့ သူ့ရင်ဘတ်ထဲမှာတော့ နာကျင်စေသည့် ဒဏ်ရာတစ်ခု ရှိနေသည်... ။ လက်နှစ်ဖက်စလုံးကို အင်အားဖြင့် ချုပ်နှောင်ပြီး သူမကို ရင်ခွင်ထဲမှာ တင်းတင်းဖိထားရင်း... ပူနွေး လာသောမျက်လုံးအိမ်ကို ပိတ်ထားလိုက်ရသည်... ။

"နန္ဒာရယ် မေ့လိုက်ပါတော့... ခုနန္ဒာ့အနားမှာ ကိုယ်ရှိနေပြီလေ... ။ ပြီးခဲ့တာတွေကို မေ့လိုက်တော့နော်... "

သည်လိုဆိုတော့ ရင်ခွင်ထဲမှာ ရုန်းထွက်မရနိုင်အောင် မွန်းနစ်နေလျက်ပင်... သူမက ရယ်မောနေပြန်သည်။

"နင် ငါ့ကို ယူမှာလား... "

"နန္ဒာရယ်... "

ဆံပင်ပျော့အိတွေ ရှုပ်ထွေးလွင့်ဖွာသည့် ကြားထဲ နဖူးကို အပ်ထားမိသည်... ။

"နန္ဒာ... ဝတ်စုံတောင် ချုပ်ပြီးပြီ... ။ အဖြူရောင်ပဲလေ... ကာကီရောင် ယူနီဖောင်းနဲ့ အဖြူရောင်ဆိုမှ လိုက်မှာ မဟုတ်လား... "

"အင်း... ဟုတ်တာပေါ့... "

"ဒါပေမဲ့... နန္ဒာ့ အိမ်မှာ လိုက်နေရမှာနော်... "

"ဟင့်အင်း... နန္ဒာ့ကို ကိုယ်အဝေးကြီးကို ခေါ်သွားမှာ...



ကိုယ်နေတဲ့ အိမ်ကိုခေါ်သွားမှာ နန္ဒာလိုက်ခဲ့ရမယ်... ပြီးတော့ ကာကီရောင်ယူနီဖောင်းလည်းမဝတ်ဘူး လေယာဉ်ပျံလည်းမမောင်းဘူး... ကွန်ပျူတာတွေနဲ့ အရုပ်ဒီဇိုင်းတွေ လုပ်မယ်... နန္ဒာက ကိုယ့်ကို မြန်မာထမင်းဟင်း ကောင်း ကောင်းချက်ကျွေးရမယ်... "

နန္ဒာ နည်းနည်းငြိမ်သက်သွားပြီး တိတ်ဆိတ်နေသည်... ။ အသက်ရှူသံတွေ ငြိမ်ကျသွားတော့ သူ့လက်ဖျံတွေထဲက အားတွေ ကုန်ခမ်းသွားသလို နုံးခွေသွားပြီး နန္ဒာ့ကို ဖြေလျှော့ခဲ့လိုက်မိ၏... ။ နန္ဒာက မျက်လုံးမျက်တောင်များသာ လှုပ်ရှားပြီး...

"ဘာတွေ ပြောနေတာလဲ... "

ဟု နှုတ်ခမ်းလှုပ်ရုံ မေးသည်... ။ နောက်တော့ သူ့မျက်နှာကို စေ့စေ့ကြည့်ပြီး ဟက်ခနဲ ရယ်မောသည်... ။ ရဲတွတ် သည်လည်း... သတိလက်လွတ် ဖြစ်ရသည့်အဖြစ်ကို ကိုယ့်ကိုယ်ကို ရယ်ချင်လှသည်မို့ နန္ဒာနှင့်ရောပြီး ရယ်မောမိသည်... ။ နန္ဒာလေးကတော့ စိတ်ပျော်ရွှင်နေပုံပင်... ။

သူမရဲ့ လက်ဖျားလေးတွေကိုပဲ ဆုပ်ကိုင်ထားမိသည်။

ခုတော့လည်း မျက်ဝန်းလေးတွေက ကြည်လင်လာပြန်သည်... ။ နှုတ်ခမ်းလေးတွေက သွေးရောင်တောက်လာပြန်သည်... ။

www.burmeseclassic.com

www.burmeseclassic.com



"စွတ်ပြွတ်သောက်မလား..."

မေးတော့ ခေါင်းညိမ့်သည်... ။ သိပ်ပြီး ခက်ခက်ခဲခဲ တိုက်တွန်းစရာမလိုဘဲ စွတ်ပြွတ်ရည်ကို မော့သောက်ပ[စ်]လိုက်သည်။ ဖွာရာကျဲနေသည့် ဆံပင်ပျော့လေးတွေကို ဖြီးသ[ပ်]ပေးသည့်အခါ... သူမက အလှကြိုက်သည့် မိန်းမငယ်လေးလို ကျေနပ်လျက် ငြိမ်သက်နေသည်... ။

"ကိုရဲဟာ တကယ့်ကိုပဲ... အရင်နဲ့ လုံးဝမတူတော့ဘူး..."

ဟု ရင့်ကျက်သည့် အစ်မကြီးလေသံနှင့် ပြော[င်း]တတ်ပြန်သည်... ။

"အင်းလေ... အရင်လူမှ မဟုတ်တော့ဘဲ..."

"ဒါပေမဲ့... နန္ဒာက အရင်က ကိုရဲကိုပဲ ချစ်တာ..."

"ဟုတ်လား... ဘာကြောင့်လဲ..."

"ဟိုတုန်းက ကိုရဲက... နန္ဒာ ဘာဖြစ်ချင်တယ်၊ ဘယ်လိုဖြ[စ်]စေချင်တယ်ဆိုတာ သိတယ်လေ... ပြီးတော့ နန္ဒာ့[ကို]လည်း အလိုလိုက်တယ်... ။ ဟိုတုန်းက နန္ဒာတို့ ဘယ[်]လောက်ပျော်စရာကောင်းခဲ့တယ် ဆိုတာ နည်းနည်းဖြ[စ်]သတိရဖို့ ကောင်းတာပေါ့..."

နန္ဒာက နှုတ်ခမ်းလေးစူ၊ မျက်စောင်းလေးထိုး[၍]ကြည့်သည်... ။

"ဟင့်အင်း သတိမရချင်ဘူး... နန္ဒာလည်း သတိမရပါနဲ့... အခု ကိုယ့်ကိုပဲ အချစ်သစ်နဲ့ ချစ်လိုက်ပါတော့နော်..."



ခုတော့လည်း နန္ဒာသည် ခပ်စောစောက... မျက်[ရ]ည်တွေ မကျခဲ့သလိုပင်... ။ သူ့ကို ကြမ်းကြမ်းတမ်းတမ်း မဆက်[ဆ]ံခဲ့သလိုပင်... ။ ပကတိအပြစ်ကင်းစင်သည့် ယုန်ငယ်လေးတစ်[ကေ]ာင်လိုပင်... ။

နန္ဒာ့အပြုံးအရယ်ကို ငေးကြည့်ရင်း သွက်မြင်းကို [ဆ]ွဲရိုက်လိုက်ရသည်... ။ စိတ်အမောကို တိတ်တိတ်ဖြေရသည်... ။ [နန္ဒ]ာသည် ခုတင်သံတိုင်တွင် နောက်မှာ ခေါင်းအုံးခုလျက်... ခပ်[လေ]ျာ့လျော့ မှီထိုင်ရင်း...

"ဟိုသီချင်းလေး ဆိုဦး..."

ဟု သတိရသည့် အခိုက်အတန့်လေးမှာ ကောက်[ခ]ါငင်ကာ သူ့ကိုခိုင်းပြန်သည်... ။

"ဘာသီချင်းလဲ..."

"ကိုရဲ ဂစ်တာတီးနေကျ သီချင်းလေ... မေ့ပြီလား..."

ခက်ပြီ... ။

ရဲထွတ်ကျော်မှာတော့ ဆယ်တန်းစာမေးပွဲဖြေ[ပ]ြီးအထိသာ ဂစ်တာကို တီးခဲ့ရတာမို့ ဂစ်တာကော့ဒ်တွေပင် [မေ့]သလောက်ဖြစ်နေပြီ... ။

သီချင်းတွေတော့... နာမည်ကြီးစီးရီးစ်တွေ ထွက်[ခ]ိုင်း စန္ဒီက ရွေးပို့နေကျမို့ ဆောင်းဦးလှိုင်တို့၊ အဲလက်စ်တို့နှ[င့်] [ရ]င်းပါ... ။ စက္ကူသေတ္တာဘူးထဲက လက်ခတ်ပြားလှလှလေးကို [မျ]က်ရုံထဲ မြင်ယောင်သည်။ ဂစ်တာလက်ခတ်ပြားဆိုတာ ဂစ်တာ

သမားတွေမှာသာ ကိုယ်နှင့်မကွာ ရှိတတ်ကြတာ... ။ တိုက်ဖေ
ယာဉ်မောင်းသည့် အရာရှိတစ်ယောက်၏ အင်္ကျီအိတ်ထဲမှာ အ
ဆောင်ရမည့် အရာမျိုးမဟုတ်ဘူးဟူ၍သာ ထင်မိသည်... ။

ဒါဟာ... နန္ဒာ့ရဲ့ လက်ဆောင်ပေါ့... ။

"အင်း... နောက်နေ့ကျ ဂစ်တာနဲ့ ပလက်ထရမ်ယူလာပြ
တီးပြမယ်... "

"ပလက်ထရမ်... "

နန္ဒာက တွေခနဲ အကြည့်တွေ ငြိမ်သက်ရှေ
သည်... ။ နန္ဒာ့အတွက် သည်အသုံးက စိမ်းနေသည့်ဟန် မရှိ

"အဲဒီ ပလက်ထရမ်လေး ကိုရဲဆီမှာ ဘာကြောင့်ရှိနေသေ
တာလဲ... ကိုရဲ တစ်ယောက်ယောက်ဆီက ရတာမဟု
လား... မမ... မမဆီကလား... "

မျက်လုံးတွေ ဝိုင်းစက်ပြူးကျယ်လာသည်... ။နန္
လက်ဖဝါးလေးတွေကို ဖမ်းဆုပ်လိုက်တော့ လက်ဖဝါးထဲမှာ ချွေ
စေးများဖြင့် စေးထန်းနေသည်... ။

"အဲဒါ... နန္ဒာပေးထားခဲ့တာ မဟုတ်လား... "

"အင်း... ဟုတ်တယ်လေ... အဲဒါ... "

နန္ဒာ့ခန္ဓာကိုယ်လေး တဆတ်ဆတ်တုန်လာသည်
မျက်နှာမှာ ချွေးသီးချွေးပေါက်တွေ ပြည့်ကျပ်လာသည်... ။

"မမ... "

အထိတ်တလန့်အော်လိုက်သံက အက်ကွဲနေသည်



မသီတာက အခန်းထဲ ကသောကမျော ပြေးဝင်လာသည်... ။

"မမ... ကျွန်တော် ဆရာဝန်သွားခေါ်ဦးမယ်... "

ဆိုပြီး ဆုပ်ထားသည့် လက်တွေကို ဖြေပစ်ပြီး
ာမှုးရှူးထိုး ပြေးထွက်လာခဲ့သည်။

www.burmeseclassic.com



သူ့ပခုံးကို တဖျပ်ဖျပ်ပုတ်နေသည့် သူရကို သူ
စိတ်တိုတောင်းစွာ ကျိန်ဆဲပစ်လိုက်သည်... ။ စန္ဒီကတော့ သူရ၏
အပြစ်တင်လိုဟန်ဖြင့်သာ ကြည့်၏... ။

"ကိုသူရတို့များ ကိုကို့ကို ဘယ်တုန်းကတည်းက မလိုမုန်း
ထားနေသလဲ မသိဘူး... "

ဟု မျက်စောင်းချိကာ... ကော်ဖီပန်းကန်တွေကို
စားပွဲပေါ်မှာ ချသည်... ။ သူရက မျက်လုံးလှန်ကြည့်ရင်း

"စေတနာမရှိရင် မတိုက်ပါနဲ့ဟာ... "

ဟု ဆိုသည်... ။ စန္ဒီက နှာခေါင်းရှုံ့ပြရင်း...

"တို့အစ်ကိုကလည်း ခပ်ပါပါမို့... "

ဟု သူ့ကို အဖျားခတ်သွားသေးသည်... ။ စန္ဒီထွက်
သွားတော့မှ သူရက ပခုံးတွန့်ရင်း...



"မင်းညီမကတော့ မလွယ်ဘူး... "

ဟု ရှုံ့မဲ့ညည်းသည်... ။ အရင်ကတော့ စန္ဒီသည် သူတို့အုပ်စုရဲ့ ကျီစယ်စရာ ချစ်စရာအရုပ်ကလေးတစ်ရုပ်လိုသာ ဖြစ်သည်... ။ ခုတော့ သူရသည် စန္ဒီရုံးဆင်းချိန်တွေကို စောင့်ရင်း အိမ်လည်တာတတ်နေပြီ... ။

"သူရ... ငါ ဘယ်လိုဆက်လုပ်ရမယ်ဆိုတာ တကယ်ကို မသိတော့ဘူး... "

"ဒါပေမဲ့... သိကောင်းတယ်လို့ ငါထင်တယ်... ရဲထွတ်"

"မင်းက ဘာတွေကောင်းနေတာလဲ... "

"မင်း... ပြောပုံဆို... သူ့ရည်းစားသေပြီဆိုတာကို သူ တဖြည်းဖြည်း... လက်ခံလာပြီဆိုတဲ့ သဘောပဲ... "

"အဟုတ်လား... "

"အချိန်တိုတိုနဲ့ ကောင်းလာလိမ့်မယ်လို့ ငါထင်တာပဲ"

"မင်းကသာ ကောင်းနေ... ငါကတော့ မနေ့က... ငါပါ လိုက်ပြီး ရူးသွားတော့မလိုဘဲ... ရေရေလည်လည်ခံလိုက်ရတယ်... "

"ဒါပေမဲ့... မနာဘူး မဟုတ်လား... "

ဆိုပြီး သူရက တဟားဟားရယ်နေသည်... ။ သူ လိုက်မရယ်ဖြစ်... ညှို့ခန်းသည် ရုတ်တရက် တိတ်ဆိတ်ငြိမ်သက်သွား၏... ။ လေအေးစက်ရဲ့ အလိုအလျောက် လျှစ်စစ်ပြတ်စနစ်ကြောင့်လည်း ဖြစ်မည်... ။ နုနုရဲ့ စိတ်ကြိုက်ရွေးချယ်တန်ဆာ

www.burmeseclassic.com

www.burmeseclassic.com



ဆင်ထားသော ပုလဲဥရှောင်လိုက်ကာရှည်များကြောင့် ညှော်ခန်းမှာ အလင်းရောင် ပိုလာသည်... ။ သူရက မျက်မှန်ကိုချွတ်ပြီး ဖုန်သုတ်သည်...။ ပြီးတော့ ပြန်တတ်ပြီး စားပွဲပေါ်က အာရောဂျံမဂ္ဂဇင်းကို ကောက်ကိုင်ဟန်ပြုသည်...။ ဖတ်သည်လည်းမဟုတ် အဖုံးက ဆောင်းပါးခေါင်းစဉ်တွေ ဖတ်ပြီး ပြန်ချထားပြန်သည်။

သူ့ရှမှာ သူ့ကို ပြောစရာစကားတစ်ခုခုရှိမည်...။

ဒါမှမဟုတ် မေးစရာ မေးခွန်းတွေရှိမည်... ။

သူ လှုပ်လှုပ်ရှားရှားမလုပ်ဘဲ သူရဲ့ လှုပ်ရှားမှုတွေကိုသာ ငြိမ်သက်စွာ စောင့်ကြည့်မိနေသည်...။ ခြေထောက်ပေါ်မှာ တံတောင်ဖြင့်ထောင်ရင်း လက်တစ်ဖက်နှင့် တစ်ဖက်ယှက်ထားရင်း ကိုယ်ကို ကိုင်းလျက် သူရထံက တိုးတိမ်သော စကားတစ်ခွန်း ကြားရဖို့ စောင့်သည်...။ သည်လိုနှင့် အချိန်အတော်ကြာသွားသည်။

"မင်း ငါ့ကို တစ်ခုခုပြောစရာရှိတယ် မဟုတ်လား..."

သူက စောင့်ဆိုင်းရခြင်းကို သိပ်စိတ်မရှည်တတ်... သူရကတော့ ငယ်စဉ်ကပင် အနုစိတ်လိုသူဖြစ်သည်... ။ ကြိုတင်ပြင်ဆင်နေတာလည်း ဖြစ်နိုင်သည်...။ သည်တော့ သူ့ကို တစ်စုံတစ်ရာ ချည်နှောင်ဖို့ ပြင်ဆင်နေတာလည်း ဖြစ်နိုင်သည်... ။ သူရဲ့ အဖြူရောင်တီရှပ် ရင်ဘတ်ပေါ်က ပြေးသော မြင်းရုပ်သည် သူ့စိတ်အစဉ်လိုပင် ဖြစ်သည်...။ သူမေးလိုက်တော့ သူရဲ့ နှုတ်ခမ်းထောင့်သည် ကော့သည်ဆိုရုံလေး ကော့တက်သွားသည်။



သူရဲ့ နှုတ်ခမ်းတွေက မိန်းကလေးတစ်ယောက်ရဲ့ နှုတ်ခမ်းလို သေးငယ်ပါးလွှာသည်မို့ သူရအနည်းငယ် ပြုံးလိုက်လျှင် ပိုပြီးနူးညံ့သွားတတ်၏... ။

"မင်းက ခုထက်ထိ ငါ့အရိပ်အကဲကို သိနေတုန်းပဲ..."

"အဝိုတွေ..."

သွားစွေ့လျက် ရေရွတ်လိုက်သည်... ။

"ဒီကောင်မလေးကို မင်းကူညီနေတာ... ကူညီချင်တာ သက်သက်ပဲလား..."

တော်တော်နားလည်ရခက်သည့် မေးခွန်းပဲ... ။

တကယ်တော့ သူရထံမှာ သူမျှော်လင့်ထားသည်မှာ သည်လိုမေးခွန်းမျိုးမဟုတ်... ။ ထို့ကြောင့်လည်း... ရုတ်တရက်တော့ ကြောင်အမ်းအမ်းဖြစ်သွားသည်... ။ သည်မေးခွန်းအတွက် သူ့မှာအဖြေအဆင်သင့် မရှိပါ... ။

"ဟင်... ဘယ်လိုကြီးလဲ..."

"ငါ အံ့ဩနေတယ်... ပြီးတော့ မယုံနိုင်ဘူး ဖြစ်နေတယ်"

"ငါ့မှာ လူမှုရေးစိတ်ဓါတ် အတော်ခေါင်းပါးနေလိမ့်မယ်လို့ မင်းက ယူဆနေတယ်ပေါ့... ဖိုးချိုတို့ မင်းသန့်တို့လို မင်းက ငါ့ကို ထင်နေတယ်ပေါ့..."

"မဟုတ်ပါဘူး... ရဲထွတ်ရ..."

သူရက ရယ်တစ်ဝက်နှင့် အားပါးတရ ငြင်းဆန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါပြောချင်တာက…လူမှုရေး အကူအညီဆိုပေမဲ့ ဒီကိစ္စမျိုး ဆိုတာ အပေါ်ယံသက်သက် မဟုတ်ဘူးလေ… ။ငွေရေးကြေးရေးကူညီတာထက်ပိုပြီး ခက်ခဲတဲ့ ကိစ္စမျိုး… ။ကိုယ့်ရဲ့ အချိန်တွေကို ဖဲ့ပေးရတယ်… ကိုယ့်ရဲ့ စိတ်ပိုင်းဆိုင်ရာ ခံစားမှုကို ထိန်းချုပ်ထားရတယ်… ပြောရရင် ကတ်သီးကတ်သက် ကိစ္စကြီးကွာ… ဒါကို မင်းက လိုလိုလားလား ကူညီနေတယ်ဆိုတာ…"

"မယုံနိုင်စရာ ဖြစ်နေတယ်ပေါ့…"

"မယုံလို့ ဘယ်ရမလဲ… မျက်မြင်ပဲ ဥစ္စာ… ငါ့စိတ်ထဲမှာ မင်း ဒီကောင်မလေးကို တကယ်ပဲ…"

"ကူညီချင်တာထက် ပိုမယ်ထင်တယ်… ဒါမျိုးလား…"

သူရက မျက်လုံးလှန်ပြီး ကြည့်သည်… ။

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့…"

"ဟေ…"

"ဒါပေမဲ့ ဒါ စိတ်ရှုပ်ပေါက်တာလို့လည်း ပြောနိုင်တာပဲ မဟုတ်လား…"

ကော်ဖီပန်းကန်ကိုမယူရင်းတန်းလန်းနှင့်ပင်…သူရသည် လည်စောင်းလျက်… မျက်လုံးဝှေ့လျက် အံ့သြတကြီး ကြည့်နေ၏။ သူ့ရဲ့ အဲသည်အကြည့်ကို သူဟက်ဟက်ပက်ပက် ရယ်ချင်မိသည်… ။ တကယ်တော့ သည်ကိစ္စကို လမ်းသွားရင်း အမှတ်မထင် ခလုတ်တိုက်မိသည့် ကိစ္စတစ်ခုလိုပင် သူသဘော



ထားရချင်သည်… ။ ကူညီစရာ ကိစ္စတစ်ခု ကြုံကြိုက်လာပြီး ကူညီလိုက်ရသည်… ။ ရင်ထဲမှာ ပီတိဖြစ်ရသည်… ။ ပြီးတော့ ဘာမှ မကျန်ရစ်… ။ ကြာတော့ မေ့ကောင်းမေ့လျော့သွားမည်… ။

သည်လိုမျိုးသာ ဖြစ်စေချင်သည်… ။

ဟိုမှာလည်း၊ လူမှုရေးအသင်းအဖွဲ့ရန်ပုံငွေ လှုပ်ရှားမှုတွေမှာ မကြာခဏပါဝင်ခဲ့ဖူးသားပဲ… ။ ဘာမှ ထူးထူးဆန်းဆန်း ပြောစရာမရှိ… ။

ခုတော့ သည်လိုမဟုတ်ဘူးဆိုတာကို သူကိုယ်တိုင် ဝန်ခံချင်နေပြီ… ။

"ရဲထွတ်…"

သူရက ခပ်တိုးတိုးခေါ်လိုက်ပြီးမှ စကားမဆက်တော့ဘဲ ကော်ဖီကို ငုံ့သောက်နေသည်… ။ သူ့မှာတော့ စကားတွေ များစွာရှိသည်… ။ တကယ်တမ်း… စဉ်းစားတော့လည်း ဘာမှ မရှိတော့ပါဘူး… ညှို့သည်တစ်ယောက်လိုပဲ… မကြာခင် ပြန်ရတော့မှာ မဟုတ်လား… ။

"မင်းအနေနဲ့ ရှေ့ဆက်သင့် မဆက်သင့်… သေချာစဉ်းစားဖို့ လိုပြီနော်…"

သူရက သူ့ကို ခပ်စိမ်းစိမ်းကြည့်လျက် ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



## (၀)

လေအေးစက် လည်နေသည့် အသံက ခပ်ပါးပါး ဆိုပေမဲ့ တိတ်ဆိတ်နေသည့် ပတ်ဝန်းကျင်မှာတော် အတော် ကျယ်လောင်နေလေသည်။ သည်နေရာသည် နန္ဒာ အရင်းနှီးဆုံး နေရာတစ်ခု ဖြစ်ခဲ့ပါလျက်... ခုတော့ တကယ့်ကို စိမ်းသက်နေခဲ့ သည်... ။ နန္ဒာ့ခုတင်ခေါင်းရင်းဘက်နှင့်အပြိုင် နံရံမှာ ပြတင်း တစ်ခုရှိနေသည်မို့သာ တော်တော့သည်... ။ အဲသည် ပြတင်း ကနေ အပြင်ဘက်စကြံကို မြင်နိုင်သည်... ။ လမ်းရဲ့ဟိုဘက် မျက်နှာချင်းဆိုင်က လူနာဆောင်ကို မြင်နိုင်သည်... ။ အစိမ်း ရောင်ဝတ်စုံတွေများစွာ တွေ့နိုင်သည်... ။ အမိုး အနားစွန်းက တစ်ပိုင်းတစ်စ ကောင်းကင်ကိုလည်း မြင်ရသည်... ။ လောလော ဆယ်မှာတော့... နန္ဒာရဲ့ပတ်ဝန်းကျင်... နန္ဒာရဲ့ကမ္ဘာသည် သည်မျှသာပဲ ဖြစ်သည်... ။ နန္ဒာ့အနားမှာ မေမေနှင့် မမ တစ်



ည့်စီရှိနေသည်... ။ ဂျူတီဝင်နေသည့် နန္ဒာ့သူငယ်ချင်းတွေ တော့ တစ်ယောက်မဟုတ် တစ်ယောက် အနားမှာ ရှိနေခဲ့ ည်မို့ သိပ်ပြီး ငြီးငွေ့ရသည်တော့မရှိ... ။

ဘယ်သူပဲ အတူရှိနေသည်ဖြစ်စေ... နန္ဒာ့အဖို့ တော့ ပျောက်ဆုံးနေသည့် အချိန်တွေကို ပြန်လည်ရှာဖွေနေရ ည်က... အတော်စိတ်ပင်ပန်းစေသည်... ။ ဘဝမှာ ကိုယ့်ကိုယ် ကို မပိုင်ဆိုင်ရသည့် အချိန်တွေ များစွာရှိတာ ထူးဆန်းသည်တော့ ဟုတ်ပါ... ။

ဒါပေမဲ့ နန္ဒာ့မှာတော့ ကိုယ့်ဘာသာ ပျောက်ဆုံး နေသည်ကိုပဲ ထပ်ဖြန်တလဲလဲ ရှာဖွေခဲ့ရသည်... ။ အပိုင်းအစ တွေ ဆက်စပ်တွေ့ပြန်တော့လည်း ခါးသီးစွာ လွင့်ပစ်ချင်ပြန် ည်။

သူတို့ ပြောသလို နန္ဒာဟာ... အစွဲအလမ်းကြီးပြီး စ်ယူသန်တတ်သည့် မိန်းမတစ်ယောက်မို့ ကြုံခဲ့ရသမျှ အရာရာ နန္ဒာ့ကို ပိုပြီး နာကျင်စေနိုင်ခဲ့တာ၊ ဒဏ်ရာရစေနိုင်ခဲ့တာ ဖြစ် င်ပါသည်။

"နန္ဒာ... အိပ်မပျော်ဘူးလား... "

ဟု မမက စောင့်ကြည့်နေသည့် မျက်လုံးများဖြင့် ကြည့်ရင်းမေးသည်... ။

"မမ... ဟိုစက္ကူဘူးလေး မမ ဆီမှာ ရှိသေးလား... "

"ဘာလဲ... "

www.burmeseclassic.com

www.burmeseclassic.com



မမ မျက်ခုံးတွေ ကျုံ့သွားပြီး အထိတ်တလန့် ဖြစ်သွားသည့်မျက်နှာ သိသာထင်ရှားသည်... ။

"မမ သိမ်းထားတဲ့... ကိုရဲ ရဲ့... "

"အင်း... အင်း ရှိတယ်... နန္ဒာ သတိရလာပြီလား..."

"အဲဒီ အထဲမှာ ဂစ်တာ လက်ခတ်လေးတစ်ခု ရှိလား..."

မမက ကျောက်ရုပ်တစ်ရုပ်လို တောင့်တောင့်တင်းတင်းကြီး မှင်သက်သွားရာကနေ ဆတ်ခနဲ ခေါင်းညိတ်သည်။



နန္ဒာတို့ ဆယ်တန်းအောင်စာရင်းတွေထွက်အပြီး ဒုတိယအကြိမ် ပြန်ဆုံရသည့်နေ့က... အမှတ်စာရင်းတွေ ထုတ်သည့်နေ့ ဖြစ်ပါသည်... ။ အဲသည်ကြား အချိန်ကာလတွေက နန္ဒာ့အတွက် ငရဲတမျှ ဖြစ်နေခဲ့သည် ဆိုတာတော့ သူ သိလိမ့်မည် မထင်ပါ... ။ မေမေနှင့် နန္ဒာ အပြင်းထန်ဆုံး မျက်နှာချင်း ဆိုင်ခဲ့ရသည်ကလည်း ကိုရဲအပေါ် နန္ဒာ့သံယောဇဉ်တွေ၊ ကရုဏာ တရားတွေ ပိုပြီးတိမ်းညွတ်အောင် အားပေးနေသလို ဖြစ်ခဲ့သည်...။ အဲသည်တော့ ကိုရဲနှင့် နောက်တစ်ကြိမ် မျက်နှာချင်းဆိုင်ပြီး တောင်းပန်ခွင့်ရဖို့ နန္ဒာ့ဘက်ကသာ မျှော်လင့်ခဲ့ရတာ... ။ [သူငယ်ချင်းတွေပါ]

ဆိုသည့် ဖြေရှင်းချက်ကို တစ်ယူသန်လှသည့် မေမေက လက်မခံခဲ့... ။ အဲ့ဩစရာကောင်းသည်က မေမေ

www.burmeseclassic.com

www.burmeseclassic.com



သည် ကိုရဲမိသားစု၏ ရာဇဝင်ကြောင်းကို သိနေခဲ့သည်… ။ ကို ဖေဖေက ပြုပြင်ထိန်းသိမ်းရေး လေတပ်စခန်းက တပ်ကြပ်ကြီး တစ်ယောက်ဆိုတာရော… မိခင်က… အထည်ရောင်းသူဆိုတာ တွေကိုရော မေမေ ကြိုတင်သိနေခဲ့တာ… နန္ဒာ့အဖို့ သိပ်အံ့ဩ စရာကောင်းနေပါသည်… ။ မေမေ့မှာ သည်လို အဆင့်အတန်း ခွဲခြားသည့် စိတ်ဓာတ်မျိုး ရှိနေနိုင်သည်ဆိုတာကို နန္ဒာက ကြိုတင်ခန့်မှန်းမိသည်မှ မဟုတ်ဘဲ… ။

[ဒါပေမဲ့ ငယ်ရွယ်လှသည့် နန္ဒာ့ကို အချစ်ရေးမှာ စိတ်ဝင်စား တွေပြားမှာ စိုးရိမ်သည်ကြောင့်ဟု မေမေ အကြောင်းပြခဲ့တော့ လည်း နန္ဒာ အလွယ်တကူ လက်ခံမိသည်။]

အမှတ်စာရင်း သွားထုတ်မည့် နေ့မှာတော့ သူ ငယ်ချင်းတွေ ကြိုတင်တိုင်ပင်ထားသည့်အတိုင်း နန္ဒာ့အိမ်သို့ ညီမိ တို့အုပ်စု လာခေါ်ကြသည်… ။ မိန်းကလေးတွေချည်း ဖြစ်ပြီး ယောက်ျားလေးသူငယ်ချင်းတွေကတော့ သတင်းစကားကြားရုံ ဖြင့်ပင် နန္ဒာ့မေမေကို ထိတ်လန့်နေကြပြီ… ။ နန္ဒာကတော့ သူ့ ကို တောင်းပန်ရမည့် အကြွေးတစ်ခု တင်နေသည်ဟု ကိုယ့်ဘာ သာ ခံစားနေရသည်မို့… မြို့နယ်ရုံးမှာ သူ့ကိုသာ အလောတကြီး ရှာဖွေမိသည်… ။

"ကိုရဲ ကို မတွေ့မိဘူးလား… "

ဟု နန္ဒာ မေးလျှင်… သူငယ်ချင်းတွေက အဓိပ္ပာယ် တစ်မျိုးဖြင့် ပြုံးကြသည်… ။ ဆယ်ကျော်သက်တွေရဲ့ နှလုံးသား



ပင့်ကူအိမ်အမျှင်လေးတွေလို နူးညံ့လှသည် ထင်ပါရဲ့… ။ တော့… လေနုအေးမှာပင် လှုပ်ခတ်တတ်သည့် ပန်းပွင့်ဖတ် သားတွေလို ထင်ပါရဲ့… ။

ကိုရဲ ကို မျက်နှာချင်းဆိုင်ရလျှင် နန္ဒာသည် ဘယ် အကြောင်းပြချက်မျိုးမှ ကိုယ့်ဘာသာ ရှာမရနိုင်ဘဲ ရင်တွေ နေခဲ့တော့သည်… ။

www.burmeseclassic.com

www.burmeseclassic.com



"မေမေ အစိုးရိမ်လွန်တာပါဟာ... ဘယ်လိုပြော... လက်မခံဘူး... ငါ့မေမေက ငါ့လိုပဲ တစွတ်ထိုး... နှ... တော့ ငါ သိပ်အားနာတာပဲ... "

နန္ဒာ ပြောသမျှ ကိုရဲက ပြုံးပြီး နားထော... သည်... ။ ဘာတစ်ခွန်းမှ ပြန်မပြော... ။ ဒါကိုပဲ နန္ဒာက စွ... အားနာနေခဲ့မိတာ... ။

ယောကျ်ားလေးတစ်ယောက်ကို တောင်း... အကြောင်းမတိုက်ဆိုင်ခဲ့ဖူးသည့် နန္ဒာ့အဖို့ သည်လိုစကား... အစီအစဉ်တကျ ထွက်လာဖို့ဆိုတာ သိပ်တော့မလွယ်ကူ... ဒါကိုပဲ သူ့အဖို့ ပြုံးစရာဖြစ်နေလေသလား မသိ... ။ နန္ဒာ... မှာဆိုင်ပြီး နန္ဒာ့ကိုကြည့်ပြီး ပြုံးနေသည့် သူ့အပြုံးကို သည်... ကြိမ်မှာ နန္ဒာ လျစ်လျူရှုမထားနိုင်တော့... ။



သူ့အသားက ညိုပေမဲ့ သူ့ခန္ဓာကိုယ်က ကျစ်လစ်သည်။ သူ့မျက်လုံးတွေက ရွှန်းတောက်သည်... ။ သူ့နှုတ်ခမ်းတွေကတော့... အနည်းငယ် ပြာချင်သည်... ။ ဆေးလိပ်သောက်သူလည်း မဟုတ်ပါဘဲ...

မှတ်မှတ်ရရ... သူ မိုးကာသားအကျႌ အပြာနှင့် အဖြူဆင်ကလေးကို... ရေနံချေးရောင်တီရှပ်ပေါ်မှာ ထပ်ဝတ်ထားသည်... ။ မိုးကာခေါင်းဆောင်းကလေး ချွတ်ထားသည့်အခါ ဆံပင်းချည်ကြိုးကလေး နှစ်ချောင်း ရင်ဘတ်ဆီကျနေသည်။ အဲသည်ဒီဇိုင်းကလေးက... နုနယ်တက်ကြွနေသည့် သူ့မျက်နှာနှင့် အတော်ပင် လိုက်ဖက်ပါသည်... ။ ဂျင်း(န်)ဘောင်းဘီဝတ်ထားသည့် သူ့ခြေထောက်တွေကဖြင့် တစ်ချက်တစ်ချက်လှုပ်ရှားရင်း ကြားရသည့်သီချင်းသံကို စည်းချက်လိုက်နေတတ်သည်... ။ နန္ဒာ့ သူငယ်ချင်းတွေက လက်ဖက်ရည်ဆိုင်နှင့်ကပ်လျက် အလှကုန်နှင့် လက်ဆောင်ပစ္စည်း ရောင်းသည့်ဆိုင်မှာ... မိတ်ကပ်တွေ၊ ...က်သည်းဆိုးဆေးတွေ ရွေးချယ်နေကြသည့်အခါ... လက်ဖက်ရည်ဆိုင်ထဲက စားပွဲမှာ... နန္ဒာတို့နှစ်ယောက်သာ ကျန်ခဲ့သည်။

နန္ဒာ့အဖို့ ပထမဆုံးအကြိမ် ရင်ခုန်စိတ်လှုပ်ရှားရသည့်အတွေ့အကြုံဖြစ်ပြီး ဘယ်ကဘယ်လို ပေါ်လာမှန်းမသိသည့် စိတ်ခံစားမှုကို ကိုယ်တိုင်လက်ခံနိုင်ဖို့ အတော့်ကို ခဲယဉ်းခဲ့တာပါပဲ... ။ သို့ပေမဲ့ အဲသည်အရွယ်သည် စိတ်လှုပ်ရှားမှုကို ထိန်းချုပ်ဖို့ ဘယ်လိုမှ မတတ်နိုင်ခဲ့တာလည်း အမှန်ပါပဲ... ။

www.burmeseclassic.com

www.burmeseclassic.com



သူက စကားတစ်ခွန်းမှ မပြောတော့ နန္ဒာ့နှလုံးခုန်သံတွေကို ပိုပြီး ပြင်းထန်လာအောင် လှုံ့ဆော်သလို ဖြစ်နေခဲ့သည်... ။ ပြီးတော့ သူက... စကားတစ်ခွန်းမှ မပြောဘဲ နန္ဒာ့ကို စိုက်ကြည့်နေခဲ့တာ

"ကိုရဲ... "

"ဘာလဲ... "

"နင့်ကို ငါ တောင်းပန်နေတာနော်... "

"ဩော်... တောင်းပန်နေတာလား... "

သည်လိုဆိုတော့မှ သူက ဟက်ခနဲ ရယ်သည်။

"လိုမှ မလိုတာဟာ... နန္ဒာက ဘာကိုတောင်းပန်တာ လဲ... နန္ဒာ့အမေ ပြောတာတွေက မှန်ပါတယ်... တို့ နှစ်ယောက်က သိပ်ပြီး မနီးစပ်သင့်ဘူး မဟုတ်လား"

"ဘာကို မနီးစပ် သင့်ရတာလဲ...,"

အသည်းယားစရာ... ။ အမြင်ကတ်စရာ...

နန္ဒာ သူ့ကို မျက်စောင်းကြီးကြီး ထိုးပစ်လိုက် သည်။

"နန္ဒာက ရွှေမင်းသမီးလေးပဲ ဥစ္စာ... "

"ကိုရဲ နော်... ငါ စကား အကောင်းပြောနေတာ... "

နန္ဒာ ရုတ်တရက် ဒေါသထွက်သွားပြီး ထိုင်ရာက ရုတ်ခနဲ ထလိုက်တော့ သူက နန္ဒာ့လက်ကောက်ဝတ်ကို ဖျတ်ခနဲ လှမ်းဆွဲလိုက်သည်... ။ နန္ဒာ့မျက်နှာကို ရေခပ်နွေးနွေးနှင့် အပက်ခံလိုက်ရသလို ပူနွေး ရှိန်းဖြသွား၏... ။ သူ့လက်ဖဝါးထဲ

က်ချောင်းတွေ တဆတ်ဆတ် တုန်ယင်လာသည်... ။

"တမင် နန္ဒာ့ကို စ,တာပါ... စိတ်မဆိုးပါနဲ့... နန္ဒာက အရမ်းအားနာနေတာကိုး... တို့ကို အားမနာပါနဲ့ဟာ... နန္ဒာ့စိတ်ကို ဝန်ထုပ်ဝန်ပိုး မဖြစ်စေချင်ပါဘူး... နန္ဒာ့ မေမေ ပြောသလိုပဲ တို့က နန္ဒာတို့ဘဝနဲ့ မတူဘူးလေ... ပိုက်ဆံမချမ်းသာတာကို နိမ့်ကျတဲ့ဘဝလို့ ပြောရင် တို့ နိမ့်ကျတယ်ပေ့ါ... "

"မဟုတ်ဘူးလေ... ငါ ပြောတာက နိမ့်ကျတာတွေ မြင့်မား တာတွေ မပါပါဘူး... တို့နှစ်ယောက် ရိုးရိုးသားသား သူငယ်ချင်းတွေ ဆိုတာကို မေမေက လက်မခံဘူး... အဲဒါ ကို ငါ... မျက်နှာပူတာ အားနာတာ... နင်နဲ့ ငါနဲ့က ဘာမှ မဟုတ်ဘဲနဲ့... ငါ့အမေ ပြောတာ ဆိုတာကို အချောင်ခံ လိုက်ရတာ... အဲဒါကို စိတ်မကောင်းဖြစ်တာ... "

"စိတ်မကောင်းမဖြစ်ပါနဲ့... ငါ့မှာလည်း အပြစ်ရှိပါတယ်... နင့်အမေပြောတာကို ငါ ခံထိုက်ပါတယ်... နန္ဒာ့ကို တို့က လိုက်ပို့ချင်ခဲ့တာကိုး... တကယ်တော့ ရိုးရိုးသားသား ဝန်ခံရရင် အဲလို အခွင့်အရေးမျိုးကို တို့က မျှော်လင့်နေမိ ခဲ့တာပဲ... "

"ဘာရယ်... "

"တို့ဘက်က နန္ဒာ ထင်သလို ရိုးရိုးသားသားတော့ မဟုတ် ဘူး... "

www.burmeseclassic.com

www.burmeseclassic.com



"ရဲ နော်... "

သူ့စကားတွေက နန္ဒာ့ကို မလှုပ်ရှားနိုင်အော

ချည်နှောင်လိုက်သလိုပါပဲ... ။

"အဲဒီ နေ့က... နန္ဒာ့ကို ပြောမလို့... "

ခက်ပြီ... ။

ပါးစပ်ပိတ်ထားတော့မှာလား နန္ဒာ... ။

နန္ဒာ့တစ်ကိုယ်လုံး ချွေးစေးတွေစို့ပြီး တလှပ်

မှုးနောက်လာသည်... ။ ရင်ခုန်သံတွေကလည်း ရင်တစ်

ပြုတ်ထွက်လုမတတ်ပါဘဲ... ။

"နန္ဒာ့ကို ချစ်တဲ့အကြောင်း... "

ဟင့်အင်း... ။ မဟုတ်ဘူး နော်...

နန္ဒာ မျက်လုံးတွေ ဝိုင်းလည်လာပြီး သူ့ကို

တုန် လှုပ်လှုပ် ကြည့်မိသည်။

"ဘာတွေ ပြောနေတာလဲ... "

"အောင်စာရင်း ထွက်တဲ့နေ့... ဆယ်တန်းအောင်တဲ့

ပြောမယ်လို့ ရင်ထဲမှာ ဝှက်ထားခဲ့တာ... တကယ်

နန္ဒာ့ကိုချစ်ခဲ့တာ ကြာလှပြီ... နန္ဒာ့မေမေ ပြော

နန္ဒာက တို့ဘစနဲ့ အဝေးကြီးမှာ ဆိုတော့... "

သူ ဘာတွေ ဆက်ပြောနေခဲ့သည် ဆိုတာ

မသိတော့ပါ... ။ နားထဲမှာ လေတိုးသံတွေလို တဝုန်းဝုန်း



ည်သံကြားနေခဲ့ပြီး နှလုံးက တဒိတ်ဒိတ်ခုန်ကာ ရင်ဘတ်ဆီမှာ

အေးခနဲ ငြိမ်သွားလိုက်... ပူနွေးလာလိုက်ဖြင့် ပုံစံအမျိုးမျိုး

ပြောင်းလဲလှုပ်ရှားနေခဲ့သည်... ။ အအေးဆိုင်ကလေးထဲမှာ...

ခင်မောင်တိုးရဲ့ 'အချစ်စစ်ဆိုတာ' သီချင်းသံ ခပ်ငြိမ့်ငြိမ့်ကလေး

ျောလွင့်နေခဲ့သည်ဆိုတာကိုလည်း သတိရသည်... ။ တက်ကြွ

သော နုနယ်ပျိုမျစ်သော အဲသည်လူငယ်လေးသည် ဆူညံလှုပ်

ရှားသော သီချင်းတွေကိုတော့ မကြိုက်တတ်ဘဲ အေးချမ်းငြိမ်

ညောင်းသည့် ကိုယ်ပိုင်သံစဉ် သီချင်းလေးတွေကိုမှ နှစ်သက်

တတ်သည် ဆိုတာကိုလည်း နန္ဒာ သတိထားဖြစ်ခဲ့သည်... ။ သူ

ဘာတွေ ပြောနေ ပြောနေ... နန္ဒာ... သိနားလည် နေသည်

ကတော့ သူ နန္ဒာ့ကို တိတ်တိတ်ကလေး ချစ်နေခဲ့သည် ဆိုတာ

ပါပဲ... ။

ဘယ်လောက် စိတ်လှုပ်ရှားဖို့ ကောင်းလိုက်ပါ

သလဲ... ။

နုနယ်သေးသည့်အရွယ် မိန်းကလေးတစ်ယောက်

သစွာ သူမ ရင်ခုန်ခဲ့မိပြီး အချစ်ဆိုတာ ဘယ်လိုဟု နားမလည်

ခင်မှာပင် ထိုကောင်လေးကို သူမ ချစ်မိနေခဲ့ပြီဖြစ်သည်... ။

ဒါပေမဲ့...

တို့ ဘယ်တော့မှ နောင်တ မရခဲ့ပါဘူး ကိုခိုင်ရယ်။

စိတ်ဆင်းရဲစရာ စိတ်ချမ်းသာစရာ ဘာကိုမဆို တို့

www.burmeseclassic.com

www.burmeseclassic.com



အတူခံစားကြမယ်ဆိုတဲ့ အသိ၊ နားလည်မှုနဲ့သာ…အတူရှေ့ဆ
နဲ့ကြတာပါ… ။

မဟုတ်ဘူးလားကွယ်… ။



"ကိုရဲ ကို တစ်ခုခု လက်ဆောင်ပေးဖို့ စဉ်းစားတာ… ဘယ်လိုမှ စဉ်းစားလို့ မရဘူး… စဉ်းစားလို့ရတဲ့ ပစ္စည်းတွေကျတော့လည်း ဈေးသိပ်ကြီးလို့ မဝယ်နိုင်ဘူး… ဒီတော့… ဒီဟာလေးပဲ… "

သူက နန္ဒာ့ကို အံ့သြတကြီး ပြီးတော့ ရှန်းရှန်း
ား စိုက်ကြည့်နေခဲ့သည်… ။ နန္ဒာ့ရင်ခုန်သံတွေဟာ ကိုရဲရဲ့
ျောက်မှာ အစစ်အမှန် လှုပ်ခတ် တုန်ခါခဲ့ဖူးသည်ဆိုတာ…
ိုန်နဲ့အမျှ အေးခဲသွားမည့် အမှန်တရားတစ်ခုလား… ။

ခုထိလည်း ကိုရဲအတွက် နန္ဒာ ရင်ခုန်ဆဲပါပဲကွယ်။

"ဘယ်လို လက်ဆောင်လဲ… တောင်းပန်တဲ့သဘောလား"

ကိုရဲရဲ့မျက်နှာ နူးညံ့သွားသည်… ။ ရဲရင့်ကြံ့သော
ည်နှာမနှင့် လူငယ်လေးတစ်ယောက်သည် တကယ့်ကို

www.burmeseclassic.com

www.burmeseclassic.com



သိမ်မွေ့ အေးချမ်းသည့် လူငယ်လေးပါပဲ… ။

"အို… ဟုတ်ပါဘူး… "

ဘယ်လို ပြန်ဖြေရမှန်းမသိဘဲ… နန္ဒာက မျက်နှာ တစ်ပြင်လုံး ပူနွေးရှက်အမ်းနေခဲ့သည်… ။ သူက နန္ဒာ့လက်ထဲက ဂစ်တာလက်ခတ်လေးကို လှမ်းယူပြီး လှည့်ပတ်ကိုင်ကြည့်နေ သည်။ ပန်းကလေးတစ်ပွင့်ကို တယုတယ ကြည့်နေသလိုမျိုး… နန္ဒာကတော့ ကိုယ့်ကိုယ်ကို အံ့ဩနေသည်။ အဲသည်အချိန်မှ ပြန်ဖြေ…တော့… သူမ ဘာကြောင့်… ဂစ်တာလက်ခတ်လေး တစ်ခု လက်ဆောင်ပေးဖို့ စိတ်ကူးရခဲ့သည် ဆိုတာ စဉ်းစားမ တော့… ။ သူ ဂစ်တာတီးနေတာကိုလည်း မြင်ခဲ့ကြားခဲ့တာ မဟုတ်… ။ သူ့လက်ချောင်းရှည်ရှည်တွေ ဂစ်တာကြိုးတွေပေါ် ခတ်ကစားနေတာကို မြင်မိသည် ထင်ပါရဲ့… ။ ဂစ်တာတစ်လက် ဝယ်ပေးချင်သည့် စိတ်ကူးမျိုး… သည့်ထက်မက… ပိုပြီး ယဉ်မိ သည့် စိတ်ကူးမျိုးလည်း ရှိချင် ရှိမှာပေါ့… ။

"တောင်းပန်တဲ့ လက်ဆောင်ဆိုရင်တော့… "

"အို… မဟုတ်ပါဘူးဆို… "

"ဒါဆို… ဘာလဲ… "

"စိတ်ကူးပေါက်လာလို့ပါ… ကိုရဲက ဂစ်တာတီး သိပ် ကောင်းတယ်လို့ တင်ထွန်းအောင်တို့ ပြောတာ ကြားဖူး လို့လေ… ပြီးတော့ ငါးမုန့်ဖိုးနဲ့ တတ်နိုင်တာဆိုလို့ ဒါပဲ ရှိတယ်… တကယ်ဆိုတော့ နာရီတို့ ဖောင်တိန်တို့… "



"ဟင့်အင်း… အဲဒါတွေဆို ကိုယ် မယူဘူး… "

သူ့မျက်နှာဆီ မေ့မေ့လျော့လျော့ ငေးမောနေစဉ် …ခင်… သူက… နန္ဒာလက်ဖဝါးတစ်ဖက်ကို ဆွဲယူပြီး ဆုပ်ဖျစ် …သည်… ။

"ဘယ်လောက် ချစ်စရာကောင်းတဲ့ စိတ်ကူးလဲ… ကိုယ် တစ်သက်မမေ့ဘူး… "

တဲ့… ။

ကြည့်စမ်း…

သူဟာတကယ် စိတ်ကူးယဉ်တတ်တဲ့ ကောင်လေး … ။

ဒါပေမဲ့… သူ့စကားတွေကို နန္ဒာလက်ခံခဲ့ရုံဖြစ်ပြီး …ာတစ်ခုမျှ မတုံ့ပြန်ခဲ့ဘူး ဆိုတာသေချာပါတယ်… ။ ချစ်တယ်… …ို့ နန္ဒာ့နှုတ်က မပြောဘဲ… သူက… နန္ဒာရဲ့ ရင်ခုန်သံတွေကို …ိပ်မိလျက်… နန္ဒာ့ကို နောက်ထပ်မေးခွန်းတစ်ခုမှ မမေးတော့ …ဲ ချစ်သူတွေဘဝကို ရောက်ခဲ့ရတာ နန္ဒာကတော့ ပေါ့တီမိသည် …ယ်လို့ မထင်မိပါ… ။

သူနှင့် နန္ဒာ့ကြားမှာ စကားလုံးတွေနှင့် ပြောစရာ …လိုသည့် နားလည်မှုတွေသာ ပြည့်သိပ်နေသည်လို့… ချစ်သူတွေ …ဘဝ အစမှာပင် နန္ဒာအလွယ်တကူ လက်ခံမိသည်… ။

နန္ဒာ့အတွက် အမှတ်တရ ဖြစ်စေမည့် ကဗျာဆိုင် …တလေး အမည်က 'သံယောဇဉ်'တဲ့… ။ ဗာဒံပင်ကလေး နှစ်ပင်

www.burmeseclassic.com



ခင်အုပ်အုပ်ရှိနေသည့်… အိမ်ခန်းကလေးရဲ့ နံဘေးမှာ သွပ်မိုး အမိုးချထားသည့် ကဖေးဆိုင်ကလေးသာ ဖြစ်ပါသည်… ။အဲသည် ဆိုင်ကလေးမှာ ခင်မောင်တိုး၊ ဆောင်းဦးလှိုင်တို့ရဲ့ သီချင်းတွေ ဖွင့်တတ်သည် ရယ်လို့ ကိုရဲက ပြောသည်… ။ နန္ဒာ့ကို ဖွင့်ပြော ဖို့လည်း ကိုရဲဘာသာ အဲသည်ဆိုင်ကလေးကို ရွေးချယ်ခဲ့တာ… တဲ့… ။

နန္ဒာ့ရဲ့ အားကိုးရသည့် သူငယ်ချင်းများကတော့

"နင်တို့ကို တမင်ရှောင်ပေးတာ… "

ဆိုပြီး နောက်ရင်းပြောင်ရင်း…ကျီစယ်ရင်း…ပြောင် ပြောင်တင်းတင်းပင် ဖွင့်ချသည်… ။ ပျော်စရာတော့ ကောင်းခဲ့ ပါရဲ့… ။ ရင်တွေလည်း ခုန်ခဲ့ရပါရဲ့… ။ ဒါပေမဲ့… မေမေ့ရဲ့ ဒေါသ ကိုတော့ တွေးပြီးကြောက်လန့်သည်… ။ မေမေကိုယ်တိုင်စခဲ့ သည့် ဓာတ်လမ်းလို့လည်း တရားခံရှာချင်သည်… ။ ဒါပေမဲ့ ရင် ထဲမှာ ဘယ်အချိန်ကတည်းက သူရောက်နှင့်သည် မသိ… ။ သူ ငယ်ချင်းတွေ ပြန်ရောက်လာတော့ သူက…

"လက်ဖက်ရည် တိုက်မယ်… "

ဟု ကတိခံသည်… ။

နန္ဒာက… ရှက်အမ်းပြီး…

"ဘယ်သူက ဘာပြောသေးလို့လဲ… "

ဟု ကြောက်ကန်ကန်တော့ အဖွဲ့တွေက နန္ဒာ့ကို ခေါင်းမဖော်နိုင်အောင် စနောက်နေတော့သည်… ။



"အဲဒီ စကားထဲမှာ အဖြေက ပါပြီးသားပဲ… "… တဲ့။

ငယ်ရွယ်ရူးမူးသည့် အချစ်ဆိုတာကို အမှန်လား၊ အမှားလား မဆုံးဖြတ်နိုင်ခဲ့ပေမဲ့… နန္ဒာ့ရဲ့ စိတ်ခံစားမှုက ကိုရဲ့ ဘက်ယောက်တည်း အပေါ်က လွဲပြီး နည်းနည်းလေးမှ မတိမ်း စောင်းခဲ့ပါ… ။

"ငါတို့က မင်းတို့နှစ်ယောက်ကို ပြန်ပြီး ဂုဏ်ပြုပါ့မယ် ကွာ… "

နန္ဒာတို့ထဲမှာ အမှတ်အများဆုံးရသည့် ကိုရဲကို ဂုဏ်ပြုရသည့် ပွဲလည်းဖြစ်သည်မို့ သူငယ်ချင်းတွေက နန္ဒာတို့ နှစ်ယောက်အတွက်ဆုတောင်းတွေပေးရင်း…လမ်းခွဲကလေးတစ်ခု က အတော်ပင်ပျော်ရွှင်စရာ ကောင်းခဲ့ပါသည်… ။

❧ ❧ ❧

www.burmeseclassic.com

www.burmeseclassic.com



သူက စစ်တက္ကသိုလ်လျှောက်မည်ဆိုတော့ နန္ဒာ မအံ့သြတော့ပါ... ။ ငယ်စဉ်ကပင် လေယာဉ်များကို ရင်းနှီးခဲ့ပြီး လေယာဉ်ပျံအသံကြားမှာ အိပ်ပျော်ခဲ့ရသည့်... ရဲရင့်အတွက် လေ သူ့ရဲ့တစ်ယောက်ဖြစ်ဖို့ဆိုတာ... ထိုက်တန်သည့်ရည်မှန်းချက်တစ် ခုလည်းဖြစ်သည်... ။ ဒါပေမဲ့ နန္ဒာက... စစ်သူနာပြုလျှောက်မှာ ဆိုတော့ သူက အံ့သြတကြီးရှိနေခဲ့သည်... ။

"တကယ်လား... တကယ် စစ်သူနာပြု လုပ်မှာလား... ။ နန္ဒာက ပျော့ပျော့နွဲ့နွဲ့ကလေး... နဲ့ ဖြစ်ပါ့မလား... "

တဲ့... ။ သူ့ အံ့သြနေတာကို နန္ဒာက ရယ်မောမိ သည်... ။

"ကိုရဲတောင် လေယာဉ်မှူး ဖြစ်နိုင်တယ်ဆိုရင် နန္ဒာက ဘာလို့ စစ်သူနာပြုမဖြစ်နိုင်ရမှာလဲ... ပန်းပေါ်မှာ အပွင့်



လေးတွေနဲ့ ယူနီဖောင်းစိမ်းစိမ်းကလေးတွေကို နန္ဒာ... တကယ်သဘောကျတယ်... "

"ယူနီဖောင်းကို သဘောကျရုံပဲလား... ဒီထက် ပိုကောင်း တဲ့ ရည်မှန်းချက် မရှိတော့ဘူးလား... "

"ဟင့်အင်း... လောလောဆယ်တော့ အဲ့လောက်ပဲ... နက် နက်ရှိုင်းရှိုင်းလည်း နားမှမလည်သေးတာ... ဒါပေမဲ့ ဖြစ် အောင် လုပ်မယ်လို့တော့ ဆုံးဖြတ်ထားတယ်... "

"ဖြစ်မှာပါ... နန္ဒာက ဖွဲကောင်းတာပဲ... "

သူ့ အားပေးစကားက ရိုးရိုးစင်းစင်းပင် ဖြစ်သည်။ သူငယ်ချင်းများနှင့်ခွဲတာ အိမ်ပြန်ဖြစ်ခဲ့တော့ ညနေငါးနာရီခန့် ပြီ... ။ လူသူရှင်းသော လမ်းမှာ ဖြစ်ပေမဲ့... သူက နန္ဒာ့ရဲ့ လက်ကလေးကိုပင် မကိုင်ခဲ့ပါ... ။ ငယ်သေးသည် ဆိုပေမဲ့... သူက အသက်နှစ်ဆယ် သုံးဆယ် ရင့်ကျက်သည့် ယောကျာ်းကြီး တစ်ယောက်လိုပင်... ဣန္ဒြေရရ တည်တည်ကြည်ကြည် ရှိနေခဲ့ သည်... ။ ရိန်းကုတ်ကလေးနှင့် ဂျင်း(န်)ဘောင်းဘီရှည်နှင့် နုပျို တက်ကြွသော လူငယ်ကလေးတစ်ယောက်ရဲ့ နှလုံးသားက... ထန်းဆန်းသည့်အချစ်ကို ဆင်ခြင်တုံတရားနှင့် ထိန်းချုပ်ထားခဲ့ သည်ကို နန္ဒာ မချီးကျူးဘဲ မနေနိုင်ပါ... ။

"ကိုရဲလည်း... ပိုင်လော့ ဖြစ်မှာပါ... "

"အင်း... ကိုယ်ကတော့ တိုက်လေယာဉ် မောင်းချင်တာ... ပြီးတော့... အရာရှိဖြစ်ချင်တာလည်း ပါတာပေါ့လေ...

www.burmeseclassic.com

www.burmeseclassic.com



အရာရှိ တစ်ယောက်ဆိုတော့ မိန်းမတောင်းရင် မျက်နှာမငယ်ရဘူးပေါ့… တူတူတန်တန် ရှိတယ်လို့လည်း ထင်ချင်စရာပေါ့… ”

သည်စကားကို သူ ရယ်ပဟ ပြောတော့… နန္ဒာ တိတ်ဆိတ်စွာ ဝမ်းနည်းသွားခဲ့ရသည်… ။

“နန္ဒာ့ကို… ခနဲ့တာ မဟုတ်ဘူးနော်… အမှန်အတိုင်း ပြောတာပါ… မိန်းကလေး တစ်ယောက်အတွက် အားကိုးချင်စရာကောင်းတဲ့… အရည်အချင်း တစ်ခုခုတော့ ရှိရမှာပေါ့ မဟုတ်ဘူးလား… ”

သိပ်တတ်နိုင်တာပါပဲ… ။

သူ့ စကားက နန္ဒာ့ကို ချက်ချင်းပြုံးရွှင်စေသည်။

“မိန်းမ တောင်းဖို့တောင် စဉ်းစားနေပြီလား… အဝေးကြီးလိုပါသေးတယ်… ”

နန္ဒာက ခပ်ရှက်ရှက်ဖြင့် ပြောမိသည်… ။

“မဝေးဘူးနော်… ။ အချိန်တွေက သိပ်အကုန်မြန်တယ်… သံသရာဆိုတာကြီးနဲ့ ယှဉ်ပြီး စဉ်းစားကြည့်လိုက်… ”

“အမယ်လေး… ကြီးကျယ်လိုက်တာနော်… ”

ပခုံးလေးတွန့်ပြီး နန္ဒာ ရယ်မောမိသည်… ။ လမ်းရှည်ကလေးမှာ နန္ဒာတို့ကို ဂရုတစိုက် စောင့်ကြည့်နေမည့်သူ မရှိပါ… ။ မိုးရန့်ပါသည့် ညနေလေပြည်က သူမတို့နှစ်ယောက်လုံးကို ရစ်ပတ်လွှမ်းခြုံလျက်… လန်းဆန်းအေးမြစေခဲ့သည်… ။ ဘဝဆို



တာ အချစ်ဆိုတာကို အဲသည်နှစ်ခုလုံး၏ ဆက်နွယ်ပတ်သက်မှုဆိုတာကို နားမလည်နိုင်ပါဘဲလျက်… နန္ဒာတို့ရဲ့ တစ်ယောက်အပေါ် တစ်ယောက်ချည်နှောင်မှုက မဖြင့်နိုင်ဘဲ ခိုင်မြဲခဲ့သည်။

“ဂစ်တာ လက်ခတ်ကလေးကို ကိုယ်တစ်သက်လုံးမြတ်မြတ်နိုးနိုး သိမ်းထားပါ့မယ်… နောက်ပြီး အဲ့ဒီလက်ခတ်ကလေးနဲ့… နန္ဒာတို့အိမ်ရှေ့ကို လာပြီး ဂစ်တာတီးခွင့်ရရင် ဘယ်လောက်ကောင်းမလဲလို့ စဉ်းစားမိတယ်… အဲလိုတော့ ဖြစ်နိုင်မယ် မထင်ဘူးနော်… ခုလောလောဆယ်တော့… ”

သူ့လက်မောင်းကို အမှတ်မထင် ဆုပ်ကိုင်မိသည့်အချိန်မှာ… နန္ဒာ့လက်ချောင်းတွေက တုန်ယင်နေခဲ့သည်… ။ ရင်ထဲမှာလည်း အင်အားတစ်ခုဖြင့် ပြည့်သိပ်နေခဲ့သည်… ။ လည်ချောင်းထဲမှာ တစ်ဆို့ပြီး မျက်လုံးအိမ်ပူနွေးလာသည်… ။ အဲသည်လှိုက်လှဲမှုကိုပင် အချစ်ဟု ယုံကြည်မိသည်… ။

“မပျောက်စေနဲ့ သေချာသိမ်းထား… ။ တို့နှစ်ယောက်အတူနေရတဲ့ အချိန်ကျရင်… နေ့တိုင်း ဂစ်တာတီးပြနော်”

ရုတ်တရက် သူ့ခြေလှမ်းတွေ ရပ်တန့်သွားသည်။ ချောင့်မရဲစိတ်ဖြင့် နန္ဒာ့လက်ဖဝါးကို ဆုပ်ညှစ်လိုက်သည်။

“ကျေးဇူးပဲ… ကိုယ်ကြိုးစားပါ့မယ်… ”

“အင်း… နန္ဒာလည်း ကြိုးစားမယ်… ”

“နန္ဒာရဲ့ မိဘတွေလက်ခံလာအောင် အသိအမှတ်ပြုအောင်

www.burmeseclassic.com

www.burmeseclassic.com



တို့ ကြိုးစားရမှာနော်… သိလား… ၊ မိဘတွေ သဘော
တူဘဲ… နန္ဒာ့ကို သိမ်သိမ်ငယ်ငယ်ဖြစ်ရအောင် တို့မ
ဘူး… ”

ဟုတ်တာပေါ့ကွယ်… ။

နန္ဒာ ဖြစ်စေချင်တာလည်း သည်အတိုင်းပါပဲ…

သည်လို ရင်ထဲက တိုးတိုးပြောမိသည်… ။ သည
တုန်းက… အနာဂတ်ဆိုတာကို သိပ်အရှည်အဝေးကြီး စဉ်းစား
နေနိုင်ခဲ့… ။

နှစ်ဦးသားရင်ထဲကချစ်ခြင်းသည်ကမ္ဘာတည်သရွေ့
နိုင်မြဲတည်ရှိနေမည်ဟု ထင်ခဲ့သည်… ။



ဗိုလ်မှူး ဒေါ်အေးအေးယဉ်က…

“ညီမလေး နေကောင်းသွားပြီနော်… ”

ဟု… ချိုမြစွာပြုံးလျက် နှုတ်ဆက်သည်… ။ နန္ဒာ
ခေါင်းညိတ်မိ၏… ။ အာရုံတွေ ဝေရီလျက်ရှိသည်… ။

ဒါပေမဲ့ ဆေးရုံမှာ နန္ဒာသည် ညွှံသည်မဟုတ်။

“မမ… ကျွန်မ ဂျူတီပြန်ဝင်လို့ ရမလား… ”

သူငယ်ချင်းတွေက အားပေးပြုံးဖြင့် နန္ဒာကို နှစ်
သိမ့်ကြသည်… ။

“ဝင်ရမှာပေါ့… ဒါပေမဲ့ ဇဏာတော့ နားလိုက်ပါဦးကွယ်…
အလုပ်တာဝန်တွေကို မေ့ထားဦး… ကျန်းမာအောင်နေ
ဆေးတွေ ဘယ်လိုသောက်ရမယ်ဆိုတာ သိတယ်နော်…”

“ဟုတ်… နန္ဒာ နေကောင်းနေပါပြီ… မမ… ။ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



အလုပ်လည်း ကောင်းကောင်း လုပ်နိုင်ပါပြီ... "

"ကြည့်စမ်း... သိပ်ဖြီး အလုပ်လောဘကြီးတဲ့ ကလေး လား... သိပ်မလောနဲ့လေ အလုပ်တွေပိပြီး ပြန်ဖျားနေ မယ်... "

"ဒီမိန်းမ... မြန်မြန် ယောကျ်ားယူခိုင်းလိုက်ပါတော့ မ ရာ... သူ့ အပင်ပန်း မခံနိုင်ပါဘူး... "

နန္ဒာ့ရဲ့ ကျောင်းဆင်းဖက် ကျော့က နန္ဒာ့ခါး ဖက်ထားရင်း... ကျီစယ်သည့်အရယ်ဖြင့် ပြောသည်... ။

"ဟုတ်လား... ဒီလိုဆို လက်ထပ်ခွင့်တင်တော့လေ... "

ဗိုလ်ကြီးမမင်းက... ဒေါ်အေးအေးယဉ်ရဲ့ လက် ကို တို့လိုက်သည်လို့ မြင်သည်... ။ အဓိပ္ပါယ်ကို စဉ်းစားမရ... သူတို့ထံမှာ နန္ဒာ့အကြောင်းတွေ များစွာပြောစရာ ရှိနေလိမ့်မည်

"လက်ထပ်ခွင့်က နှစ်ခါတင်လို့ ရရဲ့လား မမရဲ့... "

ဟု... နန္ဒာမေးလိုက်သည်... ။

အခန်းတစ်ခုလုံး တိတ်ဆိတ်သွားပြီးမှ ရယ်မောသံ တွေ ခပ်အုပ်အုပ်ကြားရ... ။



"နည်းနည်း နောက်ကျသွားတယ်... နန္ဒာစောင့်နေတာ ကြာပြီလား... "

"ဟုတ်တဲ့... "

လို့ သတိလွှတ်စွာ ပြောမိပြီးမှ ချက်ချင်း ခေါင်း ပြန်ယမ်းလိုက်ရသည်... ။

"ဟင့်အင်း မကြာသေးပါဘူး... "

မေမေနှင့် မမတို့ သူ့ကို ငြိုင်တူကြည့်ပြီး မျက်လုံး တွေ စကားပြောနေသည်ကို မြင်လိုက်သည်... ။ သူက သိမ်းထား သည့် စောင်တွေ ခြင်းတောင်းတွေ... ။ ပစ္စည်းပစ္စယတွေကို ဆတ် ခနဲ ဆတ်ခနဲ ကောက်ယူနေသည်... ။

"အို... ဟင့်အင်း... မဟုတ်တာ... မသယ်ပါနဲ့ ရပါတယ်... ရဲဘော်လေးတွေ ကူသယ်ပေးပါလိမ့်မယ်... "

ရုတ်တရက် လှုပ်ရှားမှုတွေ ရပ်သွားပြီး... သူက

www.burmeseclassic.com

www.burmeseclassic.com



နန္ဒာ့ကို ခပ်စိမ်းစိမ်းကြည့်သည်… ။

"ဩော်… အင်း… အင်း… "

မမကနန္ဒာတို့နှစ်ယောက်ကြားရုတ်တရက်ရောက်လာပြီး…

"ရဲထွတ်… ပေး… ပေး… မမ သယ်ပါ့မယ်… "

ဆိုပြီး သူ့လက်ထဲက ခြင်းတောင်းတွေ၊ ခါတ်ဘူးတွေကို ဆွဲယူလိုက်သည်… ။

"ရောက်လာမှာပဲ… သားရေ… ။ ဟောဒီမှာ အိမ်ဖြန့်ချွင်လှပြီ ဖြစ်နေတာ… ရဲထွတ် လာပါလိမ့်မယ်လို့ ပြောထားရတယ်… "

"ဟုတ်ကဲ့… ကျွန်တော်လည်း ဗီဇာကိစ္စလေးတွေ သွားလုပ်နေတာ… ဒါပေမဲ့… နန္ဒာ ဆေးရုံက ဆင်းမယ်ဆိုတာတော့ သတိရပါတယ်… "

မေမေက နန္ဒာ့အနား ရောက်လာပြီး နန္ဒာ့လက်မောင်းကို လာတွဲသည်… ။ ဝမ်းနည်းရိပ်က သူ့မျက်နှာပေါ်မှာ ထင်ရှားနေခဲ့တာ… နန္ဒာ့ကြောင့် များလား… ။ ရဲဘော်လေးတွေ ရောက်လာပြီး ပစ္စည်းတွေ သယ်ယူသွားကြသည်… ။

"မေမေ့ ရုံးကားမှာလည်း ရဲ့သားနဲ့ မေမေရယ်… "

သူ နှင့်ခနဲ ပြုံးလိုက်သည့်အခါ နန္ဒာ့ရင်ဘတ်ထဲမှာ အေးစက်ထုံကျင်သွားခဲ့ရသည်… ။

"ခုတော့… အားနာတတ်နေပြီပေါ့လေ… "



စကားသံက တိုးတိမ်အက်ကွဲ နေသည်လို့ပင် ထင်… ။ သူ့မျက်နှာကို နန္ဒာမကြည့်ရဲတော့… ပြီးတော့ သူ့ကို… ဘယ်လိုရင်ဆိုင်ရမလဲ… ။

"အားနာတာပေါ့… ကိုရဲထွတ်ကို ဒုက္ခပေးမိတာ များပြီ… နန္ဒာ တော်တော်ဆိုးခဲ့တာပဲတဲ့… မမက ပြောတာ… နန္ဒာကတော့… ပြန်တွေးလို့ မရတော့ဘူး… သတိရလည်း ရ မရတာလည်း မရနဲ့… ကျေးဇူးတင်ပါတယ် ကိုရဲထွတ်ရယ်… "

သူ့အပြုံးက အသက်မဲ့နေသည်… ။

"ကဲပါ… အိမ်ရောက်မှပြောပါ သမီးရယ်… တခြားလူတွေမှ မဟုတ်ဘဲ… ကိုယ့်ချွေလိုမျိုးလိုဖြစ်နေပြီ ဥစ္စာ… "

မေမေ့စကား ဘယ်အထိ အမိပ္ပါယ်ရောက်သည်… ။ မျက်လုံးထောင့်မှာ မြင်ရသော အရိပ်က ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်ထိုးထည့်ပြီး ခပ်ယိုင်ယိုင်ရပ်နေသည်။ မျက်တွေက ကြမ်းပြင်ကို စိုက်ကြည့်နေတာပဲ ဖြစ်မှာ… ။

ဂျူတီဆင်းချိန်တွေမှာ နန္ဒာ့ကို ရပ်စောင့်နေတတ်သည့် သဏ္ဍာန်လိုပဲ… ။ ခြေသံကြားရမှ ဆတ်ခနဲ ခေါင်းမော့လာမည် လိုပဲ… ။

ဒါပေမဲ့… နန္ဒာ့ ချစ်သူမှ မဟုတ်ဘဲ… နော်…

သူကတော့ တကယ်ပဲ ပြန်မလာနိုင်ဘူးပေါ့ ။

"ဟုတ်သားပဲ… ။ နောက်မှ အားနာတော့နော်… ကောင်

www.burmeseclassic.com

www.burmeseclassic.com



မလေး... "

သူ့ရယ်သံ အက်အက်က နန္ဒာ့ကို အနေခက်စေ

သည်... ။



## (၉)

ခုတော့ သူ့မရှေ့မှာ ရှိနေသည့် ရဲထွတ်ကို နန္ဒာ

တင်းတင်း ကြည့်ရဲပြီ... ။ နန္ဒာ့ မျက်လုံးတွေက ကြည်လင်နေ

သက သူ့အတွက် စိတ်ကျေနပ်စရာကောင်းနေခဲ့သည်... ။ သို့

ပေမဲ့ နန္ဒာ့မျက်နှာ အသားအရေက အနည်းငယ် ပြာချင်သည်...။

ကြည့်တွေက တစ်ချက် တစ်ချက်မှာ နေရာတစ်နေရာတည်း

တ်ငေးနေချင်သေးသည်... ။ သို့ပေမဲ့ ရွှင်ပျသွက်လက်သော

မှုအရာနှင့် စကားပြောဟန်လေးတွေ တစ်စတစ်စနှင့် ရုပ်လုံး

ပေါ်လာသည်... ။ နန္ဒာဆိုသည့် မိန်းကလေးတစ်ယောက်၏

အတိဟန်ပန်ကလေးတွေက သူ့မျက်စိထဲမှာ ရင်းနှီးခြင်းဖြင့် ဖွဲ့

သန်းဖွယ် ဖြစ်လာသည်... ။

"ကိုရဲလို့ လှမ်းခေါ်လိုက်တော့ ကိုယ်လည်း ကြောင်ပြီး

ရပ်လိုက်တယ်... ပြုံးပြုံးတောင် နှုတ်ဆက်လိုက်သေးတယ်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တစ်နေရာရာမှာ သိဖူးတဲ့ မိတ်ဆွေဟောင်း

ယောက်လို့ ထင်လိုက်တာကို... စဉ်းစားလို့လည်း

ပြန်လာပြီနော်... လို့ ပြောတာလည်း ဟုတ်လို့... ။

ပြန်ရောက်တာ သုံးလေးရက်ပဲ ရှိသေးတာကို...

သူပြောသမျှ နန္ဒာက တခစ်ခစ်ရယ်သည်။

မှ မသိတတ်နားမလည်သည့် ကလေးတစ်ယောက်၏ အ

တကယ်တော့ သည်အကြောင်းအရာတွေ

အပ်ကြောင်းရာ ထပ်နေသည့် ဓါတ်ပြားဟောင်းတစ်ချပ်

နန္ဒာ့အတွက် ဖြစ်နေမှာပါ... ။ ဒါပေမဲ့ နန္ဒာနှင့် သူကြား

တစ်ယောက်နှင့် တစ်ယောက် ရင်ဆိုင်ရန် ခက်ခဲသည့် အ

ထားမျိုး မဖြစ်စေချင်... ။ မကြာမတင်ကမှ သိကျွမ်းရသည့်

စိမ်းတစ်ယောက်အဖြစ် သူ့ကို မမြင်စေချင်... ။

သည်ကာလငယ်လေးအတွင်းမှာပင်... နန္ဒာ

သည့် မိန်းကလေးအပေါ် သူ့ရဲ့ တွယ်ငြိမှုက ရင့်သထက် ရင့်

သထက် ခိုင်မာလာခဲ့ပြီဆိုတာ သူ့ကိုယ်သူ ရိပ်စားနားလည်

လာပြီ... ။

[လုံးလုံးလျားလျား ကောင်းတယ်လို့တော့ မ

နိုင်သေးဘူး... တစ်သက်လုံးမှာ သူဟာ လူကောင်းတစ်ယော

ပါ... လို့ ပြောလို့မရသလို ဝေဒနာသည်တစ်ယောက်ပါ...

လည်း ပြောလို့ မရဘူး... ဒါပေမဲ့ သူ့ရဲ့ လုပ်ငန်းတာဝန်

တော့ ပုံမှန်ထမ်းဆောင်နိုင်မှာပါ... ]





သူ့ရထံက သည်လိုစကားကြားရသည့် အခိုက်အတန့်မှာ အသက်ရှူဖို့ပင် မေ့လျော့နေခဲ့သည်... ။ ဘယ်လိုပဲဖြစ်စေ... နန္ဒာသည် သာမန်မိန်းကလေးတစ်ယောက် လွတ်လပ်ပျော်ရွှင်သည့် ဘဝကို ပိုင်ဆိုင်ဖြတ်သန်းနိုင်မည်ပင်... ။ ဒါကို သူ... ကျေနပ်ရလိမ့်မည်... ။ ခုကြည့်လေ...

နန္ဒာဟာ... ကုန်လွန်ခဲ့သည့် ရက်တွေက သူ့အဖြစ်အပျက်ကို လက်ခံနိုင်လာပြီ... ။

"ဟုတ်တယ်... ဒီလိုဆို နန္ဒာဟာ မမပြောသလို တော်တော်ဆိုးခဲ့တာ... "

နန္ဒာ့မျက်နှာလေး သွေးရောင်လွှမ်းလာပြီး ပြောသည်။

"ဟုတ်လား... "

မသိဟန်ဆောင်ပြီး အလိုက်သင့် ပြုံးရ၏... ။

"မှန်းကြည့်လို့ ရတယ်လေ... ဘာကြောင့်လဲဆိုတော့... နန္ဒာက ကိုရဲကို... နိုင်စားခဲ့ရတာကို... ကိုရဲက နန္ဒာ့ကို အမြဲအလိုလိုက်တယ်... အလျှော့ပေးတယ်... အိမ်မှာလည်း အငယ်ဆိုတော့ နန္ဒာက စိတ်ကောက်တဲ့အကျင့်ကို ငယ်ငယ်ကတည်းက ရထားတာ... အလုပ်ဝင်တော့မှ အဲဒီအကျင့် ပျောက်သလောက် ဖြစ်သွားတယ်... ဒါပေမဲ့ ရင့်ကျက်တာတော့ မဟုတ်ဘူး... ကိုယ့်ဘာသာ ညာနေတာပဲ ဖြစ်မှာ... ကိုယ့်ဘာသာ ညာတတ်နေရင်းနဲ့ ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



လက်မခံချင်တဲ့ကိစ္စတွေမှာ... ကိုယ့်ကိုယ်ကို ညာနေမိ
တော့တာ...

ဒီလိုပဲ ဖြစ်မယ်လို့ ထင်တယ်လေ... ကိုရဲဟာ တကယ်ပဲ
နန္ဒာ စိတ်ကူးယဉ်သလို ဖြစ်ခဲ့ရင် ဘယ်လောက်ကောင်း
မလဲ... ”

အသံက တိုးတိမ်နစ်ဝင်သွားသည်... ။ ကြည်လင်
နေသည့် မျက်လုံးအိမ်လေးတွေ ရီဝေစိုစွတ်လာသည်... ။ နှုတ်
ခမ်းလွှာလေးပင် ဆတ်ခနဲ တုန်ယင်သွားသည် ထင်မိ၏... ။
ခြောက်ကပ်လာသော လည်ချောင်းထဲ တံတွေးကိုမျိုချရင်း
မျက်နှာလွှဲရသည်... ။ တကယ်တော့ နန္ဒာ့လက်ဖဝါးလေးတွေကို
ဆုပ်ကိုင်ထားချင်မိတာ နန္ဒာ သိမည်မထင်... ။ နူးညံ့သည့်လက်
ဖဝါးလေးတွေရဲ့အတွေ့ကို သူ မမေ့နိုင်ပါ... ။ ချစ်ခင်မြတ်နိုးမှု
ဖြင့်... သူ့ကို တွယ်ဖက်ခဲ့သော... ကျောပြင်ကို ထုရိုက်ခဲ့သော...
သူ့ဆံပင်တွေကို ခပ်ဖွဖွ သပ်တင်သော အဲသည် လက်ဖဝါးလေး
တွေကို သူတွေ့ကြုံခဲ့ဖူးသမျှ မိန်းမတွေထက် ပိုပြီးစွဲလမ်း တွယ်
မက်ခဲ့ပါသည်... ။

ဒါပေမဲ့... အဲသည် မိန်းကလေးရဲ့မြတ်နိုးမှုတွေ...
က... သူ့အတွက် အစစ်အမှန်မှ မဟုတ်ခဲ့ဘဲ... ။

ရဲထွတ်ကျော်ဆိုသည့် လူတစ်ယောက်အတွက်မှ
မဟုတ်ခဲ့ဘဲ... ။

“နန္ဒာ... ”



သူ ခေါ်လိုက်တော့ နန္ဒာသည် အိပ်ပျော်ရာက
နိုးခံရသူတစ်ယောက်လို ဆတ်ခနဲ မျက်နှာပင့်ပြီး ငေးကြောင်
သော မျက်လုံးဖြင့် သူ့ကို ကြည့်နေ၏... ။

“မေ့လိုက်ပါတော့ လား... ”

“ရှင်... ”

“အဲဒါတွေကို မေ့လိုက်ပါတော့လား... ”

သူတို့နှစ်ဦးသားကြားမှာ တိတ်ဆိတ်သွားသည်။
ခဲ့သည်စကားက နန္ဒာအတွက် ပြင်းထန်ကောင်း ဖြင်းထန်နေ
မည် ထင်ရပေမဲ့ သည်စကားကလွဲပြီး သူ့မှာပြောစရာမရှိ
ထင်မိသည်... ။ သည်လို စကားကိုသာ ဆိုသင့်သည်ပဲ... ။
တ်သန်းစီးဆင်းသွားသော ရေအလျဉ်လိုပင်... ဘဝဆိုတာ
ချိန်တွေ ရွေ့လျောစီးဆင်းမြဲပင်...
ကို သူမ နှလုံးသွင်းစေချင်သည်... ။

နန္ဒာသည် လက်ချောင်းလေးတွေ တစ်ခုနှင့်တစ်ခု
ကာထားရင်း လက်သည်းခွံလေးတွေကို လက်မဖြင့် ပွတ်တိုက်
နေ၏... ။ သူ့နာပြုတစ်ယောက်၏ လက်များပီသစွာပင်... သူမ၏
ာက်များသည် သွေးရောင်ပြည့်လျက် ပန်းနုရောင်လွှမ်းနေ၏။
က်ချောင်းသွယ်များနှင့် တုံးတိတိ လက်သည်းခွံများသည် သန့်
ှင်းနူးညံ့နေကြသည်... ။ ခုတော့... သပ်ရပ်စွာ ကျစ်ဆံမြီး
ားသည့် သူမ၏ဆံပင်နက်မှောင်များသည် ကျောနေ
သော ရှင်းလင်းစွာ ရှိနေကြသည်။ အဲသည်အခါ... နန္ဒယ်သေး

www.burmeseclassic.com

www.burmeseclassic.com



သော မျက်နှာပြည့်ဖောင်းဖောင်းလေးက ပိုပြီးပေါ်လွင်
သည်။ တကယ်တော့ နန္ဒာသည် သူမ၏အလုပ်တာဝန်နှင့်
ယှဉ်လျှင် များစွာနုနယ်နေသေး၏… ။ ယူနီဖောင်းသာ
မထားဘူးဆိုလျှင် သူမသည် မရင့်ကျက်သေးသည့် ကျောင်း
မလေးနှင့်မခြား ရှိသည်… ။ အသက်အရွယ်လည်း နန္ဒာက ရဲ
ထက် ငယ်ရွယ်သည်အမှန်… ။ သည်လို နုနယ်သည့် မိန်းက
မှာ အကျည်းတန်လှသည့် အတိတ်တစ်ခု ရှိနေခဲ့တာတော့
ကြေးတစ်ခုပဲ ဖြစ်နိုင်ပါသည်… ။ ဒါကို အဆုံးသတ်လိုက်ဖို့
တတ်နိုင်မည်လား… ။

အဆုံးသတ်နိုင်လိမ့်မည်ဟု ကိုယ့်ကိုယ်ကို အ
ကြိုးခဲ့ဖူးသည်… ။ နန္ဒာ့ကို… မျောနေသည့် အတိတ်ပင်လယ်
ကနေ ဆွဲထုတ်ကယ်ဆယ်နိုင်မည်ဟု သူ ထင်ခဲ့သည်… ။

ခုချိန်မှာ ပင်လယ်ထဲ တကယ်မျောနေသူ
ရဲထွတ်ကျော် ဖြစ်နေပြီထင်ပါရဲ့… ။

"ဟုတ်တယ်နော်… ။ မေ့ပစ်ရမယ်… ။ ဒါပေမဲ့ ဘယ်လို
ရမလဲ… နည်းလမ်းရှိရင် ပေးပါဦး… ဆရာကြီးရယ်

"နန္ဒာတို့ ကျောင်းတက်တုန်းက ဆမ်ဘစ်တီကျူးရှင်
သင်ရတယ် မဟုတ်လား… "

နှုတ်ခမ်းလေးတွေ လှုပ်ရှားသည် ဆိုရုံမျှ နန္ဒာ
လိုက်သည်… ။ ဒါဟာ… မချိပြုံးဆိုတာ ဖြစ်မှာ… ဟု သူနားလ
လိုက်ရသည်… ။ အစားထိုးခြင်းဆိုတာ ဝေဒနာတစ်ခုကို ပျ



တစ်ခုအစိတ်အပိုင်းတစ်ခုလို သဘောထားခြင်းလည်း ဖြစ်သည်။
အဲသည် နည်းလမ်းက ဘယ်လောက်အထိ ထိရောက်သည်ဆို
တာတော့ မကြုံဖူးသည်မို့ သေချာမသိပါ… ။ နန္ဒာ့အတွက်တော့
ထိရောက်ကောင်းပါလိမ့်မည်… ။

"ကိုရဲထွတ်ကတော့… အချစ်ဆိုတာအတွက် သိပ်ပြီး
ဦးနှောက်စားမယ် မထင်ရဘူးနော်… အမြဲတမ်း ပေါ့ပါး
လန်းဆန်းနေသလိုပဲ… "

သည်စကားကိုတော့ သဘောကျမိသည်… ။ ပြီး
တော့ နန္ဒာနှင့်သူ သည်လိုစကားတွေ အေးအေးဆေးဆေး ပြော
ချင်သည်… ။ လောကကြီးမှာ အရေးပါသည့် အကြောင်းအရာ
များစွာထဲမှာ အချစ်ဆိုတာ နံပါတ်စဉ်များထဲက တစ်ခုသာဖြစ်
ကြောင်း ပြောချင်သည်… ။

"ဒါကတော့ အသက်အရွယ်… ပတ်ဝန်းကျင်နဲ့လည်း ဆိုင်
တယ် ထင်တာပဲ… နန္ဒာ… "

နန္ဒာကသူ့ကို မေးခွန်းတစ်ခုဖြင့် လှည့်ကြည့်သည်။
နောက်ဘက်က ခြေသံတစ်စုံကြောင့် သူတို့နှစ်ဦးစလုံး လှည့်ပြန်
ကြည့်မိကြ၏… ။

"နန္ဒာတို့ကတော့ လုပ်ပြီ… ။ ညွှေသည်ကို လေကားမှာ
ထိုင်ခိုင်းရတယ်လို့ကွယ်… "

မမသီတာ… ။

အပြစ်တင်စကား ဆိုပေမဲ့ မျက်နှာက ချိုလွင်နေ

www.burmeseclassic.com

www.burmeseclassic.com



သည်… ။ အားနာရိပ်မဆိုစလောက် သိသာသည်။

ဟုတ်ပါရဲ့… ။

သူတို့ နှစ်ယောက်ကလည်း အိမ်ရှေ့သံဘာကျောတံခါးရှေ့ လှေကားသုံးထစ်၏ အပေါ်ဆုံးအဆင့်မှာ ထိုင်နေကြသည်… ။ သူတို့ရှေ့မှာတော့ ကွန်ကရိတစ်ဝက် သံပန်းတစ်ဝက်ဖြင့် ခြံဝင်းတံတိုင်းနှင့် တံတိုင်းအတွင်းဘက်မှာ အနီနှင့် အဝါပြောက်ကျားရွက်လှပန်းပင်တွေ ရှိသည်… ။ သံပန်းသံတိုင်လှေကားထစ်မှာမို့ ခြံရှေ့က ဖြတ်သန်းသွားသူများကို သူတို့တွေ့မြင်နိုင်သည်… ။

လှေကားထစ်မှာမို့ သူတို့ပြောဆိုသည့် စကားတွေက တန်ဖိုးလျော့မသွားဘူးဆိုတာတော့ သူယုံကြည်ပါသည်… ။ ပြီးတော့ ညှို့ခန်းဆိုဖာဆက်တီတွေပေါ်မှာထက် သည်နေရာက နန္ဒာနှင့် သူ့ကိုပိုပြီး ရင်းနှီးစေနိုင်သည်… ။ ပိုပြီးနီးကပ်စေနိုင်သည်… ။

"ဒီမှာကောင်းပါတယ်မမ… အိမ်ထဲမှာ နည်းနည်းအသက်ရှုကျပ်တယ်… "

ဟု နန္ဒာက ဖြေသည်။ သူကတော့…

"ခုတော့ ညှို့သည်လို့ သဘောထားလိုက်ပြီလား… "

ဟု မမသီတာ မျက်နှာအနေအထားခက်အောင် ကျိစယ်မိသေး… ။ တကယ်တော့ မပြောသင့်တာပါ… ။

"ဒီမှာ နန္ဒာတို့ အရေးကြီးတဲ့ အကြောင်းတွေ ဆွေးနွေးနေ



တာကို… "

ဟု နန္ဒာက မမသီတာကို အရွှန်းအပြတ်ပြောပေမဲ့ တကယ်လည်း စကားလမ်းကြောင်းက ဦးတည်ရာပြောင်းလဲသွားသည်… ။

သူ ပြန်ရမဲ့ ရက်တွေက နီးကပ်လာပြီဆိုတာကို သတိမရချင်ပါ… ။

"ကိုရဲထွတ်… ဂစ်တာတီးတတ်လား… "

နန္ဒာက ကောက်ခါငင်ကာ မေးသည်… ။

တတ်တယ် ဆိုရုံလေးပါ… သိပ်မကျွမ်းကျင်လှပါဘူး… ဟိုမှာက ဂစ်တာတီးဖို့ အချိန်မရသလောက်ပါဘဲ… နောက်ပြီး မြန်မာသီချင်းတွေလည်း ကျွန်တော်မရသေးဘူး… "

"ဪ… "

နန္ဒာက ငေးငေးမောမောလေး ရေရွတ်သည်။

"တကယ်တော့ နန္ဒာရဲ့ ကိုရဲနဲ့ ကျွန်တော်မတူတဲ့ အချက်တွေအများကြီးပါ…။ ကျွန်တော်ကတော့ လေယာဉ်မောင်းဖို့ မပြောနဲ့ လေယာဉ်စီးရမှာတောင် လန့်တယ်… ။ လေယာဉ်စီးရတဲ့ ဗီလင်ကို မကြိုက်ဘူး… ။ ပြီးတော့… "

"ပြီးတော့ လက်ဖက်ရည် မကြိုက်ဘူး… ၊ လက်ဖက်… မကြိုက်ဘူး… ၊ ဂီတာကိုလည်း မစုံဖက်လှဘူး… ဟုတ်တယ် မဟုတ်လား… "

www.burmeseclassic.com

www.burmeseclassic.com



သူမက ရယ်မောလျက် မေးသည်။

"ကိုရဲရင့်ကတော့… အဲဒါတွေရဲ့ ဆန့်ကျင်ဖက် မဟုတ်လား… "

"ဒါပေမဲ့ တစ်ခါ… တစ်ခါ… မှာ… ။ အထူးသဖြင့် ဘောင်းဘီအိတ်တွေထဲ လက်နှစ်ဖက်ထည့်ပြီး ခေါင်းငုံ့ပြီး လမ်းလျှောက်နေတဲ့ အချိန်မျိုးမှာ… "

နန္ဒာက တွေဝေငေးမောသွားပြန်သည်… ။

"ကဲ… ထားလိုက်ပါတော့… ။ ကျွန်တော်ကတော့ ခုလို အတွေ့အကြုံကို တကယ်စိတ်ဝင်စားမိတယ်… ။ ပြီးတော့ နန္ဒာ့ကိုလည်း တကယ်ချီးကျူးတယ်… "

"ဘာကိုလဲ… "

"ချစ်သူအပေါ် စွဲမြဲတဲ့ စိတ်ကိုပေါ့… "

သွေးရောင်လွှမ်းသွားသည့် မျက်နှာဖြင့်… မိန်းကလေးသည် ရှက်ရွံ့စွာမျက်လွှာလေးချပြီး ငြိမ်သက်နေတော့၏… ။



စိတ်မှာ… တစ်ခုခု လိုအပ်နေသည်ဟူသော ခံစားဘ်မျိုးက သူ့အတွက် အထူးအဆန်းဖြစ်နေပါသည်။ ညနေလေည်မှာ ဝေဝဲလွင့်လျက် ကြွေလာတတ်သည့် ကုက္ကိုရွက်ကြွေကသးများကို မြင်လျှင် ဖြစ်စေ… ၊ ဆံပင်ကို ဖဲပြားကလေးဖြင့်ဘ်သယ်ရပ်ရပ် ထုံးနှောင်ပြီး ယူနီဖောင်းဝတ်ဆင်ထားတတ်ည့် ဝန်ထမ်းမိန်းကလေးများကို မြင်လျှင်ဖြစ်စေ… ၊ ဂစ်တာာင်းသည့် ဆိုင်ရှေ့မှန်ဗီရိုသေးသေးထဲက ဂစ်တာလက်ခတ်လေးများကို မြင်လျှင်ဖြစ်စေ… နန္ဒာဆိုသည့် မိန်းကလေးတစ်ယောက်ကို ပြင်းပြင်းပျပျ သတိရလာတတ်သည်… ။ အဲသည်အခါျိုးမှာ… သူရ ရှိနေသည့် မင်္ဂလာဒုံဆေးရုံကြီးသို့ သူမကြာခဏဆာက်ရသည်… ။ နန္ဒာကတော့ အလုပ်ပြန်မဝင်သေးပါ… ။ သို့

www.burmeseclassic.com



ပေမဲ့ သိပ်မကြာခင် တစ်ရက်ရက်မှာတော့ သူမအလုပ်ပြန်ဝင်
လိမ့်မည်ဆိုတာ သေချာပါသည်... ။

နန္ဒာနှင့်သူ ရတ်တရက် သိပ်ရင်းနှီးသွားပြီးမှ
ချင်းပင်... ဝေးကွာစိမ်းကားသွားသလို စိတ်ထဲမှာ ထင်မိသည်...
နန္ဒာ့အိမ်ဘက် မရောက်ဖြစ်တော့... ။ နန္ဒာ့မိဘများနှင့်
ကိုယ်တိုင် ဦးဦးတို့အိမ်ရောက်လာပြီး လက်ဆောင်ပစ္စည်းများ
ကျေးဇူးတင်စကားဆိုကြသည်... ။ လက်ဆောင်ပစ္စည်းများ
နိုင်ငံခြားမှာ ရှားပါးပြီး အဖိုးတန်ပေမဲ့ သူ့အတွက်တော့ အသုံး
တည့်လှဘူးထင်သည်... ။ ရွှေချည်ထိုး ပန်းချီကားတွေ၊ ပိုးစ
တွေကို မြင်ရတော့ တစ်ကြိမ်တစ်ခါ သူ ကိုင်ကြည့်ခွင့် ရဖူးသ
ဂစ်တာလက်ခတ်ကလေးနှင့် သွားပွတ်တံကလေးကို သတိ
သည်... ။

မနာလို ဝန်တိုစိတ်တော့ အလျဉ်းမရှိခဲ့... ။

"မွေးမြူးရင်းချာလို သဘောထားပြီး အိမ်ကိုလည်း
ထွက်ပါ... "

ဟု နန္ဒာ မေမေက တံခါးဖွင့် ပေးခဲ့ပေမဲ့...
နန္ဒာတို့အိမ်သွားရမှာ မျက်နှာပူနေသလိုပင်... ။ ပြီးတော့ နန္ဒာ
တမ်းတစိတ်တွေက ဘယ်ဆီမှာဆိုတာ သူကောင်းစွာ သိ
သည် မဟုတ်လား... ။

ပြော်...



စွဲလမ်းတွယ်ငြိခြင်းဆိုသည့် အရာက ဘယ်အထိ
လောင်မြိုက်တတ်သည်ဆိုတာ... သေချာသိခဲ့ပြီးပေမဲ့...

အဲသည့် အပူကိုပင် မက်မောချင်နေတာ မိုက်မဲ
လွန်းလှသည်... ။

မကြာခင်မှာ မြန်မာပြည်ကနေ သူ့ခွာရပြန်ပေဦး
ည်... ။

အရင်အကြိမ်ကလို ပျော်ရွှင်ပေျပါးနှုတ်ဆက်နိုင်
ည်လား... ။

မသေချာပါ... ။

ရင်မှာ ဝေဒနာ တစ်ပိုင်းတစ်စတော့ ကျန်ရစ်မည်
င်... ။

[ကိုရဲထွတ်ကတော့ အချစ်ဆိုတာအတွက် သိပ်ပြီး
ဦးနှောက်စားမယ် မထင်ရဘူးနော်... ။ အမြဲတမ်း ပေါ့ပါးလန်း
ဆန်းနေသလိုပဲ... ]

သူမ ပြောခဲ့သည့် စကားတစ်ခွန်းကိုသာ မကြာ
ခဏသတိရ နေဖြစ်သည်... ။ စကားလုံးတွေ၊ ရယ်မောဟန်လေး
တွေ...

နောက်ဆုံး...

မှေမှေလျှော့လျှော့ ငေးမောတွေဝေနေသည့် ဟန်
ကလေးတွေက အစ... ။

ဒါပေမဲ့... သတိရတယ် ဆိုတာထက်ပိုပြီး ဖြစ်နိုင်

www.burmeseclassic.com

www.burmeseclassic.com



မည် မထင်ပါ... ။ စိမ်ကိန်း ဗေယာ်းကွက်များထဲမှာသာ ကြီးပြင်းခဲ့ရသော ရဲတွက်ကျော်အတွက် နလုံးသားခံစားမှုဆိုတာကို... ဘယ်တုန်းကမှ ရှေ့တန်းတင်ခဲ့ရသည် မဟုတ်ပါ... ။

စက်ရုပ်တစ်ရုပ်ဆန်သော ကမ္ဘာထဲ ပြန်သွားရမည့် ခုတစ်ကြိမ်ကတော့... သူ့အတွက် လောကကြီးသည်... အသက်မဲ့ သေဆုံးနေသလိုပင်... ။



ဆံပင်တိုတိုညှပ်ပြီးကာစ ရေချိုးခေါင်းလျှော်ပြီးကာစ သူရသည် လန်းဆန်းနုမျစ်နေပြီး စစ်ဗိုလ်ဆရာဝန် တစ်ယောက်ဟူသော ဂုဏ်မှုဒ်နှင့် ဘယ်လိုမှ မစပ်ဟပ်မိသော... ကျောင်းသားလူငယ်လေးတစ်ယောက်လို ဖြစ်နေသည်... ။

"တော်ပါသေးရဲ့ကွာ... ဒီနေ့... ခွဲခန်းမဝင်ရလို့... "

အနည်းငယ် ညည်းညူမိသည်ကို မင်းသန့်က...

"ကျေးဇူးတင်ပါတယ်... "

ဟု ဝင်ထောက်သည်... ။

"ဘာကိုလဲ... "

သူရက မျက်မှောင်ကျုံ့သွားလျက် မေး၏။ မင်းသန့်အားကို သူလည်း ကောင်းစွာ အမိပ္ပါယ်မပေါက်... ။

"မင်းရဲ့ ခွဲစိတ်ခန်း အနံ့အသက်လေးနဲ့ တို့ဆီကျက်မလာ

www.burmeseclassic.com

www.burmeseclassic.com



တာကိုလေ... "

"ဩော်... ဒီလိုလား... "

သည်တော့မှ အားလုံး သဘောပေါက်ပြီး ပြုံးကြ

သည်... ။

"ဟော့ကောင်... မင်းကို နန္ဒာက မေးနေတယ်...ပျောက်နေ

ပါလား... ပြန်သွားပြီလား... တဲ့။ နန္ဒာ အခုဂျူတီပြန်ဝင်

နေပြီလေ... "

"ဟုတ်လား... "

မျက်လုံးခြောက်လုံးက သူ့ဆီ တစ်ပြိုင်တည်း

ရောက်လာပြီး... သူ့မျက်နှာမှာ ဆံပင်တွေကြားမှာ နားရွက်အထိ

မှာ ကပ်ငြိနေသည်လို့ပင် ထပ်မိတော့သည်... ။

"အေးကွာ... ပြန်ရတော့မယ်ဆိုတော့ ထုံးစံအတိုင်းအလု

ရှုပ်နေတော့တာပေါ့... "

"အင်း... မင်း ပြန်တော့မယ်လို့ ငါလည်း ပြောလိုက်

တယ်... "

နောက်တော့ နန္ဒာရဲ့ ဓာတ်လမ်းလေးကို နား

နားများကြားရသူတွေမို့ မင်းသန့်နှင့် ဖိုးချိုက သူ့ကို အမျိုး

ကျီစယ်နေပြန်တော့သည်... ။



"သူတို့ ညီအစ်မ... အရင် အိပ်ခန်းကို ပြန်ရောက်နေကြပြီ

လေ... နန္ဒာလည်း ရွှင်ရွှင်လန်းလန်းပါပဲ... ။ လုံးဝကောင်း

နေပြီလို့ ပြောလို့ရပါတယ်... "

"ကြားရတာ ဝမ်းသာပါတယ်ကွာ... "

"သူတို့ မိသားစုကလည်း မင်းကို တော်တော်ကျေးဇူးတင်

နေကြတယ်... "

သူရနှင့် နှစ်ယောက်တည်း အိမ်ပြန်လာဖြစ်တော့

လမ်းမှာ နန္ဒာနှင့် ပတ်သက်ပြီး စကားတွေ တော်တော်များများ

ပြောဖြစ်သည်... ။ ရင်ထဲမှာ ကျန်နေသည့် ခံစားချက်များစွာကို

တော့ လျှို့ဝှက်ထားဆဲ... ။ ဒါပေမဲ့ သူရကောင်းစွာ ရိပ်မိပုံ

ရသည်... ။

ညစာ စားပြီးတော့ ခွေးကိုယ်က အကော်လေးပင်

www.burmeseclassic.com

www.burmeseclassic.com



နေပြီ…။ သို့ပေမဲ့ သူရဲ့ အိပ်ခန်းထဲက မှန်ပြားတီဗီရှေ့မှာထိုင် ပြီးတော့ စိတ်က ဘောလုံးဆီလည်း မရောက်၊ ဖက်ရှင်တွေလည်း စိတ်မဝင်စား…။ သူရက သူကိုင်ရသည့် ကေ့စ်တွေထဲက စိတ်ဝင် စားဖွယ်ရာ တချို့ကို ထုတ်နှုတ်ပြသည်…။ တိုးတက်သည့် နိုင်ငံ ကြီးတွေက ဆေးရုံနှင့် ဆေးကုသစရိတ်တွေ အကြောင်း စကား စပ်မိသည်…။ သည်လောက် မနားရအောင် အာရုံတွေအများကြီး ထဲ ပြေးလွှားနေသည့်ကြားက သတိရစိတ်သည် ပါးပါးမျှင်မျှင် ထိုးဖောက်ဝင်လာတတ်သည်ဆိုတာ ကိုယ့်ဘာသာ သတိထားမိ ဖြစ်သည်…။

"ကုတ္တိုပြင်အောက်မှာ သွားစောင့်တုန်းပဲလား…"

အမှတ်မထင်မေးဖြစ်တော့ သူရက ကျီစယ်သည် လား ထင်ပြီး ရယ်မောနေသည်…။

"မစောင့်တော့ဘူး…"

သည်လို ကြားရတော့လည်း ရင်ထဲမှာ ဘာ နမျောမိသည် မသိ…။

"နောက်ပြီး… သူရှည်းစား သေသွားပြီဆိုတာကို ကည် တည်ငြိမ်ငြိမ်နဲ့ လက်ခံလာနိုင်တယ်… ဒါဟာ အဆိုးထဲက အကောင်းလို့ ပြောရမှာပဲကွ…။ ဒါပေမဲ့ အဲဒီလို လက် လာပြီဆိုတဲ့ နောက်မှာ အဲဒီအသိအတွက် ပူဆွေးသော ဆိုတာလည်း တွဲပြီး ပါလာတာပေါ့ကွာ… အဲဒီအကြောင်း တွေကို ပြန်ပြောရင် သူစိတ်မကောင်းပုံက သိသိသာသာ



ပဲ…"

"အချစ်ဆိုတာ တော်တော်နှိပ်စက်တတ်တာပဲနော်…"

အဲသည် ဒဿနကို ကြားရတော့ သူရက… ခဏ တော့ ကြောင်အမ်းအမ်းဖြစ်နေသေးသည်…။ နောက်တော့ နှုတ် ခမ်းကလေးတွေက လှောင်ရယ်လိုဟန် ခပ်ကော့ကော့ပြုံးလာ သည်။

"မင်းရော… နှိပ်စက်ခံနေရပြီလား…"

"ဟင်…"

"အချစ်ရဲ့ နှိပ်စက်တာကို ခံနေရပြီလား…"

တကယ်တော့ ခေါင်းညိတ်ဝန်ခံလိုက်ဖို့သာ ရှိ တော့သည် ထင်ပါရဲ့…။

ရုပ်မြင်သံကြားရှေ့… သားရေစစ် ဆိုဖာတွေပေါ် ကနေ ထလာခဲ့ပြီး လခြမ်းပုံ ဝရန်တာလေးဆီသို့ ရောက်လာ သည်…။ သူရတို့ တိုက်က သုံးထပ်မို့… အတော်ခပ်ဝေးဝေးအထိ မိုးမြင်နိုင်သည်…။ ဟိုဖက်လမ်းက စန္ဒီတို့ အိမ်ခေါင်မိုးကိုလည်း ကောင်းစွာမြင်နိုင်သည်။ လမ်းထိပ်က ရဲထွတ်တို့ရဲ့… အိမ်ကြီးကို လည်း မြင်နိုင်သည်…။ တစ်ချိန်ကတော့ အဲသည့် အိမ်ကြီးသည် ရဲထွတ်တို့ သူငယ်ချင်းတစ်စု၏ ကွန်းခိုရာ စတည်းချရာ ကမ္ဘာဖြစ် ခဲ့…။ ခုတော့ နိုင်ငံခြားသား မိသားစုတွေ ငှားရမ်းနေထိုင်သည်။

ခြေသံတစ်ခု ရွေ့လျားလာသည်…။ သုံးထပ်တိုက် ပေါ်မှာတော့ လရောင်သည် အေးမြစွာ… လင်းလင်းဖြာကျလျက်

www.burmeseclassic.com

www.burmeseclassic.com



ရှိသည်ကို ခံစားရနိုင်သေး၏... ။ သူရကာ အပေါ်ဆုံးထပ်မှာ တစ်ယောက်တည်း မင်းသားတစ်ပါးလို စံနေသည်... ။ ပြီးတော့ ညီအစ်ကို နှစ်ယောက်တည်းသာ ရှိသည့် သူရတို့မိသားစုအတွက် အိမ်ထောင်တစ်ခု၏ လိုအပ်ချက်တွေ ပြည့်စုံစွာ ဖွဲ့စည်းထားပါသည်။ အထပ်တစ်ထပ်တိုင်းသည် ကြိုတင်စီမံကိန်းတစ်ခုဖြစ်၏... ။ သူရအဖို့ အိမ်ထောင်ကျခဲ့လျှင်တောင် နောက်ထပ်အိမ်အသစ်တစ်လုံး ရှာစရာမလို... ။

ရဲထွတ်မှာတော့ ဘယ်လိုစီမံကိန်းမှ မရှိ... ။ အိမ်ထောင်တစ်ခုအတွက် ကြိုတွေးပြီး စုံးရိမ်ခဲ့ရတာလည်း မရှိ... ။ စိတ်ကူးယဉ်ခဲ့ရတာလည်း မရှိ... ။ နှလုံးသားမှာ နင့်နင့်သည်းသည်း ချစ်ခဲ့ရသည့် လက်တွဲဖော်မိန်းကလေးလည်း မရှိခဲ့... ။

သည်လိုဆိုတော့... ရွှေလက်မတွဲနိုင်ပေမဲ့ ဘဝမှာ အတိုင်းအတာတစ်ခုအထိ ရှန်းကန်ရင်ဆိုင်ပြီး တိုက်ခိုက်ပြီး အချစ်ကို ရယူနိုင်ခဲ့သည့် ဗိုလ်ကြီးရဲရင့်ရဲ့ ဘဝကမှ အားကျစရာရှိသေးသည်... ။

"စဉ်းစားကြည့်တော့ သူသေသွားပေမဲ့... နှစ်တွေကြာအောင် သူ့ကို တမ်းတပြီး စောင့်နေတဲ့ ချစ်သူတစ်ယောက် ရှိသေးတယ်ဆိုတာက ဇီလင်ပဲနော်... သူသာ တမလွန်က သိရင်တော့ ကျေနပ်စရာ ကောင်းတဲ့ကိစ္စပဲ"

"ပေါက်ပေါက်ရှာရှာကွာ... "

သူရက သူ့နံဘေးမှာ လာရပ်သည်... ။ စဥ္စရည်စိမ်



ားသည့် မွတ်လုံးတိုင်များသည် လရောင်အောက်မှာ ဖြောင်က်နေကြ၏... ။ လူကုံထံ ရပ်ကွက်များ၏ ညသည် ဆိတ်ငြိမ်ွန်းလှ၏...။လှပသော ရောင်စုံမီးများ၊ ပန်းခြံတွေထဲက ကျောက်ုတ်ခွန်အတုများ၊ သစ်ခွ ပန်းရုံများ စသည့်... တကယ့် ပန်းချီားလို အလှမျိုးသာ ရှိသည်ထင်၏... ။ ရှင်သန်ခြင်းသည် တိတ်ိတ်ဆိတ်ဆိတ်ရှိလွန်းလှ၏... ။ တစ်ပြည်ရပ်ခြားမှာတော့ သည်ိုအလှမျိုးကို သူတို့ မဝင်ဆန့်ချေ...။ သို့ပေမဲ့ အဓိပ္ပါယ်ရှိသောသက်ဝင်ရှင်သန်ခြင်းမျိုးကိုတော့ လိုလားနှစ်ခြိုက်မိသည်... ။

ဥပမာ... အချစ်နှင့် ရှင်သန်ရသော ဘဝမျိုးပေါ့။

အဲသည် အတွေးကလေးဝင်သည့် အခိုက်အတန့်လေးမှာ နှလုံးသားသည် ညွတ်နူးပျော့ပျောင်းလာ၏... ။ ရင်ဘတ်ဲမှာ ရေနွေးစီးကြောင်းလေးတစ်ခု ဖြတ်သွားသလို ခပ်နွေးနွေးနှင့် ငြိမ့်ငြိမ့်ကလေး ခုန်လှုပ်လာသည်... ။

ယခုအထိ အချိန်ကာလ အရှည်အကြာကြီး သူ့ဘဝအတွက် အသက်ရှင်နေသည်ဆိုတာ ကိုယ့်ဘာသာမသိ... ။

နန္ဒာအနားမှာ သူမရဲ့ချစ်သူအဖြစ် နေခဲ့ရသည့် ကာလငယ်ကလေးသာ အမှတ်တရဖြစ်နေခဲ့သည်... ။

"မင်းက... မင်းရဲ့ ရည်းစားကို အဲလိုဖြစ်စေချင်တာလား..."

ဆိုပြီး သူရက ခပ်ဟာဟာရယ်မောသည်... ။

"သူ့ရဲ့ အချစ်ကို လေးစားမိတာပါ... "

"ဒါပေမဲ့... တစ်သက်လုံးတော့ မဖြစ်နိုင်ပါဘူးကွာ... "

www.burmeseclassic.com

www.burmeseclassic.com



"မင်း... ပြောနိုင်လား... "

သူရက ကြောင်အမ်းအမ်းမျက်လုံးများဖြင့် လှည့်ကြည့်ရင်း ခေါင်းယမ်းသည်... ။

"ပြောတော့ မပြောနိုင်ဘူး... ဒါပေမဲ့ သူ့အနေနဲ့တော့ အိမ်ထောင်ကျသွားမယ်ဆိုရင် ကောင်းတယ်... "

"ဘယ်လို... "

"အိမ်ထောင်ကျသွားရင် သူ့အတွက် စိတ်သစ်လူသစ်ဖြစ်သွားမယ်လေ... ။ သူ့ရဲ့စိတ်... သူ့ရဲ့ခန္ဓာကိုယ်... သူ့ရဲ့ဦးနှောက် ပုံမှန်ပြောင်းလဲ ဖွံ့ဖြိုးလာနိုင်တယ်... ငါကတော့ သူ့ကို အိမ်ထောင်ကျစေချင်တယ်... ဒါပေမဲ့ မင်းနဲ့ ဆိုရင်တော့ တစ်မျိုး... "

"ဟာ... ဘာလဲဟ... "

ခက်ရက်ရက်ဖြင့် အနည်းငယ် ရှိန်းဖိန်းလျက် သူငြင်းကွယ်ဖို့ ကြိုးစားလိုက်သည်... ။

"သူ... မင်းကို တွယ်တာနေပုံပဲ... "

"သူ့ရည်းစားနဲ့ တူလို့နေမှာပါ... "

"အေး... ငါကလည်း အဲလိုဖြစ်မှာစိုးတာပဲ... သူ့အနေနဲ့ သူ့ရည်းစားရဲ့ အရိပ်ကို ဖျောက်နိုင်ရင် အကောင်းဆုံးပဲလေ... သူဟာ စိတ်သစ် လူသစ်နဲ့ အချစ်သစ်တစ်ခုကို တွေ့ကြုံခံစားရတာမျိုးပဲ ဖြစ်စေချင်တာ... ပြီးတော့... မင်းဖက်ကိုလည်း မတိုက်တွန်းချင်ဘူးလေ... "



အေးစက်သော ထုထည်ကြီးမားသော ဝရန်တာလက်ရန်းကို တင်းတင်းဆုပ်ထားရင်းက သူဖျတ်ခနဲ လှည့်ကြည့်မိသည်... ။

"ဘယ်လိုပဲ ဖြစ်ဖြစ်... မင်းက ပြန်သွားရမဲ့သူကို... "

ပြန်သွားရမဲ့ သူဆိုတော့ မတွယ်တာသင့်ဘူးပေါ့။ သည်လိုဆိုလိုချင်သည်လား... ။

"မင်းတို့ အနေအထားနဲ့ သူ့ကို လက်ခံဖို့ဆိုတာလည်း... "

"သူရ... "

သူရက တိတ်ဆိတ်၍သာ နေသည်... ။ ပြန်ထူးဖို့လိုအပ်ဘူးဟု ယူဆတာလည်း မှန်ကောင်းမှန်နိုင်သည်... ။

"အဲလို ဆွေးနွေးရမဲ့ အနေအထားမျိုးတောင် ဖြစ်နေပြီလား... သူနဲ့ ငါနဲ့က... တစ်ယောက်နဲ့ တစ်ယောက် ငြိတွယ်နေပြီလို့ ထင်ရလောက်တဲ့ အနေအထားမျိုး မင်း... မြင်နေရပြီလား... "

သူရက နှုတ်ခမ်းတစ်ဖက် ကုပ်ကျသွားအောင် မဲ့လိုက်သည်... ။

"အဲဒါ... မင်း ကိုယ့်ဘာသာ ပြန်မေးကြည့်ပါလား... "

www.burmeseclassic.com

www.burmeseclassic.com



နားဆင်တော့ကွယ်...

မင်း... ပေးတဲ့... သီချင်းလေးတစ်ပုဒ်... ပါပဲ...

ပြင်းလွန်းတဲ့... မီးတောက်တွေထဲ...

အို... ငြိမ်းချမ်းခဲ့ပါတယ်...

ဘဝရဲ့ သက်တမ်းရက်ပေါင်းများစွာထဲက တစ်ရက်ရက်မှာ သူဟာ မိန်းကလေးတစ်ယောက်ရဲ့ အိမ်ရှေ့ မီးရောင်မလင်းတလင်းအောက်မှာ ဂစ်တာတီးပြီး သီချင်းတစ်ပုဒ်ဆိုမိသည် ဆိုပါတော့... ။

ဒါဟာ... ထူးဆန်းပါသလား... ။

ဆယ်ကျော်သက်အရွယ်က ပြုလုပ်ဖို့ မစဉ်းစားမိသည့် အလုပ်တစ်ခုကို အသက်နှစ်ဆယ့်ခုနစ်နှစ်အရွယ်ကျမှ လုပ်မိသည့်အတွက် သူ့ကို ခပ်ကြောင်ကြောင်ဘဲဟု ပြောလာလျှင်



ငြင်းမဆန် ခံယူပါမည်... ။

ခုတော့ ရဲထွတ်ကျော်သည် သူ့မိသားစုသူ့ပတ်ဝန်းမှာ မရခဲ့သည့် အခွင့်အရေးတစ်ခု သူ့ဘာသာပေးပစ်နေမိသည်။

အို...

သံစဉ်လှိုင်း...

မင်းရဲ့ သီချင်းကို...

သီဆိုခွင့်တော့ ပြုဖို့ တောင်းချင်တယ်...

ရင်ခုန်ခြင်း...

မင်းရဲ့ သီချင်းကို...

သီဆိုရင်းနဲ့ လွမ်းလို့ ခွေးပြီကွယ်...

ဆိုချင်ပါတယ်...

ကားရှေ့ဖုံးပေါ်မှာ ပက်လက်လှန်လိုက်လျှင် ကျယ်ပြောလှသည့် ဆုံးစမထင်သည့် ကြယ်ရောင်ရွှန်းပြက်သည့် ကောင်းကင်ကြီးကို တွေ့ရမည်... ။ အဲသည် မဟူရာရောင်ဖိတ်ဖိတ်လက်သော ကောင်းကင်မှာ အရိပ်များစွာ ထင်၏... ။ အဲသည် အရိပ်တွေကိုပဲ ပုံသဏ္ဍာန်မှန်းဆရင်း ကျေနပ်ရချင်သည်။

ပြီးတော့... အဲသည် အရိပ်တွေကို ထားရစ်ခဲ့ရဦးမည်... ။ သူ့ဘဝ သူ့အချိန်တွေကို အဲသည်အရိပ်တွေက ဘယ်လောက်ကြာကြာ လွှမ်းမိုးထားနိုင်မည် မသိ... ။ ဘဝရဲ့ အချိန်တာ တစ်ရှည်တမောကြီးလည်း မျှော်မကြည့်ချင်... ။

ပြန်းခနဲ ပေါ်လာသည့် စိတ်ခံစားမှု သက်သက်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



သာ နန္ဒာတို့ အိမ်ရှေ့ သူရောက်လာခဲ့သည်… ။ နန္ဒာ နားရက်ဧ
ကို မှတ်မိနေသည်… ။ နှစ်ဆယ့်လေးနာရီ ဂျူတီချိန်တွေကိုလည်
မှတ်မိနေသည်… ။ လောလောဆယ်မှာ နန္ဒာသည် ကုသရေးဖ
မှာ မဟုတ်သည်ကြောင့် အလှည့်နှင့် ပုံမှန်အနားရသည် ဆိုတ
လည်း သူရပြောထားဖူးသည်… ။ ဂစ်တာတစ်လက်နှင့်ကားတစ်
နှင့်… ခရီးသည်… ။

ဘယ်ဆီကို ရွယ်သည်လဲ မသိ… ။

မြင်ချင်တွေ့ချင်စိတ်ဖြင့် ရင်ထဲမှာ တဖျပ်ဖျပ်
သည်… ။ ဆင်ခြေဖုံး ရပ်ကွက်ကလေးသည်… မောပမ်းတကြ
ရှန်းကန်နေရာက အနားရသည့်ပမာ နှစ်မြိုက်စွာအိပ်မောကျ
၏။ နန္ဒာတို့ရဲ့ နှစ်ထပ်တိုက်ကလေးကတော့ မီးလင်းလျက်
ရှိသေးသည်။ သည်လိုနည်းနှင့် နှုတ်ဆက်သည်ဆိုလျှင် နန္ဒာ
ဘဝင်ကျပါ့မလား… ။

'ကိုရဲ'လို့ ခေါ်သံကိုတော့ ကြားချင်စိတ်မရှိ
အမှန်ပင်…

ကိုကိုလို့ ခေါ်လိုက်ပါလား ကလေးရယ်… ။

… မင်းရဲ့ သတင်း… မင်းရဲ့ သီချင်း…
… အမုန်းတရားများ ဝေးလို့… ဦးညွတ်ရင်း…
… အေး… ချမ်းတဲ့ သီချင်း… ကိုယ်နဲ့မင်း…
… ခွဲခြားမရပါတယ်…
… သီချင်းလေး အမြဲ မဆုံးနိုင်ဘူး…



… နားဆင်တော့ကွယ်…

နန္ဒာ အိပ်ပျော်နေသည်လား…

[ချစ်သူတွေ ဘဝမှာတော့ ခဏ ခဏစိတ်ကူးယဉ်
ရတယ်… အိမ်ရှေ့မှာ ကိုယ့်ချစ်သူက ဂစ်တာလေးနဲ့ ရောက်လာ
ပြီ… ]

ကောင်မလေးက သည်လို သူမရဲ့စိတ်ထဲရှိသမျှ
ချောင်းမချန် ပြောသည်… ။ မျက်လုံးအိမ်တွေလည်း စိုစွတ်ကြည်
လဲ့သည်… ။ သူ့ရင်ခွင်ထဲ အတင်းတိုးဝင်ပြီး… ငိုခဲ့ဖူးသည်… ။

စိတ်အားနည်းသူ ပူဆွေးသူလေးမို့ အခွင့်အရေး
ယူရက်ဘဲ… ဆံနွယ်နုနုလေးတွေကို ပါးပြင်ရင်းနှင့် ထိရုံပွတ်
သပ် ချော့မြူခဲ့ရသည်… ။

ခုတော့…

သူလွမ်းဆွတ်ရသည့် ထိုသူမသည်လည်း တစ်ခု
တစ်ယောက်ကို တမ်းတနေသည် ထင်ပါရဲ့… ။ အဲသည် တစ်စုံ
တစ်ယောက်က ရဲထွတ်ကျော်တော့ မဖြစ်နိုင်ပါ… ။

ဂစ်တာကြိုးတွေကို ခေါ်ကစားရသည်ကပင် တစ်
မျိုးအရသာ ရှိနေသည်… ။ သီချင်းကို အထပ်ထပ်ပြန်ကျော့ပြီး
တိုးတိုးသာ ဆိုညည်းနေမိ၏… ။လေးတွဲ့သော သံပန်းခြံတံခါး
ပွင့်ဟလာသံကြားသည်… ။

www.burmeseclassic.com

www.burmeseclassic.com



"အိမ်ထဲဝင်လေ... "

"ဟင့်အင်း... မဝင်ချင်ဘူး... "

"ဘာဖြစ်လို့လဲ... "

"ကိုယ်... ချေ့သည်လာလုပ်တာမှ မဟုတ်ဘဲ... "

အသက်ရှူသံပြင်းပြင်းကို ကြားရတော့ နည်းနည်းတော့ စိုးရိမ်သွားသည်... ။ သို့ပေမဲ့ မျက်လုံးတွေကတော့ သိမှာ ဟန်ပဲ... ။ ပိုးတဝါး တွေဝေသော အရိပ်မျိုးတွေ မရှိ... သို့ပေမဲ့ သူ့ပဟေဠိကိုတော့ နားမလည်နိုင်ဟန်ပင်... ။

"ဒါဆို ဘာလာလုပ်တာလဲ... "

"ဂစ်တာတီးချင်စိတ် ပေါက်လာလို့ပါ... "

"အင်း... နန္ဒာတော့ လန့်ဖြန့်သွားတာပဲ... ။ နှလုံးရောဂါ တောင် ရမှာစိုးရတယ်... တကယ် ဒီတစ်ခါဆိုရင်တော့



ကိုရဲထွတ် တာဝန်လုံးလုံးပဲနော်... "

"ဟုတ်လား... ဝမ်းမြောက်ဝမ်းသာ လက်ခံဖို့ အသင့်ပါပဲ ဗျာ... "

ရယ်မောခြင်းက နှစ်ဦးသားကြား... အနည်းငယ် စိမ်းသက်နေသည့် အနေအထားကို အထိုက်အလျောက်တော့ ပြေလျော့စေသည်... ။ နောက်တော့လည်း စကားအကြောင်းအရာ ရှာမရတော့ပြန်...။ မိနစ်တွေ အတော်ကြာ တိတ်ဆိတ်သွားသည်။ ဂစ်တာကို ရင်ခွင်ထဲက ဖယ်ပြီး ကားရှေ့ဖုံးပေါ် ပက်လက်တင်ထားမိသည်... ။ ရက်တွေ အတော်ကြာ ဝေးနေခဲ့သည့် ရင်ထဲက အရိပ်ကို တမ်းဆွတ်ခြင်းဖြင့် ငေးမောကြည့်မိသည်... ။

နန္ဒာ့ဆံပင်တွေ... သိသိသာသာ ရှည်လျားလာပြီ ။ မျက်နှာလည်း ပိုပြည့်ပြီး မျက်ဝန်းတွေ ရွှန်းတောက်လာသည်...။ နန္ဒာကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံသော မိန်းကလေးတစ်ယောက်ဟု အသေအချာမှတ်ချက်ချနိုင်ပြီ... ။ သို့ပေမဲ့ သတိလွတ်ခဲ့ကလို ရဲတင်းရိပ်တွေ မရှိတော့... ။ ရင်းနှီးမှုတွေလည်း ပျောက်ဆုံးခဲ့ပြီ... ။ သည်မိန်းကလေးနှင့် သူ့ကြားမှာ ဘယ်လိုအရာတွေက ဝေးကွာခြားနား စေခဲ့ပါလိမ့်...

အင်းလေ...

တကယ်တော့... ရဲထွတ်က အယောင်ဆောင်သက်သက်ပဲ ဥစ္စာ...

"ပြန်တော့မှာဆို... "

www.burmeseclassic.com



"အင်း… "

ပင့်သက်ရှိုက်သံလား… ဝန်ခံခြင်းလား ကိုယ်တိုင်ပင် မသိ… ။

"ဘယ်တော့လဲ… "

"နောက်တစ်ပါတ်လောက်ပဲ ကျန်တော့တယ်… စောရင်လည်း စောမယ်… "

"တစ်နှစ် တစ်ခေါက်ပြန်နေကျဆို… "

"ဟုတ်တယ်… နောက်နှစ် ဒီအချိန်ဆို ပြန်ရောက်လာမှာပေါ့… "

"နန္ဒာတို့ဆီ လာခဲ့ဦးနော်… "

"အခု ရောက်နေပြီပဲ… "

သည်လိုဆိုတော့ မိန်းကလေးက ခေါင်းကလေးငုံ့ပြီး နှုတ်ခမ်းစူသည်… ။

"နောက်တစ်ခေါက်ကို ပြောတာပါ… "

ရုတ်တရက်… သည်းထန်ပြင်းပြလာသော တမ်းတစိတ်ဖြင့်…

"လမ်းလျှောက်ရအောင်… "

ဟု သူမကို ဖိတ်ခေါ်လိုက်မိသည်… ။



"ကိုယ်… နန္ဒာ့ကို သိပ်သတိရတယ်… "

ဟန်ဆောင်ဖုံးအုပ်ထားသည့် အကာတွေကို ခွဲခွာ ဖွင့်ပစ်ချင်နေတာ ဘယ်လောက်ကြာပြီ မသိ… ။ ရင်ထဲမှာ တင်းကြပ်တုပ်နှောင်ထားမိတာလည်း ဘယ်လောက်ကြာပြီ မသိ… ။ ရိုးစင်းစွာ ဝန်ခံဖို့ ပင်ပန်းတကြီး ကြိုးစားစရာမလိုဘဲ… စကားလုံးတွေ လွှင့်ထွက်သည်… ။ ပြီးတော့ အဲသည်လို ပွင့်လင်းစွာ ဝန်ခံလိုက်ဖို့ လိုအပ်သည်ဟူ၍လည်း ကိုယ်ဘာသာထင်မိသည်… ။ သည်လိုမှ မဟုတ်လျှင် ရဲထွတ်ကျော်သည် တစ်သက်မှာ တစ်ကြိမ်သော စစ်စစ်မှန်မှန် ခံစားရသော အချစ်ဆိုတာကို ဆုံးရှုံးရလိမ့်မည်… ။

"နန္ဒာလည်း သတိရပါတယ်… "

"ရဲထွတ်ကိုလား… ဒါမှမဟုတ်… "

www.burmeseclassic.com



"ဟာ… ကိုရဲထွတ်ကလည်း… "

ရှက်အမ်းအမ်းဖြင့် သူမ ခေါင်းငုံ့သွားပြီးမှ…

"ဘာမှ မဆိုင်တာ… "

ဟု ခပ်တိုးတိုး ရေရွတ်သည်… ။

"ဟုတ်သားပဲနော်… "

ရုတ်တရက် ဝမ်းနည်းသွားရပြန်သည်… ။

"တကယ်တော့… ရဲထွတ်ကျော်နဲ့ ရဲရင့်ဆိုတာ သတ်သတ်ပဲ… ဒါပေမဲ့ ရယ်စရာကောင်းတာက ကိုယ့်စိတ်ထဲမှာ ကိုယ့်ကိုယ်ကို နန္ဒာ့ရဲ့ ကိုရဲလို့ ထင်နေတယ်… "

"ရှင်… "

နန္ဒာက မျက်လုံးလေးဝိုင်းပြီး နှုတ်ခမ်းလေးဟာဟ ဖွင့်သွားသည်… ။ အဲသည် မျက်နှာထားလေးသည် သူ့အတွက် အမှတ်တရဖြစ်စေ၏… ။ ဘယ်တော့မှာ မမေ့နိုင်ဘူးလို့လည်း ထင်ချင်စရာဖြစ်သည်… ။ အိမ်ခြေ ကျဲပါးပြီး သပ်ရပ်သည့် သင်ခြေ ဖုံးလူနေရပ်ကွက်၏ လမ်းကလေးကို ဖြတ်လာပြီးသည့်အခါ ခြောက်လမ်းသွား လမ်းမကျယ်ကြီးဆီ ရောက်လာသည်… ။ လမ်း ဆုံဖက်မှာ ဈေးနှင့် ဂုံးတ်တားရှိသည့် မီးရောင်များ လင်းထိန် လျက် ဆူညံစည်ကားနေသလောက် သည်ဖက်မှာတော့ တိတ် ဆိတ်နေ၏… ။ ကားအသွားအလာလည်း ကျဲပါးသည်… ။

နန္ဒာသည် ပလက်ဖောင်းအစပ်မှာ ရပ်ပြီး မျက်လုံးသေများဖြင့် ဟိုးခပ်ဝေးဝေး အမှောင်ထဲသို့ ငေးမောနေ၏…။



နိုင်ငံခြားခရီးသည်တင်လေယာဉ်တစ်စီးမှ အနီရောင်မီးပွင့်လေး များ လင်းလက်နေသည်ကို မဟူရာကောင်းကင်ပြင်မှာ ကြယ်နီ လေးတွေကို မြင်နေရသည်… ။ နန္ဒာက လေယာဉ်မီးပွင့်တွေကို တစ်ချက်မော့ကြည့်ပြီး မျက်လုံးတွေက အေးစက်သွားပြန်သည်။

"ကိုယ်… ပြန်ရတော့မှာပါ… နန္ဒာ… "

သူ့ကို နန္ဒာ လှည့်မကြည့်ပါ… ။

"နန္ဒာနဲ့ဆုံခဲ့ရတဲ့ အဖြစ်လေးတွေက ကိုယ့်အတွက်အမှတ် တရပါ… "

ကျောပြင်ပေါ် ခပ်စင်းစင်းကျနေသည့် ဆံနွယ် လေးတွေ လေမှာ လူးလွန့်လှုပ်ရှားသည်။

"နန္ဒာ့အတွက်လည်း အမှတ်တရပါပဲ ကိုရဲထွတ်ရယ်… "

သွက်လက်သည့်… ချစ်စဖွယ် မိန်းကလေးတစ် ယောက်ဆိုပေမဲ့ ပုံမှန်အနေအထားမှာ သူမသည် ရဲတင်းတတ် သည့် မိန်းကလေးတစ်ယောက် မဟုတ်ဘူးဆိုတာ သိသာသည်။ အလင်းရောင် တစ်ပြက်နှစ်ပြက်သာ လက်သော အမှောင် အောက်မှာပင် နှုတ်ခမ်းကလေးများ၏နူးညံ့မှုကို သိသာစွာ ခံစား ရ၏… ။ ရှပ်ကော်လံနှင့် ခါးသိမ်သော လက်ရှည်အင်္ကျီ၊ ပါတိတ် ထမီတစ်ပတ်နွမ်းနှင့်ပင် ငြိမ်းချမ်းသော၊ ရိုးစင်းသော မိန်းကလေး တစ်ယောက်၏ မပေါ်လွင်လှသော အလှအပသည် သူ့ကို ဘယ် လို ဆွဲဆောင်နိုင်ခဲ့သည် မသိ… ။

"ဒါပေမဲ့… အမှန်ကို ဝန်ခံရရင် နန္ဒာ့စိတ်ထဲမှာ ကိုရဲထွတ်

www.burmeseclassic.com

www.burmeseclassic.com



ကို မြင်ရတိုင်း နန္ဒာ့ရဲ့ အတိတ်ကို ပြန်ပြန်ကြည့်နေရသလို
ပဲ... ကိုရဲရဲ့ အရိပ်တွေကို ပြန်ပြီး မြင်နေရသလိုပဲ...။
တကယ်တော့ ကိုရဲထွတ်ပြောခဲ့သလိုပဲ... ကိုရဲနဲ့ ကိုရဲထွ
မှာ မတူတဲ့ အချက်တွေ အများကြီးပါ...။ ပြီးတော့ ကို
ထွတ်တို့ နှစ်ယောက်ဟာ ဘဝတစ်ခုစီ တစ်သီးတစ်ခြ
စီပါ... ။

ဒါပေမဲ့ နန္ဒာ့ရဲ့ စိတ်အစွဲကပဲ သိပ်ပြီး ကြီးမားနေလို့လာ
မသိဘူး... ။ ကိုရဲထွတ်ကို မြင်ရရင်... ကိုရဲသာ နု
အသက်ရှင်နေရင် ဘယ်လောက်များကောင်းမလဲဆို
အတွေးကို နန္ဒာမတွေးဘဲ မနေနိုင်ဘူး... "

ရပ်နေသည့် ခြေထောက်တွေကလည်း အင်အာ
တွေ ဆုတ်ယုတ်သွားသလို ညွတ်ခွေယိုင်လဲသွားချင်သည်...။
မျက်နှာက ပကတိရိုးစင်းသည့် မျက်နှာ၊ သိပ်မွေ့သည့် မျက်
မျက်ရည်တွေ စိုစွတ်နေတာကို မမြင်ရသည်မို့ နည်းနည်းစိတ်ချ
သာရသေးသည်... ။ ရင်ထဲရှိရာ ပွင့်လင်းစွာပြောသည့် စကာ
ရယ်လို့ ဖြေသိမ့်ရသည်... ။

"နန္ဒာ့ကို အားပေးခဲ့တာ... ကူညီခဲ့တာ နန္ဒာ သိပ်ကျေ
တင်တယ်... ကိုရဲထွတ်နဲ့ သိကျွမ်းရတာလည်း နန္ဒာဝ
သာတယ်...။ ကိုရဲထွတ်နဲ့ အတူ နေခဲ့ရတဲ့ အချိန်လေးတွေ
က နန္ဒာ့အတွက် အတော်လေး စိတ်ချမ်းသာရပါတယ်..."

"သံယောဇဉ် တော်တော်ကြီးခဲ့ကြတာပဲနော်..."



လမ်းမကြီး၏ အလျားအတိုင်း ပလက်ဖောင်းပေါ်
မှာ လျှောက်ခဲ့ကြသည်... ။ လမ်းဘေးဆိုင်ကလေးတွေမှာ မီး
မှိတ်တုတ်ခါးပိတ်နေပြီ... ။

"ဆယ်ကျော်သက်ကတည်းက တွယ်ခဲ့ကြတဲ့ သံယောဇဉ်
လေ... ပြီးတော့ နန္ဒာတို့မှာ မိဘတွေရဲ့ သဘောတူညီမှု
မရတော့ တော်တော်ကြိုးစားခဲ့ရတယ်... သူတို့ဖက်က
တော့ ဘာမှမပြောပါဘူး... ပြောစရာလည်း မရှိဘူးလေ
သာမန်ဝန်ထမ်း လက်လုပ်လက်စား သားသမီးမို့ ပိုက်ဆံ
မချမ်းသာဘူး... မိဘကလည်း မပံ့ပိုးနိုင်ဘူး... သူကသာ
မိဘတွေကို ထောက်ပံ့ခဲ့ရတာ... မေမေကတော့ သူနဲ့
သဘောမတူဘူး... နန္ဒာ့ကို ဆင်းရဲမှာ... ပင်ပန်းမှာ...
ခုလက်ရှိထက် အဆင့်အတန်း နိမ့်သွားမှာ... အဲဒါတွေကို
တွေးပြီး သဘောမတူနိုင်တာ... ဒါပေမဲ့ နန္ဒာတို့ နှစ်
ယောက်လုံး စိတ်မပျက်ဘဲ ကြိုးစားခဲ့ကြတယ်... လူကြီး
တွေ လက်ခံနိုင်တဲ့ အနေအထားထိရောက်အောင် ကြိုး
စားခဲ့ကြတာ... နန္ဒာက သူ့ကိုပြောထားတယ်... မေမေ
သဘောတူတဲ့ နေ့ကျမှ... အခမ်းအနားနဲ့ မင်္ဂလာရှိရှိ
လက်ထပ်မှာ... မိဘ သဘောမတူလို့ ခိုးရာလိုက်ပြေးရတဲ့
အခြေအနေမျိုးတော့... ဘယ်တော့မှ အဖြစ်မခံနိုင်ဘူး
လို့ ... "

အာရုံထဲမှာ နန္ဒာတို့နှစ်ယောက်ရဲ့ ပုံရိပ်တွေက

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်ဇာတ်ကားလို ပြတ်ပြတ်သားသားပေါ်လာသည်…။ ရင်ထဲမှာ နွေးထွေး လှိုက်ခါလာသည်…။ မြန်မာပီသသည့် အတွေး၊ မြန်မာ့ ဓလေ့စရိုက်၊ မြန်မာ့ယဉ်ကျေးမှု ဆိုတာ ဒီလို… ဟု ပီတိလှိုင်း ရင်ထဲမှာ ရိုက်ခတ်သည်…။ ကမ္ဘာ့တိုးတက်သည့် နိုင်ငံကြီးတွေမှာ လူနေမှုအဆင့်အတန်းတွေ ဘယ်လိုဘယ်လောက်ပဲ မြင့်မြင့် မိဘကို ရိုသေနာခံသော အလေ့အကျင့်ကောင်းမျိုးတော့ ကိုယ့်တိုင်း ပြည်ကလွဲပြီး ရှာဖွေတွေ့မည် မထင်…။

မချင့်မရဲ အားရကျေနပ်စိတ်ဖြင့်… နန္ဒာ့လက်ဖဝါး လေးကို ဆုပ်ညှစ်ပစ်လိုက်ချင်သည်…။ ဒါပေမဲ့ သည်အခွင့်အရေး ဆုံးရှုံးခဲ့ရပြီ…။ အခိုက်အတန့်လေးမှာ အိပ်မက်ကလေး တစ်မက် မက်လိုက်သလိုပဲ…။

လျှပ်ပြတ်လိုက်သလိုပဲ…။

သူ့အဖို့ လျှပ်ပြတ်သည်ကို အကြိမ်ရာထောင်မက ကြုံရချင်သည် ဆိုလျှင်တောင် ဆုမတောင်းကောင်းသည့် အဖြစ်ပါ လား…။

"သူကလည်း နန္ဒာ့စိတ်တိုင်းကျပဲ…။ မေမေ့အပေါ် စိတ် မကွက်ဘဲ… မေမေဖြစ်စေချင်တဲ့ ပုံစံအတိုင်း နေတယ်… ပိုက်ဆံတော့ အများကြီး ချမ်းသာမလာပါဘူး… ဒါပေမဲ့ အရာရှိ တစ်ယောက်နဲ့ ထိုက်တန်တဲ့ အခွင့်အရေးနဲ့ ဂုဏ် ဒြပ်တော့ ရှိလာတာပေါ့…

နောက်ဆုံးတော့ မေမေလည်း ခေါင်းညိမ့်ရတာပဲ… သူ့ကို



လည်း အသိအမှတ်ပြုလာရတယ်… သားတစ်ယောက်လို သံယောဇဉ်တွယ်လာရတယ်… "

အသက်ရှူသံ မှုဉ်းမှုဉ်းကိုပင် ကြားရလောက် အောင် ပတ်ဝန်းကျင်က တိတ်ဆိတ်လာသည်…။

တကယ့်ကို မမောနိုင်တာပါလား…။

ချစ်သူအကြောင်း စိတ်ထက်သန်စွာ ပြောနေသည့် မျက်နှာလေးက ကြည်လင်လို့…

အဲသည်လောက် နူးညံ့သည့် အချစ်ဆိုတာကို သူ မပိုင်ဆိုင်ခဲ့ရတာ အမှန်ပင်…။ သူ တွေ့ကြုံခဲ့ဖူးပြီး အချစ်လို့ ထင်ခဲ့သည် မှန်လည်း… အဲသည် အရူးအမူး တပ်မက်ခြင်းတွေက ကောက်ရိုးမီးတွေလို တစ်ခဏသာ ဖြစ်ခဲ့သည်…။ ပြီးတော့… ရဲထွတ်ကျော် သေဆုံးသွားပြီ ဆိုပါတော့…။

သူ့အတွက် စိတ်သောကနှင့် ရူးမတတ်ဖြစ်ကျန်ရစ် မည့် မိန်းကလေးတစ်ယောက်တလေရှိနိုင်ပါမည်လား…။

သည်အတွေး တွေးမိတော့ ရယ်ချင်သလိုလိုပင်။ စိတ်ကူးယဉ်ဖို့ အသက်အရွယ်လည်း လွန်မြောက်ခဲ့ပြီ ထင်သည်။

"နန္ဒာတို့ လက်ထပ်ဖို့ အားလုံးပြင်ဆင်ပြီးသွားပြီ… နန္ဒာ့ အတွက် ဝတ်စုံက တစ်လခွဲလောက် ကြိုတင်အပ်ရတာဆို တော့… ဝတ်စုံကို အပ်ထားလိုက်တာ… သူ ဆုံးသွားပြီးမှ ဝတ်စုံအပ်ထားတဲ့ဆိုင်က သတို့သမီးဝတ်စုံကို အိမ်တိုင် ရာရောက် လာပို့တယ်… နန္ဒာ့ရင်ထဲမှာ ဘယ်လောက်

www.burmeseclassic.com



ခံစားရမယ်ဆိုတာ တွေးကြည့်ပါတော့ ကိုရဲထွတ်ရယ်…"

ဩော်…

ဝေးမသွားသေးပါလား… ။

နန္ဒာ့အဖို့ မနေ့တစ်နေ့ကလို နာကျင်ခံစားနေရဆဲပါလား… ။

နန္ဒာ့ကို နှစ်သိမ့်ဖို့ အင်အားတွေ၊ သတ္တိတွေ၊ ရဲ့ထွတ်ကျော်မှာ မရှိတော့။ ကိုယ့်ကိုယ်ကို ဖြေသိမ့်ဖို့ အင်အားတွေလည်းမရှိတော့… ။

ကောင်းကင်ကိုမော့ကြည့်တော့လည်းကြယ်ရောင်သာ ဖြိုးဖြက်သည့် ကောင်းကင်မှာ ညိုးနွမ်းသည့်ချစ်သူနှစ်ဦး၏ အရိပ်သာထင်သည်… ။ ရဲထွတ်ကျော်သည် တစ်ခဏမှာတော့ နန္ဒာ့ရဲ့ ရဲရင့်ဆိုသော ချစ်သူကောင်လေးဖြစ်သွား၏… ။



## (၁၀)

ညနေ ဂျူတီချိန်ပြီးပြီမို့ ကိုရဲက သူမကို ဝင်ကြိုပြီး နေ့စဉ် အိမ်ကိုလမ်းလျှောက်ပြန်ကြသည်… ။ တကယ်တော့ အိမ်နှင့် ဆေးရုံသည် အလှမ်းဝေးလှသည် မဟုတ်ပါ… ။ နန္ဒာတို့အဖို့ အိမ်ထောင်သည်ဖြစ်စေ၊ အပျိုဖြစ်စေ နေထိုင်ဖို့ လိုင်းခန်းရနိုင်သည်… ။ ကိုရဲကတော့ နေ့စဉ် အိမ်ကသာ ရုံးတက်သည်… ။

"လက်ထပ်ပြီးရင် ကိုယ်က လိုင်းခန်းရမှာ… မင်္ဂလာဒုံဈေးနဲ့ ဒီဘက် အတွင်းထဲမှာလေ… အဲတော့ နန္ဒာ့ရဲ့ အခန်းကို ပြန်အပ်ပြီး ကိုယ့်အိမ်မှာပဲ နေရအောင်… "

"ဟင်… နန္ဒာ့အခန်းလေးက နေသားကျနေပြီ ဥက္ကာ…"

"ဒါပေမဲ့ ကိုယ်တို့ အိမ်ခန်းတွေက ပိုကျယ်တယ် နန္ဒာရဲ့ မိသားစုဖြစ်လာတော့ အိမ်ကျယ်မှ ကောင်းတာ… "

www.burmeseclassic.com

www.burmeseclassic.com



"အံမယ်... ရှင်က မင်္ဂလာဒုံမှာ တစ်သက်လုံး နေရမှာကျ နေတာပဲ... မိတ္ထီလာတို့ မော်ဘီတို့ လျှောက်ပြောင်းနေရ ရင်... "

"စိတ်မပူပါနဲ့ကွာ... လေတပ်စခန်းရှိတဲ့ နေရာတိုင်းလိုလို မှာ စစ်ဆေးရုံရှိတတ်ပါတယ်... တို့နှစ်ယောက် အတူတူ ပြောင်းကြတာပေါ့... "

အိမ်ပြန်ရာ လမ်းတစ်လျှောက်မှာ ငြင်းခုန်စရာဖြစ်စေ၊ ဆွေးနွေးစရာဖြစ်စေ... စကားအကြောင်းအရာတွေ သူမတို့မှာ များစွာရှိခဲ့သည်... ။ အနာဂတ် မျှော်လင့်ချက်ဆိုတာလည်း ပြောမကုန်နိုင်အောင်ပါဘဲ... ။ သူတို့နှစ်ယောက်၏ မင်္ဂလာပွဲသည် နှစ္စဥ်အတွက်ရော သူ့အတွက်ပါ အကြီးမားဆုံး မျှော်လင့်ချက်ပင်... ။

သို့ပေမဲ့... ကံကြမ္မာက အကျည်းတန်ဆုံး၊ အဆိုးညစ်ဆုံး ပုံသဏ္ဍာန်ဖြင့်... သူမတို့ နှစ်ဦးကို ကွဲကွာစေခဲ့သည်။



"မနက်ကျရင် ဘုရားတက်ရအောင်နော်... ကိုရဲ... ။ ဒီလို လုပ်မယ်... ။ မနက်ပိုင်း အိမ်မှာ ဆွမ်းချက်ပြီး ဘုန်းကြီး ကျောင်းပို့မယ်... ညနေဖက် ဘုရားသွားမယ်... "

"အံမယ်... ဘာအထိမ်းအမှတ်လဲ... "

"ဟောတော်... "

သူ့ရဲ့ နှစ်ဆယ့်သုံးနှစ်မြောက် မွေးနေ့ကို သူ မေ့လျော့နေခဲ့တာ အတော်ရယ်ဖို့ ကောင်းသည်ဟု ထင်ခဲ့သည်... ။ ဒါပေမဲ့ နောက်ပိုင်းမှာတော့ သူမွေးနေ့ကို နှစ္စဥ်... အမြဲမေ့လျော့နေခဲ့လျှင် ကောင်းမှာဟုသာ တွေးချင်တော့သည်... ။

"သြော်... ဟုတ်သားပဲ... "

အဲသည် ညနေခင်းကတော့ နှစ္စဥ်တို့မှာ ရယ်မောရာ အကြောင်းအရာများစွာ ရှိခဲ့သည်... ။ အိမ်အပြန် လမ်းတစ်

www.burmeseclassic.com

www.burmeseclassic.com



လျှောက် စကားများစွာ ပြောခဲ့သည်... ။ အဲသည်အကြောင်းအရာတွေထဲမှာ နက်ဖြန်မှာ ရောက်ရှိလာမည့် သူ့နှစ်ဆယ့်သုံးနှစ်မြောက်မွေးနေ့နှင့်... သူ့လေယာဉ်ပျံသန်းချိန်အကြောင်းတို့ ပါဝင်သည်... ။

"နက်ဖြန် ကိုယ်နဲ့ ကိုဝင်းမော် တက်ရမယ်... ဒါပေမဲ့ စောပါ... တစ်နာရီလောက်ပဲ... နေ့ဆွမ်းကပ်မယ်ဆိုရင် မီပါတယ်... ကိုယ်တို့က မနက်စောစောတက်မှာ..."

"မနက်စောစောလား... ညနေမှ တက်ပါလား ကိုရဲရယ်... မနက်ခင်းဆို စိတ်တထင့်ထင့်နဲ့ မျှော်နေရဦးမယ်..."

"ဟာ... ကိုယ်တက်ချင်တဲ့ အချိန်တက်လို့ ရမယ်များအောက်မေ့နေလား... ။ လေယာဉ်မောင်းတယ်ဆိုတာ ရာသီဥတုအခြေအနေ... လေယာဉ်ရဲ့ စက်အခြေအနေ၊ လမ်းကြောင်းတွေ အားလုံး ညှိပြီးမှ တက်လို့ရတာ... ။ ပြီးတော့ စစ်လေယာဉ်တွေအတွက် အမိန့်ဆိုတာ ရှိသေးတယ်... ဒါက လေ့ကျင့်ပျံသန်းရုံမို့... တိုက်ပွဲတွေ ရှေ့တန်းတွေ ဆိုရင်တော့... တက်ဆိုရင် တက်ပဲ... ဘယ်လို အကြောင်းပြချက်မှ ပေးလို့ မရဘူး... အဲဒီလို အချိန်မှာ စက်ချို့ယွင်းနေတဲ့ လေယာဉ်လည်း တက်ဆိုရင် တက်ရမှာပဲ..."

"အို... ဒါတော့..."

ပထမဆုံးအကြိမ်... နနွာတွန့်ဆုတ်တွေဝေ သွားခဲ့



သည်... ။

"အဲလောက်တော့ ရက်စက်မယ် မထင်ပါဘူးနော်..."

"ဩော်... ကလေးမနယ်... အမိန့်ဆိုတာနဲ့ အလှမ်းဝေးတဲ့ သူလည်း မဟုတ်ဘဲနဲ့... အမိန့်ဆိုတာ နာခံဖို့ မဟုတ်လား..."

နနွာတို့ ပြောမိသည့် အကြောင်းအရာတွေကပင် နိမိတ်ဆိုးတစ်ခု ဖြစ်နေခဲ့သည်... ။ ဇန်နဝါရီလ အနှောင်းပိုင်း၏ ညနေခင်းတစ်ခုသည် မြူနှင်းတို့ဖြင့် မှုန်ပျပျ အုံ့ဆိုင်းဆိုင်းဖြစ်လျက် အေးစိမ့်နေခဲ့ပါသည်... ။

"နက်ဖြန် မွေးနေ့မှာ ဘာလက်ဆောင်လိုချင်လဲ... ပြော"

အဲသည်လို အချိန်အခါမျိုးမှာ နနွာရဲ့ ချစ်သူက ဘလေးငယ် တစ်ယောက်လိုပင်... ။ သံလွင်ရောင် မိုးကာသားအကင်္ကျီနှင့် ကာကီရောင်ဘောင်းဘီနှင့်... အဖြူရောင် addidas ဆို့ရှပ်ပေါ်မှာ ထပ်ဝတ်ထားပြီး သားရေအိတ်အနက် လက်မှာကိုင်ထားသည့် သူ့ကို ဘယ်သူမြင်မြင် အရာရှိတစ်ယောက်ဟု သိသာစေပေမဲ့ နနွာစိတ်ထဲမှာတော့ ဆယ်တန်းကျောင်းသားလေးလိုသာ ထင်မိသည်... ။

"တကယ် ပေးမှာလား..."

"အင်း..."

သူ့နှုတ်ခမ်းတွေ ပြုံးမြဲမြဲဖြစ်လာသည်... ။

"မဖြစ်နိုင်တာတွေတော့ မတောင်းနဲ့ပေါ့နော်..."

www.burmeseclassic.com

www.burmeseclassic.com



"နည်းနည်း ဈေးကြီးတာ ဆိုရင်ရော…"

"ဘာလဲ… နာရီလား၊ မျက်မှန်လား… ဒါမှမဟုတ်… U.S ဂျာကင်လား…"

"တစ်ခုမှ မဟုတ်ဘူး…"

"လက်စွပ်ကွာ…"

သူက ကျစ်ခနဲ သွားကျစ်လိုက်သည်… ။

"လောလောဆယ်… ကိုယ့်မှာ အရေးတကြီး လိုနေတဲ့ ပစ္စည်း…"

ကိုရဲက ကျီစယ်နေမှန်းသိလည်း အဲသည်လို ပြောရယ်နေရတာကို နန္ဒာက ကျေနပ်သည်။ စိတ်ကောက်သည့်ကိုပဲ ဖြစ်စေ… ဟန်ဆောင်သည်ပဲ ဖြစ်စေ… နန္ဒာတို့နှစ်ယောက်ကြားမှာ အဲသည်လို အချစ်တွေက… အေးစက်မသွားဘူးဆိုလျှင် ကျေနပ်စရာပဲ မဟုတ်လား… ။

"ဘာလဲ…"

သံရှည်ဆွဲပြီး နန္ဒာက ခပ်နွဲ့နွဲ့လေး မေးလိုက်သည်။

"သွားပွတ်တံ…"

"ဟင်…"

"ကိုယ့်ရဲ့ သွားပွတ်တံက ထိပ်တွေဖွာချင်နေပြီ… သွားပွတ်တံအသစ်ဝယ်မယ် ဝယ်မယ်နဲ့ မဝယ်ဖြစ်ဘူး…"

"အ်မယ်လေး… ခဲခဲမှ ယဉ်းယဉ်း…"



"ကိုယ့်ဓနီးလောင်းလေး ဝယ်ပေးတယ်ဆိုတော့… မနက်အိပ်ယာထတိုင်း ညအိပ်ယာဝင်တိုင်း သတိရနေတာပေါ့ကွာ…"

"ဒါဖြင့် တခြားအချိန်တွေရော…"

"ဪ… ရတာပေါ့ တခြားအချိန်တွေလည်း…"

"ဘာရတာလဲ…"

"သတိလေ… သတိ…"

နန္ဒာက မိန်းကလေးတွေရဲ့ ထုံးစံအတိုင်း သူ့လက်မောင်းကို ထုရိုက်သည်။ ကုတ်ဆွဲသည်… ။ သူက ရှောင်တိမ်းရင်း နန္ဒာ့ပခုံးကို လှမ်းဖက်သည်… ။ အောက်နှုတ်ခမ်းကို ခပ်ဖွဖွကိုက်ထားရင်း ပခုံးစွန်းကို ဖျစ်ညှစ်ဖက်ပွေ့သည်… ။ပြီးတော့လည်း နန္ဒာတို့နှစ်ဦးသည် ချက်ချင်းပင် ဣန္ဒြေရသည့် ချစ်သူတွေဖြစ်ရပြန်သည်… ။ တစ်ယောက်လက်ကို တစ်ယောက်ဆုပ်ကိုင်ဖျစ်ညှစ်ရုံဖြင့်ပင်… တွယ်တာနီးကပ်စွာ နေလိုသည့် စိတ်တွေကို ဖြေဖျောက်ရပြန်သည်… ။

"လေယာဉ်က ဆင်းဆင်းချင်း ပြေးလာနော်…"

ဟု သူ့ကို စိတ်မချစွာ မှာရပြန်သည်… ။

"ပြေးတော့ မလာပါရစေနဲ့ကွာ… ကားကြုံရင်လည်း ကားကြုံနဲ့ပေါ့… မဟုတ်ရင်လည်း ဘတ်စ်ကားနဲ့ပေါ့…"

သူ အရွှန်းဖောက်သည့် စကားကို နန္ဒာရယ်မောနိုင်ခဲ့။ သူ့မွေးနေ့မှာ ဘုန်းတော်ကြီးကျောင်း ဆွမ်းချိုင့်ပို့ သူမပါ

www.burmeseclassic.com

www.burmeseclassic.com



နိုင်မှာကိုဘဲ စိုးရိမ်နေမိသည်... ။

"ဘတ်စ်ကားနဲ့ မလုပ်နဲ့... တက္ကစီနဲ့ လာခဲ့... "

"ဟာ ဈေးကြီးတယ်... "

"လုပ်မနေနဲ့... ဆွမ်းစားချိန် အမီမရောက်ဘဲ နေမယ်... တစ်သက်မှ တစ်ခါလောက် စီးရတာကို ကပ်စေးနည်းမနေနဲ့... "

"ကောင်းပါပြီဗျာ... "

သူအချိန်မီ ရောက်မလာမှာကို ကြိုတင်စိတ်ပူနေခဲ့ ရပြီး တစ်ညနေလုံး တစ်ညလုံး လွန်မြောက်သည့် နောက်တစ်နေ့ မှာတော့ သူမွေးနေ့ဆွမ်းအလှူပွဲသည်... သူ့အတွက် သရဏာဂုံ တင်ပွဲ ဖြစ်ခဲ့ရသည်။ သူက နန္ဒာ့ဆီက ဘယ်တော့မှ ပြန်မလာနိုင် တော့ပါ... ။



မဟုတ်ဘူးလေ...

မနေ့ညနေကတင် သူနန္ဒာ့ကို ကတိပေးသွားခဲ့ သလဲ... ။

တက္ကစီနဲ့ မဟုတ်လို့၊ ဒါမှမဟုတ် ကားကြုံမရှိလို့ ဘတ်စ်ကားနဲ့ လာနေလို့ သူနောက်ကျနေမှာပါ... ။

နန္ဒာ သေချာမှာထားရက်နဲ့... ။

ကားလိုက်မပို့နိုင်ရင် တက္ကစီနဲ့ပြန်ခဲ့ပါ ဆိုတာကို

နန္ဒာ...

နန္ဒညာ... တဲ့...

ဖူးဖူးရှုရ အထိတ်တလန့်အော်သံတွေလည်း အနား မှာ စုပြုံတွန်းထိုး... ။

ဘာမှ လာမပြောကြနဲ့... သူလာကို လာမှာ...

www.burmeseclassic.com

www.burmeseclassic.com



မနေ့ညနေကပင် သူလိုချင်သည့် သွားပွတ်
အသစ်ကလေးတစ်ချောင်းထပ်ပြီး နောက်နောက်ရှုတ်ရှုတ်နဲ့
အကျီအိတ်ထဲ ထိုးစိုက်ပေးလိုက်သေးတာ... ။

[ဒီ တစ်ချောင်းကို တစ်သက်လုံးသုံးမယ်]

[အိုး... ရမှာလား... ]

[ရအောင်သုံးမှာပေါ့]

[ဘယ်လို လုပ်မှန်းလည်း မသိဘူး... သိပ်ကပ်
နည်းတာပဲ]

နန္ဒာ့ခြေထောက်တွေ အိမ်ပေါ်ထပ်ဝရန်တာမှ
ရပ်လျက်ပင် အမြစ်တွယ်သွားတော့မလား ထင်ရသည်... ။

အဲသည် နံနက်က နှင်းတွေလည်း ပိတ်နေသည်
ဝရန်တာဆီကနေ ရပ်မျှော်ကြည့်လည်း လမ်းကလေးဆီသို့
တဝါးသာ မြင်ရသည်... ။ ထူးထူးဆန်းဆန်းပင် လမ်းကလေး
မှာ လမ်းလျှောက်သူ တစ်ဦးတစ်ယောက်မျှ မရှိ... ။



[စက်ချုပ်ယွင်းပြီး... ရေထဲကို လေယာဉ်ထိုးကျ...]

[နောက်ဆုံးအချိန်အထိ... လေယာဉ်နဲ့ အတူရှိနေ
... ]

[အဲဒီလို အချိန်မှာ စက်ချုပ်ယွင်းနေတဲ့ လေယာဉ်
လည်း... တက်ဆိုရင် တက်ရမှာပဲ... ]

နန္ဒာ...

နန္ဒည...

ညီမလေး သတိထားနော်...

သမီး... သမီးလေး... မေမေ့ကို ဖက်ထား၊ ငိုလိုက်
နော် သမီး... ၊ အော်ငိုပစ်လိုက်... ရင်ထဲမှာ ကျိတ်မထားနဲ့...

ဒါဟာ လူတစ်ယောက်ရဲ့ ကံကြမ္မာပါ သမီးရယ်...

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ကိုမှ အပြစ်မတင်နဲ့... ဘယ်သူ့အပြစ်မှ မဟုတ်ဘူး...
ရဲ့ ရေးဘဝဝဋ်ကြွေးပဲ...

အပြစ် မတင်ရဘူးတဲ့လား... ။ အပြစ်တင်
တောင် မရနိုင်ဘူးတဲ့လား... ။

ထားပါ...

ကိုရဲက လွဲပြီး ဘယ်သူ့ကိုမှ အပြစ်တင်စရာ

သူ ရောက်မလာခဲ့လို့ဘဲ... ။

သူ အချိန်မီ ရောက်မလာခဲ့လို့ဘဲ... ။

နန္ဒာ့ကို ကတိပေးပြီးမှ ရောက်မလာခဲ့သည့်
ကိုသာ အပြစ်တင်ရမည်... ။ နန္ဒာ့စကားကိုရော အမိန့်လို့ မယူ
ဘူးလား... ။ နန္ဒာ့ဆီရောက်အောင် ပြန်မလာနိုင်ဘူးလား...

လူတစ်ယောက်ရဲ့အသက်ဟာ အဲလောက်လွ
လွယ်ကူကူလေး စက္ကန့်ပိုင်း မိနစ်ပိုင်းအတွင်းမှာ ဆုံးရှုံးဖို့သင့်
လား... ။

ဘာအတွက်လဲ... ။

သူ... လေထီးနဲ့ ခုန်ထွက်နိုင်တာပဲ... ဒါမှမဟုတ်
ရေထဲနစ်မြုပ်သွားသည့် လေယာဉ်ထဲက ထွက်ပြီး ရေကူးလွ
မြောက်နိုင်သားပဲ... ။

သူ ရေကောင်းကောင်းကူးနိုင်တာပဲ... ။

ရေထဲ နစ်မြုပ်သွားသည့် လေယာဉ်ပျက်ထဲက



ထွက်လာနိုင်ပြီး သူမေ့မျောသွားခဲ့သည်... ။ သူ့ကို တံငါရွာတစ်
ရွာမှ ကယ်တင်ပြီး ပြုစုထားခဲ့သည်... ။ လေယာဉ်ထိုးအကျမှာ
သူ့ ဦးခေါင်းတွင် ဒဏ်ရာရပြီး သူ့ဘဝကို
သူမေ့လျော့သွားခဲ့သည်။ နန္ဒာ့ဆီပြန်လာဖို့ လမ်းကို
မေ့လျော့ခဲ့သည်။ မိသားစုကို မေ့လျော့ ခဲ့သည်... ။
သူငယ်ချင်းတွေကို... လေသူရဲ တစ်ယောက်ဘဝကို

နန္ဒာဆိုသော ချစ်သူတစ်ယောက် အပါအဝင်...
အားလုံးကို...

သည်လိုပဲဖြစ်မှာပါ... ။

ပြောလေ... ကိုရဲ ဘယ်မှာလဲ...

ကိုရဲကို ကျွန်မတွေ့ပါရစေ...

ကိုရဲသေပြီဆို... ကိုရဲရဲ့ အလောင်းကိုဖြစ်စေ...
ကျွန်မ မြင်တွေ့ရမည်... ။

ခုတော့ ဘယ်မှာလဲ...

ကိုရဲရဲ့ သက်မဲ့ခန္ဓာကိုယ်ကိုပင် မမြင်ရဘဲ သူသေ
ပြီဆိုတာ ဘယ်လိုလက်ခံရမည်လဲ... ။

လူတစ်ယောက်သေဆုံးဖို့ဆိုတာ ပေါ့ပေါ့တန်တန်
ဖြစ်နိုင်ပါ့မလား... ။

ဘယ်သူက ပြောလဲ...

တန်ဖိုးမဖြတ်နိုင်သည့် အသက်တစ်ချောင်းသည်

www.burmeseclassic.com

www.burmeseclassic.com



လို လွယ်လွယ်ကူကူဆုံးရှုံးခဲ့ရသည်လို့ ဘယ်သူက ပြောနိုင်သလဲ။

ကိုရဲ ပြန်လာမှာပါ... ။

နန္ဒာ့ဆီကို ကိုရဲပြန်လာမှာပါ... ။



"သွားစို့... နန္ဒာ... "

မေမေ့ကို နန္ဒာ... အေးစက်စက်မော်ကြည့်သည်။

"ဒီနေ့ ရဲလေး... တစ်ပတ်ပြည့်ပြီ... ။ ရက်လည်ဆွမ်းသွတ်တရားနာဖို့... "

"ဟင့်အင်း... "

"မေမေပြီးက သမီးကိုယ်တိုင် ရေစက်ချ... ဖို့ အမျှဝေဖို့"

"ဘာဖြစ်လို့ အမျှဝေရမှာလဲ... "

"သမီး... "

"မေမတို့ အဲလိုအဓိပ္ပါယ်မရှိတွေ လျှောက်လုပ်မနေနဲ့..."

"နန္ဒာရယ်... "

"ကိုရဲ မသေသေးဘူး... သမီးသိတယ်... ကိုရဲ ပြန်လာမှာ သမီးဆီ ပြန်လာမှာ... သူ အခု တစ်နေရာရာမှာ ရှိနေပါလိမ့်မယ်... သူပြန်လာဖို့ အခွင့်အရေး မရသေးလို့ ဖြစ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ပါ… မေမေတို့ အလောတကြီး မလုပ်ကြပါနဲ့… နည်း
လောက် စောင့်ကြည့်ပါဦး… သမီး တောင်းပန်ပါတ

မေမေသည် နန္ဒာ့ကို အကြာကြီးတိတ်ဆိတ်
စိုက်ကြည့်နေရာကနေ အိခနဲ ငိုချလိုက်သည်… ။

"ဒုက္ခပဲ ငါ့သမီးလေးတော့ ဘဝဆုံးပါပြီ… "

"မေမေ… "

မေမေ့ရင်ခွင်ထဲ နန္ဒာတုန်တုန်လှုပ်လှုပ် တိုး
လိုက်မိသည်။

"သမီး ဘာမှမဖြစ်ပါဘူး မေမေ… မေမေ ဘာကိုနို
နေတာလဲ… "

"သမီး… မောင်ရဲ ဆုံးပြီ… လေယာဉ်ပျက်ကျပြီး ဆုံးသွ
ပြီး သမီး… သူ သမီးဆီကို ဘယ်တော့မှ ပြန်လာနိုင်တေ
မှာ မဟုတ်ဘူး… ဒါကို လက်ခံလိုက်စမ်းပါ… သမီးရယ်
အဲဒီအခြေအနေတွေကို အမှန်အတိုင်း လက်ခံလိုက်
ပါ… "

"ဟင့်အင်း… မေမေ တော်တော့… "

နန္ဒာကိုယ်ထဲက သွေးတွေ ဖြန်းခနဲ ဆူဝေတ
လာသည်… ။ အင်အားတစ်ခုက ဆောင့်တွန်းလိုက်သလို
သည် မေမေ့ရင်ခွင်ကနေ… လွတ်ပြီး နောက်သို့ ယိုင်ကျသွား
ရင်ထဲမှာ ပူနေသည့် အပူသည်… မီးစတစ်ခု၏ အပူရှိန်ထက် ပြ
သည်… ။



"မပြောနဲ့…ကိုရဲသေပြီလို့ သမီးရှေ့မှာ ဘယ်တော့မှမပြော
နဲ့… "

ဘယ်လောက်ဆိုးဝါးတဲ့ စကားလုံးလဲ… ။

နန္ဒာရဲ့ ကံကြမ္မာက သည်လောက်ထိ မဆိုးရွားနိုင်
ဟု ယုံကြည်လျက်ပင်… ။

ကိုရဲ… ရေ

တို့ လက်ထက်ကြမှာနော်…

အမြန်ဆုံး ပြန်လာခဲ့…

ပြန်လာခဲ့ပါ… ကိုရဲရယ်… ။

မျက်ရည်စတွေက ရင်ဘတ်ထဲ လည်ချောင်းထဲမှာ
ပင် အနိုင်အခဲဖြစ်တည်နေသည် ထင်ပါရဲ့… ။ ရင်ထဲမှာ ကျပ်ခဲ
တစ်ဆို့ပြီး ဘယ်လိုအစားမှ မဝင်တော့… ။ မျက်လုံးတွေက ပူ
လောင်စပ်ဖျဉ်းစွာ ပွင့်လျက်သားနှင့် ဘာကိုမှလည်း မမြင်တော့။
အိမ်မှာ နေရသည့်အခိုက် ဝရန်တာမှာ တစ်နေကုန်ရပ်ရင်း ဆိုင်
ရင်းစောင့်သည်… ။

သည်လိုနှင့် ဂျူတီပြန်ဝင်ရမည့် နေ့တွေရောက်
လာသည်… ။

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ်..."

ဆိုသည့် စကားသံ ခပ်တိုးတိုးကို ကြားသည်...။ တမင်အုပ်ပြီး လျှို့ဝှက်စွာ ပြောနေရသည့်အထိ အိပ်ခန်းထဲ မမ သုတ်သီးသုတ်ပြာ ဝင်လာပြီး ဗီရိုဖွင့်သည်...။ ပိုက်ဆံအိတ်ယူပြီး ပြန်ထွက်သွားသည်...။ ရန်ပုံငွေ ကောက်တာ ထင်ပါရဲ့...။ စိတ်လည်း မဝင်စားမိ...။ စိတ်အစဉ်က လွင့်ချင်ရာ လွင့်သည့်အထဲမှာပင်...

[ချိတ်ဆင်က ရှိနေပြီ... ]

ဆိုသည့် အသံစိမ်းစိမ်းကို ကြားသည်...။

[နှင်းဆီဖူးလေးတွေ ကြားညှပ်ပေးထားတယ် ကြိုက်မှာပါ... ]... တဲ့...။

ဟော...



ဝတ်စုံချုပ်သူတွေ ထင်ပါရဲ့...။

အိပ်ခန်းထဲကနေ ဝုန်းဝုန်းဒိုင်းဒိုင်း အသံမြည်အောင်ပင် ပြေးထွက်မိသည်။ မမက မျက်ရိပ်မျက်ခြည်နှင့် ပြောသည်ကိုလည်း တစ်ဖက်လူတွေက ကြားဟန်မတူ...။ စက္ကူဗူးကြီးကြီးထဲမှာ ကြွရွနေသည့် အဖြူရောင်သတို့သမီးဝတ်စုံ...။

ပုလဲလုံးတွေ ဘော်ကြယ်တွေ... ပန်းဖောက်အနားတွေ... ဇာအပွင့်တွေ...

အို...

လှလိုက်တာ... လှလိုက်တာပါလား... ကိုရဲရယ်...

တို့နှစ်ယောက် မင်္ဂလာနေ့မှာ ဝတ်ဖို့...

"နန္ဒာ..."

အနားမှာ ခေါ်သံတွေ ကြားရပြန်သည်။ သည်တစ်ခါတော့ မျက်ရည်တွေ ဝိုးဝိုးပေါက်ပေါက်ကျလာသည် ထင်ပါရဲ့... ဒါပေမဲ့ ပါးပြင်ပေါ် မျက်ရည်စီးကျသည့် အတွေ့ကို မသိ...။ တစ်ကိုယ်လုံး ထုံကျင်ကျင်ကြီးဖြစ်ပြီး ဘယ်ဘက်နှလုံးအိမ်ဆီက ဆို့ကျပ်အောင့်တက်လာသည်...။

ဘယ်တော့မှ ပြန်မလာနိုင်တော့ဘူး... တဲ့။

မဟုတ်နိုင်ပါဘူး... ရဲရယ်...။

ဖြူလွကြွရွနေသည့် ဝတ်စုံပေါ်မှာ... မျက်နှာကို မှောက်ချလိုက်မိသည်။ အသက်ရှူရတာ ပင်ပန်းလာသည်...။ အသက်ရှူသံကို ပြန်ကြားနေရသည်...။

www.burmeseclassic.com

www.burmeseclassic.com



"ကိုရဲရေ ပြန်လာပါတော့… "

သတိလွတ်ခဲ့တာ အဲသည်နေ့ရက်တွေ ထင်ပါရဲ့။

ချစ်သူကို အပြီးတိုင် ဆုံးရှုံးရသည့် သောကသည် ဘယ်လိုပူပြင်းလောင်မြိုင်မှုမျိုးနှင့်မှ မတူအောင်… ပြင်းထန်လှသည်ဆိုတာ ကိုယ်တိုင်ကြုံမှသာ သိရတော့သည်… ။ ဘယ်လိုမှ မခံစားနိုင်အောင်ပါဘဲလား… ။

ဖြူလွှသော ဝတ်စုံလေးကို ရင်ခွင်ထဲမှာ ပိုက်ပွေ့ထားရင်း ကိုရဲကိုများ မြင်တွေ့ရလေမလားဟု ဝရန်တာဆီပြေးတက်ပြီး လမ်းဆီကို ကြည့်သည်… ။ မေမေပြုံးတို့ အိမ်ကိုသွားသည်… ။ နောက်ဆုံး စောင့်နေကျ ကုက္ကိုပင်အောက်ဆီ ရောက်သည်… ။

နောက်တော့…

ရက်ပေါင်းများစွာ ချစ်သူကို စောင့်မျှော်ခဲ့သည် ဆိုပါတော့… ။

ခုထိလည်း စောင့်မျှော်ဆဲပါပဲကွယ်… ။



"လူ့လောကကြီးထဲမှာ မကြာခဏ ကြုံရတယ် ဆိုပေမဲ့ နန္ဒာကပဲ သူများထက် ပိုပြီးစိတ်ပျော့လို့လား… အစွဲအလမ်းကြီးလို့လား ကိုရဲထွတ်ရယ်… ။ သူ့ကို စောင့်ခဲ့ရတာ နှစ်နှစ်ကျော်လာပြီ… ။ ခုထိလည်း သူ ဘယ်တော့မှ ပြန်မလာတော့ဘူးဆိုတာကို လက်ခံနိုင်ဖို့ အတော်ကြိုးစားရတုန်းပဲ…

အချစ်တွေ သံယောဇဉ်တွေ အနှောင်အဖွဲ့တွေဆိုတာ… သိပ်ကျဉ်းကျပ်ပြီး ပူလောင်လှန်းပါတယ် ကိုရဲထွတ်ရယ်… နန္ဒာ သိပ်ကိုပင်ပန်းနေပါပြီ…

ခုတော့ အမှန်တရားကို ခေါင်းအေးအေးနဲ့ လက်ခံနိုင်ဖို့ နန္ဒာကြိုးစားရတော့မယ်… ကိုရဲထွတ်ကိုတော့ နန္ဒာအမြဲ သတိရနေမှာပါ… "

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ်... နန္ဒာ... "

ပြောစရာ စကားမရှိတော့သလိုပင်... သူက

ဆိတ်သွားသည်... ။ နန္ဒာတို့နှစ်ဦးသည် အိမ်နှင့်ပြန်လည် နီး

လာသည်ကိုပင် သတိမထားမိဘဲ တရေးနိုးယောင်ရမ်း

လျှောက်သူတွေလို တိတ်ဆိတ်လျက် တွေဝေလျက်... နံဘေး

ရှိနေသူကို မေ့လျော့နေသလိုပင် လျှောက်လာနေကြသည်

"ကိုယ် နန္ဒာ့ဆီ စာရေးမယ်နော်... "

ပြော်...

သူ ပြန်တော့မည်... ။

သူလည်းပြန်တော့မည်ဆိုတော့...နောက်တစ်

မျှော်ရဦးမည်လား... ။

ဟင်အင့်...

မျှော်ရသည့်အဖြစ်...

မျှော်ရသည်ကို စက်ဆုပ်လှပြီ... ။

"နန္ဒာ မျှော်နေပါ့မယ်... "

"နန္ဒာ့ဆီက စာကိုလည်း ကိုယ်မျှော်နေမယ်... အတိ

မေ့ပြီး ဘဝသစ်တစ်ခုကို နှလုံးသားတစ်ခုနဲ့ ပြန်စနိုင်

နေ့ကို ကိုယ်မျှော်နေမယ်... အဲဒီအချိန်ကျရင် ကိုယ်

ချက်ချင်းပြန်လာခဲ့တော့လို့ ဖုန်းဆက်ပြီးဖြစ်ဖြစ်

နော်... "



"ရှင်... "

"ကိုယ်... နန္ဒာ့ကို ချစ်တယ်... "

www.burmeseclassic.com

www.burmeseclassic.com



"နန္ဒာ့ကို ချစ်တယ်..."

ကားနောက်ဖက် မီးလုံးနီနီ ဝါဝါလေးတွေ ဝေးပြီး ပျောက်ကွယ်သွားပေမဲ့ အဲသည်စကားတစ်ခွန်းကတော့ နားထဲမှာ ပဲ့တင်ထပ်ပြီး ကျန်ရစ်သည်... ။ နန္ဒာ့ရဲ့ သေဆုံးပြီး နှလုံးသား လှုပ်နိုးချင်တာလား... ။

[ဘဝသစ်တစ်ခုကို နှလုံးသားတစ်ခုနဲ့ ပြန်စနိုင် နေ့ကို ကိုယ်မျှော်နေမယ်]

ဟုတ်တယ်...

နန္ဒာလည်း အဲသည်လို နေ့မျိုးကို လိုလားမျှော်လ ချင်ပါတယ်... ကိုရဲထွတ်ရယ်... ။

ဒါပေမဲ့ အချစ်ဆိုတာ... ကျားကွက်ရွှေ့သလို ပြောင်းလဲသလို ရနိုင်သလား... ။ အမိန့်တစ်ခုနဲ့ နှုတ်သိမ်းလို့



နိုင်သလား... ။ ရင်ထဲမှာ သူ့အလိုလို ပေါ်လာသလို သူ့အလိုလို ပျောက်ကွက်သွားနိုင်မလား... ။

နန္ဒာ တကယ့်ကို မသိခဲ့တာပါ... ။

အိမ်ခြံဝင်းနှင့် အိမ်ရှေ့တံခါးသည် ဝေးလံလှသလို စိတ်ထဲမှာ ခံစားရ၏... ။ အိမ်ရှေ့ညှော်ခန်းထဲမှာ နန္ဒာ့ကို စောင့်ကြည့်နေသော မျက်လုံးနှစ်စုံကို မြင်ရသည်... ။ အပြစ်တင်လိုဟန် မရှိဘူး ထင်ရပေမဲ့ စိတ်ထဲမှာ မလုံလဲချင်... ။

နှလုံးအိမ်ထဲမှာ လှုပ်လှုပ်ခတ်ခတ်နှင့် အေးစက်စက်ဖြစ်နေပြီ။ လက်ဖျားခြေဖျားတွေလည်း အေးစက်နေသည်။ ထိန်းချုပ်ထားရသည့် အဖြစ်က နန္ဒာ့အထင်တော့ သူတို့ကာထက် ပို၍ပြီးပင်ပန်းစေ၏... ။ နန္ဒာသည် ဘာကိုမှ ထိန်းချုပ်နိုင်သူမဟုတ်ဟု ကိုယ့်ဘာသာ စိတ်ပျက်လာသည်... ။ ပြီးတော့ အလိုလို စိတ်ပင်ပန်းနေသည့် အဖြစ်ကိုလည်း ငြီးငွေ့လာသည်... ။

လူ့ဘဝကြီးကို မျှော်လင့်စောင့်စားခြင်း၊ ဒါမှမဟုတ် စိတ်ပျက်အားလျော့ခြင်းတွေနဲ့ချည်း ဖြတ်သန်းရမှာ စိတ်ပျက်စရာ ပါကွယ်... ။

www.burmeseclassic.com

www.burmeseclassic.com



"သမီးအတွက် အထိန်းအကွပ်ကလေးတစ်ခု ရှိသင့်တယ်လို့ မေမေထင်တယ်… ။ ဒါမှလည်း သမီးဟာ လူ့ဘဝရဲ့ တာဝန်ဝတ္တရားတွေကြားမှာ အတိတ်ဆိုတာကို မေ့သွားနိုင်မယ်… ။ ပြီးတော့ မောင်ရဲထွတ်ဟာ သမီးကို စိတ်ရှည်လက်ရှည်နဲ့ ကူညီခဲ့တာ… ။ သူ သမီးကို ဒီလိုအခြေအနေဆိုးမှာတောင် မြတ်မြတ်နိုးနိုးရှိခဲ့တယ်ဆိုတာ မေမေတို့ အားလုံးအမြင်… ။

မေမေတော့သဘောကျတယ်သမီ့ရယ်…။ သူလိုကလေးနဲ့ သမီးလက်ထပ်ဖြစ်မယ်ဆိုရင်… မေမေ့တစ်သက် သမီးကို စိတ်ချပြီ… "

"မေမေကလည်း… "



မမက နန္ဒာ့ကို အားနာသနားဟန်ဖြင့် ကြည့်ရင်း ခပ်တိုးတိုး ရေရွတ်သည်… ။

"မေမေ အမှန်ပြောတာ… စိတ်ထဲရှိတဲ့ စကားပြောတာ… နောက်ပြီး ကောင်လေးက မကြာခင် ပြန်တော့မယ်… သမီးကို ပွင့်ပွင့်လင်းလင်း ဖွင့်ပြောပြီးဆိုရင်တော့ သမီး အချိန်ဆွဲနေဖို့ မကောင်းဘူး… "

"သမီး… ကိုယ့်ကိုယ်ကို စိတ်မချသေးဘူး မေမေ… "

"မေမေ… နန္ဒာ့ကို သိပ်ဖိအားမပေးနဲ့… "

မမမျက်လုံးတွေက စိုးရိမ်ဟန် အပြည့်ရှိသည်…။ မေမေရဲ့ တင်းမာပြတ်သားသည့် စိတ်ကို မလွန်ဆန်ရဲသည်ကလည်း မမရဲ့ အားနည်းချက်ပင်… ။

ဘယ်လိုပဲ ဖြစ်စေ… နန္ဒာ့ကို မျက်ခြေပြတ်မခံဘဲ အရိပ်လိုကြည့်ပြီး ဂရုစိုက်နေခဲ့တာကိုတော့ မေမေ ဖေဖေရော မေကိုပါ ကျေးဇူးတင်ဖို့ကောင်းလှသည်။ ခုချိန်မှာ နန္ဒာစိတ်ချမ်းသာမည့် ကိစ္စမှန်သမျှ ဖြည့်ဆည်းပေးဖို့ အသင့်ရှိနေသည်ဆိုတာကိုလည်း နန္ဒာနားလည်နိုင်ပါသည်… ။ သို့ပေမဲ့ နန္ဒာ့ရင်ထဲက ရှုးဝင်နေသည့် မြားတစ်စင်းကိုသော်မှ နှုတ်မပစ်နိုင်သေးဘဲ အချက်…

"မေမေ ဖိအားပေးတာ မဟုတ်ပါဘူးကွယ်… သမီးငယ်လေးအတွက် မေမေ သိပ်စိတ်ပူတယ်… သူ့ကို မြတ်နိုးတဲ့ သူက တစ်သက်လုံးစောင့်ရှောက်မယ်ဆိုရင်… စိတ်အေးရ

www.burmeseclassic.com

www.burmeseclassic.com



မယ်ထင်လို့ပါ… ဘယ်မိဘမဆို ကိုယ့်သားသမီးအတွက် အကောင်းဆုံးကို ဖြစ်စေချင်တာ သဘာဝပဲ မဟုတ်လား”

မေမေသည် မျက်ရည်စိုသည့် မျက်ဝန်းအိမ်ကို မျက်တောင်ဖျားဖြင့် ထိန်းလျက် စကားသံမလှုပ်ခတ်အောင်ထိန်းလျက်… ဆက်တိုက်လက်ရန်းတွေကို တင်းတင်းဆုပ်ကိုင်ထားရင်း တစ်လုံးချင်း ပြောနေသည်… ။ မမကတော့ နန္ဒာ့အတွက် စိုးရိမ်တတ်မြဲအတိုင်း…

“သူ အိမ်ထောင်မပြုလည်း… သမီးတစ်သက်လုံး စောင့်ရှောက်မှာပါ… မေမေရယ်… ”

ဟု နန္ဒာ့ဆံပင်ဖျားလေးတွေကို ပွတ်သပ်ပေးရင်း ချစ်စနိုးပြော၏… ။ ခုထိလည်း မမသည် နန္ဒာဘယ်ကိုသွားသွား မညည်းမညူ နောက်ကပါမြဲပင်… ။ နယ်ပြောင်းရွှေ့ရလည်း မမကတော့ လိုက်မည်ပင်… ။

“အေးပါ… မေမေသိပါတယ်… ဒါပေမဲ့ ညည်းကရော အိမ်ထောင်မပြုတော့ဘူးလား… ”

မမက မျက်နှာရှုံ့မဲ့သည်… ။

“တော်ပါ မေမေရယ်… အဲဒီ သံယောဇဉ် ဆိုတာကို ကြောက်လွန်းလို့… ”

ဒါက မမရဲ့ လက်သုံးစကားပင်… ။

နန္ဒာကတော့ အဲသည့်သံယောဇဉ်တွေကြားမှာပဲ မွေ့ပျော်ချင်လေသလား… ။



“မောင်ရဲထွတ်ဆိုတာလည်း နန္ဒာ့အကြောင်းကို အစအဆုံး သိထားပြီးသား မဟုတ်လား… ဒီတော့ သူ့စိမ်းတစ် ယောက်ထက်စာရင် ပိုပြီးကောင်းတာပေါ့ကွယ်… ”

“ဒါပေမဲ့ မေမေ… ကိုရဲထွတ်ရဲ့ မိသားစုက… အမေရိကားမှာနေတာ… သူ့အလုပ်ကလည်း ဟိုမှာ… သူ့ကိုသာ လက်ခံမယ်ဆိုရင်… ဟိုကိုလိုက်သွားရမှာပေါ့… သမီး မလိုက်ချင်ဘူး မေမေ…

ပြီးတော့…

ပြီးတော့… စိတ်ထဲမှာ အိမ်ထောင်ပြုလိုက်ဖို့ ဆိုတာကို တွေးလို့မရသေးဘူး… သမီးရဲ့ ရင်ထဲမှာ ကိုရဲရဲ့ အရိပ်တွေ ရှိနေတုန်းပဲ… ”

“မေမေကလည်း… သမီး အဲဒီလိုဖြစ်တာကို စိတ်ပူတာပဲ”

မေမေက နဂိုဗီဇကပင် တဖွတ်လိုးဆန်သူ ဖြစ်သည်… ။ စိတ်အစွဲကြီးခြင်းနှင့် စိုးရိမ်ပူပန်တတ်ခြင်းတို့ ပေါင်းစပ်လိုက်သည့်အခါ… မေမေ့အဖို့ ငြိမ်းချမ်းရာကို ရှာမရနိုင်ဖြစ်ရသည်… ။

“မေမေရယ်… ခုလည်း နန္ဒာ့အခြေအနေက ကောင်းနေပါပြီ… သမီးတော့ ရဲထွတ်ကို သဘောမကျလို့ မဟုတ်ဘူး… နန္ဒာလိုက်သွားရမယ်ဆိုရင် ဖြစ်မယ်မထင်ဘူး… ဟိုမှာက ပတ်ဝန်းကျင် အစိမ်းသက်သက်… ကိုယ့်နိုင်ငံမှာလို ဘယ်သူမှ နွေးထွေးကြမှာ မဟုတ်ဘူး… ပြီးတော့ မိုးလင်း

www.burmeseclassic.com

www.burmeseclassic.com



မိုးချုပ် အိမ်မကပ်ဘဲ အလုပ်လုပ်နေရတာမျိုး… အဲလို ပရက်ရှာသိပ်များရင် နန္ဒာခံနိုင်မှာမဟုတ်ဘူး… ”

မမက မေမေ နားဝင်အောင် ကျိုးကြောင်းရှင်းပြနေသေး၏… ။ နန္ဒာတိုးတိတ်စွာပဲ စကားဝိုင်းကို ကျောခိုင်းခဲ့သည်… ။ အာရုံထဲမှာ ကျန်နေသည့် ပုံရိပ်က ဘယ်သူဆိုတာ မထင်ရှားတော့… ။ နောက်တစ်ကြိမ်တစ်ခါ ဖွဲလမ်းခြင်းကြောင့် မှ ဆွေးရဦးမည် ဆိုလျှင်… နန္ဒာခံနိုင်ရည် ရှိတော့မည် မဟုတ်ပါ။

ပြီးတော့ နန္ဒာ နှလုံးသားဒဏ်ရာသည် အပြီးတိုင် ပျောက်ကွယ်သွားပြီလားဆိုတာ နန္ဒာကိုယ်တိုင်ပင် မသိ… ။ နန္ဒာ ယခုတိုင် ကိုယ့်ဘာသာမပိုင်နိုင်သေးဟု ထင်မိသည်… ။



ထုတ်ပေးလိုက်ပြီးသည့် ဆေးနှင့် ဆေးပစ္စည်းများ စာရင်းစာရွက်သည် နန္ဒာ့လက်ထဲ တဖျတ်ဖျတ်လွင့်နေသည်… ။ ခေါင်းတည့်တည့်က ပန်ကာလည်သံ တဒီးဒီးကြားနေရသည်။ စာရင်းစာရွက်ထဲက ပစ္စည်းစာရင်းကို စာအုပ်မှာ ရေးကူးပြီး အထက်လူကြီးဆီ လက်မှတ်ထိုးဖို့ တာဝန်ဝတ္တရားသည် ဦးနှောက်ထဲမှာ ရှိပင် ရှိငြားလည်း ဘာတစ်ခုမှ မစတင်ဖြစ်သေး… ။ သည်နေ့ တစ်နေ့အတွက်တော့ နန္ဒာ့စိတ်ကို ကောင်းစွာနိုင်နင်း ထိန်းချုပ်ဖို့ မျှော်လင့်မရနိုင်ပါ… ။

အစိမ်းရောင် ဘောင်းဘီအနားနှင့် ပြောင်လက်သော ရှူးဖိနပ်တစ်စုံသည် ကြွေပြားခင်းကြမ်းပေါ် သူမရှေ့… ရှေ့ခပ်လှမ်းလှမ်း တံခါးဝမှာရပ်သွားသည်… ။မျက်မှန်သားသေး နှင့် နူးညံ့သောမျက်နှာကို ဖျတ်ခနဲ မော်ကြည့်မိ… ။

www.burmeseclassic.com

www.burmeseclassic.com



"ဗိုလ်ကြီး…"

"သူတော့ သွားပြီ ဒေါ်နန္ဒာ… "

ဆေးရုံဝင်းထဲမှာတော့ ကိုသူရက သူမကို ခေါ်… တစ်ခေါ်သည်… ။

"ကျွန်တော်လည်း အိုင်ဝီရှိနေလို့… သူ့ကို လိုက်မပို့နိုင်ဘူး"

"ဟုတ်လား… "

"ဘာကြောင့် လိုက်မပို့တာလဲ… "

"ကျွန်မလည်း ဂျူတီချိန်လေ… ဗိုလ်ကြီး… "

"ဒါပေမဲ့ လေဆိပ်နဲ့လည်း သိပ်ဝေးတာမှ မဟုတ်ဘဲ…"

"နန္ဒာ… မနေ့ကတော့ ကိုရဲထွတ် အိမ်ရောက်ပါတယ်… လက်ဆောင်ပစ္စည်းတွေနဲ့ ကျေးဇူးစကားလည်း ပြောလိုက်ပါတယ်… "

ဗိုလ်ကြီးသူရဇော်ရဲ့ အကြည့်က တစ်မျိုးဟု ထင်မိသည်… ။

"ဒါတွေက သူ့အတွက် ဗိုလ်ပုံနေတာပါဗျာ… "

ဒါဆို… သူ ဘာလိုအပ်ပါသလဲ… ။

သူလိုအပ်သမျှကိုဖြည့်ပေးနိုင်သည့် အရည်အချင်းရော နန္ဒာ့မှာ ရှိလို့လား… ။ ရင်ထဲမှာ ဝမ်းနည်းစိတ်က လှိုက်တက်လာသည်… ။ ပြီးတော့ သည်မြေမှာ သူ မရှိတော့ပါလား… ဆိုသည့် အသိက… နှလုံးအိမ်မှာ လစ်ဟာစေသည်… ။

တစ်စုံတစ်ရာ… နှောင်ဖွဲ့ခဲ့သည်လား… ။



"ဘယ်တော့ ပြန်လာမလဲ မသိဘူးနော်… "

မန္တ မရဲ မေးမိသည်… ။

"တစ်နှစ်တစ်ခါတော့ ပြန်လာနေကျပဲ… နောက်နှစ် နွေဦး ရင် ပြန်လာမှာပေါ့… သူ့ အလုပ်နားချိန်လေ… "

ပခုံးပေါ်တင်ထားသည့် နားကျပ်ကို ဆွဲယူပြီး လက်မှာခေါက်ကိုင်ကာ သူလှည့်ထွက်ဖို့ ပြင်သည်… ။ ကိုယ့်ဘာသာ မသိဘဲ ပင့်သက်မှုင်းမှုင်းရှိုက်ဖြစ်၏… ။ လျှင်မြန်စွာ ဝေးသွားမည်ထင်သည့် အရိပ်တစ်ခု တံခါးဝမှာ ဖျတ်ခနဲ ပြန်လှည့်လာပြန်သည်။

"သူ ဘာမှပြောမသွားဘူးလား… "

"ရှင်… "

"နန္ဒာ့ကို ပြောစရာတွေ သူ့မှာ အများကြီးရှိနေတယ်…"

"ဗိုလ်ကြီးကလည်း… "

ကျီစယ်သည်ဟုပဲ ထင်မိသည်… ။ ဗိုလ်ကြီးသူရဇော်က ပြုံးမလို တည်မလိုမျက်နှာဖြင့် နန္ဒာ့ကို ခဏခဏစိုက်စိုက် ကြည့်နေပြီးမှ လှည့်ထွက်သွား၏… ။ နန္ဒာ့မျက်နှာမှာ သူလိုချင်သည့် အဖြေကို တွေ့သွားပြီ ထင်သည်… ။

www.burmeseclassic.com

www.burmeseclassic.com



## (၁၁)

"ကဲ… ဟိုက… မိန်းမကို မယူပါဘူးလို့ မေမေစိတ်ဖြောင့်အောင် ကတိပေးသွားဦးလေ… "

ဟု စန္ဒီလေးက ကျီစယ်သည်… ။

တကယ်တော့နှစ်တိုင်းသည်လိုပုံစံဖြင့်…နှုတ်ဆက်ရမြဲဝင်… ။ နည်းနည်းလေးမှ မထူးဆန်း… ။ သို့ပေမဲ့ သည်တစ်ကြိမ်မှာတော့… ရင်ထဲ နင့်သီးသည်… ။ မှန်ချပ်တံခါးကြီးတွေဘက် ဝင်ထွက်သွားလာနေကြသူတွေဆီ မကြာခဏ လှည့်ကြည့်မိသည်… ။ အများကြားထဲ ပိုပြီး မထူးဆန်းပေမဲ့ သူတွယ်တာခဲ့မိသည့် မျက်နှာကလေးတစ်ခုကို မြင်ရနိုးဖြင့် မျှော်လင့်မိသည်။

မနေ့ကတည်းက…



"လေဆိပ်ကို လိုက်မပို့နိုင်တာ… စိတ်မရှိပါနဲ့… "

ဟု ချိုသာယဉ်ကျေးစွာ တောင်းပန်ခဲ့ပြီးသား…

"နန္ဒာ ဂျူတီရှိနေလို့ပါ… "

တဲ့… ။ ကျေးဇူးတင်စကားတွေလည်း အထပ်ထပ်ဆိုသည်… ။ နားထဲမက… ရင်ထဲမှာပါ လျှံနေပြီ… ။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း မျက်လုံးများဖြင့်သာ စကားဆိုဖြစ်သည်… ။

"နှုတ်မဆက်တော့ဘူးလား… "

ဟု တစ်ခွန်းသာ မေးဖြစ်သည်… ။

"နန္ဒာ ဘယ်သူ့ကိုမှ နှုတ်မဆက်ချင်ဘူး… "

တဲ့… ။ အိပျော့ပျော့… တွန့်တွန့်လေးနေသည့် အကျီလက်ဖားဖားက-လေမှာ… ဝဲလွင့်လှုပ်ခါနေသည်ကိုသာ ငေးမောကြည့်မိသည်။

ဩော်…

သူမ လွမ်းဆွတ်ချင်သူက ကိုရဲထွတ်မှ မဟုတ်တဲ့။

နန္ဒာ့ရင်ထဲမှာ အလွမ်းတွေ ပြည့်သိပ်နေလည်း အဲသည်အလွမ်းတွေရဲ့ တစ်မျှင်တစ်စကိုပင် သူပိုင်ရသည် မဟုတ်…သည်လိုနဲ့ပဲ… မေ့သွားမှာပါလေ… ။ ကိုယ့်ကိုယ်ကိုတော့ နန္ဒာ့လောက် အဖွဲ့အလမ်းမကြီးဘူး ထင်မိသည်… ။

"နန္ဒာက သိပ်စိတ်ပျော့တယ်… ဒါကြောင့် ဘူတာရုံ…

www.burmeseclassic.com

www.burmeseclassic.com



ကားဂိတ်… လေဆိပ်တွေ လိုက်မပို့ချင်ဘူး… ပြီးတော့ လေယာဉ်ပျံတွေကိုလည်း မမြင်ချင်ဘူး… ”

သည်အကြောင်းပြချက်တစ်ခုနှင့်ပင်… နိုင်လုံနေပြီ သည်တော့ သူနောက်ထပ် မတောင်းဆိုဖြစ်တော့… ။

“နောင်နှစ်ခါတော့ ပြန်လာနော်… ။ နန္ဒာ ဘယ်နေရာ ရောက်နေနေ အကြောင်းကြားပါ… ။ နန္ဒာလာတွေ့ပါ့ မယ်… ”

တဲ့… ။

“ဟော… ကြည့်… ဒါက ဘယ်လိုဖြစ်နေတာလဲ… ”

စန္ဒီက သူ့လက်မောင်းကို ကိုင်လှုပ်သည်… ။

“ဟိုး… နန္ဒာဆိုတဲ့ ကောင်မလေးကိုပဲ တောင်းထားလိုက်ရ တော့မလား… ပြော… ”

နုနုက… ‘ဟဲ့… အစ်ကို… ကို’လို့ ဟန့်ပေမဲ့ မျက်နှာ က ပြုံးချိုရယ်မောနေသည်… ။

“ဒီမှာလည်း နိုင်မာတဲ့ စီးပွားရေးအဆောက်အအုံတွေ ရှိ နေပါပြီကွာ… ငါကတော့ အစ်ကိုကြီးတို့ မမတို့ကို ပြန်လာ ဖို့ တိုက်တွန်းချင်တယ်… ”

ဟု ဦးဦးက… ပြောသည်… ။

“ဟုတ်ကဲ့… ပြန်လာဖြစ်မှာပါ ဦးဦး… ဖေဖေတို့ ပြန်မလာ လည်း ကျွန်တော်ပြန်လာမှာပါ… ”



ဦးဦးက ခေါင်းတဆတ်ဆတ် ညိတ်နေသည်… ။

စန္ဒီက ဇက်ကလေးပုပြီး ခွိခနဲ ရယ်သည်… စန္ဒီ့အရယ်ကို သူ ကောင်းစွာ နားလည်နိုင်၏… ။

www.burmeseclassic.com

www.burmeseclassic.com



## (၁၂)

ပြေးလွှားနေသော ခြေထောက်အစုံက လေးလံနေသည်… ။ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်းသည် လေးလံသည့် ကျောက်တုံးကျောက်ခဲတွေကို သယ်ပိုးထားရသလိုပင်… ။ နောက်က တစ်ယောက်ယောက်… ဒါမှမဟုတ် လူတွေအများကြီး လိုက်လာနေသည်လား… ။ မဟုတ်ပါ… ။

နန္ဒာသည် လေယာဉ်တစ်စင်းကို မီနိုင်ဖို့ အားကုန် ပြေးလွှားနေခြင်းဖြစ်သည်… ။ နားထဲမှာ လေယာဉ်စက်သံကို ဆူညံစွာ ကြားလာရသည်… ။ လေယာဉ်ဆီရောက်ဖို့ အများကြီး လိုသေးသည်လား… ။ မမီနိုင်တော့ဘူး ထင်ပါရဲ့… ။

မသွားနဲ့…

မသွားပါနဲ့… ကိုရဲရယ်… ။

နန္ဒာ့ကို ထားပြီး ထွက်မသွားပါနဲ့… ။



သို့ပေမဲ့ ခြေအစုံက လေးလံနေဆဲ… ။ ဘယ်မျှ အားစိုက်၍ပြေးသော်လည်း လေယာဉ်စတင် ထွက်ခွာချိန်ကို မီနိုင်လိမ့်မည် မထင်… ။

လေယာဉ်ကြီးကိုတော့ မြင်နေရသည်… ။

လေယာဉ်ကြီးသည် ရှေ့မှ ပျောက်ကွယ်မသွားနိုင်ဘဲ ရှိမြဲရှိနေသည်ပင်… ။ လေယာဉ်ဆီရောက်ဖို့ ခြေလှမ်းတွေသာ တုံ့ဆိုင်းရသည်… ။ မောပန်းစွာ ပြေးလွှားနေစဉ်မှာပင်… ခရီးသည်တွေထဲ လေယာဉ်လှေခါးဆီ လျှောက်သွားနေသော ကိုရဲကို မြင်ရသည်… ။

သူဟာ နန္ဒာ့ရဲ့ ကိုရဲပါပဲ… ။

ဒါပေမဲ့ သူက… လေသူရဲဝတ်စုံကို ဝတ်မထားပါ… ခေါင်းဆောင်းဦးထုပ်ကိုလည်း လက်မှာပိုက်ပွေ့မထားပါ။

အနက်ရောင် ကုတ်အင်္ကျီ၊ အနက်ရောင်ဘောင်းဘီရှည်နှင့်… မျက်မှန်အနက်ကို တတ်ထားသည်။ သူ့ဆံပင်များ ရှည်လျားလျက်ရှိ၏… ။ တပ်မတော် အရာရှိတစ်ယောက်နှင့် ဘယ်လိုမှ မလိုက်ဖက်သည့် ဆံပင်ပုံစံမျိုး…

ပြီးတော့ သူက… သွေးရောင်လွှမ်းသော နှုတ်ခမ်းများနှင့် ဖြူဖွေးကြည်လင်သော အသားအရေနှင့်… ။ မျက်မှန်အနက်အောက်က မျက်လုံးများကိုတော့ မမြင်ရ… ။

"ကိုရဲ… "

လည်တိုင်ကို ဆန့်ထုတ်ပြီး အသံကုန်ဟစ်ခေါ်ပေ

www.burmeseclassic.com

www.burmeseclassic.com



မဲ့ သူက အနည်းငယ်မျှပင် စောင်းငဲ့မကြည့်ပါ... ။ လေယာဉ်ဘေး ခါးထစ်တွေပေါ် သူတက်သွားသည့် အခါမှာတော့ နန္ဒာသည် မောပမ်းချိနဲ့စွာ ပြီးတော့ မျှော်လင့်ချက်မဲ့စွာ ခြေလှမ်းတွေကို ရပ်ပစ်လိုက်တော့သည်... ။

လေယာဉ်တံခါး ပိတ်သွားပြီး လေယာဉ်သည် အသံဆူညံစွာမြည်ဟီးလျက် ကောင်းကင်သို့ ထိုးတက်သွား၏

ဟင့်အင်း...

ကိုရဲ မသွားရဘူး... ။

စိတ်ထဲမှာ လေးလံထိုင်းမှိုင်းပြီး စိုးရိမ်ထိတ်လန့် စိတ်တွေက ဖိစီးလာသည်... ။

အဲသည် အခိုက်မှာ...

ဖြူလွှသော တိမ်စိုင်များကြားထဲ... နီရဲသော မီး ပွင့်မီးပန်းများ အပြာရောင်မီးခိုးများ... မွှာလွင့်ကြေမွသွားသော အစိတ်အပိုင်းများ...

ကျယ်လောင်စူးရှသော ပေါက်ကွဲသံ...

ကိုရဲ...



"နန္ဒာ... "

နှလုံးခုန်သံသည်... တစ်ခုခု ထုရိုက်သံလိုပင် ကိုယ့်အသာ ပြန်ကြားနေရသည်... ။ မမရဲ့ လက်ကောက်ဝတ်ကို ဆုပ်ကိုင်ထားသော လက်ချောင်းများသည် တဆတ်ဆတ် တုန်နေကြ၏... ။ ကြိုးစားထိန်းချုပ်ကြည့်သော်လည်း အဲသည်တုန်လှုပ်မှုကို ထိန်းချုပ်မရ... ။ နှုတ်ခမ်းများ လည်ချောင်းများ သွေ့ခြောက်နေကြသည်... ။

တော်ပါသေးရဲ့...

တော်ပါသေးရဲ့...

အိပ်မက်... မို့...

"နန္ဒာ အိပ်မက် မက်လို့... "

"ဩော်... နန္ဒာရယ်... "

www.burmeseclassic.com

www.burmeseclassic.com



"သိပ်... ကြောက်စရာကောင်းတာပဲ... အိပ်မက်ထဲမှာ လေယာဉ်ကြီးက ကောင်းကင်မှာ ပေါက်ကွဲသွားတယ်... အဲဒီ လေယာဉ်ထဲမှာ... "

မမက နန္ဒာ့ကို ရင်ခွင်ထဲ အတင်းဆွဲသွင်းပြီး ကလေးတစ်ယောက်လို ပွေ့ဖက်ထားသည်... ။

"မမ... ပရိတ်တွေ ရွတ်ပေးမယ်... စိတ်အေးအေးထားပြီး ပြန်အိပ်လိုက်... "

"အဲဒီ လေယာဉ်ထဲမှာ... ကိုရဲ"

"နန္ဒာက စိတ်ထဲ အစွဲထားတာကိုး... စိတ်ထဲမှာ အဲဒါ တွေးနေတာကိုး... မေ့ပြီး အိပ်လိုက်ပါ ညီမလေးရယ်... တရားမှတ်ကြည့်ပါလား... "

မဟုတ်ပါဘူး... မမရယ်... ။

တုန်လှုပ်နေသော ရင်ကို ဘယ်လိုငြိမ်အောင် ဖြေ မည်လဲ... ။ မမရဲ့ မျက်လုံးအကြည့်တွေက ရိုးစင်းလွန်းသည် ကြောင့် နန္ဒာ မမကို တိတ်တိတ်ကလေး အားနာသွားမိပါသည်။ သို့ပေမဲ့ ရင်ထဲမှာလှိုက်ပြီး ပူသည့် အပူကတော့ ဖွဲမီးလို တမြည် မြည်လောင်မြိုက်ဆဲပင်... ။ သည်တစ်ကြိမ်မှာတော့ ဝမ်းနည်းခြင်း သက်သက်မဟုတ်ဘူးဆိုတာ ကိုယ့်ဘာသာသိသည်... ။

အတိတ်မှာ ပျော်ဝင်ကျန်ရစ်ခဲ့သော ပူဆွေးကြေ ကွဲမှု သက်သက်မဟုတ်တော့... ။လွန်ခဲ့သည့် နှစ်နှစ်ကျော်က ဆောင်းနံနက်ခင်းတစ်ခုသည် အလွန်လျှင်မြန်စွာ ပြန်လည်နိုးထ



လာနေသည်... ။

အို... ပြီးခဲ့ပြီပဲ... ။

အကြိမ်ကြိမ် အခါခါ... ပြန်လည်ကြေကွဲရဦးမှာ လား... ။

လပ်ဟာသော နှလုံးအိမ်မှာ အပူငွေ့များသာ ဖြစ် တည်ပြည့်သိပ်လာသည်... ။ ဘယ်လိုမှ ငြိမ်သက်မနေနိုင်တော့ ဘဲ မမရင်ခွင်ထဲက ဖြုန်းဆို ရုန်းထလိုက်မိသည်... ။

"နန္ဒာ ဘယ်လဲ... "

"ဖုန်းဆက်မလို့... "

"ဘယ်ကို ဆက်မှာလဲ... ဘာလုပ်ဖို့လဲ... "

"ကိုရဲ အိမ်ကို... "

"မောင်ရဲတို့ အိမ်မှာ ဖုန်းမှမရှိဘဲ... "

"မဟုတ်ဘူး... "

နန္ဒာ့မျက်နှာ ဖြန်းခနဲ ပူနွေးသွားသည်... ။ အံ့ဩ သော နားမလည်နိုင်သော အကြည့်ဖြင့် မမက နန္ဒာ့ကို မျက် တောင်မခတ် စိုက်ကြည့်နေ၏... ။

"မမ... နန္ဒာ သိပ်စိတ်ပူတယ်... သူ တစ်ခုခုများဖြစ်သ လား... သူစီးသွားတဲ့လေယာဉ်များ တစ်ခုခု... "

"သြော်... ညီမလေး... "

မမရဲ့ ပင့်သက်ရှိုက်သံကို ကြားရသည်... ။ နန္ဒာ့ အပေါ် နားလည်လွယ်သော မမ၏ နှစ်သိမ့်ပြုံးက နန္ဒာ့ရဲ့ အသိ

www.burmeseclassic.com

တရေးကို ပြန်လည်ရှင်သန်စေခဲ့သည်... ။

"မနက်ဖြန်ကျမှ ဖုန်းဆက်မေးပေါ့ ဟုတ်လား... နော
တစ်ကြိမ် မပူလောင်ချင်တော့ဘူးဆို... "

သည်တော့မှ ခဏတာယောက်ယက်ခတ်လှုပ်ရှား ရသည့် စိတ်အစဉ်က အနည်းငယ် ငြိမ်သက်သည်... ။ ပြီးတော့ ကိုယ့်အဖြစ်ကိုယ်တွေးပြီး ရယ်ချင်သည်... ။ ငိုလည်း ငိုချင်သည်

နန္ဒာဟာ အလွမ်းတွေ ပူဆွေးမှုတွေ သောကတွေ ကိုမှ ရွေးပြီးယူချင်လေသလား... ။



(၁၃)

ခရေပင်လမ်းဆုံ မီးပွိုင့်ကို ကျော်လာပြီးသည့်အခါ အဖြူအစိမ်း ကျောင်းသူ ကျောင်းသားလေးတွေ လမ်းဖြတ်ကူး နေသည်ကို ဖြည်းဖြည်းစောင့်ပြီး မောင်းလာခဲ့သည်... ။ မိုးကုန်ပြီး စမို့ သစ်ရွက်စိမ်းရင့်တွေ... လမ်းဘေးတစ်ဖက်တစ်ချက်မှာ ဝေ ဆဲပင်... ။ သူတို့ထိုင်ဖြစ်ခဲ့ဖူးသည့် ဆိုင်တန်းကလေးတွေကလည်း ပိုမိုစည်ကားလာသလိုပင်... ။ ကုန်းကလေးပေါ် စတင်တက်တော့ တစ်ဖက်တစ်ချက်စီက အဆောက်အဦများသည် သူ့ကို ငုံကြည့် ပြီးရယ်သလိုပင် ထင်မိသည်... ။ ခန့်ညားသော ငြိမ်သက်သော စစ်ဆေးရုံဝင်းသည်... ခပ်ပါးပါး နှလုံးခုန်သံတွေကို ပိုပြီး ကျယ် လောင်လာအောင် စွမ်းဆောင်နိုင်သည်မှာ အံ့သြဖို့ ကောင်းသည် လား... ။

www.burmeseclassic.com



ဘယ်လိုအကြောင်းပြချက်မျိုးဖြင့် သည်ဝင်းထဲဝင်ရပ်ပါမလဲ... ။ အသိအကျွမ်းတစ်ယောက်လည်း ဆေးရုံတက်မနေပါ... ။ သူရဇော်လည်း... မိတ္တီလာစစ်ဆေးရုံသို့ ပြောင်းရွှေ့သွားပြီ... ။ တစ်ခုတည်းသော အကြောင်းပြချက်ကတော့ တမ်းတလွမ်းဆွတ်ခြင်းဖြင့် တဒိတ်ဒိတ်ခုန်နေသော ရဲထွတ်ကျော်ရဲ့ နှလုံးသားပါပဲ... ။

နွေပိတ်ရက်တွေ မရောက်ခင်... သူ ဘာကြောင့်စောစီးစွာ ပြန်ရောက်လာရသည်ဆိုတာကို နန္ဒာသိချင်ပါမည်လား... ။

ပြီးတော့ နန္ဒာ့အနားကနေ ဘယ်တော့မှ ပျောက်ကွယ်မသွားရအောင် တိုးတက်သည့် နိုင်ငံကြီးတစ်ခုမှာ ရနိုင်သည့်အခွင့်အရေးတွေ အားလုံးကို စွန့်လွှတ်ခဲ့ပြီဆိုတာရော နန္ဒာစိတ်ဝင်စားပါ့မလား... ။

အချစ်ကို အစွဲအလမ်းကြီးလှသည့် မိန်းကလေးတစ်ယောက်ကို သူမျှော်လင့်နေမိတာ စွန့်စားလွန်းရာများ ကျနေပြီလား... ။

သို့ပေမဲ့... ထူးဆန်းစွာ၊ အံ့ဩဖို့ကောင်းစွာ သူ့စိတ်အာရုံနှင့် နှလုံးသားသည်... ရှစ်လကျော်ကြာအောင်ထိုမိန်းကလေးထဲမှာသာ ကိန်းအောင်းခိုနားခဲ့သည်... ။ နန္ဒာ့ကိုသာ လွမ်းဆွတ်တမ်းတခဲ့သည်... ။ အမှန်ဆိုရလျှင် နန္ဒာ့ကို မေ့ပစ်နိုင်ဖို့ သူတမင်ကြိုးစားခဲ့တာပါ... ။



အရှုံးကို၊ ငြင်းပယ်ခြင်းကို ဘယ်တုန်းကမှ မရခဲ့ဖူးသည့် ရဲထွတ်ကျော်သည် နန္ဒာ့ထံက ခေါင်းခါခြင်း၊ ငြင်းဆိုခြင်း၊ ဥပေက္ခာပြုခြင်း ဘာတစ်ခုမှ မရလိုခဲ့တာ အမှန်ပင်... ။ ထို့ကြောင့်လည်း နန္ဒာ့ကို မေ့နိုင်ဖို့ ကြိုးစားခဲ့သည်... ။ တိုးတက်သော ကမ္ဘာမှာ အစားထိုးစရာတွေ အများကြီး ရှိနေသည်ဟု စိတ်ထဲယုံကြည်စိတ်ချခဲ့သည်... ။ သို့ပေမဲ့... ချစ်သူကို နှစ်နှစ်တိုင်တိုင်...ညနေတိုင်း စောင့်မျှော်တတ်သော မိန်းကလေးတစ်ယောက်ကို မမေ့နိုင်ခဲ့... ။

ရဲထွတ်ကျော်အတွက်တော့ ဆန်းကြယ်လှသည့် စိတ်၏ အစွဲအလမ်းတစ်ခုပင်... ။

သည်တော့ ဖြန်းဆို... သည်ကို စိတ်နောက်ကိုယ်ပါ ထွက်လာခဲ့သည်... ။ ပြီးတော့ မြို့အစွန်မှာ မြေအကျယ်ကြီးဝယ်ပြီး ကလေးကစားစရာနှင့် ကျောင်းသုံးပစ္စည်းတွေ ထုတ်လုပ်ဖို့ ချက်ချင်းဆုံးဖြတ်သည်... ။

ဒါတွေဟာ... မိန်းကလေးတစ်ယောက်ကြောင့် မဟုတ်လား...

ချစ်ရတဲ့ မိန်းကလေးတစ်ယောက်ကြောင့် မဟုတ်လား...

သည်လို ဆုံးဖြတ်ပေမဲ့... နန္ဒာ့ရဲ့ သတင်းကို မကြားရခဲ့တာ သတ္တိနည်းသည် ဆိုရမည်လား... ။ နန္ဒာဟာ... သူ့ချစ်သူကို ကုက္ကိုပင်ရိပ်မှာ စောင့်နေပဲလား... ။

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် သိချင်လာသည့် စိတ်အင်အားကပင် တွန်းပို့လိုက်သည် ထင်၏… ။ ကားကို ဂိတ်ပေါက်ကြီးထဲ ချိုးကွေ့ ဝင်လိုက်သည်… ။



အိပ်မက်မက်နေသူလို တစ်လှမ်းချင်း လှမ်းလျှောက်ပင်း… ။ ကုက္ကိုပင်အောက်ဆီမှာ အမှန်တကယ်ပင်… မိန်းကလေး တစ်ယောက်ရှိနေသည်… ။ မိန်းကလေးသည် ဆင်စွယ်ဖျော့ဖျော့ ချည်သားအင်္ကျီပွပွနှင့် ပါတိတ်ထမီကို ဝတ်ထားသည်… ။ ဆံပင်ကို သပ်ရပ်စွာ ထုံးနှောင်ထားသည်… ။ နဖူးပေါ်မှာ ဆံနွယ်ဖျော့တွေ ကပိုကရိုကျနေ၏… ။ လက်ထဲမှာ ထမင်းချိုင့်လား… ယွန်းဖောင်းလား ထည့်ထားသော ခြင်းတစ်ခြင်းကို ကိုင်ထားသည်။ ကုက္ကိုပွင့်နီနီ ဖျော့ဖျော့များ ဝတ်ဆံမှုန်များ ရွက်ကြွေများသည် သူမ အနားဝေ့ဝဲကြွေကျနေ၏။

အရုပ်တစ်ရုပ်လို သူမက ရပ်လျက်…

ဟော…

ပြုံးပြနေသည်ပဲ…

www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်တွေ အလိုလိုရပ်တန့်သွားသည်။

နန္ဒာ...

ရင်ထဲမှာ အမည်တပ်၍ မရနိုင်သော ခံစားချက်ပေါင်းစုံ တွန်းထိုးပြွတ်သိပ်လျက် အခိုက်အတန့်မှာ အရာအားလုံးကို မေ့လျော့နေခဲ့၏... ။

ကြည့်စမ်း...

သည်မိန်းကလေးဟာ...သူချစ်သူကိုစောင့်ဆဲပေါ့။

ဘယ်ဘက် ရင်အုံမှာ နာကျင်မှုက တဆစ်ဆစ်နှင့် ခံစားသိသာလာသည်... ။ ရှေ့ဆက်မလျှောက်ဖြစ်တော့ဘဲ ခြေထောက်တွေက မလှုပ်ရှားနိုင်တော့သလို ငြိမ်သက်ရပ်တန့်သွား၏... ။

"ကိုရဲ... "

မဟုတ်ဘူး...

ကျွန်တော် ရဲထွတ်ကျော်ပါ... ရဲရင့်မဟုတ်ဘူး...

ဒီတော့ မင်းရဲ့တစ်သက်တာ ဖွဲ့မြဲမဲ့ ဒဏ်ရာကို ကုစားပေးနိုင်မှာ မဟုတ်ဘူး... ။

နှုတ်ခမ်းတွေ နည်းနည်းလေးမှ တွန့်ကော့မလာဘဲ သက်ပြင်းတစ်ချက်သာ လေးပင်စွာ ချဖြစ်သည်... ။ ပြီးတော့ ကုက္ကိုပင်အောက်ဆီက မိန်းကလေးကို သူကျောခိုင်းလိုက်၏...။



"ကိုရဲ... "

နောက်ကနေ တဖျတ်ဖျတ်ပြေးလာသော ခြေသံကို ကြားရသည်။

"ကိုရဲ... "

အသက်ရှူသံနှင့် ခေါ်သံသည် ရောရောထွေးထွေး နောက်လှည့်ကြည့်မိတော့ သွေးရောင်လွှမ်းပြီး နီမြန်းနေသော မျက်နှာကို မြင်ရသည်... ။

"ကျွန်တော်က ရဲထွတ်ကျော်ပါ... ရဲရင့် မဟုတ်ဘူး... "

ထူအမ်းအမ်း နှုတ်ခမ်းလွှာလေးတွေ ခပ်ဟဟပွင့်သွားသည်... ။ ကြည်လဲ့သော မျက်လုံးအိမ်လေးတွေ အရောင်မှိုင်းသွားသည်... ။

"ကျွန်တော် သွားတော့မယ်... "

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ရဲထွတ်ကျော်ကိုပဲ စောင့်နေတာပဲလေ..."

"ဟင်..."

"နွေဝိတ်ရက်မှာ ပြန်လာမယ်လို့... ပြောခဲ့တယ် မဟုတ်လား..."

ကောင်မလေးမျက်နှာကို ကြည့်ရင်း သူရယ်ချင်လာသည်... ။

"ညနေတိုင်း... စောင့်တာလား..."

"အင်းပေါ့... နွေဝိတ်ရက် မရောက်မချင်း စောင့်မှာလေ ကိုရဲ ပြန်မလာမချင်း တို့အတွက် နွေရာသီဆိုတာ ဘယ်တော့မှ ရောက်လာမှာ မဟုတ်ဘူးလို့ ထင်ခဲ့တာ... ခုတော့ နိဝင်ဘာလကြီးမှာ နွေလယ်ခေါင်ဖြစ်နေပါရောလား..."

"အရူးမလေး..."



နန္ဒာက ပလတ်စတစ်ခြင်းကလေးကို ဖွင့်ခနဲ ဖွင့်ချပြီး သူ့ဆီပြေးလာသည်... ။

"တကယ့်ကို ညနေတိုင်း လာစောင့်နေတာလား..."

ဟု စိုးရိမ်တကြီးမေးမိတော့... နန္ဒာက သူ့ကို မော့ကြည့်လာရင်း မျက်လုံးကလေးက ဝိုင်းလည်နေသည်... ။

"နန္ဒာ..."

နန္ဒာက သူ့ရင်ဘတ်ကို ထုရိုက်ရင်း ဟက်ဟက်ပက်ပက် အားပါးတရ ရယ်မောလေသည်... ။

"သိပ်အတာပဲ... နန္ဒာက အန်တီနုဆီ အမြဲဖုန်းဆက်ပြီး မေးနေတာပဲ ဥစ္စာ... သိတာပေါ့..."

"ဟောဗျာ... နုနုက ဘာမှမပြောပါလား..."

"နန္ဒာက မပြောနဲ့လို့ မှာထားတာကိုး..."

"ဘာဖြစ်လို့လဲ..."

"မသိစေချင်လို့ပေါ့... ရည်းစားရှိဖူးတဲ့ မိန်းကလေးတစ်ယောက်ကို... ကိုရဲ တကယ်ချစ်မချစ်ဆိုတာလည်း မသေချာဘူးဆိုတော့... ကိုရဲ နေကောင်းရဲ့လား၊ အဆင်ရှိရဲ့လား သိချင်တာသက်သက်နဲ့ မေးဖြစ်တာပါ..."

"ဘာဖြစ်လို့ သိချင်ရတာလဲ..."

အတင်းမေးလည်း နန္ဒာက ခေါင်းသာယမ်း... သည်... ။


ပြော်...

www.burmeseclassic.com



လေရူးမလေး...

ကိုယ့်မေတ္တာရင်ခွင်ထဲမှာသာ မှေးစက်နေပါတော့ ကွယ်... ။



ထာဝရ

ရှား

လေရူးမလေး
16th JULY, 2003
WEDNESDAY.
2,34PM.

www.burmeseclassic.com